တက္ကသိုလ်

ဗန္ဓုပါင်းစဉ်ဘာင်

အနိုင်မခံ သိုင်းကြွင်းပြန်



စမ်အင်း၏ ကွောက်ယိုဂ်

နန်းခို – ပိုးအောက်

မြင့်မြင့် – စာ၉၀

ဥပဒေ ထန်းထပ်အနောက်လမ်း၊
လှည်းတန်းတာမာန္တိ

ဦးဆောင် နေလင်းဒေအောင်

အာနိုင်ဓဝံသိုင်းပြောင်းပြန်

ဖြန်ချီသူများ

ပြုပြင်ရောင်းချသူ ဘဉဝ ၊ ဥဝဒ - လမ်း ၊ ရန်ကုန် ။

ပဋ္ဌံ ဝုဏ် အာမံ

တက္ကသိုလ် နေလင်းအောင် —— အနိုင်ဖဝံသို

အာဗိုးဒွင်ပြုချက်အာမှတ် ☐ ၂၁၃/၂၀၀၂ (ခ)

စာမူဒွင်ပြုချက်အာမှတ် ☐ ၁၈၀/၂၀၀၂ (ခ)

ပထမအကြိမ် ☐ ၂၀၀၂ ပြည်လ

အုပ်ရေ ☐ ၅၀၀

တန်ဘိုး ☐ ၃၀၀ ကျပ်

အာဗိုးဖွင့်အထွေးမဲ့ခြင်း ☐ အေ ပြင်ပြင်ဆင်တင်

☐ မြင့်သီဟိုဠ်မိုဠ်တိုက်

အမှတ် ၂၀၀ ၊ ဝ

ပန်းဘဲတန်း၊ ရန်ကု

ထုတ်ဝေသူ ☐ ဦးတင့်လွင် (သော်

အမှတ် (၆၀၅) ၊ ဝ

ပြောက်ဥက္ကလာ

ဖြန်ချီရေး ☐ ပြိုတ် (စာပေ)

၁၉၇၊ ဥဒ-လမ်း

ဖိစည်သူ ☐ တိုလျှင်

အထက်ပြုမှုအာမြင်ပြုချီရေး နဂါးတပေ ၊ မ

Mwtl Ko 1/3.5W

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးကို ဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်ဘဉ်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ကိုးဘက်ရေးကို ဖျောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခန်း (၁)

ကျေးတောသူ ပွန်းပွန်း

တိုက်....ကြည့်စမ်း၊
ရိုးပြတ်တောနှင့် လယ်ကန်သင်းရိုးကို ဖြတ်၊
တောအောင်အစပ်ထပ်ကို ဒကျော်၊
ခွံ့ဗွက်၊ နွံအိုင်ဇတ္တကို ရှုန်းထွက်ပြီး၊
မြို့ပြရင်ခွင်အတွင်း လိမ့်ဝင်လာသော ကားဘန်စီး၊
ပွန်းပွန်း၊ ပွန်းပွန်း။

ပွန်းပွန်း....

သည်အမည်ကိုသဲ့သဲ့ကြားရုံနှင့် လောင်စာအားဖြင့်ပြေးလွှား လှုပ်ရှားရသော တကယ့်ကားတစ်စီးအလား ထင်မှတ်မှားစရာ။

သို့သော် ပွန်းပွန်းသည် ကားတစ်စီးတော့မဟုတ်။

မိန်းကလေးတစ်ဦး၏ အမည်သည်ဟုမျှသာ ဖြစ်ပါ၏။

ထို့ထက်ကျေးလက်ကိုစွန့်ကာ မြို့ပြနယ်နိမိတ်သို့ရောင်းကလေး ကျီခြိုဖြင့် ခပ်ဆာဆာတည် ရောက်လာသော ဆယ်ကျော်သက်မျိုးကျေးတောသူလေး တစ်ဦး၏ အမည်။

* * *

သို့ဖြင့် ပွန်းပွန်း မြို့ပေါ်သို့ ရောက်လာလေသည်။

သူမသည် ကျေးတောသူပီပီ လှသည်။

ယဉ်သည်။

တေးငှဉ်သည်။

ခန္ဓာဗေဒဖွဲ့စည်းပုံက သင့်တင့်လျောက်ပတ်သည်။ ဆယ်ကျော်သက်လွန် ဆယ့်ကိုးနှစ်အတွင်းမို့ အသွေးအသား အားအင်ကောင်းဆဲ။

ဖွံ့ဖြိုးဆူမောက်ဆဲ။

ပွန်းပွန်းကို ခေတ္တငေးလေပန်းလို လှသော၊ နှင်းဆီငုံလို လန်းဆတ်သော ပြစ်မျိုးမဟုတ်ပေမယ့် ဆိုနိုင်သည်၊ ဆို ထိုက်သည်။

သို့သော် ပွန်းပွန်းတစ်ယောက် တောနှင့်တောင်ကိုကျမ်း သမျှ မြို့ပြအဆင်အယင်နှင့်မူစိမ်းသည်။

ပွန်းပွန်းအမည်က မြို့ပြရှင်ခွင်မှာ လှုပ်ရှားနေသော ကားတစ်စီးနှင့်တူသော်ငြားလည်း ပွန်းပွန်းသည် တကယ့်ကားကို တော့ အမှန်တကယ်မမြင်ဖူးခဲ့၊ ကြားဖူးရုံသက်သက်ကလွဲပြီး တစ်ခါမျှလည်း မစီးဖူးခဲ့ရိုးအမှန်။

ယခု ပွန်းပွန်းသည် ကားအသွားအသာရှုပ်ထွေးလှသော မြို့ပြလမ်းတစ်လမ်းပေါ်တွင် ရင်ကလေးတခုခုနှင့် ခပ်တည်တည်တော့ လျှောက်နေမိပြီဖြစ်သည်။

ရှုန်းလက်တောက်ပသော ပွန်းပွန်း၏မျက်ဝန်းအစုံသည် အမြင်ဆန်းလှသော အံ့ဘနန်းဖွယ်သော မြို့ပြအပြင်အဆင်များကို ငေးကြည့်လာမိသည်။

အထပ်ထပ်သော အဆောက်အဦများ၊ ဥဒဟိုလှပ်ရှားမောင်းနှင်နေသောကားများ၊ ပုရွက်ဆိုလို တလိမ့်လိမ့်သွားနေသော လူရေစီးကြောင်းများ။

ထိုအရာအားလုံးသည် ကျေးတောသူစစ်စစ် ဖြစ်သော ပွန်းပွန်း၏စက္ခုအာရုံကို ဖမ်းစားထားသည်။

အမြင်သစ်အနန်းသမျှ ပွန်းပွန်းရင်ကလည်း ရှင်လန်းနေသည်၊ နုပျိုတက်ကြွလို့နေသည်။

အထူးသဖြင့် မြားအစင်းပေါင်းမျှားစွာ လွှင့်မျောခဲ့သည့် တထောသောတဝေဝေ မောင်းနှင်ပြေးလွှားနေစဉ် မော်တော်ကားအမျိုးအမည်နှစ်ခုကို ကြည့်ရင်း ပွန်းပွန်းရွှန်းလက်စွာ ပြုံးမိသည်၊ တစ်ခင်္ဂအတွင်း အနှံ့ပေါင်းမျှားစွာသည်း ဖြစ်တွန်းပွားစည်းနေသည်။

ပွန်းပွန်းကိုယ်ရော ပွန်းပွန်းစိတ်အစဉ်ကပါ တိမ်ဂွမ်းဖိုင်ထဲ လွှင့်နေသကဲ့သို့။

ပွန်းပွန်းခြေသွမ်းမှားသည် သွက်လိုက်၊ နှေးလိုက် ရွေ့လျားနေသည်။ မြန်တုံရွေ့တုံနှင့် လမ်းလျှောက်လိုနေလေသည်။

ထိုအခိုက် အရှိန်ပြင်းစွာမောင်းလာသော ကားတစ်စီး၏ ကျီခန့်တရိတ်အုပ်သံ ဟိန်းထွက်လာသည်နှင့်အတူ မာကျော်သော မီန်းကလေးအသံတစ်သံပါ ရောပြွမ်းလိုလွှင့်ပို့လာလေသည်၊

မှန်သည်။ နိုင်လွန်လမ်းမပေါ် ရင်ကလေးခိုလှုက် ခေးတိုလေးကြောင်လျှောက်နေသောပွန်းပွန်း၊ အထိတ်တလန့်လှည့်အကြည့်တွင်တော့ ခေါလမောင်းခိုကာ မာကျော်သော အကြည့်ဖြင့်ကြည့်နေသော ကားထက်မှ လည်စည်းဝါခြင့် မီန်းကလေးတစ်ဦး၊

'ထွီ....တောသူအနဲ့ အာ....ယော်ယော်ရွယ်ရွယ်နဲ့သေချင်တဲ့ မွတ်တယ်၊ ကားတိုက်ရင်သခိုးခိုးရောက်တတ်မှန်း နည်းနည်း ပါးပါးထောင် မကြားဖူးတူးလား'

ကားကို ဆောင့်ဆောင့်အောင့်အောင့်ပြန်လည် မောင်းနှင်လိုက်ရင်းမှ ပွန်းပွန်းကို ကားထက်မှ မီန်းကလေးကဟောက်ရှဲစေ်ရှဲသုံးသေးသည်။

ထို့ကြောင့် စောစောကပွန်းပွန်း၏ အတွေးစများ ပြတ်တောက်သွားသည်။

အခန်း (၂)

တစ်ခွန်းမျှပြန်မပြောသေးခြင်း၊ရင်မှာစိုးရွံ့လန့်ထိတ်သွားသည်။

ထို့နောက် မောင်းထုတ်သွားသော ကားခနောက်မြီးကို မျက်စေ့တဆုံး အငေးသားကြည့်ရင်း....

ပွန်းပွန်းတစ်ယောက်တည်း ပြုံးမိသည်။

မှန်သည်၊ သူ့အဖြစ်က ပြုံးတုံ့စရာရယ်စရာတော့လည်း ကောင်းနေသည် အမှန်ပင်။

သို့သော် မွန်းပွန်းကိုမြင်နိုင်းကလေးအား ဒေါသ မြူမွှန်မှုန်မသင်္ခေါ်ခဲ့၊ မိန်းကလေးကိုပင် သူကပြန်၍အားကျမိသေးတတ်သည်။

စိတ်ဝဲမှလည်း....

"ငါလဲ တစ်နေ့ကကဲ့စီးရဦးမယ်"

ပွန်းပွန်းရှေ့ရွှတ်မိသည်။သူ့ကိုယ်သူအား မေးမိသည်။

အဓိဋ္ဌာန်ပြသည်ဆိုပဲ စို့။

ဩာ်....ကျေးတော်သူ ပွန်းပွန်းကလေးရယ်....။

* * * *

သမ္မန်စင်စစ် ပွန်းပွန်း ကျေးလက်ကိုစွန့်၍ မြို့ပြသို့ တက်လာခြင်းမှာ....

ကားစီးဖို့သက်သက် ရည်ရွယ်ချက်ဖြင့်တက်လာခြင်းမဟုတ်မဟုတ်ပါ။

သာယာစိမ်းလန်းသောမြေအနေးခြင်းကိုသွေးကျေးလက်မြေမှိုသည့် ရွှံ့ထွေးပေလီသော မြို့ပြရှင်ခွန်သို့ပွန်းပွန်းတိတ်တဆိတ် တက်လာရသည့်အကြောင်းရင်းကမူ....

သူ့ဖခင်အား ပွန်းပွန်း မတွေ့တွေ့အောင် ရှာဖို့ပင်ဖြစ်သည်။ ပွန်းပွန်းဖခင်အမည်ကိုတာလောက်ကျောက်။

တာလောက်ကျောက်ကား နှယ်နှယ်ရရမဟုတ်၊ သူ့ဒေသ သူ့ကျေးလက်တွင် ဟိုးဟိုးကျော်ပုဂ္ဂိုလ်တစ်ဦး၊ အထင်ကရ ပုဂ္ဂိုလ်တစ်ဦး။

ပြီးတော့ ပွန်းပွန်း၏ တွယ်တာရပါသော ချစ်ဖေဖေ၊

သည်အဖေသည် နှစ်များစွာကပင် ပွန်းပွန်းကိုကျေးလက်ဇာတိရွာတွင် တစ်ယောက်တည်းထား၍ခဲ့သည်။

ပွန်းပွန်း မသိအောင် မြို့တက်ခဲ့သည်။ ထို့မှသတင်း အစအနမြင်ဖွားခဲ့သည်။

ယခုတလောတော့မူ ပွန်းပွန်းသည် သူ့ဖခင်၏ လူပြောသူပြောသဘင်းကို ကြားလာရသည်။

တချို့က ပွန်းပွန်း၏ဖခင်တာလောက်ကျောက်မြို့ပေါ်မှာ သူဌေးဖြစ်နေပြီဟုလည်းကောင်း။

တချို့ကသည်းတာလောက်ကျောက် နိုင်ငံခြားသားများနှင့်ပေါင်းပြီး ဘိန်းတုန်ကူးနေသည်ဟုလည်းကောင်း၊ အဆွေသူအမျိုးမျိုးပြောဆိုစေဖန်သံတွေ့ကြားလာရသည်။

ပွန်းပွန်း.....သူ့ဖခင် တာလောက်ကျောက်ကို မြင်ချင်လှသည်။ တွေ့ပိုလှသည်။

ထို့ကြောင့်သူ့ဖခင်၏ ဟုတ်နိုးနိုး ကောလာဟလသတင်းကြောင့်မသည်နှင့်ပင် ပွန်းပွန်းတစ်ယောက် မည်သူမျှမသိအောင် မြို့ပေါ်သို့ တိတ်တဆိတ်တက်ခဲ့သည်။

ပွန်းပွန်းသည် ကျေးတောသူပီပီ ....ရိုးစင်းသည်၊ ပြောဆို ဝေဖန်သံများကိုလည်း ယုံမှတ်လွယ်သည်၊

သူ့ဖခင်သည် အများပြောဆို သကဲ့သို့ မြို့ပေါ်တွင်ရောမ သူဌေးကြီးဖြစ်နေပြီဟူ၍၊

ကျွန်အေမီ၊ ကျွန်အတွေးဖြင့် ပွန်းပွန်း၏ ခြေလှမ်းများ ပို၍ သွက်လာသည်။

ကျွန်အသက်ကျွန်အရွယ်အစီ လေးငါးကြိမ် မျှသာ မြင်ဖူးခဲ့သော သူ့ဖခင်ကိုလည်း ပွန်းပွန်း ပြန်လည် မြင်ယောင်မိသည်၊

သူ့ဖခင်၏ တည်ကြည် ဖြောင့်မတ်သော ရုပ်ရည် သည် တရွေ့ရွေ့ လျှော့ကျလာမှန်းသော ပွန်းပွန်း၏ မျက်ဝန်းတွင် တရစ်လည်သည်အစ်ဟပ်လို့လာသည်၊

ပွန်းပွန်းသည် ဖခင်၏ ရုပ်ဝါကို မြင်ယောင်ရင်းမှ အား တက်လာသည်၊

သူ့ဖခင်သည် ခေသူမဟုတ်၊

ဘယ်နေရာ ဘယ်ဒေသရောက်ရောက် လူဘကာတို့၏ ပခုံး ထက်တွင်သာ နေတတ်သူ၊ လူတကာတို့၏ ဆိပ်သီးသာ ဖြစ်ရ မည်ဟု ပွန်းပွန်းယုံကြည်ထားသည်။

ယင်းကြောင့် ကျေးတောသူ ပွန်းပွန်း....

ယခုကဲ့သို့ မြို့ပြလမ်းမပေါ်တွင် တစ်ယောက်တည်း မည်သူ့ကိုမျှဘာမသိတဲ့ ရင်ကလေး တခုခုနှင့် ဆက်၍ဆက်၍ လျှောက်နေဝါ၏၊ လျှောက်နေ၏။

သို့ဖြင့် တစ်နေညိုးခဲ့လေသည်။

★

အခန်း(၃)

ချိုးဖြူနှင့် ရွှေနဂါးရုပ်ကောင်

ဟော....ပွန်းပွန်း ခြေလှမ်းများ တို့ရပ်သွားသည်။
ပတ်ဝန်းကျင်သည် မှောင်မည်းတိတ်ဆိတ်နေလေရ။
ပွန်းပွန်းအာတုံးစကိုဖြတ်၍ ပတ်ဝန်းကျင်ကို အကဲခတ်မိ
လိုက်ချိန်တွင်ဘေး....
သူခြေရင်းနေရာသည် သဒ်ဘကိပ်တစ်ခုဖြစ်သည်၊ သူနှင့်
နီးမနေးတွင် ဂိုဒေါင်လိုလိုအဆောက်အအုံကြီး တစ်ခု၊
တိတ်ဆိတ်သေးညရိပ်တွင်အဆောက်အအုံသည် လန့်ထိတ်
စရာထီးထီးကြီးရှိနေသည်၊

ပြီးတော့ထိုအဆောက်အအုံအတွင်းမှအမှတ်မထင်ထူးဆန်းသော အသံဗလံများ ကြားနေရသည်။

ပွန်းပွန်း သတိချပ် နားစိုက်ထောင်လိုက်ကာ မကြားစဖူး ထူးထူးဆန်းဆန်းအသံများ ပို၍ကျယ်လောင်စွာ ကြားလာရသည်။

ပွန်းပွန်းအုံသြသွားသည်။

စူးစမ်းလိုစိတ်များသည်လည်းနီးကြွလာသည်။ သီချင်းသည်ကို မြွေးကြည့်ချင်သည်။

အာအသံပါလိမ့်၊ လူသံလော၊ တစ္ဆေသရဲလော၊ ထူးတော့ အလွန်ထူးနေပြီဟု ပွန်းပွန်းနားလည်လိုက်သည်။

အသံဗလံများက နှာသာတံခွန်များကို ဝင်းဖြင့် ထစ်ပိုင်းနေသောအသံမျိုးလိုလို၊

ဗွက်တောထဲမှ မြင်းအကောင်ပေါင်းများစွာ ဖြတ်သန်း ပြေးလွှားလာသံများလိုလို။

ပွန်းပွန်းခြေအစုံသည် ပြန်လည်လှုပ်ရှားပြီ။

ပွန်းပွန်းခြေဦးတည့်ရာသည် ယင်းအသံများ ထွက်ပေါ်လာရာ ဂိုဒေါင်လိုလိုအဆောက်အဦးဆီသို့....

တစ်လှမ်း နှစ်လှမ်း၊ ထိုနောက်အလှမ်းပေါင်းများစွာ။

ကြည့်....ပွန်းပွန်း ရင်သပ်ရှုမောရပြန်ပြီ။

မထင်မှတ်သောမြင်ကွင်းက ပွန်းပွန်းကို ဘွားခနဲ ဆီးကြိုလိုက်ပြီ။

ဂိုဒေါင်လိုလို အဆောက်အအုံထဲမှာ လူသားသုံးဆယ်။

သို့ဆော် သူတို့အားလုံး လူသားတွေနှင့်မတူ။

သူတို့လက်ထဲမှာ ပုဆိန်လိုလို၊ ဘာလိုလို လက်နက်ဆန်းတွေ ကိုင်သူကိုင်။

အဖုအထစ် အမောက်အကြွ ကိုယ်လုံးကိုယ်ဖန် တောင့်တောင့်တင်းတင်းပေါ်တင် ဝတ်ထားသည်ကလည်း စွပ်ကျယ် လက်ပြတ်နှင့် တောင်းဘီတို ကိုယ်စီတွေနှင့် တချို့က လက်နှင်ခားမီး ကိုင်လိုကိုင်၊ သူတို့ မျောင်ရိပ်ထဲမှာ လှုပ်ရှားနေသည်။

ဟုတ်ပြီ၊ သူတို့တစ်တွေသည်....

ပွန်းပွန်း အဝေးမှကြားရသော အသံရှင်တွေပင်။

စောစောကမူ အသံဗလုံးပထွေးနှင့်မို့ ဘာမှန်း မသဲကွဲတော်ကာ။

အခု မျက်ဝါးထင်ထင်တွေ့ရတော့မှ ရှင်းပေတော့သည်။

အမြင်အကြားက ရက်စက်လွန်းသည်၊ ကြမ်းကြုတ်လွန်းနေသည်။

'အို....လူတွေမှ ဟုတ်ပါ့လေစ'

ပွန်းပွန်း အတွေးရောက်မိသည်။

အကြည့်အာရုံကိုလည်း ထိုခြင်္ကွင်းပေါ် စုစည်းကျရောက်စေလိုက်သည်။

ဟော....ကြည့်ရင်းကြည့်ရင်း သူသိုးဆယ်ထဲမှတဖြည်းဖြည်း လွေ့ကျွေ့ထွေးသည်။

တခို့ တုန်းခနဲလဲကျသွားသည်။

တချို့ ခြေပြီးဘဲ့ရာ ခြေပြားကြွန့်။

ဟုတ်သည်။ မျောင်မည်း တိတ်ဆိတ်နေခဲ့ကြသည့်သူတွေ အပြန်အလှန် တိုက်ခိုက်နေကြခြင်းပင်။

ပွန်းပွန်း ထိုမြင်ကွင်းကိုတွေ့ရသည့်တိုင် အနားအခန်းမရစေဘဲ ဆုပ်ကိုင်ဖမ်းယူသိုက်ငြိခြင်း မပြုနိုင်။ တာခဲကြောင့် ဟူ၍ မသဲကဲ့။

သို့သော် ပွန်းပွန်းရင်မှာ စိုးရိမ်ဆိတ်သန့်ခြင်းဖြင့် အခန့်အမဲ့ မြန်နေသည်။

ခွက်နှင်း ပွန်းပွန်း သိသိုစိတ်မျှား နိုးကြွလာသည်။ ပုံလူတွေနှင့် အနီးဆုံးနေရာသို့ ပြေးဝင်လိုက်မိသည်။

"ရှင်ထို့အားလုံး ရှူးနေကြသား၊ ခွခွက်နှင်း ရပ်လိုက်ကြစမ်း"

ပွန်းပွန်းအသံက ဟိန်းထွက်လာသည်။

"ဘုဒေါင့်ထဲတွင် ပဲတင်သံတွေ ရိုက်ခတ်လျက်....

မရေးဖနှောင်းတွင်တော့....

ရုတ်ခြည်းမို့ ပွန်းပွန်းကိုယ်ပေါ် အားကောင်းသော အလင်းခရာင်တန်းတစ်ခု ဖြတ်ခနဲဖြတ်ခနဲ ဖြာကျလာသည်။

ရုတ်ခြည်းမို့ ပွန်းပွန်းမျက်လုံးအစုံ ကျိန်းစပ်သွားသည်။ ဝန်းကျင်ကိုလည်း အာမခံမြင်ရတော့၊ မှောင်နှင့်မည်းမည်း ပွန်းပွန်း ရင်ကိုချိုလိုက်သည်။

အခန်း (၄)

လုံး၀ ဘာမထီဟန့်ဖြင့်ပြုလျက် အသံစူးစူးနှင့်ဆက်ပြော သည်။

'ဦးချုပ်နေပြီလေ၊ ကိုယ့်အိမ်ကိုယ် ပြန်ကြပါတော့လား၊ ဘာလို့ ဒီမှာ ရန်လာဖြစ်နေကြတာလဲ'

ပွန်းပွန်းအော်သံကြောင့် ကျန်လူအားလုံး မျက်မှောင် -ကုတ်သွားသည်။ တစ်ဒင် တိတ်ဆိတ်သွားသည်။

'ဒီမိန်းကလေးက ဘာလဲ'

ြိမ်သက်သွားကြဟန်တူလေ

ခဏက် တစ်ကျပ်စွာ ကိုငထားသော
လူတစ်ယောက်က အသံကျယ်လောင်
သည်။

ားဘယ်အဖွဲ့ကလဲ၊ ရန်သူလား၊ မိတ်ဆွေလား'
မေးခွန်းကြောင့် ပွန်းပွန်း ပဲ့ထဲပြုံးမိသည်။ တခစ်
ရယ်မိအောင်ကိုတော့ စိတ်ကိုထိန်းချုပ်သည်။
ါမင်းတို့မိတ်ဆွေမဟုတ်ဘူး၊ သွားရင်းလာရင်း ခရီးကြုံ
လာတာပေါ့'

ပွန်းပွန်းအကြောင်း ရှိုးသည်၊ စင်းသည်၊ အကွေ့အကောက်
အလှည့်မရှိ၊ ပြောင့်မတ်သည်။

ဆိုသော် ထိုလူတွေက မယုံ။

ပွန်းပွန်းကို မျက်လုံးပေါင်းများစွာနှင့် ဝိုင်းကာခတ်နေ
သည်။ မျက်လုံးကျတ်မတတ် ကြည့်ကြသည်။

ပွန်းပွန်း၏ အမို့အမောက်တို့ပြင့်ပြီးသော ခန္ဓာကိုကျော့
ကျော့ ရှင်းရှင်းကလေးသည် အလင်းရောင် အောက်တွင်
ကြွေရုပ်ကလေးတစ်ရုပ်လို ကြည့်နေသည်။

မှန်သည်။

သာမန်အချိန်သာဖြစ်က ဤသို့ လိုက်မောဖွယ်ရာ အလှ
သည်လူတွေ့လာထဲတွင် တွေးငို့စရာရှိမည်မဟုတ်၊ ကျားရှိ
သည် သားကောင်ကို အငိုင်အင်းကဲ့သို့ ဤအရပ်ကလေး
ကိုလည်း ထူတို့လက်လှတ်ခံမည် မတင်။

ယခုမူသူတို့အသက်လုပွဲ ကျင်းပနေချိန်၊
သူ့ဘေးက်ပ်သွေးဝါးမျိုရန် အားခဲနေချိန်တွင် ပွန်းပွန်း
သက်သာရုံနေခြင်းဟူဆိုနိုင်သည်။
သူတို့အထွက် အခြိန်တာသည်အလွန်အရေးကြီးနေသည်၊
သိန်းဂဏန်းအထက် ကုန်ပစ္စည်းတစ်ခုအတွက် သူတို့သည်
သူ့ကိုယ်ရုံသက်ရင်းရှ အဆုံးအပြတ်ပြုခန့ရချိန်မဟုတ်ပါ
လား။

မှန်သည်။

တန်ဖိုးတစ်သိန်းအောက်ကုန်ပစ္စည်းသာဖြစ်ကချိုးပြုသည်
သေးတစ်ဇက်ပင်အကူခံမည်မဟုတ်၊

တစ်သိန်းအထက်ဆိုလျှင်မူ ချိုးပြုက စိတ်ဝင်စားသည်၊
မက်သည်၊ အသေးအသက်ကို ပခုန်မထားဘဲ ကျားကျား
ယားယား တိုက်ခိုက်လုယူတတ်လည်း

ယခုလည်းကြည့်....

တစ်သိန်းအထက်ကုန်ပစ္စည်းစာစီနုကို ရွှေနဂါးရှစ်ကောင်
ဝိုလ်းက ဇက်ပူးပြည့်ဖြည်းမှန်းသိလျက်နှင့်ပင်ချိုးပြုသည်
သူ့လူတွေကို အသက်စွန့်ဈေးပြိုးကား ဖြတ်လုယူခိုင်းသည်၊

ချိုးပြု....

အမည်ကအေးခြမ်းခြင်းသဘောကို ဆောင်မေမယ့်သူက မူ
သွေးဆာနေသည်၊ အလုံမွှေက်ကြီးသည်၊

ချိုးပြုဆိုသော အည် ဟိုးဟိုး ကျော်ကြားခြင်းမှာလည်း
သူ့အကျင့်နှင့် ဟင်သည်၊ အလုံလင်ရှတွင် တေမာဒိတ်
ဒုပြည့်ဖြင့်မြတ်သည်၊ သူ့အတွက် ကြီးမားသောအကျိုးသာ

ရှိပစေ။ ချိုးဖြူသည် သူ့အသက်ကို တန်ဖိုးထားလေ မရှိ။ အသက်စွန့်၍ စောင့်ကိုပင်ဖြုံခဲ့သော သတ္တိနှင့်လူ၊ တကယ့်လူ ချိုးဖြူ။

* * *

တစ်ဖက်က....

ရှေနဂါးရှစ်ကောင်ဂိုဏ်း။

သည်ဂိုဏ်းကလည်း ဟေးဒေးနိုက်နှက်ဖာ၊ အသင်ကရ ဂိုဏ်း။

သည်မြို့တွင် ဒုစရိုက်လောကဘွင်အလွန်ကြောက်မက်ဖွယ်ကောင်းသော အင်အားစုလေး တစ်စု။

သည်ဂိုဏ်းကို စတင်တည်ထောင်စဉ်က ရှစ်ယောက်နှင့်အစပြုခဲ့သည်။

နောက်တော့....

ရှစ်ယောက်မှ ရှစ်ဆယ်။

ရှစ်ဆယ်မှ ရှစ်ရာ၊ အင်အားတွေတအိအိ ဆပွားကြီးထွားလို့လာသည်။

ထို့ပြင် သည်ဂိုဏ်းတွင် အလွန်အားထားရသော တပည့်ခေါက်မရှိရှစ်ဦးရှိသည်။

ပုဆိန်ကို ကျစ်ကျစ်ကိုင်လျက်မျက်နှာတွင် မုတ်ဆိတ်ကျင့်ဒယ်ပေါက်နေသော သူမှာဘျဂိုဏ်း၏အားအထားရဆုံးတပည့်ခေါက်မရှိရှစ်ဦးအနက်မှ အမှတ်ခြောက် တပည့်ဖြစ်သည်။

★

အာနိုး (၅)

သူ့လက်ထဲမှ ပုဆိန်သည် ရန်သူ၏ကိုးအာစ်ပေါင်းများစွာကို ခုတ်ထစ်ပိုင်းဖြတ်ခဲ့ဖူးသည်။ရန်သူသွေးကို မြေကျစေခဲ့ပေါင်းများပြီ။

ယခုလည်း ပွန်းပွန်းကိုအကဲခတ်ရင်း သူ့လက်တွေ့သွေးဆာလာသည်။ သူ့ပုဆိန်က ပွန်းပွန်း၏သွေးကို သောက်မျှိခွင့်လားသည်။ပွန်းပွန်း၏ဘဝရိုးအဆစ်တွေကိုတဖြောင်းဖြောင်းကျိုးပြတ်ကုန်အောင် ခုတ်ထစ်ချင်နေပြီ။

"တိတိ....မင်းက အပြင်ကလူလား"

မုတ်ဆိတ်နှင့်လူ အမှုကို ပွန်းပွန်းက နှုတ်ဖြင့် မခဖြေ၊ ခေါင်းသာညိတ်ပြသည်။

'ဒါဖြင့် မင်းဘယ်ကလာလဲ၊ ဘယ်ကိုသွားမှာလဲ'

သည်တစ်ကြိမ် ပွန်းပွန်းက နှုတ်ဖြင့်ပီပီသသအမျှားကြီး အောင် ဖြေသည်။

'လာချင်တဲ့နေရာကလာပြီး.....သွားချင်တဲ့ နေရာကို သွားမလို့'

မုတ်ဆိတ်နှင့်လူ ခနဲ့ပြုံးတစ်ချက် ပြုံးသည်။

'ဒီလိုဆိုရင် ကမ္ဘာမြေပေါ်မှာ မင်း အဓာတ်လှုပ်ရှားဖူးခဲ့ပြီထင်တယ်'

ပွန်းပွန်းက ရင်ဘိုပို၍မို့မောက်ကြွအောင် ချီလိုက်သည်။

'ဒါပေါ့....ဒါပေါ့၊ ငါ့တစ်ယောက်ထဲ တောတောင် အထပ်ထပ်ကို ဖြတ်လာခဲ့တာဟေ့.....သိပ်ဝီလား'

ပွန်းပွန်းက ပုဂ်လင်းစွာပြောသည်။

မှန်သည်။

ပွန်းပွန်းသည် တကယ်ပင် ဝေးလံသော အရပ် မှလာခဲ့ရသည်။

ထူထပ်သော တောတွေ၊ မြင့်မားသော တောင်တွေကို ဖြတ်ကျော်လာခဲ့ရသည် မဟုတ်ပေး။

မုတ်ဆိတ်နှင့်လူ၊ မျက်နှာတည်သွားသည်။

ပွန်းပွန်းကို ပို၍စူးစိုက်စွာအကဲခတ်သည်။

ဒီကလေးမကို လျှော့တွက်၍ မရတော့။

အထင်သေးသော အကြည့်ဖြင့် ကြည့်မြင်၍မရတော့။

ဒီမိန်းကလေးသည် အစဂမိန်းကလေးသာဖြစ်ရမည်။

ဝေးလံသောအရပ်မှ အဖော်မပါ၊ တစ်ကိုယ် တည်းဖြင့် အန္တရာယ်ရှောင်ပြီးသော ဒေသအသွယ်သွယ်တောင်အထပ်ထပ် ကိုဖြတ်ကျော်လာခဲ့သော သတ္တိကို မှန်းဆခြင်းဖြင့်ပင် သည် ခန်းကလေးသည်သူတို့အားအချုနိမရွေးအန္တရာယ်ပေးနိုင်သည် ဟု တွေးမိသည်။

ထို့စဉ်ပြတဲသားသော အသံတစ်သံ ထွက်လာသည်။

'မင်းနာမည် ဘယ်သူလဲ'

'ပွန်းပွန်း'

'ဘယ်လို....ပွန်းပွန်း ဟုတ်လား'

'ဘယ်နှစ်ခါ ပြောရမလဲ....ဘာလဲ ဒီနာမည်ကို မကြားဖူး သူးလား'

'မကြားဖူးဘူး'

'အခုကြားဖူးပြီ မဟုတ်လား'

မေးသံ ခပ်တိတိရင်သွားသည်။

ပွန်းပွန်း သက်ပြင်းချသည်၊ အတန်ကြာမှ မေးလာပြန်သည်။

'မင်း....မော်ခေတ်ကား မြင်ဖူးလား'

'ဘာ....မော်ခေတ်ကား ဟုတ်လား'

'ဟုတ်တယ်'

ပွန်းပွန်း ပြုံးမိသည်။ သည်မေးခွန်းကို သူက သိပ် ဖြေနိုင်သည်။ သူ စိတ်ဝင်စားသော အကြောင်းအရာ မဟုတ် သော်း။

"ရှင်တို့ ပြောတဲ့ ဒေမာတက်ကားဆိုတာ ဒါမျိုး မဟုတ်လား"

ပဉ္စန်းပဉ္စန်းက လက်ဆွဲခန့်ဖက်ပြီး မော်ဘော်ကား မောင်းဟန် လုပ်ပြရင်း....

"ပဉ္စန်းပဉ္စန်း....ပဉ္စန်းပဉ္စန်း၊ ဘေးကို...ဘေးကို မော်တော်ကား လာပြီ...ပေါ်ဒတ်ကားသာပြီ"

ဟု ကလေးလေးတစ်ယောက်သို့ ရှင်မြူးစွာ လုပ်ပြသည်။

အဓမ္မာင်ထိမ် ခစ်ခနဲရယ်ဆဲနှင့်အတူ အသံတစ်သံထွက်လို့ လာသည်။

"ဟဲ့....အရှုပ်....ဆေးချွတ်ပြီလား၊ တို့ကို သတိသတ်လာပြီး လျှောင်တာမေ့လေ"

"ဟား....ဟား....ဟား"

ပဉ္စန်းပဉ္စန်းက အားပါးတရ ရယ်လိုက်သည်။

"ငါက နင်တို့မေးတဲ့ မော်ဒတ်ကားဘဲတော့ ....ဒေါ်ကော်ကားလာရင် လမ်းဖယ်ခေးရဘယ် မဟုတ်ဘူး၊ အခု ငါလာပြီလေ....နင်တို့လမ်းဖယ်ပေးကြ၊ ငါ့ရှေ့မှာ သတိသားဖြတ်လား လုပ်မနေကြနဲ့၊ ပဉ္စန်းပဉ္စန်း....ပဉ္စန်းပဉ္စန်း.... ဘေးကို....ဘေးကို"

ပဉ္စန်းပဉ္စန်း ပျော်နေသည်။

ပြောချင်တာပြောလိုက်ရ၍ ကလေးတစ်ယောက်လို မြူးလို့ ရှင်လို့နေသည်။

"ဟီတ်....အရှုပ်မနဲ့ အချိန်ကုန် ခံပြီး စကားပြောမနေကြနဲ့၊ ဒီဂေါင်မကို ရှင်းသာပစ်ကြ....ကောင်းမယ်"

နောက်ထပ် အသံတစ်သံ။

ထိုအသံကြောင့် ပဉ္စန်းဖဉ္စန်း ရှုပ်မြူးနေရာမှ မျက်နှာ တည်လိုက်သည်။

အမှောင်ထဲသို့ စူးစိုက်ကြည့်ရင်း....

ရင်ကလေးခုန်ကာ.... ဘိမ်းသော့ခါးပေါက်လက်ဖက်ထောက် လေသံအေးအေးဖြင့် ဆက်ဆိုသည်။

"ဒီမှာ အခုလို သတ်ဟယ်ဖြတ်ဟယ် လုပ်နေတာတောင် အားရသေးလို့ ငါ့ကိုမါသတ်ချင်တယ်မေ့သေ....ဟုတ်လား၊ ကောင်းပြီ ကျောင်းမှန်း ကန့်မှန်း သိအောင် ပုံကြည့်ရမယ်းတာပေါ့၊ ကဲ....မင်းတို့ ထဲက ငါ့ကိုတကသတ်ရဲတဲ့လူ တွက်ခဲ့စမ်း"

မှောင်ထဲမှအသံတွေ ရွှတ်ခြွတ်တိတ်သွားသည်။

အခန်း (၆)

ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတတ်အောင် ဖြစ်သွားပုံ ရဆည်။

'ဟား....ဟား....ဟား၊ ဘာလို့တိတ်သွားကြလဲ၊ ထွက်ခဲ့ ကြပါတော့လား'

ပွန်းပွန်းအသံသာ ဟိန်း၍ထွက်လာသည်။

တဖက်မှမူ အသံလည်း မပေါ်မလာ၊ လူလည်းမမြင်မလာ၊ ပွန်းပွန်းသည် အခြေအနေကို သိပ်သဘောကျသွားသည်။

'ကဲ.... ငါ့ကိုသေတ်ရှရင်လဲ ဒီနေရာကနေ မြန်မြန်ထွက် သွားကြတော့လေ'

ပွန်းပွန်းကမ္ဘာ ခါးထောက်မပျက်၊
လာမည့်ဘေး ပြေးခဲ့ဘူးမည်ဟန်အပြည့်။
သို့သော် ဟန်ကိယ်ဖို ပြုလုပ်ထားသည့်ကြားက ပွန်းပွန်း
ခန့်စ ပြုလာသည်၊ ကြောက်ရွံ့စိတ်များစိုး ဝင်းထိန်ချို့ဖြစ်
လာသည်။
'ငါ့ကို မင်းတို့ဘာလုပ်ချင်သလဲ၊ သတ်ချင်ရင်သာကြေး'
သူ့ကို ပါးစပ်ဖြင့် မခြေဘူး။
ဖြေရန်သည်း မလိုဘူး။
ဝိန်ပိန်ထေးထေး လူဘစ်ယောကျ် ချတ်ခြည်း ပွန်းပွန်းဆီ
ပင်လာပြီး လက်ထဲမှခားဖြင့် ပွန်းပွန်း၏နှင့်ဝမ်းကို ထိုးခဲ့
ကသည်။
ထိုလူ၏လက်လှုပ်ရှားဟန်က မြန်လွန်းသည်းဘဲကြောင့်
သာ၊ ပေါ့ပါးသည်း
သို့ဆက် ပွန်းပွန်းက လူဘက်လှည့်သည်၊ တို့မင်းလာ
သူ့ခားဖျားကို ခပ်လွယ်လွယ် ရှောင်ဘိန်းနှိုင်းလိုက်
ပြီ။ ခရာပ်ရင်း ဘိန်းခဲ့ပြီးမှသည်း ခေးကိုင်ထားဒီသား
လူလက်ကို ညာခြေဖြင့် ခတ်ထုတ်လိုက်သည်။
သို့သော် မထိမိ။
ငါ့ပေမယ့် သည်အာဂုဏ်လောက်နှင့်မင်း သူ့ကိုဘန်တော့
လွှဲသွားကြသည်။ ပွန်းပွန်းကို အာဆင်ကြီးသွားကြသည်း
မှန်သည်။
ပွန်းပွန်းနှင့် ရင်ဆိုင်ခဲ့ဘူးသည့် နှယ်နှယ်ရရ မဟုတ်၊ ဂ
မည်ဘစ်လုံးနှင့်နှသော နှတ်ဘူတ်ဆိုးခဲ့ရီးလန်း ဖြစ်သည်၊

ပွန်းပွန်းစကားက ကလေးဆန်ကောင်း ဆန်နေမည်၊
သို့သော် ကြောက်လန့်ဟန် အလျှဉ်းမရှိ၊
သတ္တိအားမာန်အပြည့်၊
ထိုစဉ် မှတ်ဆိတ်နှင့်လူသည် သူ့နှင့်ကပ်လျက် လူဘစ်
ယောကျ်အား လေသံတိုးတိုးဖြင့်....
'ဒေါ....ဟူပြောင်း၊ မင်းငြိမ်သွချည်လား၊ ဘယ်လိုလုပ်
ရင် ကောင်းမလဲကွ'
ဟူပြောင်းမှာ ကျိုးဖြူဂိုဏ်း၏ လက်မခံကိုဏ်းသား ဖြစ်
သည်။
ဟူပြောင်းမျက်နှာမှာ အရက်သမားဘစ်ယောကျ် မျက်နှာ
လို အစဉ်ပြာနှမ်းလွှဘ်ရှိသော်လည်း သူ့လက်ထဲကခားကမူ
တလှုန်းဖြန်သည် လျင်သည်၊ ချိန်မှတ်ကို တသွှဲတိုအောင်
တဒ်ပိုင်းထိုးခွက်နိုင်သည်၊ ရက်စက်သည်မှာလည်း တမ်းကုန်
သူ ဖြစ်သည်။
'မင်းသဘောကကော'
ဟူပြောင်းက ဆတ်ခနဲ ပြန်မေးသည်၊
မှတ်ဆိတ်နှင့်လူ မျက်နှာပိုရှိဘင်းမသွားသည်၊
'ငါ့သဘောကဒီတာ့ ဒီကိစ္စကိုခဏသေးဖယ်ပြီး ဒီကောင်
မကို အရှင့်မောင်းရှင်းလိုက်ချင်အယ်ကွ'
'ကောင်းသားပဲ'
ဟူပြောင်းက သူ့သဘောထားကို ပြောလိုက်သည်နှင့်
တစ်ပြိုင်နက် လူဘစ်စုက ပွန်းပွန်းကို ချက်ချင်းဝိုင်းရံသိုက်ပြီး
ပြင်ထားသည်၊

ချီးလန်း၏ခေးချက်ကို လူတိုင်းကြောက်သည်။ မည်သူမျှ ရှောင်နိုင်ဖို့မလွယ်။

ဒါပေမယ့် သူတို့တွေ၏ မျက်စိအောက်တွင်ပင် ပွန်းပွန်း ထိုအကွက်ကလေး တစ်ကွက်မျှနှင့်ပင် ချီးလန်း၏နာမည်ကြီး ခေးချက်ကို ရှောင်ပြတိုက်နိုင်သည် မဟုတ်ပါလား။

ထိုအခိုက် မျှောင်ထဲမှအသံတစ်သံ ထွက်လာသည်။

'ဟေ့....ဒီကောင်မက ပေါ့သေးသေးမဟုတ်ဘူး၊ တကယ် ပညာသည်ကွ'

ပွန်းပွန်း ခေါင်းကိုဆတ်ခနဲမော့သည်။

စောစောက ကြောက်ရွံစိတ်များ လွင့်ပြယ်သွားသည်။ တစ်ချက်မျှ ခနဲပြုံးပြုံးရင်း....

'ဒီမှာ နင်တို့သိအောင် ပြောရဦးမယ်၊ ကျောက်ခဲရွာ တစ်ခုလုံးနဲ့ အဲဒီဝန်းကျင် မိုင်တစ်ရာတစ်ဝိုက်မှာတော့ ငါ့ သိုင်းကွက်ကို ယှဉ်ရဲတဲ့သူ မပေါ်သေးဘူးဆိုတာ သိထား ကြ၊ ဒါပဲ'

ပွန်းပွန်းစကားက ပြတ်သည်။ ဝင့်ကြွားဟန် ပါသလိုလို ရှိသည်။

သူတို့ ခြီတုံခြုတုံ ဖြစ်ကုန်သည်။

ယုံရန်နိုး မယုံရန်နိုး။

ဒုမှန်စင်စစ် ပွန်းပွန်း အမှန်ကိုအမှန်အတိုင်း ပြောချလိုက် ခြင်းသာ။ လိမ်ညာလှည့်ဖြားမှု လုံးဝမရှိပါ။

ပွန်းပွန်းတကယ်လည်း သိုင်းပညာတတ်သည်။ သိုင်းပညာ ကို ကောင်းစွာလေ့ကျင့်ခဲ့ဖူးသည်တော့အမှန်။

ပွန်းပွန်းသည် ကျောက်ခဲရွာနှင့်မိုင်တစ်ရာတစ်နံတစ်လျား ဘွင် ဟိုးဟိုးကျော်သော သိုင်းပညာသည်စစ်စစ်။

ပွန်းပွန်းဆိုသောအမည်ကိုကြားရုံနှင့် ဝေးဝေးကရှောင် ကြ၊ ဖယ်ကြသည်ချည်းပင်။ ရွံကြောက်ကြသည်ချည်းပင်။

★

အခန်း (၇)

သည်သို့ ပဉ္စန်းပဉ္စန်းတစ်ယောက် သည်နယ်တခြားမှာ တစ်ပဉ္စန်ထိုး စကွင်းကြားလွှာခြင်းမှာ အကြောင်းတော့ရှိသည်။

ပဉ္စန်းပဉ္စန်း၏သိုင်းပညာတစ်ခုကြောင့်တော့ မဟုတ်။

သိုင်းအာကျော်အေးထင်ဦးဖြစ်သူ သူ့မခင်၏အရှိန်အဝါနှင့် သူ့အင်အားဆုံး ငယ်သူငယ်ချင်းနှစ်ယောက်၏ အရှိန်အဝါကြောင့်လည်း ဖြစ်သည်။

သို့တော် ယခု ပဉ္စန်းပဉ္စန်းမှင်မှောက်ပြုနေရသော လူတွေသည် ပဉ္စန်းပဉ္စန်း၏ဇာတိရွာသားများမဟုတ်သလို နေရာဒေသ

သည်လည်း ကျောက်ခဲရွာကျေးရွာဝန်းကျင်မဟုတ်၊ မြို့ကြီးတစ်မြို့မှ၊ ကျောက်ခဲရွာနှင့်ဆိုသျှင် မိုင်ဘစ်ရာကျော်မက ဝေးလံသော မြို့ကြီးဘစ်မြို့မှ၊

မုတ်ဆိတ်နှင့်ဟူပြောင်း တစ်ခယောက်မျက်နှာတစ်ခယောက် ကြည့်လိုက်ကြသည်။

သူတို့ ပွန်းပွန်း၏အချည်အနှင်းများကို ခန့်မှန်းမိကြပြီလေ။

ဟူပြောင်း ၂ခုံးတစ်ချက်တွန့်ရင်း....

'ဟေ့ကောင်....ချီးလန်း၊ မင်းတစ်ခယောက်ညည်းနဲ့ ဒီကောင်မကို ရှင်းပစ်လိုက်စမ်းကွာ'

ဟူပြောင်း ချီးလန်းကိုဘုကြည့်သည်။

ချီးလန်းတစ်ယောက်ညည်းနှင့် ပွန်းပွန်းကို ရှင်းပစ်နိုင်သည်။

ချီးလန်း ပွန်းပွန်းကိုခအ ခက်စွာဝိုက်ကြည့်သည်။

ပွန်းပွန်းမှ မျက်နှာအနည်းငယ်မျှပင်ခမျက် ချီးလန်းကို ခင်တည်ဘည်ဖြင့်ပြန်စိုက်ကြည့်ရင်း မဲ့ပြုံးတစ်ချက်ပြုံးရင်း ပင် ရှင်ဆိုင်လိုက်သည်။

'မင်း....ငါ့ဆီလာရဲသေးရင်လာခဲ့လေ'

ချီးလန်းက တစ်ခွန်းမျှပြန်မပြောတော့။

ချီးလန်း နှုတ်ခမ်းမဖွင့်ပေမယ့် ချီးလန်း၏သက်က လျှပ်တစ်ပြက်အလှုပ်တွင် သူ့ခေါင်းက ရှေ့သို့ တိုးသွက်သွားလေလည်း၊

ဒါပေမယ့်....

ပွန်းပွန်းမြင်သည်။

ပါးနပ်စွာရှောင်ပြီးဖြစ်သွေးသည်။

ပွန်းပွန်းသူ့ကိုယ်သူပင် အံ့သြသွားသည်။

သည်မျှမြန်ဆေခေါင်းချက်ကိုလျှပ်တစ်ပြက် ရှောင်လိုက်နိုင်ခြင်းအဘက် အံ့သြသွားခြင်းဖြစ်သည်။

အမှန်မူ ချီးလန်းကခြောက်လှန့်ရုံ ပြုခြင်းသာ ဖြစ်သည်။ ဘကယ်မတိုက်ဆေး။

ချီးလန်းက ခေါင်းကို ပွန်းပွန်းရင်ဝဿိုထိုးစိုက်မည့်ဟန်ပြုပြီး နောက် ချက်ချင်းတိုက်ကွက်ပြောင်းလိုက်သည်။

ခေါင်းကို ပွန်းပွန်းလည်မျှဆီဝိုက်တင်လိုက်သည်။ ဤသည်က ချီးလန်း၏ခေါင်းပရိယာယ်။

ရုတ်တရက်ပြောင်းလဲသွားသော ချီးလန်း၏ ခေါင်းချက်ကို ပွန်းပွန်း ပင်မမြင်လိုက်ရ၊ မြန်လှသည်။

သည်တစ်ကြိမ် ပွန်းပွန်းကျဉ်းထိကျပ်ထဲရောက်ပြီ၊ ဘယ်သို့ ရှောင်ရမည်ကို မသိတော့။

ပွန်းပွန်းချွေးသီးချွေးပေါက်များကျလာသည်။

တည်ငြိမ်ခသာစိတ်အစဉ်လည်း လွင့်ပြားကုန်သည်။

ကြောက်လန့်ခြင်းဖြင့် မျက်လုံးအစုံ ဝိုင်းသွားသည်။

'ကဲ....သေပေတော့...အရွေးမ'

ချီးလန်းက ပဲ့ကို အဆုံးသတ်ဟန်ပြုသည်။

ထိုအခိုက် ဝိုးခနဲ အသံတစ်သံနှင့်အတူ အရာဝတ္ထု တစ်ခု ရုတ်တရက်လွင့်ပျံလာပြီး ချီးလန်းလက်မှခေးလည်းထက်ပိုင်းကျိုးကျသွားသည်။

'ဟာ....'

'ဟင်....'

ပွန်းပွန်းနှင့်ချီလန်းက အာမေဋိတ်သံ နှစ်ခု ပြိုင်တူပြုရင်း ကြည့်လိုက်ချိန်တွင် ထက်ပိုင်းကျိုးသောခေါးနှင့်အတူ ပြောင်လက်နေသော ကြေးသေတ္တာတစ်ခွောင်း။

ခွီးလန်း၏ မျက်နှာသည် ချက်ခြင်း ပြာနှမ်းသွားပြီး မျက်လုံးအစုံပြူးကျယ်သွားသည်။

ပွန်းပွန်းလည်း ရင်ခုန်နေဆဲ၊

ခွေးပူနေဆဲ၊

မြေပေါ်မှကြွေးသော့သည် ဘယ်အရပ်ဆီကလာသနည်း။

ပွန်းပွန်း ပတ်ပန်းကျင်ကို ဖျတ်ခနဲမော့ကြည့်လိုက်သည်။

ဟော.... သူ့ဘယ်သက်ဘားမှာ ထင်းရှူး သေတ္တာပုံးကြီး တင်ပုံး။

ပြီး သေတ္တာပုံးမှောင်ရိပ်ထဲမှာ ထီးထီးရပ်နေသောလူရိပ် သဏ္ဌာန်တစ်ခု။

ပွန်းပွန်း မည်သူမည်သာဖြစ်ကြောင်းစိုက်ကြည့်သော်ငြား လူပုံမသဲကဲ့၊ မျက်နှာသွင်ပြင် ခွဲမှန်း၍မရ၊

အမှောင်ထဲတွင် အနက်ရောင်ဝတ်ထားသူတစ်ဦး ဟူ၍သာ ပွန်းပွန်းသိခွင့်ရသည်။

သည်မျှသိရှိရုံနှင့်ပင် ဘာကြောင့်မန်းမတိ၊ ပွန်းပွန်းထိုသူကို ကြောက်ခွံ့ရွံ့ချင်သွားသည်။

လောကြီးအား ဘာမထီသောပွန်းပွန်းသည် သည်လိုစိတ်ကြိမ် ရင်လည်းခုန်... နှလုံးလည်းတုန်သည်၊

မှုန်သည်။

တစ်ချို့သော လူသတ်သမားတို့တွင် ထူးခြားသော ဟန်ပန်ရှိသည်။

အလိုလိုနေရင်း တစ်ဖက်လူအား ကြောက်ရွံ့တုန်လှုပ်စေသော သဏ္ဌာန်မျိုး။

ယခုလည်း ပွန်းပွန်းသည် မသဲကဲ့သော မည်းမည်းလူရိပ်သဏ္ဌာန်ကြည့်ရင်း ဆွံ့လန့်နေမိသည်။

ပွန်းပွန်းသာမဟုတ်၊

ခွီးလန်းလည်းအလိုလိုနောက်သို့သုံးလေးလှမ်း ဆုတ်မိပြီး ဖြစ်သွားသည်။



အခန်း (၈)

စောစောက လှုပ်ရှားနေသော ဂိုဒေါင်အတွင်းတွင်လည်း အပ်ကျသံကြားမျှ ဆိတ်ငြိမ်သွားသည်။

ထိုအခိုက် အော်မေးလိုက်သော အသံတစ်သံ။

'ဟိတ်....မင်းဘယ်သူလဲ'

မဖြေ။

လူရိပ်မည်းမည်းသဏ္ဌာန်က မဖြေ။

တစ်ဖက်လူတွေကိုသာ အေးစက်မာကျောသောအသံဖြင့် အမိန့်ပေးသည်။

'ချီးဖြူဂိုဏ်းက ကောင်တွေ အားလုံး ထွက်သွားကြစမ်း' အမိန့်ပေးသံနှင့်မရွေးမနှောင်းမှာပင်လှိုက်လှဲစွာအော်ဟစ်လိုက်သော အသံတစ်သံထွက်ပေါ်လာသည်။

'ကျွန်းနုက်....'

ကျွန်းနုက်ဟူသော အသံကိုကြားသည်နှင့် ရွှေနဂါး ရုန်ခဲ့ကောင်ဂိုဏ်းသားများ မြူးရွှင်အားတက်သွားကြသည်။

လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

'ကျွန်းနုက်လာပြီ'

'ကျွန်းနုက်လာပြီ'

ထို အသံများက ဂိုဒေါင်အတွင်း ပဲ့တင်ထပ် ဟည်းသွားသည်။

ဟူခဲ့ပြောင်း၏မျက်နှာ အပျက်ကြီး ပျက်သွားသည်။

ချက်ချင်းပင် သူ့လက်ကို ဝှေ့ယမ်း လိုက်သည်။

သူ့လူဆယ်ယောက် နောက်သို့ ဖြည်းညင်းစွာ ဆုတ်ကြသည်။

သုံးလေးလှမ်းမျှ ဆုတ်ပြီးသည်နှင့် ချက်ချင်း ငြောသံပေးကာ မည်းမည်းလူရိပ်သဏ္ဌာန်ဆီသို့ ခြေဝင်သွားကြသည်။

လူအုပ်ကဲတွင် ချီးလန်းသည် ရှေ့ဆုံးမှလူ....

သူ့ခေါင်းသည်လည်း ဦးနှောအမှောင်ထဲမှလူဆီ ရောက်သွားသည်။

ချီးလန်းကဲ့သို့ ခေါင်းကိုသာ အားသားသူတွင် ဓားအိုသည် ၂စြမြဲမဟုတ်ပါလား။

ချီးလန်းတို့ အလောဘကြီး ဝင်လာသည့်တိုင် အမှောင်ထဲမှမည်းမည်းလူရိပ်သဏ္ဌာန်သည် စည်ဂိမ်အေးစက်လှုပ်သည်။ သူ့လက်နှစ်ဖက်တွင်လည်း လက်နက်ဟူ၍ မယ်မယ်ရရမရှိ၊ သေတ္တာတစ်တုတ်ကိုသာကိုင်ထားသည်။ ပြောင်လာသော ချီးလန်း

သို့ကိုစိုက်ကြည့်ရင်း သူ့လက်ထဲမှ သေတ္တာကို လှုပ်ခါကစား နေသည်။

ထို့အခိုက်.... ရွှေနဂါး ရုန်ကောင် ဂိုဏ်းသားများသည် ချီးလန်းတို့ကို တန်ပြန်တိုက်ခိုက်ရန်ပြုသည်။

သို့သော် မှုတ်ဆိတ်နှင့်လူက ဟန့်တားလိုက်သည်။ ပြီးနောက် မှုတ်ဆိတ်နှင့်လူက ခန့်ပြုံးပြုံးလျက် ချီးလန်းကိုကလိလိုက်သည်။

'ဟဲ....ဟဲ....တစ်ဇာတ်ထိုး ချီးလန်း၏ ခေါင်းဖြတ်ကို အရင်အကဲခတ်လိုက်ပါဦးကွာ၊ တန့်ပုံ မခေါ်တော့ ဝင်ပြီး ရှင်းကြဟေ့'

မှုတ်ဆိတ်၏ စကားမဆုံးမီပင်....

လူတစ်ယောက်က စူးစူးဝါးဝါး အော်ရင်း မြေပြင်ပေါ် နှိုးဝုန်းလဲကျသွားသည်။

* * *

အကြောင်းကားသည်လို....

မှော်ဂိုဏ်ဝင်ဆရာဝန် စည်ငြိမ်စွာရှာဖွေရင်း အသက်ကြီးလေးကို ပြုစုခေါင်းဆောင်နေသော လူသည် ချီးလန်းတို့ မထင်မှတ်မိ.... ကတ်ကရက် ကျားသစ်တစ်ကောင်အသား ခူန်လွှားထွက်လာသည်။

သူ့လက်နှစ်ဖက်သည် ချက်ချင်းပင် လက်နက် သဖွယ် ကြောင်လဲသွားသည်။

သူ့တိုက်ကွက်ကလျင်မြန်သည်။ ရက်စက်သည်၊ ထူးသည်းဆန်းလှသည်။

ကြည့်....မှောင်ရိပ်ထဲမှလူသည် လှေးခနဲ ခုန်ထွက်လာရင်း အနီးဆုံးရန်သူ၏ ရင်ဝသို့ လက်သီးဖြင့် ထိုးလိုက်ဟန် ပြုပြီးမှ ချက်ချင်းကိုယ်ကိုနောက်သို့လှန်လိုက်သည်။ တစ်ဆက်တည်းပင် ခြေထောက်အစုံဖြင့် ရန်သူ၏ ရင်ဝသို့ ကျုံးကန်ထည့်လိုက်သည်။

ရန်သူသည် အရိုးတခြား အသားတခြား ချိုးဖဲ့ခံလိုက်ရသကဲ့သို့ နာနာကျင်ကျင် စူးစူးဝါးဝါး တစ်ချက်သာ အော်နိုင်ပြီးမြေပြင်ပေါ် ဘိုင်းခနဲလဲကျသွားသည်။

သို့သော်....တစ်ဇွတ်ထိုး ချီးလန်းသည်ဆိုလူအား ခေးဖြင့် အပိုင်ထိုးချလိုက်သည်ကိုမြင်တွေ့လိုက်ရသည်။

သို့သော် အချည်းအနှီးပင်....

ချီးလန်း၏ မေးကိုင်လက်သည် ထိုလူထံမရောက်မီ လမိုးခွလတ်မှာပင် ဆတ်ခနဲချုပ်ကိုင် ခံလိုက်ရသည်။

ထိုစဉ် 'ဒေါက်'ခနဲအသံတစ်သံတွက်ပေါ်လာပြီး ချီးလန်း၏ နဖူးပြင်တွင် ချွေးစီးများ စို့ထွက်လာသည်။

နာကျင်လွန်းသဖြင့် ချွေးသီး ချွေးပေါက်များ ကျလာခြင်းပင်။

ချီးလန်းသည် သက်ပြင်းတစ်ချက်ကို ခက်ခက်ခဲခဲ ရှိုက်ရင်းဘယ်လက်ဖြင့် ဂျတ်တရက် ခေးတစ်ချောင်းကို ဆွဲထုတ်လိုက်ပြီး တိုလှုံ့ဆီခုန်အုပ်ပြန်သည်။

တစ်ဇွတ်ထိုးချီးလန်းသည်နာမည်နှင့်လိုက်အောင် တစ်ဇွတ်ထိုးလုပ်တတ်သည်။

သို့သော် သူ့ခေးသည် ထိုလူ့အား မထိုးမိမီ မှာပင် သူ့ခန္ဓာကိုယ်တစ်ခုလုံး အဝေးသို့ လွှင့်စဉ် ဆွဲထွက်သွား ပြန်သည်။

ယင်းမြင်ကွင်းကို မျက်ခြည်မပြတ် စောင့်ကြည့် နေသော ဟူပြောင်းက ကောင်းစွာမြင်တွေ့လိုက်သည်။

သူ့လုံများဟန်ပုံမပေါ်တော့ဟု တွက်မိသည်။

အတယ်ကြောင့် ဟူမူ ထိုလူအား တိုက်ခိုက်ရန် ပြေးဝင်သွားစဉ်က ချီးဖြူဂိုဏ်းသား ဆယ်ဦးခန့်ရှိသော်လည်း ပခုမူမျက်စိ အောက်တွင်ပင် သုံးယောက်မှာ ဗုန်းဗုန်း လဲနေပြီ။ ခုနှစ်ယောက်သာ ကြောက်ရွံ့ရွံ့ဖြင့်မတ်တတ်ရပ်လျက်ရှိသည်ကို မြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

'အားလုံးဆုတ်ကြဟေ့'

ဟူ ပြောင်းကအမိန့်ပေးလိုက်သည်နှင့် ချီးဖြူဂိုဏ်းသားများ ကသုတ်ကယက်ပြေးကြတော့သည်။

ထိုအဖြစ်ကို ကြည့်မောနေမိသော မုတ်ဆိတ်သည် ချက်ချင်းအသက်ဝင်လာပြီး လက်ထဲမှ ပုဆိန်ကို ကိုင်မြှောက်လျက်....

'တိုက်ကြပါဗျာ'ဟုရွေ့နဂါးရှစ်ကောင်ဂိုဏ်းသားများကို အမိန့်ပေးလိုက်သည်။

'မလိုက်နဲ့'

ထိုလူက မှောင်ရိပ်တွင်ပင်ရပ်ရင်း မုတ်ဆိတ်တို့လူသိုက်ကို ဟန့်တားလိုက်သည်။

သူ့အသံ ကမန်းသည်း၊ ကြောက်လန့်မှုဖြင့် ကောင်းသည်၊
မုတ်ဆိတ်ချက်လုံးမျက်ဆန်ပြူးသွားကိုပူကိုးမန်းသည်၊
'ဘာလို့မလိုက်ရမှာလဲကွ'
မောင်ရိပ်ထဲမှလူက တစ်လုံးချင်းပြန်ပြောသည်၊
'ဆရာကြီးလို့ချင့်ဘာပဲဖစ်သည်း လူနဟုတ်ဘူး'
မုတ်ဆိတ်က ဒေါသတကြီးဖြင့်....
'အခုကိစ္စမှာ သာမန်လူဒီးဆောင်နေတာဆိုတာ မင်းသိ
သလား'

'အစကကောင်းပါ....ဒါပေမယ့်အခုကျတော့'

မောင်ရိပ်ထဲမှလူစကားကို အဆုံးမသတ်ဘဲ ရပ်ထားလိုက်
သည်။

'ဆုံးအောင်ပြောစမ်းပါကွာ၊ အခုကျတော့ ဘာဖြစ်သလဲ'

'အခု ဝါဒီကိုခေါက်လာပြီ....ငါဦးဆောင်လုပ်ရမယ် ဆို
တာ မင်းမသိဘူးလား'
မုတ်ဆိတ်က ကဒေါသမပါက်သေးဘူးဖြင့်....
'မင်းက အဟင်းရန်ယူရတဲ့လူဆို၊ ဆယ်ယူကမင်းကို
အပြစ်ကိုင်လောင်းလိုလဲ ပြောစမ်းပါဦး'
အနောက်ထဲမှလူက ရှင်းရှင်းလင်းလင်းဘစ်သုံးတည်းဖြင့်
ဆည်၊
'ဆရာကြီး'

ဆရာကြီးဆိုသော အခြေကိုရသည်နှင့် မုတ်ဆိတ်စေးဒက
ဆက်ဝံ့တော့၊ ထို့လူချားဖက်သို့လှည့်ကာ ကျယ်လောင်စွာ
သည်။
'တို့....အားလုံးပြန်ကြမယ်၊ ပစ္စည်းကိုဆရာကြီးဆီပို့ရမယ်'

★

အခန်း (၉)

သို့ဖြင့်....

သင်္ကော်ဆိပ်ဝန်းကျင်သည် မူလအတိုင်း ပြန်လည် ငြိမ်သက်သွားသည်။

တငြိမ့်ငြိမ့် စီးဆင်းနေသော မြစ်ပြင်ကျယ်သည် ရွှန်းလက်ခတောက်ပဆော လရောင်အောက်တွင် ဖြိုးဖြိုး ဖျပ်ဖျပ် အရောင်တောက်ပ၍နေသည်။ ညသည် ငြိမ်သက်နေပါ၏။

သို့သော် တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားသော ထိုသူ၏မျက်နှာသွင်ပြင်ကိုမူ ယခုအချိန်အထိ ဘယ်သူဘယ်ဝါ သဲသဲကွဲကွဲမမြင်ရသေး။ မပီဝိုးတဝါး အလင်းရောင်ကလည်း

ထိုသူ၏ရုပ်သွင်ကို ပီပီသသခန်းမှန်းနိုင်စွမ်းရှိအောင် မပြုနိုင်ခဲ့၊

ဂိုဒေါင်အတွင်းတွင် ပိုရှိတိတ်ငြိမ်နေသည်။ အလင်းရောင်သည် ပိုရှိအား နည်းနေသည်။

ဂိုဒေါင်ထဲတွင် ထိုလူနှင့်ပွန်းပွန်း နှစ်ယောက်ထဲ၊

ထိုလူသည် ဖျတ်ခနဲ ပွန်းပွန်းဘက်သို့ မျက်နှာလှည့်ရှရပ်လိုက်သည်၊

ဝိုးတဝါးအလင်းရောင်ကြားတွင် ထိုလူ့ မျက်လုံးစုံ ၌နှံးလက်ပနေသည်ဟုထင်ရသည်။ ပြီး ပွန်းပွန်းကိုသာစိုက်ကြည့်နေသယောင်ယောင်၊ အဘယ်ကြောင့်ရယ်မသိ၊ ထိုအကြည့်စူးစူးကြောင့်....

ပွန်းပွန်းရင်ထဲတွင် အလိုအလျောက်လှိုင်းခတ်သွားသည်၊ မွန်းကျပ်လာသထို့ ခံစားလိုက်ရသည်။

ပွန်းပွန်းသက်ပြင်းတစ်ချက်ချရင်း ငြိမ်သက်ခြင်းကို စတင်ဖြိုခွင်းလိုက်ရသည်။

'ကျေးဇူးတင်ပါတယ်ရှင်'

'မလိုပါဘူး'

ထိုအဖြေကြောင့်ပွန်းပွန်းစကားဆက်ဆိုရန်မတွံ့မရဲဖြစ်သွားရသည်။ မျက်လွှာချလျက် ငြိမ်သက်နေတော့သည်။

အမှန်စင်စစ် ပွန်းပွန်းသည်စကားသွက်သူ။

ယခု ထိုလူရှေ့တွင် သူ့ဘဝတိုအနေရခဲ့သည်။

ပွန်းပွန်းနှုတ်အနေသော်ငြား ထိုလူအား ဖျတ်ခနဲ မော့ကြည့်လျက်မြှုံးတော့ မြှုံးလိုက်ပါသေး၏။

ထို့ကြောင့် ထင်သည်။ တည်ငြိမ် အေးစက်လွန်းသော အဝတ်နှက်နှင့်လူသည် စကားပွင့်ပွင့်စတင်ဆိုသည်၊

'မင်း.....ငါ့ကိုမမှတ်မိတော့ဘူးလား'

'ရှင့်....'

ပွန်းပွန်း အုံ့အား သင့်လျက် အာမေဋိတ်သံ ပြုမိသည်၊

'ဩမ့....

ကျွန်မက ရှင့်ကို မှတ်မိဖို့အကြောင်း ရှိလို့လားဟင်'

'အင်း....'

ထိုလူက တစ်လုံးတည်းသာ ဖြေသည်။

* * *

'ရှင့်....ကျွန်မကို သိတယ်ပေါ့၊ ဟုတ်လား'

'သိတာပေါ့....မင်းက မော်တော်ကားလေးလေ၊ ဟုတ်ပြီမဟုတ်လား'

ထိုလူ့အသံတွင် ပီတိရိပ်လွှမ်းလို့နေလေသည်။

ပွန်းပွန်းမျက်လုံးအိုင်းသားဖြစ်သွားသည်။

ထိုလူကို နွေဆုံးခေါင်းဆုံး စူးစိုက်ကြည့်သည်။

ထို့နောက်ရောက် ပိုရှိရှုန်းလက်စွာ လင်းလာသည်၊

ပွန်းပွန်း ဆိုလူ၏ မျက်နှာ သွင်ပြင်ကို ထင်ရှားစွာ မြင်ရပြီ။

စူးရှသော မျက်လုံး၊ မည်းနက်ထူထဲသော မျက်ခုံး၊ ကားသောမေးရိုးနှင့်လူ၊ ဟုတ်ပြီ.... ပွန်းပွန်းသိပြီ။

ထိုအသိက ကုန်လွန်ခဲ့သော ကာလများဆီက အသိ။

အတိတ်၏စာမျက်နှာဟောင်းများ။

ယခု သည်လူမရယ်ပါ၊ တည်ကြည်သည်၊ ထည်ခံသော အောင့်ခက်ထန်ဟန်အပြည့်....ကြောက်မက်ဖွယ်အဘီ။

သို့သော်....ပွန်းပွန်း သူ ရယ်ရယ်ပြုံးပြုံးနေတာကိုအကြိမ်များစွာ ရင်းနှီးခြင်းများစွာဖြင့် မြင်ခဲ့တွေ့ခဲ့ဖူးပြီ၊ ကျွမ်းဝင်ခဲ့ဖူးပြီ။

ယခုတည်သော မျက်နှာရှင်သည် ယခင်က ထာဝရအပြုံးစီပ်လှမ်းနေသူ၊ -ရှုန်းလက်စွာ ရယ်ခမာနေဘာသူ။

ပွန်းပွန်းရင်ဝယ် လှိုက်ဖိုသွားသည်။

မဖော်ပြနိုင်သော....ပီတိတို့စွန်းပွန်း မျက်နှာဝယ်လှိမ်းကျွံသွားသည်။ ပြေးလွှားဖြတ်သန်းသွားသည် ဆိုပါစို့။

ချက်ချင်းပင် ပွန်းပွန်း မျက်နှာ ဝင်းလက်လို့သွားသည်။

အို....ပွန်းပွန်းဆောက်တည်ရာမရတော့။

ပွန်းပွန်းအသိ၊ လက်လှတ်မတာဘ်ဖြင့်ကာ ပွန်းပွန်းခြေလှမ်းတွေ့ ထိုလူဆီသို့ ဦးဘည်သွားနေလေပြီကော....။

ဘစ်လှမ်း....နှစ်လှမ်း....ထိုနောက်လျင်မြန်စွာ....

ပွန်းပွန်း ထိုလူ လက်နှစ်ဖက်ကို အားပါးတရ ဆုပ်ကိုင်လိုက်သည်။ ရင်းနှီးကျွမ်းဝင်ဟန်၊ လှိုက်သဲ့ပြူငှာဟန်၊ ပွန်း

လင်း ရိုးစင်းစွာ ပွန်းပွန်းနှုတ်ဖျားမှ စကားလုံးတွေ့ ပွင့်လို့ ထွက်လာသည်။

အို....လက်စသတ်တော့ နင်....နင်ဟာလေ ပေါ်တာလေး တဲ့။

အခန်း (၁၀)

သ....။

ညဉ့်နက်ပြီ။

ပင်လယ်လှိုင်းထန်းပိုးမှားကြား ပြေးလွှား တိုက်ခတ်သော သောလေသည် အေးမြစွာ ဝေ့ဝဲလှိုင်နေသည်။

ပတ်ဝန်းကျင်သည် ပကတိ ဆိတ်ငြိမ်ကာ ချမ်းမြမြနှင့်....

သို့သော်....

ထိုအဖြစ်နှင့် ဆန့်ကျင်စွာ ပဉ္စန်းပဉ္စန်း၏ ရင်မှာ နွေးထွေးလျက်ရှိပါ၏။

ကြည့်စမ်း....။

စိမ်းလဲ့သောတစ်နယ်တစ်ကျေးတွင် ပွန်းပွန်းအတွက် အားထားဖွယ်ရာ အဖြစ်တစ်ခု မဟုတ်ပါလား။

ပွန်းပွန်း၏ ငယ်သူငယ်ချင်း တစ်ဦးကို ပွန်းပွန်းမမျှော်လင့်သောနေရာ။ ပွန်းပွန်းမမျှော်လင့်သောအချိန်တွင်အမှတ်မထင် အိပ်မက်ကလေး တစ်မက်ကို ပွန်းပွန်း ပြန်လည် ဆုံဆည်းခွင့်ရပြီ မဟုတ်ပါလား။

အံ့သြခြင်း ဝမ်းသာခြင်းတို့ဖြင့် အကိုင်းအဆမရှိပီတိဝေနေမိသည်ဖြစ်ရာ ပွန်းပွန်းရောအဘတ်နက်နှင့်လူပါနှစ်ဦးသားခေတ္တမျှငြိမ်သက်နေမိကြပါ၏။

သည်ခေတ္တ ပွန်းပွန်းကပင် စတင်၍ စကားစဖြစ်သည်။

'အချိန်တွေ အကုန်မြန်လိုက်တာနော်၊ ငါတို့လဲကွဲကွာသွားကြတာ ဆယ်နှစ်လောက် ရှိရောခေါ့'

'ခုနစ်နှစ်နဲ့ သုံးလဲဖရှိပါသေးတယ်ဟာ'

ထိုလူစကားကြောင့် ပွန်းပွန်း လန်းလန်းချင်ရှင် ပြုံးမိသည်၊

'သေချာလှချည်လားဟယ်၊ နှင် ရက်စွဲကို မှတ်မိနေတာပဲ'

ထိုလူက သက်ပြင်းချသည်။

ထို့နောက် အေးသက်စွာ ဆိုသည်။

'တို့ရွာကို ငါစွန့်ခွာခဲ့တုန်းက နှင်မှတော့ အားကောင်းလိုက်တာ၊ မျက်စိတစ်ဆုံး နှင်းဆတွေဝလှိုင်နေတာပဲ၊ အလွန်ပဲဇလ။ အဲဒီတုန်းက မင်းနဲ့ညှ ရွာထိပ်အထိ လိုက်ပို့ကြသေးတယ် မဟုတ်လား၊ မင်းမှတ်မိကောင်းမါဘယ်'

စကားအဆုံးတွင် ထိုလူ သက်ပြင်းချသည်။

နောက် ဦးခေါင်းကို ဆတ်ခနဲမော့လျက် မျက်လုံးအစုံကို အဝေးသို့ လှမ်းမျှော်ကြည့်သည်။

အဝေး.....အဝေး၊ ကုန်လွန်ခဲ့သော အတိတ်၏ အရိပ်အဝေးရင်ဆီသို့ ပြန်လည် ဇွင့်ပြေးလာပါ၏။

သည်တော့ အိုမင်းခဲ့ပြီဖြစ်သော အတိတ်ဟောင်းအားမမေ့ကောင်းသော နေ့တစ်နေ့သည် တစ်ဖန်နှုသစ်လှိုလာရသည်ပင်။

ကျောက်ခဲရွာ....။

သည်ရွာဦးမှာ ထူးဆန်းသော ပုံသဏ္ဌာန်ရှိသည့် ကျောက်တုံးကြီးတစ်တုံး ရှိသည်။

သည်ကျောက်တုံးကြီးကို အကြောင်းပြုပြီးသကာလ ထိုရွာကလေးကို ကျောက်ခဲရွာဟု တွင်စေသည်၊

တစ်နေ့....

ထိုကျောက်တုံးကြီးနံဘေးမှ....

ကျန်းမာသန်စွမ်းသော လူလင်တစ်ဦးနှင့် ငယ်နုသော မိန်းကလေးတစ်ဦးတို့ လက်ဆွဲနွှတ်ဆက်နေကြသည်။

ဝန်းကျင်မှာတော့ နှင်းတွေဝေလျက်။

ကျောက်တုံးကြီးပေါ်မှလည်း နှင်းရည်တွေ လိမ်းကျံလျက်။ နှင်းပွင့်တွေ တဲ့ခိုလျက်ပါ။

ယင်းနေ့သည် ကျောက်ခဲရွာတစ်ရွာလုံး ခြံမ့ခြံမ့သဲအောင် နှစ်သစ်ကူးပဲ့ ကျင်းပတော့မည့် အကြိုနေ့၊ သူ့အတွက် ထိုနေ့သည် အမြတမ်း လန်းဆန်းနေမည့်နေ့၊ ဟောင်းနွမ်း

သူ့အမြင်အရ သူမ ဘာမှ မဖြစ်ခဲ့ပါ။ ဒါပေမဲ့ ဒီလိုပြောလိုက်ရင် သူမ ဘယ်လောက် စိတ်ဆင်းရဲသွားမလဲ ဆိုတာ သူ သိသည်။ ဒီတော့ သူ ဘာမှ မပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။

ကျားနက်ကတော့ ဘာမှ ဂရုမစိုက်ပေ။ သူ့ကို ဘာမှ ပြန်မပြောသည့်အတွက် ကျေနပ်နေသည်။

'ဟေ့ကောင်၊ ဘာလို့ ငါ့ကို ဒီလောက် ကြောက်နေတာလဲ'

'ဘာမှ မကြောက်ပါဘူး'

'ဒါဆို ဘာလို့ ငါ့ကို ဒီလောက် ရိုသေနေတာလဲ'

'ဘာမှ မရိုသေပါဘူး'

'ဒါဆို

အခန်း (၁၁)

ကျားနက်၊ ပြီးတော့ နောက်တစ်ယောက်။

အတန်ကြာမှမင် ပွန်းပွန်း ခေါင်းကလေး မော့တော့
သည်။
ပြုံးလျက်လည်း ဆိုပါ၏။
'ငါ တစ်ခါမှ ဒီလောက်ကောင်းတဲ့ခေါက်ဆွဲမျိုး မစဖူး
ခဲ့ဘူးဟယ်....တကယ်ပါ၊ ငါဒီလိုနေရာမျိုးရောက်ဖြီး ဒီလို
အစားမျိုးစားရတာ သိပ်ကံကောင်းတာပဲ'
ကျားနက်၏မျက်နှာပေါ် တွင်ရုတ်ခြည်းအပြုံးရိပ်တစ်မျိုး
မြင်းသွားသည်။
'မင်း စမ်းသာတာ ဘိုပ်စားသွားပြီ ပွန်းပွန်း'

သူမ အံ့သြသွားမိသည်။

နှုတ်မှလည်း....

'ဘာဖြစ်လို့လဲဟင်'

'ဒီနေရာက သိပ်လူစားတဲ့နေရာကွ'

'ဘာ....လူစားတယ်....ဟုတ်သား၊ အယ်လို သတ္တဝါမျိုးက လူကိုစားတာလဲဟင်'

'လူက လူကိုစားတာပေါ့ကွ'

ပွန်းပွန်း တစ်ချက်ရယ်မောပြီး....

'ငါ မင်းကြောက်ပါဘူး၊ တကယ်လို့ ငါ့ကိုသာ စားရဲရင် သူတို့ လည်ချောင်းနင်ပြီး သေကုန်ကြမှာပေါ့'

တကယ်မူ သူမသည်ကျားနက်ပြောသောစကားအဓိပ္ပာယ်ကို ကောင်းစွာနားမလည်။

ပွန်းပွန်းအဖြစ်ကို သိသောခဏတွင် ကျားနက် စကားဆက်မဆိုတော့။

တစ်ဖက်သို့သာ မျက်နှာလွှဲ၍နေလိုက်တော့သည်၊ ပွန်းပွန်း ခေါက်ဆွဲများဟို ဆက်ရှိစားသည်။

တိုအချိန်တွင် ကျားနက်က ရုတ်တရက် သူမကို မေးလောသည်၊

'တရားသူကြီးလေးကော'

သူမ မဖြေ၊ ခေါက်ဆွဲကိုသာ ငုံ့စားနေသည်၊

သို့သော် သူမ၏ပျက်ဝန်းအစုံတွင် နှင်းမြူရည်များ ရစ်ဝဲနှံးလာလျက်၊ ထိုနှင်းမြူများကြားမှ လူရိပ်တစ်ခု ဘွားခနဲ ပေါ်လာသည်။

ထိုသူကား ကြွခိုင်တောင့်တင်းသော၊ ရိုးသားဖြောင့်မတ်သော၊ ရွှင်ရွှင်ပျပျ နေတတ်ပြီး တိကျသည်၊ ထိုသူမှာ အခြားသူ မဟုတ်၊

ပွန်းပွန်းအား ကျားနက်မေးလိုက်သောတရားသူကြီးလေးသို့သာ ဖြစ်ပါ၏၊ စင်စစ်မူ ထိုလူသည် တကယ့်တရားသူကြီးတော့ မဟုတ်ပါ၊

'တရားသူကြီးလေး'ဟု အမည်တွင်ရခြင်းမှာ သူ၏ရိုးသားဖြောင့်မတ်မှု၊ တိကျမှန်ကန်မှုစသည့်အကျင့်စာရိတ္တဂုဏ်ကြောင့်သာ ဖြစ်သည်၊

ထိုသူ အမည်ရင်းကမူ လောလက်၊

ကျားနက်၊ ကျောက်ခဲရွာမှထွက်ခွာစဉ် ရွာဦးသို့ဘိုင် လိုက်ပို့သော လူငယ်၊

ကျားနက်၊ လောလက်၊ ပွန်းပွန်း။

သူတို့ဆုံဦးကား အကျမ်းဝင်ဆုံး ချစ်သူငယ်ချင်းများ၊ သူတို့ဖော်ကျွေးလေး နှစ်ဦးသည် ပွန်းပွန်း၏ အဖော်မှန်ပင်တည်း၊

တစ်နည်းဆိုသော် ပွန်းပွန်းသည် အခဲနှစ်ခုကြားမှပုလဲလုံးလေးသဖွယ်သာ ဖြစ်ပါ၏၊

သူမမျက်ဝန်းတွင် နှင်းမြူများ ပို၍ သိပ်သည်းလာသည်၊

ဘာသံဖြင့်လည်း....

'သူ....သူ့ကို ငါမတွေ့တာ အတော်ကြာသွားပြီ'

ပွန်းပွန်းက ကျားနက်အမေးကို လေးလေးပင်ပင် ဖြေ၏၊

သူမအသံက ဆွေးဆွေးမြည့်မြည့်။

ကျားနက် နားလည်လိုက်သည်။ ပွန်းပွန်း၏ မျက်ဝန်းတွင် ထင်ဟပ်လို့ လာသော အတိတ်မြို့ရည်များ ကြားမှ လူတစ်ယောက်၊

မှန်သည်၊

အဘယ်သို့သော မိန်းကလေးတစ်ဦးပင်ဖြစ်စေ၊ တစ်ပါးသော ယောကျ်ားလေးအပေါ် သမုဒယမေတ္တာနှောင်တည်း မိုဠ်ဆိုလျှင် ဖုံးကွယ်၍ ရစကောင်းသောအရာ မဟုတ်ပါကလား၊

'သူ ရွာကထွက်သွားပြီဟုတ်လား'

ကျားနက်က အံ့အားသင့်စွာမေးသည်၊

'အင်း'

ပွန်းပွန်းနှင့်မောသံဖြင့် ပြန်ပြောသည်၊

'ဘယ်တုန်းကလဲ ပွန်းပွန်း'

'သုံးနှစ်ရှိသွားပြီ'

'ဩော်....သုံးနှစ်တောင်ရှိမှကိုး'

တောလက်ရှားမှထွက်သွားစဉ်က ပွန်းပွန်းအသက် ဆယ့်ခုနစ်နှစ်မျှသာ ရှိသေးသည်၊

ညတစ်နေ့တိမ်းမှေးလွယ်သောအရွယ်၊ သည်းပွတ်နှလုံးဝယ် ဝေဒနာငြိတွယ်လွယ်သော အရွယ်၊

ကျားနက်၏ မှုတ်လုံးမျှားလည်း နက်မှောင်လာသည်ထိရှိသည်။

အတန်ကြာ တိတ်ဆိတ်နေရာမှ စိတ်မချမ်းမြေ့ဟန်နှောလျက်၊

'သူ....မင်းနဲ့ခွဲခွာပြီးမသွားသင့်ဘူး၊ မင်းအနားမှာပဲရှိနေသင့်တယ်'

ကျားနက်စကားကြောင့် ပွန်းပွန်းခေါင်းကလေးတစ်ချက်မျှ ငုံ့သွားသည်။

အခန်း (၁၂)

သို့သော်သူ ချက်ချင်းပြန်မော့ကြည့်ကာ ခိုင်မာပြတ်သားသော အသံဖြင့်....

'ဒါပေမယ့် သူမသွားလို့မရဘူး'

'ဘာဖြစ်လို့'

'သူငါတို့ကျောက်ခဲရွာမှာ တစ်သက်လုံး နေမသွားသင့်ဘူး၊ ငါလဲ သူ့ကိုမနေစေချင်ဘူး'

ပွန်းပွန်းမှုန်ဝန်းတွင် အရောင်တစ်ချက် ပြိုးပြက်သွားပြီး လျင်မြန်စွာပင် စကားဆက်ဆိုသည်၊

'သူလိုလူစားမျိုးဟာ ဘယ်နေရာ၊ ဘယ်ဒေသရောက် ရောက် တက်သမ်းရှိမယ့်သူစားမျိုးပါ'

ကျားနက်ကဝန်ခံဟန်ဖြင့် ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်....သူက ထကယ်ဥာဏ်အကောင်းတဲ့လူပါ၊ ဘယ် တော့မှ သူ့ခေါင်းနဲ့ကျောက်တုံးကြီးကို သွားဆောင့်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့သိဆိုးကဲ့ ကျောက်ဘုံးကြီးက သူ့ ခေါင်းထက်မှာတင်ဆိုတာ သူသိဘယ်လေ'

ကျားနက်အပြောကြောင့် ပွန်းပွန်းရယ်သည်။

ပွန်းပွန်းက ရယ်ရင်း....

'ထကယ်ဘာ့ မင်း ဆိုးဆပါဆိပ်အတဲ့လူ မဟုတ်ပါဘူး'

'ဒဿာ်....ဟုတ်လား'

ကျားနက်က စကားသမ်းကြောင်းမေးသည်။

'လောသက်ကတောင် ဒါကိုခပြာပြသေးဘဲ မင်းက စာစစ်စက်မှမပေါ်ဘူး၊ မအာဘူးတဲ့၊ မင်းက သူ့ကျေးဇူးဆပ် တောင် ပိုပြီးလည်သေးတယ်ဘဲ့၊ မင်းကို ဒေါသ'လို့ဆဲဘဲ့ လူကမှ တကယ့်ငပေါင်အတဲ့'

'မင်းက သူ့စကားကိုယုံတယ်ဒေါ်'

'အင်း'

ပွန်းပွန်း အရယ်မရပ်သေး၊

အတန်ကြာမှပင်....

'မင်းတို့နှစ်ယောက်အတူတူ သိုင်းပညာကို လေ့ကျင့်လာ ကြတာဟ၊ အတူတူရန်ဖြစ်လာကြတယ်၊ အတူတူကြီးပြင်းလာ ခဲ့တဲ့လူတွေပဲ၊ ဘယ်သူကမှ မင်းအကြောင်းကိုသူ့လောက် သိနိုင်ပါဘူး'

'ဟုတ်တယ်....သူ ငါ့အကြောင်းကို လောင်းကောင်းသိ တယ်၊ ခါခကြောင့်လဲ သူက ငါ့ထက် ပိုဘေဘာပေါ့'

'ဒါဒေမယ့် မင်းတို့နှစ်ယောက်မုန်ဖြစ်ဟိုင်း သူကရှုံးတာ ချည်းပဲ မဟုတ်လား'

ကျားနက်က စစ်ချက်မှု မဲ့ပြုံးပြုံးရင်း....

'ဒါဒေမယ့် ငါတတ်မြောက်လားတဲ့ သိုင်းပညာတစ်ဝက် က သူ့ဆီကသင်လာတာပါ'

ကျားနက်နှင့်လောလက်လေ့ကျင့်ခဲ့သော သိုင်းပညာက သုံးခြားသည်။

သိုင်းပြောင်းပြန်၏ ပြောင်းပြန်သိုင်းကွက်။

အကွက်တိုင်း အကွက်ဘိုင်း ပြောင်းပြန်ချည်းဖြစ်သည်၊ အဓိပ္ပာယ်က သည်သို့....

သူတို့သုံးလိုက်သော သိုင်းကွက်များအားလုံးသည် သမရိုး ကျ သိုင်းပညာနှင့်ဆန့်ကျင်သည်၊

ဥပမာ... သိုင်းကွက်တစ်ကွက်ဟင် ဘယ်လက်ဖြင့်သုံးရမည် ဆိုပါစို့....သူတို့က ညာခြေဖြင့်သုံးသည်၊

ညာခြေဖြင့် သုံးရမည့်နေရာဘွင်မှ သူတို့က ဘယ်လက်ဖြင့် သုံးပြန်သည်၊

ထို့ကြောင့် သူတို့ကို ပြောင်းပြန်သိုင်းဆမားများဟုလူသိများခဲ့ကြသည်။

ပွန်းပွန်း ရုတ်တရက် စကားဆက်သည်။

'ငါ့ဖေဖေ အခု ဘယ်မှာလဲဟင်'

'မင်း ငါ့ကို မေးနေတာလား'

ကျားနက်က တအံ့တသြဖြင့် ပြန်မေးသည်။

'မင်းကို မေးနေတာပေါ့၊ မင်း ဒီရောက်နေတာခုနစ်နှစ်တောင် ရှိသွားပြီပဲ၊ မင်း ငါ့ဖေဖေရဲ့သတင်းကိုသဲ့သဲ့တောင် မကြားမိဘူးလား၊ဟင်'

'မကြားမိပါဘူး ပွန်းပွန်း'

သူမ ပထမအကြိမ် မျက်မှောင်ကုတ်သွားသည်။ သို့သော် ချက်ချင်းပြန်ပြေသည်။

ထိုအခါ ကျားနက်က ထပ်မေးသည်။

'မင်း ဒီမြို့ကိုလာတာ ဦးလေးကို လာရှာတာလား'

'အင်း'

ကျားနက်က ပွန်းပွန်းအား စိတ်မချသံဖြင့်....

'ဟာ....မလွယ်ဘူးထင်တယ်၊ ဒီမြို့ကြီးက သိပ်ကျယ်တာ၊ ပြီးတော့ လူတွေကလဲ အများကြီးဗျ'

ကျားနက် သူ့အတွက် စိတ်ပူပင်သံဖြင့် ပြောသည့်တိုင် ပွန်းပွန်းမှာ အရေးမကြီးဟန်ဖြင့်....

'အရေးမကြီးပါဘူး၊ ငါ ဒီနေ့မှ ဒီမြို့ကို ပုံရောက်လာတာပဲ၊ ဖေဖေ့ကိုရှာဖို အချိန်အများကြီး ရှိပါသေးတယ်'

'မင်း အခု ဘယ်မှာနေမယ်လို့ စိတ်ကူးထားလဲ ပွန်းပွန်း'

'မသိသေးပါဘူး၊ ဒါပေမယ့် ဘယ်လိုဖြစ်ဖြစ် ကျောခင်းစရာ တစ်နေရာတော့ ဧ၀ါလာရမှာပေါ့'

ကျားနက်က တဟားဟားရယ်သည်။

ပွန်းပွန်းကလည်း ကျားနက်ဒယ် ရယ်ရင်း....]

'ငါအခု မင်းနဲ့တွေ့ပြီ၊ မင်းက သူငယ်မျင်းကောင်းပီသစွာ ငါ့ကို နေစရာလေး တစ်နေရာတော့ ရှာပေးရမှာပေါ့ မဟုတ်ဘူးလား'

★

အခန်း(၁၃)

အိစက်ညက်ညောသော ဆိုဖာပေါ်တွင် ပွန်းပွန်း အယာ အယာ ထိုင်ခွင့်ရိုက်သည်။ လုံးဝန်းသောထင်ပါးဆုံကို ဆိုဖာနှင့် ထိတိုးခွာတို့ လုပ်ကြည့်သည်။

ဆိုဖာက တအိအိနှင့်မို့ ပွန်းပွန်းထိုင်ရသည်မှာ ဇိမ်ရှိလှသည်။ သည်လို အိစက်ညက်ညောသော ဆိုဖာပေါ်တွင် ကြိတ်ကြိတ်တွင် ပွန်းပွန်းဦးစွာဖြစ်သည်။

ပွန်းပွန်း အခန်းအတွင်းကြည့်လိုက်တော့လည်း ခမ်းခမ်းနားနား သပ်သပ်ယပ်ယပ် ပြောစလက်သော ပရိဘောဂများသည် နေရာနှင့်သူ စနစ်တကျ၊

ဖြူဖွေးသော ခေါင်းအုံးများ မွေ့ယာခင်းများ၊ အဖိုးတန် ခုတင်များ၊

ဖြီးတော့ ကြည်လင်ပြောင်လက်သော ကိုယ်လုံးပေါ်မှာ၊ လေပြည်ဘဖြူးဖြူး တိုက်ခတ်နေသော ပြူတင်းနှင့် လှပသော ခန်းဆီးကလေးများ။

ပွန်းပွန်းပျော်နေသည်၊

ပတ်ဝန်းကျင် အမြင်အတွေ့တို့ကြောင့် သွေးကြွနေသကဲ့သို့လည်း ဖြစ်နေသည်။

မှန်သည်၊

ပွန်းပွန်းသည် သူတစ်ခါမျှ မရောက်ဖူးသော၊ မမျှော်မှန်းခဲ့သော တည်းခိုခန်းတစ်ခုတွင် ရောက်ရှိနေသည် မဟုတ်ပါလား။

တည်းခိုခန်းက ဤမြို့၏ ထိပ်တန်းအကျဆုံး တည်းခိုခန်း မဟုတ်သော်ငြားလည်း ပွန်းပွန်းအဖို့မူ လောကနိဗ္ဗာန်ရောက်နေသကဲ့သို့ အလွန်အထင်ကြီးလျက် ရှိသည်လေ၊

ပွန်းပွန်းပျော်ရွှင်နေငြား ကျားနက်မုတ်ဆိတ် မရှင်ပျလှ၊ ယခုလို မဆင်မခြား တည်းခိုခန်းမျိုး ရရှိသည်ကို စိတ်ထဲမှ မကျေနပ်ချင်၊ ပွန်းပွန်းကို သည်ထက်ခမ်းနားသော၊ ထည်ဝါသော တည်းခိုခန်းဘွင် တည်းခိုစေလိုသော စေတနာ၊

'မိုးချုပ်သွားလို့ အခုလိုနေရာမျိုးပဲ ရတော့တာပွန်းပွန်း'

ကျားနက် စိတ်မကောင်းသံဖြင့် ဆိုသည်၊

'အို....ဒီနေရာမျိုးကလဲ ငါ့အိမ်ထက် အဆရာထောင် သာပါတယ်ဟယ်၊ သိပ်ကောင်းတာပဲ'

ပွန်းပွန်းက တက်ကြွဟန်၊ ကျေနပ်သံဖြင့် လှိုက်လှိုက်လဲလဲ ဆိုသည်။ ပွန်းပွန်းသွင်ပြင်ဘလည်း ရှင်ပျလို့နေသည်၊

'ဒါဖြင့် မင်းသဘောကျရင် ဒီမှာပဲနေပေါ့၊ ဒီနေရာမှာ ငှားကြိုက်သလောက်နေ ရတယ်'

'ဒီအခန်းခက သိပ်ခရီးကြီးမှာပဲနော်'

'မကြီးပါဘူး၊ တစ်ရက်မှငါးဆယ်ပါ'

'အောင်မယ်လေး....ငါးဆယ်'

ပွန်းပွန်း ထိတ်လန့်သွားသည်၊ ထိုင်ရာမှထ၍ပင် ခုန်မိသည်၊

ကျားနက်သည် ပွန်းပွန်း၏ အပြုအမူကိုသဘောကျလျက် ဟားဟား ရယ်သည်၊

'ဟား....ဟား....ဟား၊ မင်းလန့်သွားတယ်ပေါ့ ဟုတ်လား'

'ငါးဆယ်ကြီးများတောင်သားဟယ်'

'ဒီအတွက် မင်းတစ်ပြားမှ ပေးဖို့မလိုပါဘူး၊ ဒီတည်းခိုခန်းရှင်က ငါ့ဆရာကြီးပါဟ'

'ဟယ်....ဝမ်းသာလိုက်တာ'

ပွန်းပွန်း အားတက်သွားသည်၊ ဝမ်းအသာကြီး သာလို့သွားသည်၊

ကျားနက်ကိုလည်း လွန်စွာအထင်ကြီးလျက် ဂုဏ်လည်း ယူမိသည်၊

'မင်းကြည့်ရတာ အခု စီးပွားရေး အတော်လေးအောင်မြင်နေပုံရတယ်'

ကျားနက်က ပြုံးရုံသာပြုံးသည်၊

'မင်း စောစောကပြောတဲ့ ဆရာကြီးဆိုတာ ဘယ်သူလဲ ဟင်'

ပွန်းပွန်းက မေးသည်။

'သူ ဒဲ့မြို့မှာတော့ အစွမ်းအထက်ဆုံး လူတစ်ယောက်လို့ ဆိုနိုင်တယ်'

'သူ....သူ နာမည် ဘယ်လို့ခေါ်လဲဟင်'

ပွန်းပွန်းက ဆိုလိုဇောဖြင့် အလောတကြီးမေးသည်။

'မစ္စတာကျင်း....အများက လောက်ကျင်းလို့ ခေါ်တာ ပွန်းပွန်း'

ပွန်းပွန်း စိတ်ပျက်သွားသည်။ မျက်နှာလည်း ချက်ချင်း ညှိုးရော်သွားသည်။

ပြီး သူ့ဆရာက မစ္စတာကျင်း၊ လောက်ကျင်းတဲ့၊ မစ္စတာ ကျောက်လဲ မဟုတ်ပါလား။

ပွန်းပွန်းရင်မှာ ကျိုအတွေးမျိုး ပဲ့တင်ရိုက်တော်လို့ သွား သည်။

ဆွေသင့်ခြင်းဆောင်ကြီး ပြိုလဲသွားသလို ခံစားရတော့ သည်။

'မစ္စတာကျင်းဆိုတာ ငါ့ဖေဖေမှ မဟုတ်တဲ့'

ပွန်းပွန်း ကျိသို့စိတ်ထဲမခေ့ရှုတ်ရဲ့ အားငယ်သွားရှာ သည်။

ပွန်းပွန်း အာဘန်ကြာအောင်ငြိမ်သက်ပြီးမှ ကျားနက်အား ဆက်၍မေးသည်။

'ခင်းက မစ္စတာကျင်းရဲ့ သူငယ်ချင်းလား'

'မကုတ်ဘူး'

'ဒါဖြင့် သူ့ရဲ့ဘာလဲ'

'ငါက သူ့ရဲ့တော်ဒီဂတ်၊ သူ့ရဲ့လက်ရုံးပေါ့ဟာ'

'တော်ဒီဂတ်'

ပွန်းပွန်း အဓိပ္ပာယ်နားမလည်။

'ဟုတ်တယ်၊ တော်ဒီဂတ်ဆိုတဲ့အဓိပ္ပာယ်က ကိုယ်ရံတော် ပေါ့ဟာ၊ ရှင်းရှင်းပြောရရင် လူမိုက်အလုပ်ပဲပွန်းပွန်း၊ ငါက အတွက် ရန်ဖြစ်ပေးရတဲ့လူပေါ့ဟာ'

ကျားနက် ယင်းစကားကိုပြောစဉ် သူ့မျက်ဝန်းဝယ် ကြက်ခြေခြင်းအရိပ်အယောင်များ လွှမ်းလို့နေပါ၏။

လူဟာစ်လောက်ဟာ အသက်ကလေး ၂၅ သန့်ဖို့အတွက်
ပြည်ထမင်းစားဖို့အတွက် ဘာမဆိုလုပ်ရမှာပဲ ပွန်းပွန်း
ပွန်းပွန်း ရွာဘာရက် ထမုန်လိုက်ပြီး ကျွားနုတ်၏မခံုးကို
ခွေးက်ပုတ်ရင်း....

ဘော်ဒီဂတ်ပဲ လုပ်လုပ်၊ လူနိုက်ဘဲ လုပ်လုပ်၊ အခြား
ဘာမှ ဘူးကွာ၊ အခု မင်းအသက်ငယ်ပါသေးတယ်၊ နောက်
ပြန် သူများတွေက မင်းကို ဆရာကြီးလို့ ခေါ်ချင် ခေါ်
ပေါ့။

ကျွားနုတ် သည်ဘစ်ကြိမ် မရသ်မပြုံးနိုင်ဘေး၊ ပြုတင်း
ကိုသာ မျက်နှာမူလိုက်မိရှာသည်။

ပြတင်းအပြင်ဘက်တွင် မှောင်နေသည်။
မှောင်မဲသောလော၊ မှောင်မဲသောမြို့။ မှောင်မဲနေသော ကမ္ဘာ။
ကျားနက် သက်ပြင်းတင်ချက် ရှိုက်ရင်းစ ကားဆက်သည်။
'ဒီမြို့မှာ ဆရာကြီးကျင်းကိုရင်ဆိုင်ရဲတဲ့ လူတစ်ယောက်လဲ ရှိတယ်ပွန်းပွန်း'
'ဘယ်သူလဲ'
'ချို့ဖြူ....'
'ဘာ....ချို့ဖြူ....ဌက်ကို ပြောတာလားဟင်'
ပွန်းပွန်းအ စကားအဆုံးတွင် အံ့သြ တကြီးဖြင့် ရယ်ပြန်သည်။
ကျားနက်ကား မျက်နှာတည်လျက်....
'ဌက် မဟုတ်ဘူး....၊ လူ.... လူ.... လူထူးလူဆန်း တစ်ယောက်'
'မင်းသူ့ကိုတွေ့ဖူးလား'
'မတွေ့ဖူးဘူး၊ ဘယ်သူမှ သူ့ကို မတွေ့ဖူးသေးဘူး၊ သူ ဘယ်သူလဲ ဆိုတာတောင် ဘယ်သူမှမသိကြဘူး'
ပွန်းပွန်းပို၍သိချင်လာသည်။
'ဘာဖြစ်လို့လဲ'
'ဘာဖြစ်လို့လဲဆိုတော့ သူက ဘယ်သူ့ကိုမှ မျက်နှာမပြုလို့ပေါ့၊ သူကနောက်ကနေပြီးတပည့်တွေကိုခိုင်းတယ်၊ ကြိုးကိုင်တယ်လေ....သူ့ရဲ့အဓိက ရန်သူက ငါ့သူဌေး မစ္စတာကျင်းပဲ ပွန်းပွန်း'

'သူ့မှာ တပည့်တွေ အများကြီးလားဟင်'
ကျားနက်တစ်ချက်မျှ စဉ်းစားသလိုပြုပြီးနောက်....
'မနည်းဘူးထင်တယ်၊ စောစောတုန်းက မင်း တွေ့ခဲ့တဲ့ သားသမားတွေ အားလုံးဟာ သူ့တပည့်တွေ ပဲပေါ့'
အတန်ကြာသော် ကျားနက်ပွန်းပွန်းဘက်သို့ မျက်နှာပြန်လည်လျက်....
'ငါ....မင်းကို တစ်ခု ပြောထားရဦးမယ်၊ ငါ အရင်လို ဟုတ်တော့ဘူး၊ မင်းကို ငါနေ့တိုင်းလာမတွေ့နိုင်ဘူး၊ မင်းနဲ့ နေ့တိုင်း ငါအတူတူမနေနိုင်ဘူး'
ပွန်းပွန်းက ပြုံးလျက်....
'ငါ နားလည် ပါတယ်ဟာ၊ မင်းဟာ အခု ငါ့ဘော်ဒီ ဂတ်လဲမဟုတ်ဘူး၊ ငါ့ယောကျ်ားလဲမဟုတ်ဘူး၊ ပြီးတော့.... နှစ်ယောက်ဟာ ကလေးမှ မဟုတ်တော့ဘဲ'
ပွန်းပွန်းအပြောကြောင့် ကျားနက် ခေါင်းတဆတ်ဆတ် ညိတ်သည်။ သက်ပြင်းချသည်။
ထို့နောက် ပြန်ရန်တံခါးပေါက် နားသို့ တစ်လှမ်းချင်း လှမ်းကာသွားသည်။
တံခါးပေါက်သို့ ရောက်သည်နှင့် ပွန်းပွန်းအား ဖျတ်ခနဲ မင်္ဂလာပြန်လှည့်ကြည့်ရင်း....
'မင်း....အခုထစ်လော သူ့သက္ကင်းကြားမိသလား'
'ဘယ်သူလဲ'
'လောလက်လေ'
'ဟင့်အင်း'

"သူ ဘယ်မှာ ရှိတယ်ဆိုတာ မင်းလဲ မသိဘူးပေါ့ ဟုတ်လား"

ပွန်းပွန်းခေါင်းခါပြရင်း....

"သူ ရှာကထွက်သွားတုန်းက တယ်သွားမယ်ဆိုတာပဲပြော ခဲ့ဘူး၊ သူငါ့ကို အဲဒီလောက်ပြောသွားတယ်၊ သူ ဒီနေ့ကျရင် ပြန်လာမယ်တဲ့"

ပွန်းပွန်းအသံက ဝမ်းနည်းဟန်မနှောပဲ ယုံကြည် ခိုင်မြဲ ခြင်းအပြည့်ဖြင့် တင်ကြွားသည်။

ပွန်းပွန်းသည် ငယ်ကျွမ်းခင်မင်သူလောလက်ကို ဒုက္ခြင်းမဲ့ ယုံသည်၊ ခြင်းခက်နေ့။ ယုံကြည်သည်းဟုတ်ပါလား။

"ဘယ်နေ့ ဘယ်အခါမှထိတဲ့ စောင့်ရှုစောင့်ရှောက် မင်းကို စောင့်နေပါမယ်၊ မင်းပြန်လာမဲ့နေ့ထိစောင့်ပါမယ်ကွယ်"

ဤသည်က ပွန်းပွန်းနှင့် လောလက်တို့ ခွဲခွာ ကြတော့မည့် ဆဲဆဲပြုခဲ့ကြသော သစ္စာစကားပင်။

သို့သော် ပွန်းပွန်းသည် ဤသစ္စာစကားကို ရင်မှာ ထိုင်တိုက် လိုထားသည်၊ မည်သူ့ကိုမျှ ဖွင့်ဟမပြောဖြစ်။

ကျွားနက်ကိုသည်း မပြောပြဘဲ။

သို့သော်ကျွားနက်က ပွန်းပွန်း၏ပြောတန်ဆိုဟန် ပေသံ ကိုအကဲခတ်ရုံဖြင့် နားလည်ပြီးဖြစ်သား။

သို့သော် သူကမသိဟန်ပြလျက် ပွန်းပွန်း၏အနေးမှ တစ် လှမ်းချင်း ထွက်ခွာသွားပါ၏။

ပွန်းပွန်းခုတင်ပေါ်တွင် လဲလျောင်းနေသည်။ ပွန်းပွန်း ဘေးအစဉ်က ရှင်မပျက်ပဲ ပိတိအဟုန်ဖြင့် ပေါ်ပေါက်လျက်ရှိနေ သည်။

ပွန်းပွန်းမြို့ဆက်မြို့ငွေ့နှင့် တင်ရက်တာမျှသာ ကျွမ်းဝင် သေးသည်။ မြို့မိမိဝန်းပွင့်ပင်ဖြင့်အဆင်တွင် မွန်းနှင်လျက် ရှိသည်။

တစ်ကြောင်းဂလည်း ပွန်းပွန်း သူ့ဖခင်ကို ချစ်မြတ်နိုး ခဲ့ပုံတွင်ရှိသည်မှာ ပံ့ပြည်ထားသည်။

လတ်ပုလောတွင် ဒေတင်းနှင့်ဂည် မဟေဘေးလေ့ ကျင့်ထားရသူတစ်ယောက်တို့မှ ပွန်းပွန်းမထင်မှတ်စဉ် ဝင်နှောင့်ယှက်ခဲ့ပုံမှာ ပွန်းပွန်း၏ယောင်္ကဉ်ခင်း ကျားနက်။ ဤသည်လွန်မြောက်ဆေးပွန်းပွန်းသူ့ ဖခင်ဆထောင်းရကောင်း ပေမည်။

သို့မဟုတ် လောလက်၏သတင်းကို ကြားရကောင်းကြား ပေမည်။

အခါခွန်တိုင်းဝည် မမျှော်လင့်ခြင်းတို့ကြောင့် ပွန်းပွန်း၏ရင်ကို ညှစ်နှိပ်ဆဝပုံပေါ်။ ဝိစိဖြစ်နေသည်။

ယခုအခါမှာတွင်မှ ပွန်းပွန်း ကိုယ်လက်သန်စွမ်းချင်လည်။ ရက်တစ်ဝက်ခန့်ကြာမြင့်နေကို ညဉ်ပေးသော အိပ်ရာထက်တွင် ပိတ်စက်ချင်လှပြီ။ ပြုလုပ်သော အိပ်ရာခင်းလေးပေါ်တွင် ပွန်းပွန်းတစ်ညလောမှာလိုက်ချင်ပါပြီ။ ပွန်းပွန်းသည် ထိုလျောင်းနေရာမှ အသာအယာထလိုက်သည်။

အခန်း(၁၅)

'မင်းလိုတာရှိရင် ဒီဘုကဆေးကိုနှိပ်လိုက်ပါ'

ကျားနက်က ပွန်းပွန်း၏အခန်းထဲမှ ထွက်ခွာမသွားမီ မှာခဲ့သည်။

သို့ဖြင့် ပွန်းပွန်းသည်တံခါးပေါ်ရှိလှုပ်ခါခေါင်းလောင်းကပ်ထားသော အဖုလေးကိုနှိပ်လိုက်သည်။

မကြာပါ။

မိန်းမငယ်တစ်ဦး အပြေးအလွှားရောက်လိုလာသည်။ မိန်းမ၏ အမူအရာက ပွန်းပွန်းကိုလေးစားဟန်အပြည့်။

ပွန်းပွန်း အံ့သြသလိုတောင့်ရှိမိသည်။

ကျိုတည်းခိုခန်းရှင်နှင့် သူ့သူငယ်ချင်းကျားနက်တို့ အယူနီ ကျမ်းဝင်ဟန် ကျားနက်အား အခွင့်ထူးပေးထားဟန်ရှိသည်ကို ယူ ထွေးမိသည်။

ပွန်းပွန်းစိတ်ကြီးဝင်မတတ် ဖြစ်သွားသည်။

ကြည့်....' ဘုံကလေးကိုနိမ့်လိုက်သည်နှင့် မိန်းမငယ်တစ်ဦး သူ့ဇရုပ်ကို ချတ်ခြည်းဖြေးကလေးသည်။

ပုဂံဝိစ္ဆာ ပွန်းပွန်း၏အမိန့်ကိုနာခံမည်ဟု။

မိန်းမငယ်သည် ပွန်းပွန်းအလိုကျ ဆောင်ရွက်ပေးမည့် မိန်းပငယ် မဟုတ်လား။

ပွန်းပွန်းသူ့ဆန္ဒကိုမကြာပြဿနာနှင့် မိန်းမငယ်သည် သူ့အပါးမှ ဇစ်ခဏချင်းပင် ပြေးထွက်လိုသွားသည်။

* * *

ဟည်းခိုခန်းဘုသည် အိပ်ခန်းဌာနသီးသန့်မရှိ၊ အမှားသို့ ရောချိခန်းတစ်ခန်းသာ ရှိကတ်သည်။

ဤသည်ကလည်း နိုးနိုးနားနားမဟုတ်၊

တည်းခိုခန်းစကြိ၏ အစွန်ဆုံးတွင်ရှိသည်။

ညဉ့်အတန်ငယ်နှင်းကျပြီးဖြစ်၍ အရောအနှောသော မြေသည်သည် ပြားသီးသီးကိပ်စက်လို့နေကြပြီ။

ဆိုင်ကြောင့် ပွန်းပွန်းအတွက် ရေချိုးရန်စောင့်ဆိုင်းနေဒို့ မလို့ဟော။ ပွန်းပွန်းဒေတွက် ရေကန်အသင့်ကြာအသင့်။

ရေချိုးခန်းကသန့်ရှင်းလှသည်၊ ကျယ်ဝန်းလှသည်၊ မိန်းမငယ်လေးသည် ပွန်းပွန်းရေအရယ်ချိုးနိုင်ရန် ရေချိုးဇလုံသို့ ရေများဖြည့်ထည့်ပေးသည်။ ပြီးစီးသည်နှင့် ကန့်လန့်ကာကိုဆွဲတိုခွပေးရင်း လေးစားရိုသေသဖြင့်ဆိုသည်။

ရေချိုးဖို့အဆင်သင့်ဖြစ်ပြီမမ၊ မှန်ကန်သုတ်ပဝါနဲ့ဆပ်ပြာအရန်သင့်ပဲ၊ မအေကြီ ရေစိမ့်မှာစိုးရင် ရေချိုးခန်းထဲမှာ ဗီရိုထဲထည့်ထားနိုင်တယ် မမ'

မိန်းမငယ်သည် စကားဆုံးသည်နှင့် ထွက်ခွာရန်ခြေလှမ်းပြုသည်။

'ဟဲ့....နေဦး နေဦး'

ပွန်းပွန်း အင်္ကျီအိတ်ထဲ လက်နှိုက်ထိုက်သည်။

လက်ထဲမှ ကျပ်တန်ဘဏ်ရွက် ပါလာသည်။

'ရော့....မင်းအတွက်မုန့်ဖိုး'

ပွန်းပွန်း ပြုံးလိုက်သည်၊

မိန်းမငယ်သည် ကျပ်တန်လေးကို ကိုင်ကာ ပြုံးလျက် ထွက်လို့သွားသည်။

ပွန်းပွန်း ကြားဖူးနားဝရှိကာ လုပ်လိုက်ရခြင်းပဲ ဖြစ်သည်၊ မြို့မှာက ဤလိုအစအပါးခံရသူကို မုန့်ဖိုးပဲပိုး ပေးတတ်သည် မဟုတ်လား။

ပွန်းပွန်း သူ့ကိုယ်သူ အကျေနပ်ကြီး ကျေနပ်လို့နေသည်။

တစ်ကျပ်မျှင်ကို နှမြောလင့်ကစား သူ့အပြုအမူအတွက် သူကြည်နူးမဆုံးမိ။

ပွန်းပွန်းသည် ကိုယ်ပေါ်မှအင်္ကျီကို ချွတ်လိုက်သည်၊

အဝတ်ရေစိုမသွားရန် ဗီရိုထဲသို့ထိုးသိပ်သည်၊ပြီးနောက် ရေငုံထဲသို့ ပွန်းပွန်း ဝင်လာ၏။

ပွန်းပွန်း လွန်စွာသဘောကျသွားသည်။

စောစောက မိန်းမငယ်အား ပေးလိုက်သော ငွေတစ်ကျပ်ကိုလည်း နှမြောရန် သတိမရတော့။

ငလုံထဲမှရေမှာ နွေးထွေးလှသည်၊ စည်းစိမ်ချီလှသည် မဟုတ်လား၊ပွန်းပွန်း နွေးထွေးလှသောရေကို ခြေထောက်ဖြင့် ဖွပ်ဖွပ်နှက်စားလိုက်သည်။ နှုတ်မှလည်း ကလေးငယ်တစ်ဦး ပမာ...

'ပွန်းပွန်း....ပွန်းပွန်း....ခေါ်တော်ကားသွားပြီ'

ဟု အော်ရင်း ကျောရှင်းသော မိမိခန္ဓာကိုယ်တစ်ခုလုံးကို အမှတ်မထင်ငဲ့ကြည့်မိဘည်။

ထိုစဉ်....

ရုတ်တရက် လောလက်ကို ပြေး၍ သတိရလိုက်မိသည်။ တစ်ခါနိုင်တည်းတွင်ပင် ပွန်းပွန်း၏ မျက်နှာပြင်တစ်ခုလုံး နီမြန်း၍လာလေသည်။

အခန်း (၁၆)

လောလက် ရွာမှာဆွက်ခွာမည့်နေ့၊

တပေါင်ဦး၏နေ့တစ်နေ့မှီ နှင်းရည်များနေဘုရားလပ် ဝေဆိုင်းလို့နေသည်။ မြူလွှာသော နှင်းပွင့်များသည် အေးခြင်းသော လေအဟုန်နှင့်အတူ တဖွဲဖွဲတဘဲလဲ ကြွေသက်လျှက်ရှိနေပါ၏။

ခိုးကောင်းကင်ဟာ ပြာလဲ့လို့နေသည်။

ရွှန်းပက်သော ခွင်လေကုင်သည် နှင်းရည်မက်ဖြန်းထားသော မြက်ခင်းကလေးများပေါ်တွင် မခို့တရို့ပက်ဆမ်းလို့နေပါ၏။

ပွန်းပွန်းနှင့်လောလက်။ သူတို့နှစ်ဦးသည် လရောင်ပက်ဆမ်းထားသော မြက်ခင်းပေါ်တွင် အတူတကွလဲလျောင်းနေကြသည်။

လရောင်က အေးမြမြ၊ မြက်ခင်းပြင်က နွေးနွေးညို့ညို့။ သည်အချိန်တွင် ချစ်ဦးသူတို့ ဆုံတွေ့ရန် အသင့်မြတ်ဆုံးအချိန်ပင် မဟုတ်ပါလား။

ထိုအခိုက် လောလက်၏ လက်တစ်ဖက်သည် ပွန်းပွန်း၏ လက်ကလေးပေါ် ဖွဖွမျှကျရောက်လို့နေ၏။

လောလက်၏လက်မှာ ကြမ်းတမ်းလွန်းသော်လည်း အထိအတွေ့ကမူ လွန်စွာ နူးညံ့သိမ်မွေ့သည်။

ပွန်းပွန်းက လောလက်၏ ရင်ခုန်သံကို ကြားနေသည်။

ပွန်းပွန်းကိုယ်တိုင်ကလည်း ရင်ခုန်လျက်ပါ။

ထိုအခိုက် လောလက်က နှစ်ကိုယ်ကြားမှ စကားဆိုလေသည်။

'ပွန်းပွန်း....ငါ မင်းကိုသိပ်ချစ်တယ်။ ငါမင်းနဲ့အတူနေချင်တယ်ကွယ်'

ပွန်းပွန်းသည် လောလက်ကို အသဲကွဲချစ်သည်။ အားထားယုံကြည်သည်။ အချစ်ကိုပုံဖော်ရန်ကိုမင် ပိုင်းဖြတ်လို့ထားသည်။

သို့သော် ဘာကြောင့်ရယ်မသိ၊ လောလက်၏ဆန္ဒကိုနှုတ်ငြင်းယဲ့ခဲ့မိသည်။

'ငါမင်းကိုသိပ်ချစ်ပါတယ် သောလက်၊ မင်းရဲ့ဆန္ဒကိုလဲ ငါလိုက်လျောချင်ပါတယ်၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ ပွန်းပွန်း'

လောလက်၏ အသက်ရှူသံ ပြင်းပြလာသည်။ ပွန်းပွန်းလက်ကလေးကို အသာအယာ ဆုပ်ကိုင်ထားလိုက်သည်။

ပွန်းပွန်း ရင်အခုန်မြန်နေ၏။

'ဒါပေမယ့် မဖြစ်သေးလို့ပါအချစ်ရယ်'

'ဘာ....ဘာဖြစ်လို့လဲဟင်၊ မင်းငါ့ကို စာကယ်မချစ်လို့လား'

'အို....လောလက်ရယ်....မင်းကို ချစ်လွန်းလို့ပြောရတာပါကွယ်....အချိန်စောင့်ပါဦးလား လောလက်၊ ငါတို့နှစ်ယောက်လက်ထပ်တဲ့နေ့ကျမှ....သဘောရှိ'

လောလက်ထံမှာက်ပြင်းမှုတ်သံကျယ်ကျယ်လောင်လောင်ပေါ်တွက်လို့လာသည်။

ခဏတာ ငြိမ်သွားသည်။

မိုးကောင်းကင်အခုံးအဝန်းသည် ပို၍ပြာလဲ့လာ၏။ လှပသော ကြယ်ပွင့်ကလေးများသည်လည်း ထင်ရှားစွာ ဝင်းလက်ခွင့်ရလာပါ၏။

မြူရည်ပြယ်လွင့်လွှက် နှင်းက အတန်ငယ် ကျဲတောက်သွားပြီလေ။

မှုန်သည်။

လောလက် သူ့ဆန္ဒကိုပြန်လည် စုစည်းဆောင်းနှိုင် လိုက်ပြီး တရိပ်ရိပ်ဘက်ကြွလာသော စိတ်ဆင်ရိုင်းကို အသိချွန်းဖြင့် ပြန်လည် ထိန်းသိမ်းလိုက်နိုင်ပြီ။

လောလက်၊ ပွန်းပွန်းလက်ကို ဖုဖွဆုပ်ကိုင်ပွတ်သပ်နေရာမှ အသာအယာလွှတ်လိုက်၏။

ဟေမန်ညသည် လှပစွာ ဖူးပွင့်လာ၏။

ညမွေးပန်းတို့ရနံ့နှင့် နှင်းငွေ့နံ့တို့ လေပြည်လေညင်း ကြားတွင် လွှင့်ပျံ့ထုသင်းနေကြပြန်ပြီ။

ပွန်းပွန်း...ရေဇလုံထဲမှ ရွက်ဘရက် ထလိုက်သည်၊ ရေပွင့် ရေပေါက်ကလေးများသည် နှုံညက်သော ပွန်းပွန်း၏ ခန္ဓာကိုယ်ပေါ်မှ လွှင့်စဉ်ပြေလျော့ကျကုန်၏။

ပွန်းပွန်း ရင်ခုန်မိသည်၊
တထိတ်ထိတ်ရင်ခုန်မိသည်၊
ရေကန္ဒေးထွေးသည်၊ နှုးညံ့လွန်းသည်။

အဖြစ်ဟောင်းနှင့် အချစ်ဟောင်း ပုံပြင်ကလေးကို အမှတ် ရစေသည်၊ ပြီး ပုန်းလျှိုးနေသော အချစ်စိတ်ကလေးကို နှိုးဆွ လိုက်သလို ခံစားလိုက်ရသည်မဟုတ်ပါသား။

ပွန်းပွန်း ရေဇလုံထဲမှ ကမန်းကတန်း ခုန်ထွက်လိုက်သည်၊ ကိုယ်ပေါ်တွင် တင်ကျန်နေသော ရေပွင့်ကလေးများကို မကျန် အောင်ရေသုတ်ပဝါဖြင့် သုတ်လိုက်ရသည်၊ ပြီးလျှင်အင်္ကျီပြန် ဝတ်ရန် ဝီရိုဆီလျှောက်သွားသည်။

ပွန်းပွန်းမျက်လုံးအစုံဝိုင်းစက်သွားသည်၊
ပခုံးထဲမှာ ဘာမျှမရှိ၊ ဗလာနုတ္တိ၊
ပွန်းပွန်းကိုယ်ပေါ်တွင်လည်း.....။

★

အခန်း (၁၇)

ပဉ္စန်းပဉ္စန်းအုံအားသင့်လျက် ကြောင်ငေးနေမိသည်။
သူ့အဝတ်အစားများ ဘယ်ရောက်ဘုံးသနည်း။
ပဉ္စန်းပဉ္စန်းကိုယ်တိုင် ဗီရိုထဲမှာအဝတ်အစားများ ထည့်လိုက်သည်တော့အမှန်။
ပဉ္စန်းပဉ္စန်းအမှတ်မထင် အုတိတ် ဟောဒီးကို ပြန်သတိရမိပြီးရေချိုးခန်းထဲဘစ်စုံဘစ်ဦးများ ဝင်လာလေရော့သလား၊ ဒါလည်းမဟုတ်နိုင်၊ မဖြစ်နိုင်။
သို့ဆိုလျှင် ပဉ္စန်းပဉ္စန်းအဝတ်အစားများ ဘယ်ရောက်ကုန်ပါသနည်း။

ပွန်းပွန်း အပြေးအလွှားစဉ်းစားသည်။ သို့သော်အဖြေက မပေါ်။

ပွန်းပွန်းထိတ်လန့်လာသည်။ စိုးရိမ်စိတ်ဖြင့် ဝန်းကျင်သို့ ကြည့်လိုက်သည်။ ဘယ်သူမှမရှိ။ သူဟစ်ယောက်တည်း။

အမှန်မူ ပွန်းပွန်းလုံးဝမသိသော အချက်တစ်ချက်ရှိသည်။ သို့..ဝှက်ချက်။

ယင်းသို့..ဝှက်ချက်မှာ ဗီရိုနောက်တွင်လျှို့ဝှက်တံခါးလေး ရှိသည်ဆိုသောအချက်ပင်။

ပွန်းပွန်းကဤအချက်ကို လုံးဝ သတိပြုမိလိမ့်မည် မဟုတ်။ သိလည်းမသိ။

ဤနေ့ယ မြို့ကြီးပြကြီးမျိုးရှိ ထည်ခိုခန်းများတွင် ဤသို့သော ညစ်ညမ်းမှုများ ပြုလိမ့်မည်ဟု ကျေးတောသူစစ်စစ်ဖြစ်သော ပွန်းပွန်းသည် အာဃာတမှာ သိနိုင်ပါမည်နည်း။

အကယ်၍သာ ပွန်းဖွန်းမဟုတ်ဘဲ အခြားခြားသော မိန်းကလေး တစ်ဦးသာဆိုမူ ဤအဖြစ်ကြောင့် အထိတ်တလန့် ဖြစ်ကာ သတိလစ်ကာ မေ့မြောသွားဖွယ်ရာရှိပါ၏။

ပွန်းပွန်းအခန်းတံခါးဘက် ကြည့်လိုက်သည်။ တော်သေး၏။ ရေချိုးခန်းတံခါးကပိတ်လျက်၊

သို့ရာတွင် ဤပုံအတိုင်း ပွန်းပွန်းအဘယ်သို့ သူ့အိပ်ခန်း ရှိရာပြန်မည်နည်း။

ပွန်းပွန်း ဖျတ်ခနဲသတိရလိုက်သည်။

ရေသုတ်ပဝါဖြင့် ရစ်ပတ်ဖုံးကွယ်၍ အိပ်ခန်းသို့ပြန်မည်ဟု ပွန်းပွန်း ရေသုတ်ပဝါဖြင့် ကိုယ်မှာပတ်ကြည့်သည်၊ အချည်းနှီးပင်။

ရေသုတ်ပဝါက သေးလွန်းနေသည်။

ပွန်းပွန်း၏ ဖွံ့ထွားသောခန္ဓာကိုယ်ကို လုံအောင်ဖုံးခြင်း ငှာ မတတ်နိုင်။

ပွန်းပွန်း ပြတင်းပေါက်သို့ ရုတ်တရက်လှမ်းကြည့်သည်၊ ဟုတ်ပြီ၊

ပြတင်းခန်းဆီးကိုပြုတ်၍ ကိုယ်ကိုပတ်မည်။

ပွန်းပွန်း ပြတင်းတံခါးဆီ ပြေးသွားရန်ပြုသည်။

ထိုအခိုက်....

ပြတင်းအပြင်ဘက်မှ ရုတ်တရက် စကားမြွှာသံ ကြားရသည်။ နားစွင့်ထောင်လိုက်၏။

'ဟိုမိန်းကလေးသီသွားရင် ဘယ့်နယ်လုပ်မလဲ'

'သွားစမ်းမှ....အရေးမကြီးပါဘူး'

'ဆာ.....အရေးမကြီးဘူး ဟုတ်လား'

'ဟုတ်တယ်လေ....သူက မိန်းကလေးမှမဟုတ်တာကို၊ မော်တော်ကားပဲဥစ္စာ'

'အေး....ဟုတ်သားပဲ၊ မော်တော်ကားက အကျိုတစ်ရာ မှမလိုတာ၊ ဟား....ဟား....ဟား'

'ဟီး....ဟီး....ဟီး'

စကားသံအဆုံး တဟက်ဟက်တဟားဟား ရယ်သံများ ဆက်ရှိကြားရပြန်သည်။

ရယ်သံကလည်း နှစ်ယောက်မက လူအုပ်စုနှင့် ရယ်သိုက်သံ၊

ပွန်းပွန်း ထောင်းခနဲ ဒေါသဆွက်သွားသည်။

ရှက်စိတ်၊ မခံချင်စိတ်ဖြင့် အသားများပင် တဆတ်ဆတ် တုန်လာ၏။

ပွန်းပွန်း ရေချို့ခန်းထောင့်နားသို့ အသွင်အမြန် ဆွဲက သွားပြီး ကျယ်လောင်စွာအော်ခပြာသည်။

'အပြင်က ဘယ်သူလဲနဲ့'

'ချို့ဖြူတစ်အုပ်လေ'

အပြင်ဘက်မှ လှမ်းဖြေသံ၊

'ချို့ဖြူ'

ပွန်းပွန်း ရေရွတ်သိုက်ပြီး ချက်ချင်း ရင်လေးသွားသည်။

'ချို့ဖြူလေးတွေက သဘင်းကောင်းပါးတတ်ဘယ်ဟုတ်လား၊ ဒါကြောင့် ကျုပ်တို့က ခင်ဗျားကို သဘင်းကောင်းပြောပြမလို့ပါ'

တစ်ဖက်မှဖြေသံက အေးစက်လှသည်။

ချို့ဖြူကိုကြံ့မှ ဟူပြောင်းအသံနှင့် တုလှ၏။

'ဘာသဘင်းကောင်းလဲ'

'သိပ်ဖောင်းတဲ့ သဘင်းပေါ့ဗျာ၊ ခင်ဗျားရှာမတွေ့သေးတဲ့ ခင်ဗျားရဲ့အဖတ်အစားတွေကို ကျုပ်တို့တွေ့ဆုံးပြီးပြီဆိုတဲ့ သဘင်းလေ'

ပွန်းပွန်း ကြက်သီးမွေးညင်း ထသွားသည်အထိ ရှက်စိတ် မွန်သွားသည်။

'ဘယ်မှာလဲ'

'ကျုပ်တို့ဆီမှာ'

'အခုချက်ချင်း လာပြန်ပေး'

သူမ ဟစ်အော်သိုက်သည်၊

★

အခန်း(၁၈)

ထိုအခိုက် တစ်ခုခုကို ပြုန်းခနဲ ဆတီရဟန်ပြင့်....

'မ....ခလာနဲ့'

သူမအသံက ပို၍ကျယ်လောင်သွားရသည်။ သူမ ခြေမကိုင်မိလက်မကိုင်စီ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။

'မလာခဲ့နဲ့ဆိုတော့ ခပ်ဗျားကိုယ်တိုင်ပဲ လာယူမယ်မေ့! ဟုတ်လား'

တစ်ဖက်မှ သူမ မတွက်လာဝံ့မှန်းသိလေ မခံချင်အောင် ရှေ့လေး ပြီးတော့ အားရပါးရ လှောင်ပြောင် ရယ်မော လိုက်သံတွေ။

သူမ လက်သီးကလေး ဆုပ်ပြသည်၊ ခြေကလေးဆောင့်မိသည်၊

ဒေါသဖြစ်လိုက်သည်မှာ အံကလေးတကြိတ်ကြိတ်၊ တတ်လည်းတတ်နိုင်သော သတ္တဝါတို့ကို ချက်ချက်ပြေးပြီး လည်ပင်းညှစ်ချသာ သတ်လိုက်ချင်တော့သည်။

ထိုစဉ်ခိုက် ပါးလှဒဏ်မြက်လှသော ခေါက်ကလေးတစ်ချောင်း ရေချိုးခန်းကြားမှ တိုးဝင်လာသည်၊

တံခါးကို ကန့်လန့်ထားသော မင်းတုတ်ကလေးကို မှတင် ထိုက်ခြင်းပင်၊

ခဏအတွင်း ဒေါက်ခနဲအသံနှင့်အတူ ရေချိုးခန်းတံခါး ပွင့်သွားသည်၊

'အို...ရှင်တို့....ရှင်တို့ လူယုတ်မာတွေ'

သူမ ရှက်ရွံ့ရွံ့နှင့် အထစ်ထစ်အငေါ့ငေါ့ဖြင့် အော်လိုက် သည်၊

'ဟဲ....ဟဲ....ဟဲ'

'ဟား....ဟား....ဟား'

'ဟီး....ဟီး....ဟီး'

လူသုံးယောက်၊ ရယ်သံသုံးမျိုးဖြင့် စပ်ဖြဲဖြဲဝင်လာဟန် ပြသည်၊ လက်ထဲမှာတော့ ခေါက်ကိုယ်စီနှင့်၊

'မင်းတို့ ဝင်သာရဲရင် ဝင်ခဲ့စမ်း၊ မင်းလို့အားလုံးကို ငါ အကုန်သတ်ပစ်မယ် သိလား'

ပွန်းပွန်း ဒေါသတကြီးဟန့်လိုက်သည်၊

သို့သော် မရ၊ ဟူပြောင်းနှင့် နောက်ပါနှစ်ယောက် ခပ် တည်တည် ရေချိုးခန်းထဲဝင်လာသည်၊ လက်ထဲကခေါက်ကို လည်း ဆ၍ဆ၍ ကိုင်လာသည်၊

'မင်း ငါတို့ကို ဘာနဲ့သတ်မှာလဲ'

ဟူပြောင်းက မချိမခံဥမ္မက်နှာနှင့် ပြောလိုက်၏၊

ပွန်းပွန်း မအော်နိုင်တော့။ မရွက်နိုင်တော့၊

ခေါင်းကိုမော့ ရင်ကိုကော့လျက် သူ့ဆိုလှပ်ရှားမှုကိုသာ မပြတ်တမ်း စူးစိုက်ကြည့်နေလိုက်ရသည်။

'မင်းတို့ ဘာလုပ်ချင်လို့လဲပြော'

ဟူပြောင်း ခနဲ့ပြုံးပြုံးလိုက်သည်။ ရွှန်းရွှန်းစားစား၊ သူမတစ်ကိုယ်လုံးကိုကြည့်သည်၊

'ငါတို့ ဘာလိုချင်တယ်ဆိုတာတောင် မသိတော့ဘူးလား၊ အိပ်ချင်ယောင် ဆောင်နေတယ်ပေါ့လေ၊ ဟာ....ဟား.... ဟာ....'

'ဟီး....ဟီး....ဟီး၊ သိသားနဲ့'

တစ်ယောက်တစ်ပေါက်စီ ဝိုင်းပြောကြသည်။

မျက်နှာတွေက စင်ဖြဲဖြဲ၊ မျက်လုံးတွေက တဝင်းဝင်း တောက်လျက်၊

သူမက သူတို့အမူအရာတွေကိုကြည့်ရင်း ရွံရှာစက်ဆုပ်လာ သည်၊

အော့ချင် အန်ချင်လာသည်၊

ရေချိုးခန်းမီးက လင်းထိန်နေသည်၊

သူမကိုယ်ပေါ်မှာ ရေသုတ်ပဝါကလည်း တိုလွန်းသည်၊

ဖုံးကွယ်ပေမယ့် မလိုမခြုံ၊ နှိုးခနရာ လျော့ယိုင်လျော့ရဲ၊
သည်နေရာ လျော့ယိုင်လျော့ရဲ။
သူမ ကျွဲးထဲကျယ်ထဲ ရောက်ပြီ၊ ဘာမှလည်း ဆက်မလုပ်
တတ်တော့။

ဟူပြောင်းက နှုတ်ခမ်းကိုလျှာဖြင့်သပ်ရင်း....

'ဟဲ့....ဟဲ....ဟဲ၊ ဒီကောင်မလေးကို ကြည့်လိုက်ကြစမ်း၊
မင်းတို့ ဘယ်လိုမြင်လဲ'

'အဟ....သိပ်ကောင်းတာပေါ့ဗျာ'

တစ်ယောက်က ဝင်ထောက်သည်။

'ရှင်းပစ်ရင် ကောင်းမလားလို့'

'ဟာ....မ....မလုပ်ပါနဲ့၊ နှမြောစရာကြီးဗျာ၊ အဟဲ'

ပွန်းပွန်းဒေါသ မေါက်ကဲလုလုရှိပြီ။

တစ်ကိုယ်လုံးလည်း နှတ်ကျတမျှ တုန်နေပြီ၊

သို့သော် ဘာမျှမတတ်နိုင်။

ထိုစဉ် ဟူပြောင်းက ရုတ်တရက် ပွန်းပွန်းရှေ့သို့ ခုန်ဝင်
လာပြီး ခေါင်းမြောင်ဖြင့် ချိန်ရွယ်လိုက်သည်၊

ပွန်းပွန်းဂ ခြေဖြင့် ဟူပြောင်း၏ခေါင်းကို ခတ်ထုတ်ပစ်ရန်
စိတ်ကူးလိုက်သည်၊

သို့သော် ချွတ်တီးလိုက်ရ၏၊

သည်လိုအခြေအနေမျိုးတွင် ပွန်းပွန်းတည် သူ့ခြေထောက်
ကို အာဃာတ်သို့ မြောက်ဝံ့မည်နည်း၊

ပွန်းပွန်းသည် မိန်းကလေးတစ်ယောက်၊

အရွယ်ရောက်ပြီးသော မိန်းကလေးတစ်ယောက် မဟုတ်
ပါလား။

ပွန်းပွန်း အားရပါးရ ငိုပစ်လိုက်ချင်ပြီ၊

★

အခန်း (၁၉)

ဟူပြောင်းတား ပွန်းပွန်းအား၊ ခေးမြောင်ဖြင့် ချိန်ရွယ်ခွင်း စားတော့ ဝါးတော့မည့်ပုံဖြင့် တစ်ကိုယ်လုံးကို အနုသုံးတိလုံ့ စိုက်ကြည့်လွှက်၊

ကျွန်ုပ်စဉ်းစားကလည်း ထိုနည်းလည်းကောင်း၊ သူမကို အငမ်းမရကြည့်ကြသည်၊

ထိုအချိန်တွင် ထန်ဟူယော အသံတစ်သံ ပေါ်ထွက်လာ၏။ ထိုအသံမှာ အခြားမဟုတ် ရုတ်တရက် ကိုးဝင်လာသော အရာဝတ္ထုတစ်ခုနှင့် ဟူပြောင်း၏ခေးမြောင်သွားတို့ ထိခိုက်မိသော အသံပင်ဖြစ်သည်၊

ပွန်းပွန်း ထိုအရာကိုဖျတ်ခနဲကြည့်သော် မျက်လုံးအစုံ ဝင်းလက်လို့သွားသည်။

"ကြည့်...."

အရောင်တလက်လက် တောက်ပနေသော ကြေးသေတ္တာစစ်ချောင်း။

ဟူးပြောင်း ထိုသေတ္တာချောင်းကလေးကိုမြင်သော် မျက်နှာတွန့်လိမ်သွားသည့်အဖြစ် ရှုံ့တွသွားသည်။

ချက်ချင်း သေတ္တာလေးတိုးဝင်လာရာ ပြတင်းပေါက်ဆီသို့ကြည့်စဉ်....

လူတစ်ယောက် ပြတင်းပေါက်မှ လှမ်းခနဲခုန်ဝင်လာ၏။

ညီမြည်းသော အသားအရေ မည်းနက် တောက်ပြောင်နေသော မျက်လုံးအစုံ၊ တို့ပြင် နက်ပြောင် ဝင်းလက်နေသော အင်္ကျီ။

ဟူးပြောင်းနှင့် သူ့နောက်ပါနှစ်ယောက်၊ ရွက်တရက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ကြက်သေ သေသွားသည်။"

မှန်သည်။

ပွန်းပွန်း ကျဉ်းထဲကျပ်ထဲရောက်စဉ် ရွက်ဘရက်ဝင်ရောက်လာသူက ကျွန်နက်။

သူ့သွင်ဟန်က ရက်စက်ကြမ်းကြုတ်မည့်ဟန်။

သားကောင်ကို အပိုင်ခုန်အုပ်တော့မည့် တကယ့်ကျွန်နက်အလား။

သူ စကားမပြောပါ။

ရှေ့တူရွှကိုသာ စူးစူးရဲရဲကြည့်လျက်။

သို့အခိုက် အခန်းတွင်းတစ်ခုလုံး ထူးခြားစွာ ငြိမ်သက်သွားသည်။

နောက်....ရွက်ဘရက်။

ဟူးပြောင်းတို့အား လုံးကျွန်နက်အား စတင်တိုက်ခိုက်ခဲ့သည်။

အဖြစ်က မြန်ဆန်လှန်းသည်။

ဘစ်မုဟုတ်ချင်း အမြင်ရွှပ်သွားသည်။

ဟူးပြောင်းတို့အထဲမှ တစ်ယောက် ကျွန်နက်အား ခံးဖြင့်ဝင်းထိုးသည်။

ပြောင်းခနဲအသံတစ်ချက်ကြားရပြီး ထိုသူ့လက်ဝိမ်ရိုးကြီးဖြစ်သွားသည်။

ထိုလူ့လက်အပိုင်းပိုင်းကျိုးပြီ။

တစ်ယောက်ကမူ ပြူတင်းပေါက်မှ ခုန်ထွက်ပြေးရန်ကြံသည်။

သို့သော် အချည်းနှီးပင်။

ကျွန်နက်က သူ့အား ညာခြေဖြင့်ဆတ်ခနဲ နောက်ပြန်လိုက်ရာ ထိုလူတံခါးသို့ ဒုတ်ခနဲထိမှန်သွားပြီး အလေးမျှားစွာ စီးသော ထိုလူ၏ခန္ဓာကိုယ်သည် ဘေလုံးကဲ့သို့ ပြူတင်းပေါက်က လွင့်စဉ်ထွက်သွားသည်။

ခြေပြတ်သို့ ဘုန်းခနဲကျသွားသံနှင့်အတူ စူးစူးဝါးဝါးနာကြည်းစွာအော်သိုက်သော အသံကိုပင် ဆက်တိုက်ကြားလိုက်ရသည်။

ချက်ချင်း ပြန်လည်ဆိတ်ငြိမ်သွားသည်။

ကျားနက် ငြိမ်သက်စွာရပ်လျက် ဟူပြောင်းအား စိုက်ကြည့်နေသည်။

ဟူပြောင်းမျက်နှာတစ်ခုလုံး ခွေးသီးခွေးပေါက်များ ဖုံထွက်လာသည်။

ပွန်းပွန်းကမူ ကျားနက်အား ရုတ်တရက်မြင်ပြီးခဏ၌ တစ်ကိုယ်လုံးပျော့ခွေကာ နှံ့ရံကိုမှီလျက် အနေအထားဖြင့် အရှုပ်ကြိုးပြတ် ကျသွားသည်။

အကြောင်းမှာ....

ကျားနက်သည် ပွန်းပွန်း၏ အားထားရာ၊ ပွန်းပွန်း၏ကယ်တင်ရှင်။

ကျားနက်ကိုမြင်သည်နှင့် ပွန်းပွန်းစုစည်းထားသော စိတ်အလျှဉ်ကို ဖြေလျှော့လိုက်ရာ ရပ်တည်နိုင်စွမ်းတို့ပါလွင့်ပြယ်သွားပြီး ခန္ဓာကိုယ်ပါ ရုတ်တရက် ပျော့ခွေကျသွားခြင်းပင်ဖြစ်ပါ၏။

ဟူပြောင်းမှာ ခွေးသီးခွေးပေါက်များ ကျလာရုံမက နှုတ်မှာလည်း ဆွံ့အသက့ဲသို့ ဖြစ်သွားသည်။

ဧစ်ာစောကလို ရယ်ရယ်ပြောပြော မပြုနိုင်တော့ ကျားနက်ကိုသာ ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်လှုပ်လှုပ်ဖြင့် ငေးငိုင်ကြည့်နေမိသည်။

ကျားနက် ဟူပြောင်းရှေ့သို့ ဝင်လှမ်းချင်းလျှောက်သွားသည်။

'ဒီကိစ္စ မင်းတို့ဂိုဏ်းနဲ့ ဘယ်ဆိုမှမပတ်သက်ဘူး၊ မင်းဘာဝင်ရှုပ်ရတာလဲ'

ကျားနက်က အရေးတယူ မပြု။

အေးစက်သောလေသံဖြင့် တစ်ခွန်းချင်းဆိုသည်။

'ဂိုဒေါင်မှာကတဲ့သူကား မင်းကိုမသတ်ခဲ့မိဘာ ငါ့အမှား'

'ဒီကောင်မက မင်းမိန်းမမို့လား'

'ဟုတ်တယ်'

ကျားနက်အဖြေကား ရှင်းသည်၊ ပြတ်သည်။

★

အခန်း(၂၀)

ထိုအဖြေကို နံရံအား မှီလျက်အနေအထားဖြင့် ရှိနေသော ပဉ္စင်းပဉ္စန်းက နားဖြင့်ဆတ်ဆတ် ကြားရပါ၏။

ပဉ္စန်းပဉ္စန်းရင်ထဲ ဗလောင်ဆူသွားသည်။ အမျိုးအမည်မဖော်ပြနိုင်သော ခံစားချက်တစ်မျိုးက တစ်မုဟုတ်ချင်း ပဉ္စန်းပဉ္စန်းရင်ဝယ် ပြည့်သိပ်သွားပါ၏။

ပဉ္စန်းပဉ္စန်းသိသည်။ ကောင်းစွာသိသည်။ သူမသည် ကျားနက်၏ မိန်းမမဟုတ်။ ကျားနက်လည်း သူ့ခင်ပွန်းမဟုတ်။ ကျားနက်ကလည်း ပဉ္စန်းပဉ္စန်းသိသလို ထင်တူသိပါ၏။

ဝို့ခြောင့် ကျားနက်သည် ဒေါသတကြီးနှင့် ဟူပြောင်းသား ခုန်အုပ်ပိုက်သည်။ သို့သော် ကျားနက်ခြေတစ်လှမ်းမျှ နောက်ကျသွားပါ၏။

အဘယ်ကြောင့်ဟူမူ ရေချိုးခန်း၏ မျက်နှာကျက် ဗီရို၏ ပွင့်ကတံခါးမှ ကြိုတင်ပုန်းကွယ်နေသော ဟူပြောင်း၏တည့်သား ပစ်သွတ်လိုက်သော သံချိတ်များပါသည့် ကြိုးကွင်းများသည် ကျားနက်၏တစ်ကိုယ်လုံးကို တုပ်နှောင်လိုက်ပြီဖြစ်သောကြောင့်ပင်။

ပွန်းပွန်း အသိတ်တလဲနှံ့ အော်လိုက်ချိန်တွင် ကျားနက် သွပ်သာတော့၊ ကျားနက် အားကုန်ရှုန်းကြည့်သည်။

သို့သော် မရှုန်းသာ၊ ရှုန်းလေတိုင်း သံချိတ်များက သူ့ဘဝကို စုန်စင်လေ ဖြစ်နေလေသည်။

ဟူပြောင်းက အားပါးတရရယ်သည်။ မရှုန်းသာမလွှဲသာ နေသော ကျားနက်အား ကြည့်ရင်း အားရကျေနပ်လျက်ရှိသည်။

'ဟားး....ဟားး....တားး....မင်း ဘာတတ်နိုင်သေးလဲ ကျားသစ်'

ဟူပြောင်းက အောင်ပွဲရသံဖြင့်ဆိုသည်။ ကျားနက် မည်သို့ မျှ ပြန်မပြော။

ဟူပြောင်းကိုသာ အရောင်တဝင်းဝင်း တောက်နေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ ဟူပြောင်းက ဆက်၍ဆိုသည်။

သို့သော် ဤသို့ခပြားမိခြင်းအတွက် ပွန်းပွန်းသည် ယူ့အား ခွင့်လွှတ်တန့်ကောင်းပါ၏။

ပွန်းပွန်းစိတ်ဆိုးမည်ကော့ သူလုံးဝမထင်ပါ။

မှန်သည်၊ ပွန်းပွန်း လုံးဝ စိတ်မဆိုးပါ။

အဘယ်ကြောင့်ဆိုသော် ကျားနက်သည် ဤကားလုံးဖြင့် သူမအား ကာကွယ်ပိုက်ခြင်းပင် မဟုတ်ပါသား။

ထိုစဉ် ဟူပြောင်းက ဆိုသည်၊

'ဝါသိသလောက်ဘဲ မိန်းကလေးတစ်ယောက်အတွက် နဲ့ မင်း လူမသတ်ပါဘူး'

'ဟုတ်တယ်'

ကျားနက်က ပို၍အစက်အသာအံဖြင့်ဆက်၍....

'ဒီတစ်ခါတော့ မင်ဖြစ်ချောင်သာ ခြွင်းချန်လို့ပါ မင်းသိ ထားပါ'

ဟူပြောင်းပို၍တုန်လှုပ်သွားသည်။ သို့သော် ရုတ်ဘရက် ကောက်ကျစ်စွာ တစ်ချက်ပြုံးလျက်....

'မင်းက ဒီကောင်မအတွက်နဲ့ အသက်စွန့်ရဲတယ်ပေါ့'

ကျားနက်က ပြုံးဖြေ၊ ဘည်ငြိခဲ့အစက်သော ကျားနက်၏ မျက်လုံးအစုံမှာ ရုတ်ဘရက် ကြောက်ခြံစဖွယ် ခကာင်းသော အရိပ်အယောင်တစ်မျိုး ဆွက်ပေါ်လိုလာသည်။

အမှန်မှာမူ လွန်စွာရဲရင့်သော ကျားသစ်တစ်ကောင်က မုဆိုး၏ဇာတ်ချောက်အဘွင်းသက်ဆင်းမိပြီဆိုသောအခါမျိုး သိလိုက်ခြင်းနှင့် တူလှ၏။

'အေးပေါ့ကွာ....မင်း အဝိုက်မိတဲ့ အခါလဲ ရှိဦးမှပေါ့ ကျားနက်ရယ်၊ ဟား....ဟား....ဟား'

ဟူပြောင်းက တဟားဟားရယ်ရင်း, လက်ထဲက ဘွင့်အရံသင့် ကိုင်ထားသောခဲဖြင့် ကျားနက်၏နှဖူးကြားဆီသို့ တအားထိုးချလိုက်တော့သည်။

* * *

ဟူပြောင်း အနည်းငယ် အရှယ်စောသွားသည်။

အကြောင်းမှာ ကျားနက်အား အပိုင်ထိုးလိုက်သော သူ့ခေါင်းချက်က အနည်းငယ် နောက်ကျသွားသောကြောင့်ပင်။

တိုတောင်းလှသော အချိန်အတွင်းမှာပင် ကျားနက်သည် ရုတ်တရက် မာန်ဖီလိုက်ပြီး တစ်ကိုယ်လုံး တုပ်နှောင်ခံထားရသော သံကြိုးများထို အပိုင်းမိုင်းပြတ်အောင် အတွင်းအားသုံး၍ ရုန်းကန်လိုက်၏။

သို့သော် သံချိတ်များက သူ့ကိုယ်ပေါ်တွင် ကျွန်နေဆဲ။ ကျားနက်က သံချိတ်များတန်းလန်းဖြင့်ပင် ရုတ်တရက် ထခုန်လိုက်ပြီး ဟူပြောင်းအား ခြေအစုံဖြင့် ကြိုးကန်လိုက်သည်။

ဟူပြောင်း ထိတ်လန့်တကြား ရှောင်ပါ၏။ သို့သော်မလွတ်ချေ။

အဘယ်ကြောင့်ဟူမူဟူပြောင်းသည်ကျားနက်၏တိုက်ကွက်ပရိယာယ်ကို မရိပ်စားမိသောကြောင့်ပင်။

အမှန်မူ ကျားနက်၏တိုက်ကွက်သည် ခြေထောက်မဟုတ်။ အလွန်လျင်မြန်သန်စွမ်းသော သံမဏိလက်နှစ်ဖက်သာဖြစ်၏။ သို့ကြောင့် ဟူပြောင်းမည်သို့မျှမခုခံနိုင်မီသူ့စွမ်းကိုယ်သည် ပြောင်းအပြင်ဘက်သို့ ရုတ်ခြည်း လွင့်စဉ်ထွက်သွားလေတော့သည်။

★



အခန်း (၂၁)

ပြီးခဲ့တာ့....လူကိုပါ ယူသည်

ပြတင်းအပြင်ဘက်မှ ဟူပြောင်း၏ စူးစူးဝါးဝါးအသံကို ပင် ကြားရဆဲဖြစ်သည်။

ထိုအချိန်တွင် အခန်းတွင်းရှိ ဟူပြောင်း၏ တပည့် တစ် ယောက်က....

'ဒီခကာင် လူမဟုတ်ဘူးဟေ့၊ ပြေးကြ....ပြေးကြ'

ဟု အော်ဟစ်ရင်း အားလုံး ထွက်ပြေးကုန်ကြတော့သည်။ ကျွန်ုပ်သည် ၎င်းတို့ကို ဆက်မတိုက်ခိုက်ချေ။

သူက ငြိမ်ဆက်စွာဖြင့်ရပ်၍ ပွန်းပွန်းကိုသာ ကြည့်နေ၏။

ဟာ ဆူ၏ နက်မှောင်နေသောမျက်လုံးထဲ၌လည်း ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များအလျှံးမရှိဘဲတွေ့။

အလွန်နူးညံ့ကြင်နာသော အရိပ်အယောင်များသာ ပြည့်လျှမ်းလျက် ရှိသည်။

ထို့ပြင် ကျားနက်၏ အသည်းနှလုံးထဲ၌လည်းမည်သို့သော ခံစားချက်များ ဝင်လာသည်ကိုမသိဘဲတွေ့နိုင်။

ကျင်းနက်၏အဖြစ်ကိုမြင်သော ပွန်းပွန်း၏ ဘေကပ်ပနေသောမျက်လုံးအစုံဘွင် မျက်ရည်များပင် ဖုံးလွှမ်းလာသည်။

'မင်းတစ်ယောက်ထဲ ဒီမှာထားခဲ့မိဘာ ငါ့အမှားဘဲ'

ကျားနက်၏အသံက လွန်စွာ ညင်သာနူးညံ့လှသည်။

ထိုအချိန်တွင်ပွန်းပွန်းကမျက်ရည်ဝဲလျက်ဖြင့် သူ့ကိုကြည့်ရင်း....

'သူတို့ ဗာကယ် သတ်ချင်တာက မင်းပါ၊ ငါ့ကိုမယုတ်ပါဘူး'

'ငါသိပါတယ်'

ကျားနက်၏အဖြေက အေးစက်လှသည်။

'ဒါဘောင် မင်းက ငါ့ကိုသနားယုတ်ဟုတ်လား'

'ငါမလာပဲ မနေနိုင်ဘူး'

ကျားနက်၏အဖြေမှာ တိုးတောင်းပြတ်သားလှသည်၊ သူ၏ စကားလုံးများတွင်လည်း စိတ်ထဲ၌ ဖြစ်ပေါ်နေသောခံစားချက်အပြည့်ပါ၌နေ၏။

ကျားနက်၏အဖြစ်နှင့် ခံစားချက်ကိုသိသောအခါ ပွန်းပွန်းသူ့စိတ်ကိုမထိန်းချုပ်နိုင်တော့၊ ချတ်တရက်ပင် ကျားနက်ဆီသို့ပြေးသွားပြီး တင်းကျပ်စွာ ပွေ့ဖက် သားလိုက်တော့သည်။

'ထို့စဉ်....

ပွန်းပွန်း၏နှာခေါင်းထဲသို့ ကျားနက်၏ခေါင်းနှံ့၊ ကျားနက်၏ သွေးနံ့များ ဝင်လာ၏။

ယင်းသွေးများသည် သူမအတွက်ကျခဲ့ရ၏။

* * *

အခန်းထဲတွင်နှစ်ပကတိအတိုင်းပင် ငြိမ်သက် မည်းမှောင်နေသည်။ ထိုအမှောင်ထဲတွင် ကျားနက်၏သန်မာကျယ်ပြန့်သောရင်ခွင်ပေါ်၌ ပွန်းပွန်းတယောက် ငြိမ်သက်စွာမျက်စိမှိတ်ကာ လဲလျောင်းလျက်။

သူမ၏ ဦးနှောက်ထဲတွင် ဘာဆိုတာမျှမရှိတော့၊ ခရေးကအကြောင်းကိုလည်း မစဉ်းစားချင်၊ နောင်ရေး ကိုလည်း မတွေးတောလို၊ သူမ ယခု လောလောဆယ် အေးချမ်းနေသောသာယာမှုလေးကိုသာ ငြိမ်သက်စွာခံစားနေချင်၏။

ကျားနက်....

ကျွန်းနက်သည်လည်း ငြိမ်သက်စွာလဲလျောင်းလျက်ရှိပါ၏။ သူလည်း ဘာစကားမျှမပြော၊ အသံတိတ်လျက်....

သို့သော်....သူ၏ဦးနှောက်ထဲ၌ တစ်ခုခုကိုစဉ်းစားနေဟန်တူသည်။

သူက သူငယ်ချင်းလောလက်အကြောင်းကိုများစဉ်းစားနေသလားမသိ။

* * *

လောလက်....လောလက်။

ကျောက်ခဲရွာ မြက်ခင်းပြင်မေါ်တွင် ကလေးငယ် သုံးဦးပြေးလွှားကစားနေသည်။ ယောကျ်ားလေး နှစ်ယောက်က မိန်းကလေးတစ်ယောက်၏ နောက်သို့ လိုက်ကာပြေးနေလေသည်။

'မင်းတို့နှစ်ယောက်ထဲက ငါ့ကို အရင်ဆုံးမိအောင် လိုက်နိုင်တဲ့လူကို ငါသဘောကြိုက်မယ်'

သူတို့ နှစ်ယောက် တစ်ပြိုင်တည်း လိုလိုပင်သူမကို မှီကြသည်။

'ဘယ်သူ သဘောကျစားရမှာလဲဟေ့'

'မင်းစားကွာ....မင်းက ငါ့ထက်တစ်လှမ်းမြိုမြန်တယ်'

ဒါက တရားသူကြီးလောလက်၏ ဆုံးဖြတ်ချက်။

ဒါကြောင့် ငပေါလေးက သဘောလုံးကို စားလိုက်ရသည်။

သို့သော်....

ငပေါလေး သဘောလုံးစားနေသော် အချိန်တွင်ပင် ပွန်းပွန်းက လောလက်၏လက်ကို ဆွဲကိုင်ကာ ငပေါလေးမသိအောင် သဘောလုံးတစ်လုံး ဝင်ထဲတဆိတ်ထိုးထည့်ပေးလိုက်သည်။

ငပေါလေးက တကယ်တော့ မပေါ့ မအား သူသိပ်လောလက်ကိုပေးသောသဘောလုံးကသူ့ကိုပေးသောသဘောလုံးထက်ပိုကြီးသည်ကို မြင်လိုက်၏။

သည်အခါ ငပေါလေး၏ ပါးစပ်ထဲက သဘောလုံးသည် အလိုလိုခါးသွားသလိုထင်သည်။

သို့သော် မည်မျှပင် ခါးစေကာမူ ငပေါလေးက ဖြည်းညင်းစွာ စားလိုက်ရသည်။ ဘာတတ်နိုင်မှာလဲ.... အကယ်၍ မစားတာကို ပွန်းပွန်း တွေ့သွားလျှင် စိတ်ဆိုးမည်။ သူ့ကို့ရောက်မည် မဟုတ်လော။

ဒါကြောင့် ချိုသည်ဖြစ်စေ၊ ခါးသည် ဖြစ်စေ ပွန်းပွန်းကျွေးပါက စားရမည်မှာ သူတို့ရဲ့ဆန္ဒလေ။

အခန်း(၂၂)

ပွန်းပွန်းသည် ချက်ဘရက်ကျားနက်ကို ဓေးငိုင် စဉ်းစား
နေသည်ကို တွေ့သည်၊ သူဘာကိုစဉ်းစားနေသည် ကိုလည်း
သိပ်ပွန်းကောင်းစွာသိသည်၊
ဒါကြောင့်လည်း ပွန်းပွန်း စဉ်းစားသိုသော အရာတစ်ခု
ကို ခြည်းသူမ၏ ဦးနှောက်ထဲသို့ ပြေးဝင်လာ၏၊
ချက်ချင်းပင် သူမသည် လူတစ်ယောက်အပေါ် သစ္စာ
ဖောက်မိသလိုခံစားလိုက်ရသည်၊ ထိုလူသည် ပွန်းပွန်း၏အချစ်
ဆုံးလူ....အယုံကြည်ရဆုံးလူ၊

ပွန်းပွန်း၏ နားထဲတွင်လည်း....

'ငါ တစ်နေ့ကျရင် မင်းဆီပြန်လာမယ်'

'မင်း....ပြန်လာတဲ့အထိ ငါစောင့်နေပါ့မယ်'

ဆိုသော်လည်း စကားသံများပဲတင် ရိုက်ထုတ်သွားသည်။

သို့သော်....ယခုမူ ပွန်းပွန်းသည် သူ၏ခန္ဓာကိုယ်ကိုတင်မြှောက် တစ်ယောက်။

ထို့ကြောင့်....ယခု ပွန်းပွန်း တစ်ယောက် တိတ်ကွယ်ဆိတ် မျက်ရည်ကျရသည်။

အတက်နိုင်ဆုံး ရှိုက်ငိုခြင်းမပြုမိစေမန် စိတ်ဘုံထိန်းထားသည်။

သို့သော်.... ထွန်စွာ ပါးနပ်သော ကျားနုက်က ရိပ်မိသွား၏။

'မင်း....နောင်တရနေသလား'

ပွန်းပွန်းခေါင်းခါသည်။ ရှိသမျှအားကိုစု၍ တွင်တွင်ခါပြလိုက်၏။

'မင်း....ဘာတွေစဉ်းစားနေတာလဲ'

'ငါ....ငါ....တာမှ မစဉ်းစားပါဘူးကွာ'

'ဒါပေမယ့်....မင်း....ငိုနေတယ်လေ'

'ငါ....ငါ'

ပွန်းပွန်းတစ်ယောက်အသံတိတ်ငိုနေရာမှ ယခု ဒေါသတွက် အောင် တဖြား ငိုချလေတော့သည်။

သူမ၏ အသည်းနှလုံးထဲ၌ ကိန်းဝင်အောင်း ထားရသော မေတ္တာစေ့မေတ္တာမှုန့်တို့ ဖုံးဖိ၍ မကွယ်ဝှက် ထားနိုင်တော့။

ကျားနုက် စိတ်မကောင်းစွာဖြင့် သူမကို တစ်ချက်ကြည့်လိုက်ပြီး ပြုတင်းပေါက်ဆီသို့ လျှောက်သွားသည်။

ပွန်းပွန်းဘာကို စဉ်းစားဝိရှိ ငိုနေသည်ကိုလည်းကျားနုက် ဆောင်းစွာသိသည်။

ယခု သူသည်လည်း ဘာမှမတတ်နိုင်ပေ။

မိုးပင်လင်းလာလေပြီ။

ကျားနုက် မလှုပ်မယှက် ကျောက်ရုပ်ကြီး တစ်ရုပ်ကဲ့သို့ ပြုတင်းပေါက်အနားဧာင့် ရပ်နေသည်။

အခန်း၏အပြင်ဘက်ရှိ လမ်းမကြီးပေါ်၌ လူတွေအတော် များများ လှုပ်ရှားသွားလာနေကြပြီ။

သို့သော် ကျားနုက်က လုံးဝပင်မလှုပ်သေး။

ပွန်းပွန်း၏ငိုသံပင် တိတ်ရပ်သွားသည်မှာ အတော်ကြာ ခဲ့လေပြီ။

ကျားနုက်ဘေးသို့ လှုပ်ကိုမလှုပ်၊ သူမကိုလည်း လှည့်၍ ပင်မကြည့်။

သူ၏ကျယ်ပြန့်သော ကျောပြင်ကြီးပေါ်၌ မခန့်ညားသံ ရိပ်များ ခိုပိတ်ဖိုက်ဆံအားရသော ဒဏ်ရာများ မပျောက်သေး။

သို့သော် သူ့ရှင်ထဲ၌ ခံစားနေရသောဒဏ်ရာသည် ယင်း ဒဏ်ရာထက် ဝိုရှိန်းကြောင်လေမလား၊ တော့ မပြောတတ်။

သည်တစ်ခါလည်း ကျားနုက်က လေးလက်ထက် တစ်လှမ်းပို၍စောပြီး ပွန်းပွန်း၏ကိုယ်ခန္ဓာကို ရယူလိုက်ပြန်ပြီ။

သို့သော် ကုယ်ရာမှာ ပွန်းပွန်းက ယခင်လို သကြားလုံး ကြီးကြီး သူမသိအောင် ပေးပြီးပြီလားတော့ မသိ။ မပြောတတ်။

သည်အကြောင်းတွေကို ကျားနက် စဉ်းစားနေဟန်တူ ဆည်။

ထိုစဉ်....

ပွန်းပွန်း၏အတွေးလည်း တစ်မျိုး ဆန်းပြားလာပြန်၏။ ယခင်က အမြဲတန်းလိုလိုပင် သူမက ငပေါ်လေး(၀၇) ကျားနက်ထက် လောလက်ကို ပိုပြီးဦးစားပေးခဲ့သည်။

နှလုံးသားရေးရာမှာလည်း လောလက်ကို သာလွန်ပြီး ဦးစားပေးခဲ့ပြန်သည်။

တကယ်တော့....

သူမက ကျားနက်အပေါ် လွန်စွာမှ မတရားဆက်ဆံခဲ့ သည်။

အမှန်စင်စစ်....

သူတို့သုံးဦးထဲတွင် ငပေါ်လေးက အဖော်မဲ့သူတစ်ဦးဖြစ် သည်။

အမျိုးတို့၏ သနားခြင်းကို ခံနေရ၏။

သို့သော် သူက ဘယ်သောအခါမျှ ညည်းတွားခြင်းမရှိ၊ စိတ်ခေါက်ကျခြင်းလည်း မရှိပေ၊

မည်သည့်ကိစ္စမဆို သူသည် သူ့ဝယ်ချင်းတွေအပေါ် အနှစ် နာခံကာ ရေငုံနေတတ်သည်။

ယခုလည်း....

သူက ပွန်းပွန်း၏ခန္ဓာကိုယ်ကိုရယူပြီး ပိုင်ဆိုင်နေပြီ ဖြစ် သော်လည်း သူသည်ငြိမ်၍ပင်ရပ်နေ၏။

အကြောင်းကား ပွန်းပွန်းတစ်ယောက် လောလက်ကိုသတိ ရဖျက်ရှိကြောင်း သူသိနေသောကြောင့်ပင် ဖြစ်သည်။

သူ၏ရင်ထဲ၌ ယခုမည်သို့ခံစားနေရသည်ကို မည်သူမျှသိ နိုင်မည် မဟုတ်ပေ။

ပွန်းပွန်း မျက်ရည်ကျလာပြန်သည်။
သူမ၏ရင်ဘဲတွင် ရုတ်တရက်ဘစ်မျိုး ခံစားလာရပြန်၏။
သူမသာစွာဖောက်မိသူမှာလောလက်မဟုတ်ဘဲ၊ အာဖာ
သူ၊ စိတ်ခတ်ခိုင်မာသူလူငယ်တစ်ဦးအပေါ် ဖြစ်နေသည်။
ထိုကြောင့်ပွန်းပွန်းကအတတ်နိုင်ဆုံး အသံကိုထိန်းကာ....
'မင်း....မင်း ဘာတွေစဉ်းစားနေကာလဲ'
'ငါ ဘာမှ မစဉ်းစားပါဘူး'
ကျားနက်က သူမ၏မေးခွန်းကို ပြန်ဖြေလိုက်သော်လည်း
နှုတ်သီပင် လှည့်မကြည့်ပေ။

ထိုအခါ ပွန်းပွန်းကမနေနိုင်တော့၊ ခုတင်ပေါ်မှ ဖြည်းညင်းစွာဆင်းလာပြီး ကျားနက်ကို နောက်ကျောမှနေ၍ဖက်ထားလိုက်၏။

ပြီးနောက် ကျားနက်၏ကျောပြင်မှဒဏ်ရာများကို နမ်းရှုံ့လိုက်ပြီး....

'ငပေါလေး....မင်းကတကယ်ငပေါလေးပဲ၊ မင်းဘာတွေစဉ်းစားနေတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့် မင်းစဉ်းစားတာတွေ အားလုံးမှားနေတယ်'

သူမက ဂျိုသိုတီးတိုးပြောရင်းက ကျားနက်၏ခန္ဓာကိုယ်ကို လှည့်လိုက်၏။

ပြီးနောက်....အသနားခံသော၊ အားကိုးသော အမူအရာဖြင့်....

'အခုလို အခြေအနေရောက်မှတော့ ငါက မင်းကလွဲပြီး ဘယ်သူ့ကို စဉ်းစားနိုင်မှာလဲ'

သူမ၏စကားကြောင့် ကျားနက်ကမျက်စိအစုံ လျင်မြန်စွာမှိတ်လိုက်သည်။ ဒါပေမယ့် မမိုက်ချေ။ပွန်းပွန်းကသူ့၏မျက်နှာပေါ်မှစိုးကျလာသော မျက်ရည်စိုးကြောင်းလေးနှစ်ကြောင်းကို တွေ့မြင်သွားလေပြီ။

ကျားနက်သည် သူမအတွက် သွေးကျခဲ့ပြီ၊ ချွေးကျခဲ့ပြီ၊ အခုလည်း သူမအတွက် ချွေးနှင့်သွေးထက်တန်ဖိုးရှိသောမျက်ရည်ပင် ကျခဲ့ရပြန်လေပြီ။

သည်မျှနှင့် မကျေနပ်နိုင်လျှင် မိန်းကလေး တစ်ယောက်သည် ယောကျ်ားလေး တစ်ယောက်ထံမှ မည်သို့သော အရာကို မျှော်လင့်ရဦးမည်နည်း။

ဒါတွေအားလုံးကို ပွန်းပွန်းက ကောင်းစွာ နားလည်သဘောပေါက်သည်။

ဒါကြောင့် သူမကကျားနက်ကို ဖက်ထွယ်ထားရင်းခုတင်ပေါ် လှဲချလိုက်လေသည်။

* * *

သည်တွင်သူမက ကျားနက်အား ခန္ဓာကိုယ်ကို ပေးအပ်ရုံသာမက နှလုံးသားကိုပါ ပုံအပ်ပေးလိုက်လေပြီ။

ကျားနက်လည်း ယခုသူမကို လုံးဝ ပိုင်ဆိုင်သွားလေပြီ။

အရှက်ဦး....

နေရောင်ခြည် နုနုထွေးထွေးလေးကြောင့် အခန်းတစ်ခုလုံးမှာ လင်းထိန်နေသည်။

ပွန်းပွန်းက ခုတင်ပေါ်မှ ၎င်း၏ကိုယ်ခန္ဓာကိုလှည့်လိုက်သည်နှင့် သေချောင်းတစ်တွဲသည်သူမ၏ကျောပြင်အောက်၌ ပိမိနေ၏။

ထိုသော့ချောင်းထဲတွင်အနည်းဆုံးသော့ချောင်းသုံးဆယ်ကျော်ရှိသည်၊ ကျားနက်က အမြဲလိုလို ယင်းသော့တွဲကိုကိုင်ထားလေ့ရှိသည်၊ အိပ်သောအချိန်တွင် ခေါင်းအုံးအောက်၌ထိုးထည့်ထား၏၊

ယခုသည်း ပွန်းပွန်းခြောင့်ယင်းသော့တွဲကို သတိမထားမီလေ၊

ထိုအခါသူမက ကျောပြင်အောက်မှသော့တွဲကြီးကိုယူရန် ကိုယ်ကိုလှည့်လိုက်သည်၊

သို့သော်အခြားလက်တစ်ဖက်ကသူမထက်ဦးအောင်ယင်းသော့တွဲကို ရွတ်တရက်လှမ်းယူလိုက်၏၊

ထိုသူကား ကျားနက်၊

ကျားနက် အိပ်ရာမှနိုးနေပြီ၊ သူ၏ပုံဟန်မှာ သော့တွဲကြီးကို မည်သူမျှမကိုင်တွယ်စေချင်ဟန် တူသည်။ ပွန်းပွန်းကိုလည်း မကိုင်စေချင်၊

ပွန်းပွန်းကနူတ်ခမ်းလေးစူပြီး ...

'မင်းက တာဖြစ်လို့ဒီလောက်သော့ချောင်းများတဲ့သော့တွဲကို ကိုင်ရတာလဲ'

'ဝါးအောက်ချလို့'

ကျားနက်၏အဖြေမှာ အမြဲဘန်းပင် တိုဒေါင်းပြာသာလှသည်၊

သို့သော် ပွန်းပွန်းက မိန်းကလေးပီပီ လျှာရှည်သိုက်ပြန်သည်။

'ဘာဖြစ်လို့လဲ'

'တာဖြစ်လို့လဲဆိုတော့ ငါ့စိတ်ထဲမှာ သော့ချောင်းဆိုတဲ့စွဲလမ်းတာ ဂုဏ်သရေရှိ၊ ဈာထူးအရှိန်အဝါကြီးတဲ့သူတွေကိုင်ဖို့ပစ္စည်းလို့သတ်မှတ်ထားတယ်'

ကျားနက်က ၎င်း၏စကားကိုဇာရပ်ကာ တစ်ချက်ရယ်ပြီး သူမကိုမေးလိုက်ပြန်သည်။

အခန်း (၂၅)

'မင်းတယ်တုန်းက ဆင်းရဲသားတွေလက်ထဲမှာ ဒီလို လော့ကြီးမျိုးကိုကိုင်တာ မြင်ဖူးလို့လဲ'

ကျားနက်ရယ်တာကိုမြင်တော့ ပွန်းပွန်းမနေနိုင်၊ သူမကသည်း ရယ်ကာပြန်ပြောလိုက်၊

'ဒါပေမယ့် မင်းရဲ့အော့ချောင်းကြီးက ဖွင့်စရာသေတ္တာမှန်တာ၊ ဘာမှအသုံးမကျဘဲနဲ့'

ထိုအခါ ကျားနက်က သူမ၏လက်ကို ညင်သာစွာပွတ်သပ်ပေးရင်း....

'အသုံးမကျဘူး ဟုတ်လား၊ မင်းကို ဒီသေဘွဲ့တွဲကြီးက ကယ်တာ နှစ်ခါရှိသွားပြီဆိုတာ မေ့နေပြီထင်တယ်'

'အို....ဘပဲပြောပြော ငါကတော့ ဒီသေဘွဲ့တွဲကြီးကို သဘောမကျဘူး'

'မင်းသဘောမကျရင် ဒီသေဘွဲ့တွဲကြီးကိုမကိုင်နဲ့ပေါ့'

ထိုအခါ ပွန်းပွန်းသည် အဓိပ္ပာယ်တင်းမဲ့စွာဖြင့် ကျားနက်၏မျက်နှာကို ကြည့်နေသည်။ စိတ်ထဲတွင်လည်း စဉ်းစားနေ၏။

အကယ်၍ လေလေက်သာဆိုလျှင် သူမ မကြိုက်သော ဒီသေဘွဲ့တွဲကြီးကို စွန့်ပစ်လိုက်မည်မှာသေချာသည်။

ဧတ်ဘရက် ပွန်းပွန်းက ယင်းအကြောင်းကို ဆက်ပြီး မစဉ်းစားချင်။ သူ၏အတွေးကိုဖျောက်ဖျက်ပစ်ရန် ကြိုးစားနေ၏။

ထိုစဉ် ကျားနက်က ခုဘင်ပေါ်မှထလာရင်း....

'ကဲ....ထတော့၊ မင်းကို ငါ နောက်တစ်နေရာခေါ်သွားမယ်၊ ဟိုနေရာက ဒီမှာထက် ပိုပြီးလုံခြုံတယ်၊ စိတ်ချရတယ်'

'မင်းသာ ငါ့ဘေးနားမှာရှိနေမယ်ဆိုရင် ဘယ်နေရာပဲဖြစ်ဖြစ် လုံခြုံပါတယ်'

သည်တစ်ခါ ပွန်းပွန်း၏အသံမှာ နူးညံ့လှသည်။

'ဒါပေမယ့် ငါက မင်းဘေးမှာအမြဲရှိနိုင်ဘူး'

'ဒါဖြင့် မင်းက ဘယ်ဘူးတေးမှာအမြဲရှိမှာလဲ'

ကျားနက်က တိုးဆောင်းစွာပြန်ဖြေလိုက်၏။

'လောက်ကျင်း'

* * *

သည်နာရီကြိုက ကျားနက်၏အဓိက အကြောင်းပြချက်။ သည်တစ်ချက်နှင့်ပင် သူ့အဖို့လုံလောက်နေလေပြီ။

အမှန်မှု....

လောက်ကျင်းသည် ကျားနက်အတွက် မည်သူထက်မဆို အရေးပို၍ကြီးသော ပုဂ္ဂိုလ်။

နံနက်မှနေ့နာရီ၊

ကြီးကျယ်ခန်းနားလှသော ဥယျာဉ်းမကြီး တစ်ခုတွင်းရှိ ကတ္တီပါဆိုဖာကြီးတစ်လုံးပေါ်တွင် လူတစ်ယောက် နို့အေးတစ်ခွက်ကိုင်ကာ အာရုံသာထိုင်နေ၏။

ထိုသူကား လောက်ကျင်း။

သူသည် အိပ်ရာမှ စောစောထလေ့အကျင့်ရှိသည်။

အထူးအဖြင့် သူက အကျင့်တစ်ခုကို လွယ်လွယ်ကူကူနှင့် ဖျောက်ဖျက်မစ်တတ်သော လူစားမျိုးမဟုတ်၊ သူ၏ဆုံးဖြတ်ချက်လည်း လွန်ခဲ့ခဲ့သည်။ အသုံးတစ်ခုကို လုံးသော အခါတွင်သားသည်၊ သူကဝင်သည်၊ ဥာဏ်ပြားသည်၊ သူ၏ဥဖရိုပ်ကိုကြည့်လိုက်သည်နှင့် လွန်စွာမှ အရှိန်အဝါ အာဏာရှိသောရုပ်ရည်မျိုးမှန်း သိသာသည်။

သည်နှယ် အာသာအချင်းမျိုး၊ ဒီးမျိုးရှိသောသူက ခေါင်းဆောင် လုပ်ခွင့်သည်၊ ခေါင်းဆောင်လုပ်နိုင်သူလည်းဖြစ်သည်။

ယခုလည်း....

လောက်ကျင်းကလူတစ်စုကို ခေါင်းဆောင်သွန်ကြားနေသူဖြစ်၏၊ သူ ဆိုးဝေါတွင် အေးဆေးသက်သာစွာထိုင်ခဲ့ဘော်ယည်း သူ၏မျက်နှာဝေါတွင် မာန်အပြည့်ရှိ၏ဖြင့် သူအားလုံး လေးစားကြောက်ရွံ့သည့်ဟိတ်ဟန်မျိုး၊

သူ၏နံဘေးမှာတော့ အလွန် နှစ်သက်ချစ်ခင်လှသော မိန်းမကျိုလေးတစ်ဦး ထိုင်လျက်ရှိသည်။

သူမ၏ထိုင်ပုံမှာ ခွစ်စခန်းကောင်းလှ၏၊ ကြောင်မကလေး တစ်ခုကာင် ဆိုးဝေါတွင် ငြိမ်သက်စွာထိုင်နေသကဲ့သို့၊

မျက်လုံးအစုံမှာ ပိုင်းစက်နေပြီး အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်နှင့် တူလှ၏၊

သို့သော် သူမအမူအရာမှာ လွန်စွာမြူဆွယ် ဆွဲဆောင်လှသည်။

သူမတစ်ချက် စိုက်ကြည့်လိုက်သည်နှင့် ယောကျ်ားထို၏ ဝိုးဝေးများသည် လူပ်ခါသွားဇနီဝ်ခသော မိန်းကလေး ပင် ဖြစ်သည်။

သို့စဉ်....

လောက်ကျင်းက မတ်တတ်ထရပ်ပိုက်သည်။



အခန်း (၂၆)

ထိုအခိုက်တွင် အိမ်ဖော်မလေး ဖြစ်ဟန်တူသော မိန်းမလေးတစ်ယောက်က ကတ္တီပါ ကော်ဇောကိုနှင်းကာ သလာက်ကျင်းရှေ့မှောက် လျှောက်လာသည်။

'ဘာကိစ္စလဲ'

လောက်ကျင်း၏အသံမှာ သူ၏ရုပ်ရည်ကဲ့သို့ ထြေဖာရှိလှသည်၊

'ကိုကျားနုက်ပြန်လာပြီ'

'သူ့ကို ငါ့ဆီလာခိုင်းလိုက်စမ်း'

တိုးခေါ်ဆိုဖာပေါ်တွင်ထိုင်နေသော မိန်းမချောလေးမှာ လှပလွန်းလှသဖြစ်ကာ ဆိုင်ရာမှထလိုက်လည်း

'မင်းထိုင်နေပါ။ အရေးမကြီးပါဘူး'

'ဒါပေမယ့်...ဟို...'

သူမ၏စကားမဆုံးမီပင် လောက်ကျင်းကမ္ဘက်မှောင့်ကို ကုတ်လှုပ်....

'ငါကမင်းကိုထိုင်ခိုင်းရင် မင်းထိုင်နေရမယ်၊ သူက မင်းထက် ဝါ၌အပေါ် ပိုပြီးသစ္စာရှိတယ်၊ မင်းက ဘာမှကြောက်စရာမလိုဘူး'

သူမ ဘာမှပြန်မပြောတော့ဘဲ ထိုင်ချလိုက်သည်။

ထိုစဉ် ကျားနက်ထည့်ရှေ့ကိုတည့်တည့်ကြည့်ကာဝင်လာသည်။

သူသည် အနှံ့ထဲတွင် မိန်းမချောလေးတစ်ယောက် ရှိသည်ကိုပင် သိဟန်မတူ။

အမှန်မူ ဆိုဖာပေါ်တွင်ထိုင်နေသော မိန်းကလေး၏ရုပ်ရည်မှာသည် ဘယ်ယောကျ်ားမဆို နှစ်ခါပြန်ကြည့်ချင်သော ရုပ်ရည်မျိုးပင် ဖြစ်သည်။

လောက်ကျင်းက ကျားနက်အား သဘောကျသွေး၏။

သူသည် ဆေးပြင်းလိပ်မီးခိုးမျှားကိုမှုတ်ထုတ်ရင်း ကျားနက်အား စိုက်ကြည့်ကာ....

'မနေ့ညက မင်းပြန်မလာဘူး'

'ဟုတ်တယ်'

'အကြောင်းရှိမှာပေါ့'

'ကျွန်တော် လူတစ်ယောက်နဲ့တွေ့လို့'

'မမီးသူငယ်ချင်းလား'

'ကျွန်တော် မှာ သူငယ်ချင်းမရှိဘူး'

သည်တစ်ချက်ကို လောက်ကျင်း သိပ်သဘောကျကျေနပ်သွားသည်။

'သူငယ်ချင်းမဟုတ်ဘူးဆိုတော့ ဘယ်သူလဲ'

'မိန်းကလေးတစ်ယောက်'

ရုတ်ခြည်းပင် လောက်ကျင်းက လွန်စွာသဘောကျဟန်ရယ်ရင်း မှုတ်လိုးထောင့်ကပ်ကာ ဆိုဖာပေါ်တွင်ထိုင်နေသော မိန်းကလေးအား ငေးခွက်ကြည့်လိုက်၏။

ပြီးနောက် ပြုံးစစေ့ခင့်...

'မင်းလို့အသက်အရွယ်မျိုးက မိန်းကလေး သွားရှာတာတော့ သဘာဝကျပါတယ်ကွာ'

ကျားနက် ဘာမှပြန်မပြောတဲ့ နားထောင်နေ၏၊

လောက်ကျင်းက ၎င်း၏သဘောကို ဆက်ပြန်သည်။

'ဒီလောက်မိန်းမဆိုတာမျိုးကို မင်းဘယ်တော့မှ သိယောင်မထားနဲ့ သိလား။ နို့မို့ရင် သူတို့လက်ထဲမှာ မင်းပျက်စီးဆုံးရှုံးသွားမှာ သေချာတယ်'

ကျားနက်၏မျက်နှာမှာ အမှုအရာလုံးဝမပြောင်း၊ ဝင်လာစဉ်အခါက မှုန်ဝါးမျိုး၊ ဝင်....

'ကျွန်တော် ဘယ်မိန်းကလေးကိုမှ လှလှိုသတ်မှတ်တာ မဟုတ်ဘူး'

ကျားနက်၏စကားကြောင့် လောက်ကျင်း အားပါးတရ ရယ်ခမောထိုက်ပြီး....

'ကောင်းတယ်....သိပ်ကောင်းတယ်၊ ဒါနဲ့ မင်းမနေ့ညက လုပ်တာတွေ ငါသိပ်သဘောကျတယ်၊ ဒါပေမယ့် မင်းလူ့ဘာစ်ယောက်ကို စော်ကားသလိုဖြစ်သွားတယ်'

'မုတ်ဆိတ်ကိုလား'

'မုတ်ဆိတ်က ဘာကောင်မို့လဲ၊ မင်းသူ့ကိုသတ်ပစ်လိုက်လဲ အရေးမကြီးဘူး'

လောက်ကျင်းပြောရင်း ၎င်း၏အသံက ရုတ်ဘရက်တိုးပြီး တည့်ကြည့်သွား၏။

'မင်းလဲသိသားပဲ၊ သူကနှံပါတ်သုံးရဲ့လူသုံးတဲ့သိုဘာ'

သူတို့ ဖွေနှဲကြရှစ်နာရီကိုစီးဒွဲ့ ခရီးဆန်းရှစ်ဦး ရှိခဲ့၏။ ယခုမူ သုံးဦးသာကျန်တော့သည်။

လောက်ကျင်းမှာ နှံပါတ်နှစ်၊

နှံပါတ်သုံးမှာ လောင်ကျန်း၊

နောက်တစ်ဦး နှံပါတ်ရှစ်မှာ ကောင်ယင်ဖြစ်၏။

'ကျန်တော်သိပါတယ်'

လောက်ကျင်းက ဆေးပြင်းလိပ်မီးခိုးများကို မှုတ်ထုတ်သည်။ ၎င်း၏မျက်နှာအမူအရာကို မီးခိုးဖြင့်ဖုံးကွယ်သွားလိုက်သလိုပင်၊

'မင်း မုတ်ဆိတ်ကိုသွားထိတော့ သူက နှံပါတ်သုံးရဲ့မှာ မင်းရဲ့မကောင်းတာတွေကို ချောက်တွန်းမှာပေါ့၊ မင်းလဲ လောင်ကျန်းရဲ့ဒေါသကို သိသားပဲ'

'ကျန်တော် သိပါတယ်'

ကျားနက်က လောက်ကျင်းနှင့် စကားဖြတ်လိုက်လေသည်၊

သို့သော်....

လောက်ကျင်းက သူ့ကို အလွန်ဂရုစိုက်သော လေသံမျိုးဖြင့်....

'အကောင်းဆုံးကတော့ မင်း သတိဝီရိယနဲ့နေပါ၊ မင်းက ငါလူဆိုစာလောင်ကျန်းသိတယ်၊ သူက မင်းကိုခြောင်တလင်းချောင်းမှာမဟုတ်ဘူး၊ အမှောင်ရိပ်မှာ....'

လောက်ကျင်းက သူ့၏စကားကိုမဆက်လို။

အခန်း(၂၇)

ညီသီသည်း သူစကားဆက်မပြောခြင်းသည် ဆက်ပြော
ခြင်းထက် ပို၍ အကျိုးထိရောက်မှုရှိ၏။
ထိုအခါ ကျားနက်၏မျက်နှာ ရုတ်ခြည်း တင်းမာကဲထန်
သွားသည်။ သူလူသတ်သည့်အခါဖြစ်ပေါ်လာသော မျက်နှာ
မျိုး။
ကျားနက်၏ မျက်နှာဒဏ်ထန်မာကြောလာသည်ကို
လေးက်ကျင်းမြင်ယောအခါ စိတ်ထိတ္ထင်ကျိတ်၍ အားရ
ကျေနပ်နေမိသည်။

အာဆန်ကြာသော်....

လောက်ကျင်းက တစ်ခုခုကိုသတိရဟန်ဖြင့် ကျားနက်ကို မေးလာပြန်သည်။

'အခုတလော ပြင်သစ်ရပ်ကွက်မှာ လောင်းကစားရုံအသစ် တစ်ခုဖွင့်ထားတယ်ဆိုတာ မင်းကြားမိသလား'

'ကြားမိတယ်'

'ဒီလောင်းကစားရုံရဲ့သူဌေး ပြင်သစ်ရှေ့နေတစ်ဟောက် လို့ပြောတယ်၊ ဒါပေမယ့်အကယ်သူဌေးကတခြားတစ်ယောက် သူ မဟုတ်ဘူး'

ကျားနက်က တာမှပြန်မပြော။ လောက်ကျင်းက သူ၏ စကားကိုမဆက်မီ ဆေးပြင်းလိပ်ကို တစ်ချက်ဖွာရှိုက်လိုက် သည်။

ပြီးနောက်....

'မင်း ဒီလောင်းကစားရုံကို တင်ချက်သွားကြည့်လိုက်ပါ လား၊ အခု ဒီလောင်းကစားရုံက ပြင်သစ်ရှေ့နေရဲ့နာမည်နဲ့ ဖွင့်ထားတာဆိုတော့ ငါတို့နဲ့မပတ်သက်တဲ့လူတွေပေါ့'

လောက်ကျင်းက ၎င်း၏စကားကိုခဏရပ်လိုက်ပြီး ကျား နက်ကို တစ်ချက်အကဲခတ်ကြည့်လိုက်၏။

'ငါ့သဘောကို မင်းနားလည်တယ်မဟုတ်လား'

'နားလည်ပါတယ်'

ကျားနက် ကောင်းစွာနားလည်သည်။ ဒုစရိုက်လောက ဘွင် မိတ်ဆွေမဟုတ်သူငှါ ရန်သူပဲဖြစ်ရမည်။

ယခုသည်း....

သည်လောင့်ကစား၏ ပိုင်ရှင်သူဌေးသည် သူတို့၏ မိတ်ဆွေမဟုတ်ဟုဆိုသဖြင့် သူတို့၏ရန်သူသာဖြစ်နေလေပြီ။

ထို့ကြောင့် သူတို့နေရာသို့သွားရန်မှတစ်ပါး အခြား ဘာမျှ လုပ်စရာရှိဦးမည်နည်း။

သို့နှင့် လောက်ကျင်းက ပြန်၍ထိုင်ချလိုက်သည်။

ကျားနက်လည်း ရုတ်တရက်လှည့်ကာ အခန်းမှလျှောက် ထွက်သွား၏။

ဆိုဖာပေါ်တွင် ထိုင်နေသော မိန်းမချောကလေးမှာမူ ကျားနက်ဝင်လာကတည်းက ခေါင်းငုံ့ကာနေသည်။ ယခုမှ ကျားနက်ထွက်သွားသည်ကိုသိသောအခါ အသာခေါင်းမော့ ကာ ခိုးကြည့်လိုက်၏။

သူမအဖြစ်ကို လောက်ကျင်းကမသိဟန်ဖြင့် ရုတ်တရက်....

'ခဏနေဦး'

ကျားနက်ပြန်လှည့်လာသည်။ လောက်ကျင်း၏အမိန့်ကို မလွန်ဆန်သည့်ပုံစံ၊

လောက်ကျင်းက ကျားနက်အားစိုက်ကြည့်ကာ....

'မင်း မနေ့ညက ဒဏ်ရာရလာတယ်ဆို'

'မဖြစ်စလောက်ပါ'

'ဘယ်သူကို မင်းက တီးလိုက်တာလဲ'

'ချိုးဖြူ'

လောက်ကျင်း မျက်စမှောင်တစ်ချက် ကုပ်လိုက်ပြီး....

'ဟို....ချိုးဖြူ ဂိုဏ်းကကောင်တွေ မင်းကိုချဉ်နေတာကြာ ပြီ၊ သူတို့ထမဆုံးသတ်ပေးလူက မင်းကိုပဲ'

ကျားနက် မချိပြုံးလေးပြုံးသည်။

'ခင်ဗျ...သူ့ဆိုကိုမနေကြောက်မှန်း ငါသိသားပဲ၊ ဒါပေမယ့် ငါခင်းကိုတစ်ခုတော့ သတိပေးချင်တယ်၊ မင်းမှာရန်သူအဆုံ မနည်းတော့ဘူး'

'ဟုတ်ကဲ့၊ စကျွေးတင်ပါတယ်'

'နောက် ငါအခုထွေလာ သဘင်းတစ်ခုကြားရဘယ်၊ နံပါတ်သုံးက နိုင်ငံခြားက အဆူးစပါယ်ရှယ် လူမိုက်လေးယောက်ကို ဌားလိုက်ဘယ်တဲ့၊ နှစ်ယောက်က ကျပန်လူမျိုး ဂျူဒိုကရာတေး ဆရာတွေဆိုပဲ'

သောက်ကျင်းက ဂင်း၏စကားကို ချမ်းသာတစ်ချက်ပြုံးလိုက်ပြီး ဆက်၍....

'ဂျူဒိုကရာတေးသမားတွေကို ဒီလောက် မကြောက်ရပါဘူး၊ ဒါပေမယ့် လေးယောက်ထဲမှာ တစ်ယောက်ကတော့ မစီတာ လက်ဖြောင့်သေနတ်သမားဆိုပဲ'

ကျားနက် စာမှတ်မပြေ၊ နားထောင်နေဆဲ၊

'သေနတ်က ဂျူဒိုကရာတေးထက်စာရင် အများကြီး ကြောက်စရာကောင်း....'

ကျားနက်က ရုတ်တရက်ကြားဖြတ်၍....

'သေနတ်လဲ ကြောက်စရာမကောင်းပါဘူး'

လောက်ကျင်းက အံ့ဩဟန်ဖြင့်....

'ဗြော်....'

'စာကယ်လို့ သေနတ်ကိုကျည်ဆန်ထွက်ခွင့် မပေးလို့ရှိရင် ဘယ်လောက်ခိုင်ကောင်းတဲ့ သေနတ်ပဲဖြစ်ဖြစ် အလကားပဲ'

လောက်ကျင်းရဲ့မျက်လုံး ရုတ်တရက်ဝင်းလက်တောက်ပသွား၏။

'မင်းက သေနတ်ကျည်ဆန် မလွှတ်အောင် လုပ်နိုင်လို့လား'

'ကျွန်တော်အခုထက်ထိ အသက်ရှင်နေနိုင်တာကိုပဲ ကြည့်ပါ'

ထိုအခါ လောက်ကျင်းက ကျယ်လောင်စွာ ရယ်လိုက်၏။

'မင်းအသက်ရှင်နေတာကို ငါမြင်ချင်တယ်၊ ဒါကြောင့် ငါက မင်းကိုထမင်းဝိတ်ထဲလဲ ဆတိပေးနေရတာပဲ'

လောက်ကျင်းက စားပွဲပေါ်တွင်ချထားသော နို့ခွက်ကို ပြန့်ကိုင်လိုက်ပြီး....

'ငါ....မင်းအတွက် တဏှာအမှတ်(၂)မှာ စာရင်းဖွင့်ပေးဘားတယ်၊ မင်းအကယ်၍ အသုံးလိုရင် သွားဆုတ်နိုင်တယ်'

အမှန်စင်စစ် ယခုလိုသူ့ဌေးမျိုးနှင့်တွေ့ခြင်းအတွက် ကျားနက်အဖို့ မကျေနပ်စရာအကြောင်းများ ရှိနိုင်ပါဦးမည်လား။ မကျေနပ်စရာအကြောင်းများ ရှိမည်မထင်၊ တစ်နည်းတော့ ရှိနေကာင်းရှိပေလိမ့်မည်၊ သို့သော်....

ယခု ကျားနက်ကျေနပ်ဟန်အပြည့်ဖြင့်....

'ဟုတ်ကဲ့....ကျွန်တော် အသက်ရှင်နေနိုင်အောင် ကြိုးစားပြီး တဏှာတိုက်မှာ ငွေသွားထုတ်လိုက်ပါဦးမယ်'

★

ခန်း (၂)

သည်အခါ....
ကျွန်ုပ် တကယ်ပင် အခန်းထဲမှထွက်သွားလေ၏။
သူထွက်သွားသည်ကို လောက်ကျင်းက မြုံးရှိကြည့်ခန
ည်း။
သူ၏မျက်လုံးအစုံသည် အလွန်ကျေနပ်အားရသော အမူ
အရာပေါ်လွင်နေ၏။
သခင်မဆိုးကြီးတစ်ယောက်က မိမိ၏ လွန်စွာ လိမ္မာပါး
နပ်သော အမဲလိုက်ခွေးငယ်ကလေးကို ကြည့်သကဲ့သို့ပင်။

'သူလိုလူမျိုး ငါနောက်ထပ် နည်းနည်းလောက် လေ့ကျင့်မှုမိုးမဲ့လိုက်လို့ရှိရင် နောက်ဆယ်နှစ် ကြာကဲ့အခါ ဒီလောကကို သူအမိုးစားရမှာ သေချာတယ်'

လောက်ကျင်းက မည်သူ့ကိုပြောဟန်နေသည်ကို မသိ။

ဆိုဖာပေါ်တွင် တွဲတိတိစာမျှမလှုပ်ဘဲ ငိုင်နေသော မိန်းမနှစ်ယောလေးသည်း ကြားမိသည်မဟတ်။

ရုတ်တရက် လောက်ကျင်းက သူ့ဘက်သို့သွက်ကာ....

'ငါ့ပြောတာ မင်းကြားတယ်မဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့ရှင့်'

'သူက ဓင်္ဂါမိတ်ဆွေဒကာင်းဝါ၊ ဒါကြောင့် မင်းကသူ့အစား ဝမ်းသာရမှာပေါ့'

'ခါးပေမယ့် အခုကျွန်မက သူ့ခွဲစိတ်ခန်းမှာ မဟုတ်တော့ဘူးနော်'

'ဒီလိုဆိုရင် မင်းစောစောက ဘာဖြစ်လို့ သူ့ကိုခိုးကြည့်ရတာလဲ'

သူမ တုတ်တုတ်မှုမလှုပ်ရဲတော့၊ ခေါင်းကိုသာ ငုံ့ထားလိုက်သည်။

လောက်ကျင်းကမူ မျက်နှာထင်းမာလျက်ပင်။

'ငါ့ကိုလိမ်ညာပြောတဲ့သူကို ငါအမုန်းဆုံးဆိုတာ မင်းသိတယ် မဟုတ်လား'

ဆိုဖာပေါ်တွင်ထိုင်လျက်ရှိသော မိန်းကလေးသည် မျက်နှာတင်းကျပ်ပြပ်ခတ်လျက်ရှိပြီး အချိန်အားမရွေး ငိုတော့မလို့ဟန်။

လိုသော်....

သူမ ငိုချမည်တော့ မဟုတ်။

သူမ ဤသို့ ပြုမူခြင်းသည် လောက်ကျင်း တစ်ယောက်အား ဒေါသဖြင့် သူမကို သိထားသောကြောင့် နှင်။

ဒေါသဖြင့် သူမဤသို့ မျက်တောင် တဖျပ်ဖျပ်ခတ်နေခြင်း လွန်စွာချစ်စရာ ကောင်းသော ကြောင့်တည်း။

တစ်ခဏ်အချိန်တွင်....

လောက်ကျင်းက သူမကို ဦးခေါင်းမှနေ၍ ပေါင်တံအထိ တဝင်မခတ်စိုက်ကြည့်ပြီးသောအခါ သူ၏မျက်နှာသည် ဒေါသအရိပ်အယောင်များ အတန်ငယ်လျော့နည်းသွားလေသည်။

'ကဲ....အောက်အစား သွားထဲချေ၊ ငါတို့ ရှေ့ဂဂါး ရှစ်ကောင်ဂိုဏ်းက အမှတ်ရှစ်သောင်းဆင်အိမ်ကို သွားမယ်၊ ဒီနှစ် အတိယနဂြိုလ် ဇနီးမွေးနေ့ပါတီပွဲရှိတယ်'

ယင်းကြောင့် သူမချက်ချင်း ခပျက်ခြင်သွားကာ ကလေးတစ်ဦးပမာ တိုင်ချာမှုတခုနှင့်ပြီး လောက်ကျင်းအား ပြုံးကာအဓရဇ္ဈ တွန့်လိမ်နေသောမျက်နှာကို အားပါးတရလိုက်လေသည်။

'ပြီးနောက် အိပ်ခန်းထဲသို့ ဖြေးဝင်သွားတော့၏။

လောက်ကျင်းမှာ ပြေးဝင်သွားသော သူမကို ကြည့်ရင်း ခဏတွင်း လွှဲခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

ချက်ချင်းပင် လူရွယ်ဘစ်လောက် ခေါ်လာသည်။

* * *

နီယွန်မီးရောင်နှင့် ကြေမီးခွက်အလင်းရောင် အောက်တွ
လောင်းကစား ခန်းမ တစ်ခုလုံးမှာ လင်းထိန်လွှက် ရှိသ
သည်။

တောက်ပလင်းထိန်နေသောအလင်းရောင်အောက်၌ မေ
သည် ခါတိုင်းအချိန်ထက် ပို၍ချောမောလှပနေသည်။

သူမသည် တကယ်ပင် ချောမောလှပသည်။

အမှန်စင်စစ်....

သူမမှာအနောက်တိုင်းသားလူမျိုးနှင့် အရှေ့တိုင်းသ
လူမျိုးမှ ပေါက်ဖွားလာသောသူ၊ ဒါကြောင့် သူမ၏အ
မှာတမူထူးခြားကာ စွဲမက်ဖွယ်ကောင်းနေသည်။

စိမ်းပြာဝင်းလက်နေသော သူမ၏မျက်လုံး၊ ဖြူဖွေးသ
သောသူမ၏ အသားအရေကြောင့် သူမကို အရှေ့တိုင်းသ
လူမျိုးပါဟုပြောလျှင် ယုံကြည်နိုင်စရာမရှိ။

တကယ်တော့....

သူမကိုယ်တိုင်လည်း အရှေ့တိုင်းသား လူမျိုးပါဟု ဝ
မခံ၊

သူမကိုယ်တိုင်၌ပင် အရှေ့တိုင်းသားသွေးပါ နေသည်ဟ
မှုန်းတီးလွှက်ရှသည်။ သူ၏မိခင်မည်သည့် လူမျိုး ဖြစ်သည
ကိုလည်းလုံးဝထုတ်ဖော်မပြောပြ၊

အမှန်တော့ သူမ၏ မိခင်မှာ ရိုးသား အေးဆေးသည
ချုပန့်အမျိုးသမီးဖြစ်သည်။

အထူးသဖြင့်....

မေစီက အရှေ့တိုင်းသားကို အလွန်မုန်းတီး ရှုံ့ချသည်၊
ကြောင့်အရှေ့တိုင်းသားရှေ့တွင် မောက်မာဝင့်ကြွားစွာ
နေတတ်သည်။



အခန်း(၂၉)

ယခုလည်း....

ဧစီက ပြင်ဆင်လူမျိုး နာည်ကော့ ရွှေ့နေကြီးစမစ်၏

ဒုတိုးဖြစ်နေပြီး

ဒါတွေကြောင့် ဘုမက အရှေ့တိုင်းသား စလာကနှင့် လုံးဝ

ဆက်အဆွယ် ပြတ်ပြီး အနောက်တိုင်းသား စစ်စစ် ဖြစ်

နေပေပြီ။

သူမကိုယ်တိုင်ကလည်း သူမကိုယ်သူမ အမြန်ပြတ်သတိပေး

နေသည်။

'ငါ အခု ကြီးကျယ်ခန်းနားတဲ့ လောင်းကစားရုံရဲ့ သူ
ကတော်၊ ငါက တိုတုန်းကသို အရက်ဆိုင်မှာ ခန္ဓာကိုယ်
ရောင်းငှားနေတဲ့ မိန်းမမျိုးမဟုတ်ဘူး'

နောက်တစ်ယောက်ကတော့ ရိုစီ။

ရိုစီကားပြင်သစ်ရှေ့နေကြီး စမစ်နှင့် ဇမစီတို့၏ တင်
တည်းသောသမီး။

ယခု ရိုစီသည် မိခင်ဇမစီ၏ နံဘေးတွင် ရပ်လျက် ရှိ
သည်။

ရိုစီမှာ ဖြူနုဖွေးချည်သျှားသော ညာဘုံကို ခြေ ၁၀ ပေ မြင့်
သွားသည်အထိ ဝတ်ဆင်ထားသည်။

သူမ၏အရပ်မှာ မိခင်ထက် အနည်းငယ် ပိုမြင့်နေသည်။
ကိုယ်လုံးကိုယ်ပေါက်မှာလည်း ပြည့်ဖိုးနေသည်။

ယခုကဲ့သို့ သားအမိနှစ်ယောက်ယှဉ်၍ ရပ်နေသော အ
ညီအစ်မလားဟုပင် ထင်မှတ်နေရလေသည်။

ထို့ပြင် မိခင်ဇမစီကို ရိုစီကို ငယ်စဉ် အခါက
အနောက်တိုင်းသား ဆန့်ဆန့် ပြုမူနေသို့ခိုင်းသည်။ သူ
ပေးသည်။

ယခုအချိန်...

လောင်းကစားရုံအတွင်းတွင် အလွန် စည်ကားနေသော
အချိန်ဖြစ်သည်။

ဇမစီသည် ယင်းကဲ့သို့ စည်ကားနေသော အချိန်
တောက်ပြောင်ပြောင်ဝတ်ဆင်ထားသောယောက်

နှင့်မိန်းမများက သူမအား အထင်ကြီးကြိုး လေးလေးစား
ဖြင့် နူတ်ဆက်လာသည်ကို အမှန်ကျေနပ် အားရနေ၏။

မိမိ၏ သိမ်ဖျင်းယုတ်ညံ့လှသော ဘဝကို မေ့နေလေပြီ။
သူမ နေထိုင်ခဲ့သော တိုက်ခြို့ဆင်းရဲသား ရပ်ကွက်ကိုလည်း
မေ့နေလေပြီ။

ထို့ပြင်....

သူမက အရှေ့တိုင်းသားထွေး ပါနေသည်ကိုလည်း မေ့
နေတော့သည်။

ဘဝမေ့နေသော မေစီ၊

* * *

သို့သော်....

သည်လို လောင်းကစားရာ နေရာသို့ငွေရှိလျှင် မည်သူမဆို
လာနိုင်သည်၊

ထို့ကြောင့်....

အရှေ့တိုင်းသား ဖြစ်စေ၊ အနောက်တိုင်းသား ဖြစ်စေ
ငွေရှိလျှင် သည်နေရာသို့ လာရောက်၍ ငွေဖြုန်းတီး နိုင်လေ
သည်၊

နေ့ခင်းပြီး....
မေစီကို့မယ်တိုင်လည်း သိ၏။
ဤမြို့တွင် တကယ့်သူဌေးကြီး မွေးမွာ အရှေ့တိုင်းသားမျာ်းသာ။

* * *

ကျားနှက်....
ကျားနှက်မှာတကယ်ပင်စံပြ အရှေ့တိုင်းသားဘစ်ယောက်ဖြစ်သည်။
ကျယ်ပြန့်သောနဖူး၊ မြင့်သောပါးရိုး၊ အပေါ်သို့အနည်းငယ်ကက်နေသည့် မျက်လုံးပိုင်ရှင်....ကျားနှက်။
တစ်ဖန်....
သူ၏လက်ထဲမှာလည်း အမြဲပင် သေတ္တာကြီး တစ်ဘဲကို ကိုင်ထွက်၊
အချိန်မှာ ကိုးနာရီ ဆယ့်ငါးမိနစ်၊
မေစီက ကျားနှက်ဝင်လာသည်ကို မြင်သောအခါ မျက်မှောင်ကုတ်သွားသည်။

အကြောင်းမှာ....
ကျားနှက်ကို သူမ တစ်ချက်ကြည့်လိုက်ရုံနှင့် အထက်တန်းလွှာကလူမဟုတ်မှန်း သိသောကြောင့် ဖြစ်သည်။
သူမလောကဥစ္စာမှန်းဆုံးသော လူမျိုးမှာဝေမရှိ၊ အောက်တန်းလွှာအရှေ့တိုင်းသားလူစား မျိုးပင်ဖြစ်သည်။
သူမက ထိုကဲ့သို့သော လူမျိုးကို အထင်သေးလည့်အပြင် မှက်စီဖြင့်ပင် မကြည့်ချင်လောက်အောင် မုန်းသည်။
သို့သော်....
ယခု ကျားနှက်ဆိုသည့် အောက်တန်းလွှာ အရှေ့တိုင်းသား တစ်ယောက်က အနောက်တိုင်းသား တွေ့ထက် ဓနဥစ္စာကလေးများကို ပို၍ ဆွဲဆောင်အား ကောင်းနေကြောင်းကိုမူ မေစီကလက်မခံ၍မဖြစ်၊ ဝန်မခံ၍မရ။
ယင်းကြောင့်...
သူ့သမီးခိုစီး၊ ကိုလူကိုတွေ့မီရန်နှင့်အရေးတယူ မဖြစ်ရန် စိတ်ထဲမှ ကျိတ်၍ ဆုတောင်းနေသည်။
ထို့ပြင်....လိုလူက ရိုစီအားလာရောက်ခန့်ခင့်ယှက်စေရန် ကိုပါဆုတောင်းပြန်သည်။

အခန်း (၃၀)

အမှန်မှ...

မေစီမည်မျှပင်ဆုတောင်းစေ၊ ဤလိုလောင်းဟစ်ငိုကြွေးမှုတို့ဖြင့် နှောင့်ယှက်ရန် နည်းလမ်းပေါင်းများစွာရှိသည်။

ဤသည်ကိုသိသောမေစီသည် သမီးရှိစိတ်လက်ကိုဆွဲဆာကျွေးနက်မြင်တွေ့နိုင်သော အခန်းထောင့် တစ်နေရာသို့ကြိုးကြိုတင်တင် ခေါ်သွားရန်ပြုသည်။

သို့သော် အချည်းနှီ ပင်။

အဘယ်ကြောင့်ဟူမူ ကျွေးနက်သည် သူတို့ကိုစိုက်ကြည့်ရင်း သူတို့ရှိရာ တည့်တည့်တော်မတ် လျှောက်လာနေပြီမဟုတ်ပါလား။

'ဒီအကောင် ရဲတင်းလှချည်လား၊ ဆုံးမလိုက်ဦးမှထင်တယ်'

မေစီက ကျားနက်အား မျက်ခြည်မပြတ်ကြည့်ရင်း စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

မှန်သည်။

ယခု လောင်းကစားရုံအတွင်းတွင် မေစီ၏ဘေးဒိဂုံဆယ့်နှစ်ယောက်အရန်သင့် ရောက်ရှိနေသည်။ ရှစ်ယောက်က သူမအနီးဝန်းကျင်တွင် အရန်သင့်စောင့်ကြပ်လျက်။

ထို့ပြင် ထိုရှစ်ယောက်ထဲက၌ လက်ဖြောင့်သေနတ်သမား တစ်ဦးလည်း ပါသေးသည်။

မေစီသည် ကျားနက်အား လှုပ်အယ်တွင် ဆုံးမလိုက်ချင်သည်။ အရှက်ကွဲအောင်ပြုချင်သည်။ တယ်သို့တယ်ပုံ ပြုလုပ်ချင်သည်ကိုလည်း ချက်ချင်းစဉ်းစားသည်။

ထိုအချိန်တွင်ပင် ကျားနက်က သူမခန္ဓာသို့ ရောက်သွားသည်။

နက်မှောင်သော မျက်လုံးအစုံဖြင့် သူမအား စူးစိုက်ကြည့်လာသည်။

မေစီကမူ ခေါင်းကိုမော့လျက် ကျားနက်အားမတွေ့မြင်တန်ပြုနေသည်။ ဤလောကတွင် ဤလိုလူစားမျိုးရှိသေးကြောင်း မထင်မှတ်သည့်ပုံ။

ကျားနက်က ပါးနပ်သည်။

မေစီ၏အပြုအမူကို ရိပ်စားမိသည်။

တစ်ခုက်မျှ သဇေရဲ့ယဲ့ရယ်ရင်း....

'သူငြေးကတော်မေစီဆိုစာ ခင်ဗျားလား'

မေစီကပြန်မပြော။

မျက်လုံးကလေးထောင့်ကပ်ကာ ကျားနက်ကိုတစ်ချက်မျှ ငဲ့ကြည့်သည်။

မျက်နှာသွင်ပြင်ကိုလည်း အစမ်းလှုပ်ရှားအားအသင်သေးဟန်၊ အရေးမစိုက်ဟန် ခပ်တင်းတင်းပြထား၏။

ခဏအကြာတွင်မူ....

'ရှင်ကကျန်မကိုမေးနေတာသား'

ဟု မသိလိုက်မသိအားသာဟန်ဖြင့်မေးသည်။

ကျားနက်က နှုတ်ဖြင့်မဖြေ၊

ခေါင်းသာညိတ်ပြလိုက်သည်။

မေစီကခဲ့ပြုံးရင်း....

'ရှင်ထီချင်ရင် ဟိုနားကစုံစမ်းရောင်းဒဿနကို သွားမေးပါလား'

ကျားနက်က ဖြူဖွေးညီညာဆဲသာ သွားကလေးများပေါ်အောင် ရယ်လျက်....

'ကျွန်တော် ကိစ္စက ခင်ဗျားနဲ့တိုက်ရိုက်တွေ့မှဖြစ်မယ်ဗျ'

အမှတ်မထင်စကားခြောင့် မေစီ မျက်နှာ စာစ်ခုလုံး ရှက်ခြည်း သွေးဆုတ်သွားသကဲ့သို့ ဖြူရော်သွားလေတော့သည်။

ကျာပွတ်ဖြင့် ခပ်ပြင်းပြင်းအရိုက်ခံလိုက်ရသလို တစ်ကိုယ်လုံး ကျဉ်တက်သွားသည်။

မေစီ သမီးပျိုရိုစီမှာလည်း မျက်နှာတစ်ပြင်လုံး မီးဖုပ်ခံရသလို ပူထူရှိန်းဖိန်းသွားသည်။

သို့သော် ကျားနက်ကမူ အပြုံးမပျက် ဆက်၍ဆိုလေသည်။

'ခင်ဗျား အသက်နည်းနည်းကြီးသွားပေမယ့် ခင်ဗျားကို စေ့စေ့စပ်စပ်ကြည့်မယ်ဆိုရင် မဆိုးသေးဘူးလို့ထင်....'

'ဖြန်း'

ကျားနက်စကားမဆုံးမီ မေစီကရုတ်တရက် ကျားနက်၏ပါးပြင်ကို ရှိသမျှအားဖြင့် ဖြန်းခနဲ ရိုက်ချလိုက်လေသည်။

ကျားနက်တုတ်တုတ်မျှမလှုပ်၊ အပြုံးသည်းမပျက်၊ ဘာမျှမပြစ်သည့်အလား။

'သိပ်လဲမလုပ်ပါနဲ့လေ၊ တော်တော်ကြာ တကယ်'အား'ကို အသုံးပြုဖို့ကျရင် အင်အားတွေ ပြတ်လပ်နေပါဦးမယ်'

ကျားနက်က ခပ်တိုးတိုးသာ ပြောသည်။

သို့သော် အခန့်းတွင်းရှိ လူအတော်များများက ကြားသည်။

မေစီသည် ဒေါသနှင့်အရှက်တို့ပေါင်းကာ တစ်ကိုယ်လုံးတက်ကြွသမျှ တုန်လှုပ်နေသည်။

အခန်း(၃၁)

ဝိုအချိန်တွင် မေစီ၏ ဘော်ဒီဂတ်ဆိုသူများလည်း ကျား
ာ်အား ဝိုင်းရုံပြီးဖြစ်သွားသည်။
သို့သော် ကျားနက်ကမမူ။
ချက်ဘဂက် မေစီ၏မေါ်းပြင်ကို ပြန်းခနဲတန်ပြန်ရိုက်ချလိုက်
းသည်။
သိုအဖြစ်ကြောင့် အခန်းတွင်း ရုတ်ချာသဲသဲ ဖြစ်သွား
ည်၊ ထိန်းမနိုင်သိမ်းမနိုင် ဖြစ်ကုန်ကြသည်။
မေစီ၏ခန္ဓာကိုယ်ကြီးမှာလည်း ပျော့ခွေလျက် သတိလစ်
ွားပါ၏။

ရှိစီမှာမူ အထိတ်တလန့် အော်ဟစ်ရင်း မျက်နှာကို လ
ဝါးကလေးဖြင့် ဖုံးအုပ်ထားလိုက်သည်။

ထိုစဉ် ကျားနက်က မဲ့ပြုံးပြုံးလျက်....

'ခင်ဗျား တကယ်ချော တကယ်လှတာပဲ'

ကျားနက်၏စကားမဆုံးမီ လူသိုးယောက်က ရုတ်တရ
ကျားရဲများပမာ ခုန်အုပ်လာသည်။ သူတို့၏ လျှပ်ရှားမှု
လွန်စွာမြန်ဆန်သည်။

သူတို့သိုးယောက်ကိုတော့ ကျားနက်ကြားဖူးသည်။ ဒေ
နဂါးရှစ်ကောင်ဂိုဏ်းမှ အမှတ်သုံး လောင်ကျန်း၏ လ
အောက်ငယ်သားထဲတွင် သိုးယောက်ပေါင်း တိုက်ကွက်
အထူးလေ့ကျင့်ထားသူများ ရှိသည်။

ယခုတိုက်ခိုက်လာသူများသည် သူကြားဖူးခဲ့သော သူ့
သိုးဦးပင်ဖြစ်ရမည်ဟု ကျားနက် သိသည်။

ထို့ကြောင့်....

ကျားနက်က လျှပ်တစ်ပြက် လက်သီးဖြင့် ပထမဦးဆုံးခ
အုပ်လာသူအား ထိုးချလိုက်သည်။

သို့သော်....

ကျားနက်ထိုးလိုက်သော လက်သီးမှာ လမ်းခုလပ်တွင်
ပျောက်ကွယ်သွားပြီး ခြေဖနောင့်နှင့် ဒုတိယ ခုန်အုပ်လာ
နှာခိုးကို့ကန်ထည့်လိုက်သည်။

တစ်ဆက်တည်းပင်....

သူ၏လက်ဝါးစောင်းဖြင့် ပထမလူ၏ လည်မျိုဆီသို့ ဒု
ခနဲ ခုတ်ချလိုက်သည်။

ဒုတိယလူမှာ နှာခိုးကျိုးကြေသွားကာ သွေးများ ဖြာ
ကျလာသည်။

လည်မျိုအခုတ်ခံရသောသူကမူ ဘုန်းခနဲ လဲကျသွားလေ
သည်။

ထိုအခါ တတိယလူ၏မျက်နှာမှာ ရုတ်တရက် တုန်လှိမ်
သွားပြီး လှုတ်ခနဲ အော်လိုက်၏။

'ကျားနက်....'

ပါးစပ်ကိုဟလိုက်သည်နှင့် ထိုသူ၏ပါးစပ်တွင်းမှသွားများ
အားလုံး ကျိုးကုန်သည်၊ ပေါင်ခွကြားအတွင်းသို့လည်းကျား
နက်၏ ဒူးခေါင်းဖြင့် တိုက်ချခြင်းခံလိုက်ရသည်။

ထိုသူက မဟန့်နိုင်တော့ဘဲ မြေကြီးပေါ်သို့ လဲကျသွား
ကာ တီကောင်တစ်ကောင်အလား တုန်လှိမ်နေတော့သည်။

အခန်းတစ်ခုလုံးမှာလည်း ရှုပ်ယှက်ခတ်သွားသည်။

စူးဝင်းသောအော်ဟစ်သံ၊ ထွက်ပြေးသံ၊ လဲပြိုသံစသည်တို့
ကမ္ဘာပျက်သည့်အလား ပွက်လောသံ သွားလေသည်။

သြော်....အထက်တန်းလွှာဟု ယူဆထားသော လူစားမျိုး
သားသည် ကြောက်ရွံ့ ထိတ်လန့်ဖွယ်နှင့် တွေ့ကြုံ ရင်ဆိုင်ရ
သောအခါ လွန်စွာရယ်စရာကောင်းသော သူများပါလား။

တစ်ဒင်္ဂအတွင်းမှာပင် ကျားနက်၏ ဘေးပတ်ပတ်လည်သို့
ဆယ်ယောက်ခန့် ဝိုင်းလာကြပြန်သည်။ သူတို့၏ လက်ထဲ
ဓားလည်း လက်နက်ကိုယ်စီနှင့်။

ကျားနက်က သူတို့ကို လုံးဝဂရုမစိုက်။

သူ ဂျွတ်နေသည်မှာ တိုင်လုံးကြီးအကွယ်တွင် ရှိနေသော သူတစ်ဖယောက်ကိုသာ။

ထိုသူက ကျားနက်ကို ဝိုင်းရံလာခြင်းမရှိ၊

သို့သော်....

သူ၏မျက်လုံးက ကျားနက်ကိုသာ ဂရုတစိုက်ကြည့်နေ၏။

ထို့ပြင် လက်တစ်ဖက်ကလည်း ဂျာကင်အင်္ကျီအိတ်ထဲသို့ နှိုက်လျက်တွေ့ရသည်။

ရုတ်တရက်....

ထိုသူက လက်ကိုဆွဲထုတ်လိုက်ချိန်တွင် ပြောင်လက်သော သေနတ်တလက် ယူတိလာပ၏။

အမှန်အတွေ့ လူလောကဌာန မည်သူမျှပင် သိုင်းပညာတော် သည်ဖြစ်စေ၊ လွန်စွာသေးငယ်သော ကျည်ဆန်ကိုတော့မခံနိုင်ပေ။

ကျားနက်က လူထဲကလူပင်။

ထို့ကြောင့် ဝူဂျည်း ထိုသူ၏သေနတ်မှ ထွက်လာမည့် ကျည်ဆန်ကို ခုခံနိုင်မည်မဟုတ်။

သို့သော်....

ကျားနက်က သူ၏သေနတ်မှ ကျည်ဆန်မထွက်ခင် လှုပ်တစ်ပြက် ခုခံလိုက်သည်။

ကျားနက်က ထိုသူ့လက်မှသေနတ်ကို မြင်သည်နှင့်သော့ တစ်ချောင်း ပစ်လွှတ်လိုက်သည်။

ထိုလူသည် လက်ထဲမှသေနတ်ကို မောင်းမတင်နိုင်မီ လက် တစ်ခုလုံး ထုံကျဉ်သွားသလို ခံစားလိုက်ရပြီး သေနတ်မှာ ယည်း မြေပြင်ပေါ်သို့ ကျသွားတော့သည်။

ထိုအခွင့်အရေးကို ကျားနက်က ယက်လွှတ်မခံ၊ ထိုလူ အား ရုတ်တရက် ခွန်အုံလိုက်သည်။

အခန်း (၃၂)

ယင်းအချိန်မှာပင် လူနှစ်ယောက်က ကျားနက်အား တုတ်
ချည်ဖြင့် ဆီးရိုက်ချရန် ကြိုးစားသေးသည်။

သို့သော် ထိုလူနှစ်ဦး၏လက်များ မလှုပ်ရှားမီပင် သူ၏
လက်သီးနှင့် တံတောင်တို့က သူတို့၏နံရိုးများကို ရိုက်ချိုးပစ်
လိုက်ပြီး ဖြစ်သွားသည်။

တစ်ဆက်တည်းတွင်ပင် ကျားနက်သည် လေထဲတွင် တစ်
ဆတ်ကျမ်းထိုးလိုက်ပြီး နောက်သွားသော လက်ကိုကိုင်ရင်း
မျက်ရည်ကျနေသော သေနတ်သမားအား ခြေဖြင့်ကန်လိုက်
သည်။

ပြီးနောက် ကျားနက်သည် ဓမြကြီးပေါ်တွင်ဝပ်နေသည့် သေနတ်ကို လျှင်မြန်စွာကောက်ယူလိုက်သည်။

ထိုအခိုက် ကျားနက်အား ခုန်အုပ်ရန်ကြိုးစားသူအား လုံးဝခံနဲ့ရပ်သွားကြ၏။

သူတို့၏ မျက်နှာမူဟန်မျာ်းမှာလည်း ခမျက်ခမျင်းထိတ်လန့်ဟန်၊ တုန်လှုပ်ဟန်သို့ ကူးပြောင်းသွားသည်။

အမှန်မှ သူတို့သည် ကျားနက်အား ကြောက်ရွံ့သွားခြင်း ဟေ့မှမဟုတ်။

ကျားနက်သည် လက်ထဲမှသေနတ်ကို လက်ဝါးပြင်မေါ်တွင်တင်ရင်း ဟန့်ပါ၊ ခွါ ခွါနှဆိုက်သည်။

ပြီးနောက် ဖြူဖွေးညီညာသော သွားမျာ်းပေါ်အောင် ပြုံးရင်း....

'သေနတ်ဆိုတာ ဒါလေး'

ကျားနက်သည် သေနတ်ကိုမမြင်ဖူးဟန်အမူအရာပြုရင်း....

'သေနတ်ဆိုတာ လူကိုတိုရှတယ်လို့ ကြားဖူးတယ်၊ ဟုတ်ရဲ့လား'

ကျားနက်အမေးကို မည်သူမျှ မဖြေ၊

မည်သူမျှ စကားပင် မပြောနိုင်၊

ဖြန်ဆာသော လက်ဝါးပေါ်မှသေနတ်အား တဖြည်းဖြည်း လွှေးအုပ်လိုက်သော ကျားနက်၏လုပ်ရပ်ကိုသာ ငေးကြည့်နေမိသည်။

ကျာမဏီလုပ်သေနတ်သည် တစ်ခဏအတွင်း တုန့်လှိမ့်လူက် ပုံပျက်ပန်းပျက် ဖြစ်သွားလေသည်။

ယခု သူ၏လက်ထဲမှ သေနတ်သည် ပစ်ခတ်နိုင်သော သေနတ်မဟုတ်တော့၊ သို့သော်....

ကျားနက်က ပြုံးနေသည်၊ သူ့အပြုံးက မည်သူ့ကိုမျှ အရေးမစိုက်သော အပြုံး။

ကျားနက်လက်ထဲတွင် ပစ်ခတ်နိုင်သော သေနတ်မရှိတော့သည့်တိုင် မည်သူမျှ ဝင်ရောက်တိုက်ခိုက်လာခြင်းမရှိ၊

အဘယ်ကြောင့်ဟူမူ....

ကျားနက်၏ လက်မျာ်းက သေနတ်ထက်ပင်ပို၍ ကြောက်စရာ ကောင်းနေသောကြောင့်ပင်။

ကျားနက်က ပြုံးလျက်နှင့် သူ့အား ဝိုင်းထားသူမျာ်းဆီ ချဉ်းကပ်သွားသည်၊ ထိုအခါ ခါးကြားတွင် ထိုးထားသော သေတ္တာချောင်းမျာ်းမှ တတင်းတင်းမြည်သံ ထွက်လျက်၊

ထို အခိုက်....

ကျားနက်၏နောက်ဘက်မှ အသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာ၏၊

'အမှန်တော့ သေနတ်ဟာ လူကိုသေစေနိုင်တဲ့ ပစ္စည်းပဲ၊ မင်းအခုလို ဖျက်ဆီးလိုက်တော့ ဘာယ်နှမြေစာကောင်းဘယ်၊ နောက်ပြီး မင်းက သိပ်ညံ့ဖျင်းတယ်ကွာ'

ယင်းကသံကြောင့် ကျားနက်သည် ရုတ်တရက် လှမ်းမှုန်နေသော ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်သည်။

ဖျတ်ခနဲလှည့်အကြည့်တွင်မူ နက်ပြောင်နေသောသေနတ်ပြောင်းတစ်ခုက ၎င်း၏နဖူးတည့်တည့်သို့ ချိန်ရွယ်ထားသည်

ကို တွေ့လိုက်ရတော့သည်။ သေနတ်သည် လွန်စွာတည်ငြိမ်သော လက်ထဲ၌ရှိသည်။

သေနတ်မောင်းခလုတ်မှာ အာရုံသွင်းထားပြီး လက်ညှိုးမှာ မောင်းခလုတ်ပေါ်၌ ရှိနေ၏။

ထိုသူ၏အသံကလည်း ၎င်းလက်ကဲ့သို့ တည်ငြိမ်လှသည်။

'မင်း နောက်ထပ်တစ်ချက် လှုပ်လိုက်တာနဲ့မင်းရဲ့မျက်နှာပေါ်မှာ မျက်စိတစ်လုံး ထပ်တိုးသွားလိမ့်မယ်ဆိုတာ ငါအာမခံတယ်ကွ'

သေနတ်သည် ကြောက်စရာကောင်းသောပစ္စည်း ဖြစ်ချင် ဖြစ်မည်။

သို့သော် ပို၍ကြောက်စရာကောင်းသည်က သေနတ်ကိုင်ထားသည့် လူကိုပင်။

ထိုသူသည် လောင်းကစားစားပွဲပေါ်တွင် ထိုင်နေလေသည်။

တကယ့် အထွက်တန်းလှဘကလူများကဲ့သို့ပင် တောက်ပြောင်စွာ ဝတ်ဆင်ထားလျက်။

ဒါပေမယ့် သူ၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

သူ၏မျက်လုံးများမှာ ရေခဲကဲ့သို့ပင် အေးစက်လှသည်။

ထိုသူက သူ့လူတစ်ယောက်ကို ကြာမြင့်စွာကြည့်နေသော်လည်း မျက်တောင်ပင်ခတ်မည့် လူစားမဟုတ်။

နောက်ပြီး သူ၏လက်၊ သူ၏လက်သည်လျင်မြန်သည်၊ မှန်ကန်သည်၊ တည့်မတ်သည်၊ တည်ငြိမ်သည်။

ကျားနက်အဖို့ တစ်ခါမျှ ကျဆုံးတည်ငြိမ်လှသောလက်မျိုးကို မဲတွေ့ဖူးပေ။ သည်လက်နှင့်သည်မျက်လုံးများကြောင့် ကျားနက် ထိတ်လန့်မိသည်။

သူ၏စကားကိုလည်း မယုံကြည်ရှိမဖြစ်။

'မင်း နောက်ထပ် တစ်ချက်လှုပ်လိုက်တာနဲ့ မင်းရဲ့မျက်နှာပေါ်မှာ မျက်လုံးတစ်လုံးထပ်တိုးလာလိမ့်မယ်ဆိုတာ ငါအာမခံတယ်ကွ'

သည်လိုလူမျိုးပြောသောစကားသည် ခြောက်လှန့်သည့် စကားဟု မဆိုနိုင်။

ကျားနက် လုံးဝမလှုပ်။ သူ၏အသက်ကိုပင် မှန်မှန်ရှူနေရသည်။ နဖူးပေါ်မှချွေးများပင် စို့လာသည်ကို ခံစားရလေသည်။

ထိုသူက ကျားနက်၏မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ရင်း....

'ကျားနက်ဆိုတာ မင်းလား'

'ဟုတ်တယ်'

ကျားနက်၏အဖြေက တိတောင်းလှသည်။

'ငါ ဘာလင်မြို့မှာကတည်းက မင်းနာမည်ကြားဖူးတယ်၊ အခု မျက်မြင်ကိုယ်တွေ့တွေ့ရတော့မှ ငါက မင်းရဲ့အစွမ်းကိုယုံကြည်တော့တယ်၊ မင်းက တကယ်လက်မြန်တဲ့လူပဲ၊ ဒါပေမယ့် ငါပြောရဲတယ်၊ မင်းလက်မြန်တာက ငါ့

လက်ထဲက သေနတ်မှာ ရှိတဲ့ကျည်ဆန်လောက် မမြဲနဲ့ဘူးဆိုတယ်'

'ငါယုံပါတယ်'

'ဆိုလူက အေးစက်သောအပြုံးဖြင့်....

'အေး....သူများစကားကိုယုံတယ်ဆိုတဲ့အချက်က မင်းနဲ့ ချစ်စရာကောင်တဲ့အကျင့်ဒလေးပဲထင်တယ်၊ နို့ မဟုတ်ရင် မင်း အခုခလောက်ဆိုရင် မျက်လုံးသုံးလုံးနဲ့ ငရဲပြည်ကိုရောက်ဖူးပြီပေါ့'

'ငါလဲ မင်းအကြောင်းကိုကြားဖူးတယ်၊ မင်းနာမည်က ကောင်းတင်း၊ ဂျာမန်ပြည်မှာ ကြီးပြင်းလာတဲ့ တရုတ်အမျိုးသား တစ်ယောက်'

'မင်းက ငါ့ရဲ့ဆာင်ရာဗဇ္ဇဒါလား'

'သဘင်းမြန်မြန်ရတဲ့လူဘာလေ ကမှာ အသက်ပို့ရှည်ရှည် နေရတယ်'

ကောင်းတင်းက အေးစက်စွာတစ်ချက်ပြုံးလျက်၊

'သောကကြီးမာ မင်း ဘယ်သောက်ကြောအောင် အသက်ရှင် နေနိုင်မယ်ထင်သလဲ'

ကျားနက်ကား ဆူဆူညံနတ်ကိုင်ထားသောလက်ကို စိုက်ကြည့်လိုက်သည်၊

သူ့၏လက်သည် တသွင်ငြိမ်လျက်ပင်၊

ထိုအခါ ကျားနက်ကပြုံး၍....

'ဘယ်လောက်အထိပဲ အသက်ရင်ပမစ၊ အခရေးပကြီးပါ ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့လိုလူမျိုးက အသက်ရှည်တဲ့ သူမျိုးမှ မဟုတ်တာ'

'ဘာ....ငါတို့လိုလူမျိုး'

ကျားနက်၏အသံမှာ ပို၍ကြည်ငြိမ်လာသည်၊

'အေး....မင်းနဲ့ငါအတူတူပါပဲ၊ ငါတို့က သူများတွေ အတွက် အသက်စွန့်ပြီးလုပ်ပေးနေကြတာပါ၊ သူများအတွက် သတ်ပေးနေတာပဲ၊ တစ်နေ့ကျရင် သူများအတွက်နဲ့ ငါတို့ ဘဝမှာ သေချာတယ်'

ကောင်းတင်း၏ မျက်နှာရိပ်မျက်နှာကဲက လုံးဝမပြောင်း သေး၊

သို့သော် သူ၏ အေးစက်သောမျက်လုံးထဲတွင်မူ နာကျင် သော ဝေဒနာတစ်ရပ် တစ်မှုတ်ချင်းပေါ်လာသည်၊

အခန်း(၃၃)

ရှိစီဆိုတဲ့မင်းချောလေး

ထိုအချိန်တွင် မေစီသည် သတိလစ်သွားရာမှသတိပြန်လည်လာလေပြီး သူမက ကျားနှက် အသက်ရှင်နေသည်ကိုမြင်သော် ရုတ်တရက် ကောင်းတင်းကိုအော်ဟောက်မေးလိုက်သည်။

"ရှင်....သူ့ကိုဘာဖြစ်လို့မသတ်ရသေးတာလဲ၊ရှင်က ဘာကိုစောင့်နေတာလဲ"

ထိုအခါ ကောင်းတင်း၏မျက်နှာမှာ ရုတ်ခြည်းတင်းမာသွားပြီး....

'ကျွန်ုပ်က ဘယ်လောက်ကြာအောင်စောင့်စောင့် ဒါက ကျွန်ုပ်သဘော၊ ကျုပ်သတ်မှုရတဲ့ ကိစ္စဆိုဘာ ခင်ဗျားသိသား ပါ၊ နောက်ပြီး ကျုပ်အသုပ်သုပ်နေတဲ့အချိန်မှာ ဘယ်သူမှ ဝင်မစွက်ဖက်နဲ့၊ မပြောနဲ့၊ ကျုပ်မကြိုက်ဘူး'

'ကျွန်မဘယ်သူဆိုတာ ရှင်သိသလား'

မေစီ အသံက မာလွန်းလှသည်၊ မာနသွေးတက်လာပုံရသည်။ ကောင်းတင်းက ခနဲပြုံးပြုံးကာ....

'ကျုပ်သိဘာပေါ့၊ ခုခင်ဗျားက ဇိမ်မယ်ဘစ်ယောက်ပဲ၊ အမျိုးမစစ်တဲ့ ဇိမ်မယ်လေ'

ထိုအခါ မေစီ၏မျက်နှာသည် သွေ်ဘစ်ပြက်အဘွင်း ပြုပြုပြုပြုနှင့် ဖြစ်သွားသည်။ ခန္ဓာကိုယ်တစ်ခုလုံးသည် တအင်အင် ဆတ် တုန်ခါသွားသည်။

စောစောက မေစီ၏မောက်မာဝင့်ကြွားမှု များသည် သူမ၏မျက်နှာပေါ်တွင် တစ်မုဟုတ်ချင်း လွင့်ပျောက်သွားသည်။

ထိုအချိန်တွင်ပင် ကောင်းတင်းသည် ရုတ်ဘရုတ် ငုံးဇ၏ သေနတ်ကို စားပွဲပေါ်သို့ပစ်တင်လိုက်သည်။

ထို့တစ်ဒင်္ဂအချိန်လေးအတွင်း ကျားနက်သည် ကျားသစ် တစ်ကောင်အလား ခုန်အုပ်သို့က်သည်။

သို့သော် ကောင်းတင်းကို ခုန်အုပ်လို့က် သည်စောခဲ့ မဟုတ်။

အကြောင်းမှာ ကောင်းတင်း၏လက်နှင့်သေနတ်မှာ သုံးလက်မခန့်လောက်သာသည် မဟုတ်ပါလား။

သူက မေစီ၏သမီးရှိစီကို ခုန်အုပ်လိုက်ခြင်းသာ ဖြစ်ပါ သည်။

သူသည် ရှိစီကိုလျင်မြန်စွာ ဖမ်းချုပ်ထားလိုက်သည်။

ရှိစီကအော်သည်။

မေစီကလည်း ကျယ်လောင်စွာအော်သည်။

ဘိုအခါ ကျားနက်ကအေးဆေးစွာဖြင့်....

'မင်းတို့ မိန်းမစုတ်ရဲ့သမီးကို အသက်ဆက်ရှင်စေချင်သေး သ်ဆိုရင်ဓောဲ့ ငါ့ကိုလမ်းဖယ်ပေးကြပါ'

မေစီ့ဘော်ဒီဂတ်များလည်း တုန့်ဆုတ်သွားကြ၏။

မေစီက ရုတ်တရက်အော်လိုက်၏။

'သူပြောတဲ့အတိုင်းလမ်းဖယ်ပေးလိုက်ပါ၊' သူ့ကိုမြန်ကြီပါးစပ် သွားလိုက်

ကျားနက်က ရှိစီကိုရှေ့တွင်တင်လျက် ကုယ်၍ နောက်ပြန်ခြေလှမ်း တက်တက်သွားလေသည်။ တံခါးပေါက်နားသို့ရောက်

'ရှင် ကျွန်မသမီးကို ဘာဖြစ်လို့မလွှတ်သေးသလဲ'

မေစီက အော်မေးလိုက်သည်။

ကျားနက်က အေးစက်စက်အသံဖြင့်....

'ခြောက်နာရီအတွင်း ငါ သူ့ကိုပြန်ပို့ပေးမယ်၊ ဒါကြောင့် ခြောက်နာရီအတွင်း မင်းတို့ငြိမ်ငြိမ်လေးနေကြပါ'

ဟို့နောက် တစ်ခဏအတွင်း ကျားနက်ပျောက်ကွယ်သွား သည်။

လောင်းကစားခန်းတစ်ခုလုံးလည်း ငြိမ်သက်လျက်၊

မေစီမှာ ထိုနေ့ရာဘွိပင် ဝေးကြောင်၍ ရပ်နေသေးသည်။ သူ့ဝေးကတော်ကြီးသည်အခုချိန်၌ ဘာမျှမတတ်နိုင်တော့။ မေစီ၏ဘော်ဒီဂတ်အားလုံး ခေါင်းငိုက်စိုက်နှင့် အနီးထောင့်တစ်နေရာတွင် စုနေကြသည်။

အတန်ကြာသော် ဟောင်းတင်း၏ အေးစက်သောအသံတစ်သံ ဟိန်းထွက်လာ၏။

'ဒီအခန်းထဲက လူတွေအားလုံးသေကုန်ကြပြီလား၊ ဘာဖြစ်လို့မျှ! ဆက်မကုစားကြတော့ကာလဲ'

ဖပ်ဖြူကောင်းတင်း၏လက်မှာ ယခုအချိန်အထိ သေနတ်ကို ဆတ် ဆတ် ကိုင်ထားဆဲ ကျွာရှိနေဆဲ။

သူမ
သ

* *

ဓရှနဂါးရှစ်ကောင်ဂိုဏ်း၏ နံပါတ်ရှစ်လောင်ထင်။ လောင်ထင်၏အိမ်ကဟာအတွင်းတွင် ဖဝိုင်းကမြို့ခြေသေး၊

သူတို့သည် ကိုးမီးဖဲကစားနေကြသည်။
ပွဲခိုင်မှာ သောက်ကျင်း၊

သူက တစ်သိန်းနိုးပါးလောက်ရှုံးနေပြီ။

သို့သော် ပါးစပ်တွင် ဆေးပြင်းလိပ်ခဲလျက်၊ ဟန်မပျက်၊ လှုတိုင်းသိသည်။

လောက်ကျင်းက အလွန်စိတ်တည်ငြိမ်ကြောင်း....

အထူးသဖြင့် ဖဲကစားချိန်တွင် လောက်ကျင်းသည် ဘယ်လောက်ပင်နိုင်နိုင်၊ ဘယ်လောက်ပင်ရှုံးရှုံး သူက နည်းနည်းမှ အမူအရာမပျက်။

ယနေ့ပဲတွင် လောင်ထင်ကအနိုင်သမား၊ သူကလည်းအမူအရာမပျက်၊ ထန်ပါးဂိုဏ်း နံပါတ်သုံးလောင်ကျန်းကမူ ပူထူနေသည်။ အကြောင်းမှာ....

လောင်ကျန်းက ငါးသောင်းခန့်ရှုံးနေသည်။

ဒေါသလည်းထွက်နေပြီ၊ ဆဲနည်းမျိုးစုံလည်းသူ၏ပါးစပ်မှအချိန်အခါမသပ် ထွက်လာနေသည်။

ဘူတိုဂိုဏ်းတည်ထောင်သူအစ်ကို သုံးဦးအပြင် တခြား အပြင်လူ သုံးဦးလည်းရှိသေးသည်။

တစ်ဦးမှာတားတွေးဘဝ်တိုက်မှ မန်ဒနဂျာကြီး ပေထုံး၊ နောက်တစ်ဦးမှာလောက်ကျင်း၏ အကြံပေးအရာရှိဖန်းကုန်း၊ ကျန်တစ်ဦးမှာ အမတ်အစားကျနေသေသပ်စွာ ဝတ်ဆင်ထားဆဲသော ပြင်သစ်လူမျိုး ရှေ့နေကြီး မစ္စတာစမစ်ပင် ဖြစ်လေသည်။

မစ္စတာ စမစ်သည် တရုတ်ပြည်၌ နှစ်ပေါင်း သုံးဆယ်ကျော်ခန့်နေလာခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် သူသည် တရုတ် အမျိုးသား တစ်ဦးကဲ့သို့ တရုတ်စကားကိုကျွမ်းကျင်စွာပြောတတ်သည်။

ဤကစားပိုင်းတွင်...

လောင်ကျန်းသည် ဆက်၍ရှုံးနေသည်။

သူသည် ဆက်ရှုံးနေရာမှ ရုတ်တရက် ဒေါသ ထွက်လာပြီးဆက်မကစား တော့ပေ။ ယင်းကြောင့်သူသည် ဘေးနားတွင်ထိုင် ကြည့်နေသော အသက် ဆယ့်လေးငါးနှစ်ခန့်ရှိ မိန်းကလေးတစ်ယောက်ကို ဆွဲ၍ အတွင်းခန်းသို့ ဝင်သွားလေသည်။

ထိုစဉ်....

အင်္ကျီအဖြူ ဝတ်စုံဝတ်ဆင်ထားသော အိမ်ဖော်တစ်ဦးသည် ဖဲကစားနေသောအခန်းထဲသို့ ဝင်လာပြီး မစ္စတာစမစ်နားသို့ တိုးကပ်သွားကာ စာစ်စုံတစ်ခုကို တိုးတိုး ပြောလိုက်သည်။

ရှေ့နေကြီးမစ္စတာစမစ်မှာ ချက်ချင်းပင် မှတ်တတ် ထရပ်ပြီး ထိုလူနောက်သို့ လိုက်သွားသည်။

ခဏအကြာ....

မစ္စတာ စမစ်ဘစ်ယောက်အခန်းထဲသို့ ပြန်လည် ဝင်လာသောအချိန်တွင် ၎င်း၏ မျက်နှာတစ်ခုလုံးမှာလွန်စွာပင် လှုပ်ရှားနေသည်။

ယခင်လို တရားရုံးတွင် အလွန်တရာမှ တည်ငြိမ်လှသော မျက်နှာမျိုးမဟုတ်တော့။

သူသည် လောက်ကျင်းတို့၏ ကစားဝိုင်းနားတွင် မရပ်တော့တဲ့ချက်ချင်း ကမူးရှူးထိုးနှင့် လောင်ကျန်း ဝင်သွားသောအတွင်းဖက်အခန်းအတွင်းဖက်အခန်းထဲသို့လိုက်ဝင်သွားလေသည်။

ထိုအခါ လောက်ကျင်းမသိမသာပြုံးလိုက်သည်။

သူ၏အပြုံးမှာ အားရကျေနပ်သောအပြုံး။

သူသိသည်၊ ကျားနက် တစ်ယောက် တာခန် ကျပွန်ခေါ်ပြီ။

အခန်း (၃၄)

မြို့ပြင်တစ်နေရာ၊

ငွေရောင် ကားလေးတစ်စီးအရှိန်ပြင်းစွာ မောင်းနှင်ထွက်ခဲ့သည်။

မစ္စတာ စမစ်နှင့် မေဇီတို့၏သမီးလေးရှိစီမှာ ကားထိုင်ခုံထောင့်တစ်နေရာတွင် ငြေးနှစ်ယောက်ကြွေးလျက် တုန်တုန်ရင်ရင်ဖြင့် ထိုင်နေလည်း၊

ယခု...ရှိစီ၏မျက်ရည်များခြောက်သွေ့နေလေပြီ။

သူမအား ကျွေးနွေးမည်သည့်နေရာသို့ ခေါ်သွားမည်ကို မရှိပစ်စားမီးလမ်းတစ်လျှောက်လုံးကျွေးနွေးကာ သူမကို စကားတစ်ခွန်းကလေးမှမဟဲ့၊

ရှိစီလည်း စကားမပြောရဲချေ။ မည်မျှကြာအောင် ထားကိုမောင်းခဲ့သည်ကိုလည်း ရှိစီမမှတ်မိတော့။

နောက်ဆုံးတွင် ကျားနက်သည် ကားကို ကြိုးမားသောခြေနင်းတစ်ခုအတွင်းသို့ မောင်းဝင်သွားသည်ကိုသာတွေ့လိုက်ရသည်။

ယင်းခြေဝင်းအတွင်းတွင် ကြီးမားသော ဂိုဒေါင်တစ်လုံးရှိသည်။

ထိုအခိုက်မှာပင် ရှိစီ၏ ဦးခေါင်းသည် မိုက်ခနဲဖြစ်သွားပြီး သတိလစ် မူးမေ့သွားလေတော့သည်။

* * *

ဖဲဝိုင်းမှာရပ်မသွားခဲ့။ ဆက်၍ကစားနေဆဲပင်။

လောက်ကျင်းသည်ရှုံးနေရာမှ ပြန်၍နိုင်လာ၏။

ယခုလည်း လောက်ကျင်းထတိုယအကြိမ် ဂုလားသုံးကောက်နှင့် ထိုးသားအားလုံးကိုစားလိုက်ပြန်သည်။

လောက်ကျင်း ထိုးထားသောငွေများကို သိမ်းကြုံးယူနေစဉ် လောင်ကျန်းက ရုတ်တရက် အစောင်းခန်းထဲမှပြေးဝင်လာပြီး ဘဏ်တိုက်မန်နေဂျာပေတုံးကို တွန်းဖယ်ကာ ၎င်း၏

ရှေ့တွင်ထိုင်နေသော လောက်ကျင်းအား ပြူးပြူးမျာပျာနှင့် ကြည့်ရှုရင်းအော်မေးလေသည်။

'မင်းအကောင် ဘာတွေလုပ်နေတယ်ဆိုတာ မင်းသိရဲ့လား'

လောက်ကျင်းကမသိသလိုနှင့် ဟန်မပျက် ပြန်မေးလိုက်သည်။

'မင်း ဘယ်သူ့ကိုပြောတာလဲ'

'ကျားနက်....ဟိုကောင်ကြီးကျားနက်လေ'

'သူ....ဘာတွေလုပ်နေတုံးလဲ'

လောက်ကျင်းက မျက်မှောင်ကြုတ်၍ မေးလိုက်လေသည်။

ထိုအခါ လောင်ကျန်းက ဇဒါသကြီးစွာနှင့်အော်ဟစ်ကာ လောက်ကျင်းကိုရှင်းပြလေတော့သည်။

'ခွေးသားကျားနက်က ငါ့ရဲ့လောင်းကစားရုံကိုဖျက်ဆီးနေတာ၊ ငါလူငါးယောက်ကိုလဲ သူသတ်ပစ်လိုက်တယ်လေ၊ နောက်ပြီး ရှေ့နေကြီးမစ္စတာစမစ်ရဲ့သမီး ရှိစီကိုလဲ ပြန်ပေးဆဲသွားတယ်ကွ'

လောက်ကျင်းက မယုံနိုင်သကဲ့သို့ ၎င်း၏ဦးခေါင်းကို ခါယမ်းလျက်....

'မင်းရဲ့လောင်းကစားရုံကို ဖျက်ဆီးတယ် ဟုတ်လား၊ မင်းရဲ့လောင်းကစားရုံလဲ ငါတို့ရဲ့လောင်းကစားရုံပဲ မဟုတ်လား၊ သူက ဒီလောက်တောင်အတင့်ရဲမှာ မဟုတ်ဘူးထင်တယ်'

'သူ အခုဝင်ဖျက်ဆီးနေတာက ငါပြင်သစ်ရပ်ကွက်မှာ ဖွင့်ထားတဲ့ လောင်းကစားရုံအသစ်ကိုပြောတာကွ'

လောင်ကျန်း ဒေါသထွက်သွားသော အခါတွင် သူ သည် ဘာကိုမှ သတိမရတော့ပြီးမပြောတော့ချေ။

ထိုအခါ လောက်ကျင်းက အုံဩသော ဟန်အမူအရာ နှင့်....

'အဲဒီဟာ မင်းဖွင့်ထားတာဟုတ်သား၊ ဒါဖြင့် အဲဒါကို ဘာဖြစ်လို့ မင်း ငါတို့ကိုအသိမပေးတာလဲ'

လောင်ကျန်း ရုတ်တရက် ဘာမှပြန်မပြောနိုင်တော့၊

ထို့ကြောင့် လောက်ကျင်းက သက်ပြင်းတစ်ချက် ချလိုက်ရင်း....

'ငါတို့တောင် အသိမခံးဘူးဆိုတော့ သူကဘယ်လို မင်းဖွင့်ထားတာကိုသိနိုင်တော့မလဲ၊ ဒါကြောင့်မင်းလဲဒီခွေးလောက် ဒေါသထွက်မနေနဲ့ဦး၊ ငါ သူ့ကို မင်းဆီ လာတောင်းပန်ခိုင်းလိုက်မယ်'

လောက်ကျင်း၏စကားကြောင့် ဇော်ကျန်းက စားပွဲခုံပေါ် လက်သီးဖြင့် တအားထုချလိုက်သည်။

'ဘာ....တောင်းပန်ခိုင်းမယ်ဟုတ်လား၊ ငါက သူ့တောင်းပန်တာကို ခံမှာမဟုတ်ဘူး၊ ငါ သူ့ကိုသတ်ပစ်မှာကွ၊ ဒီတစ်ခါ သူ ငါ့လက်ထဲကနေ လွတ်အောင်ပြန်နိုင်မယ်ဆိုရင်တော့ ငါ လူမလုပ်ဘူး'

စကားဆုံးသည်နှင့် လောက်ကျန်း အပြင်သို့ ပြေးထွက်သွားသည်။ ပြီးနောက် တစ်ခဏကိုထင်မပြေးလို့ဟန်ဖြင့် သူသည် ရုတ်တရက်ရပ်ကာ ခေါင်းကုံနောက်လှည့်ပြီး....

'ဒီကိစ္စမှာ မင်းဝင်မရှင်းပါနဲ့လို့ ငါပြောချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက်နဲ့ ငါတို့ညီအစ်ကို အချင်းချင်း စိတ်ဝမ်းမကွဲစေချင်ဘူး'

ဟုဆိုကာ ထွက်သွားတော့သည်။

လောက်ကျင်း သက်ပြင်းရှည်တစ်ချက်ချလိုက်သည်၊

မစ္စတာစမစ်မှာ လောင်ကျန်း၏ နောက်သို့ ပြေးလိုက်သွားသည်။

အခန်း (၃၅)

ယခုအချိန်တွင် အခန်းထဲ၌ လူလေးယောက်သာ ကျန်နေခဲ့သည်၊

ဘဏ်တိုက်မန်နေဂျာကြီး ပေဘုံးမှာ လုက်ကိုင်ပဝါထုတ်ကာ ခေျးသုတ်နေသည်၊

ဖန်းကုန်းက မျက်လုံးစုံမှိတ်လျက် ဘာကိုစဉ်းစားနေသည်မသိ၊

လောက်ကျင်းနှင့် ဒေါင်ထင်တို့မှာမူ အေးဆေးစွာဆိုင်းလျက် ဘာမျှမသိသကဲ့သို့ပင်၊

ပြီးနောက် အတောမသတ်သော၊ အဆက်မပြတ်သော အဓိပ္ပာယ်မဲ့ ရယ်ခြင်းမျိုးဖြင့် ကျယ်လောင်စွာ ရယ်နေလေတော့သည်။

ထိုစဉ် လောက်ကျင်း၏ အကြံဉာဏ်ပေး ဖန်းကုန်းက ရုတ်တရက် ရေတစ်ခွက်ကိုင်လိုက်သည်။

'မြေပေးကို ခါးပိုက်ထဲ မထည့်ပါနဲ့၊ ဦးတဲ့လူ အနှိုင့်ရမယ်'

လောက်ကျင်းက ချက်ချင်းခေါင်းခါ၍....

'လောင်ကျန်းက ဒေါသကြီးပေမယ့် ငါတို့အပေါ် ဒီလောက်တောင် သစ္စာမဲ့မယ်မထင်ပါဘူး'

ဖန်းကုန်းအဆက်၍....

'ညီအစ်ကိုချင်းတွေတောင် ထီးမွေနှန်းမွေအတွက်နဲ့ သံကြေးတာပဲ၊ သူက ဘာမို့လို့လဲ'

လောက်ကျင်းက ဘာမှဝင်မပြောတော့။

သို့သော် လောင်ထင် တစ်ခုခုကိုစဉ်းစားမိဟန်နှင့်....

'ဖန်းကုန်းပြောတဲ့စကားဟာ အဓိပ္ပာယ်ရှိတယ်လို့ ငါထင်တယ်'

လောက်ကျင်းက သူကိုယ်တိုင် ဘာမျှ စဉ်းစားမရသည့် အခါ မေးလိုက်သည်။

'မင်းသဘောက ဘယ်လိုလဲ'

လောင်ထင်လည်း ယင်းအကြောင်းကို ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

အနှိုင်းတွင်းရှိ တိုင်ကပ်နာရီကြီးကလည်း ဆယ့်တစ်ချက် တီးခေါ်မြည်ပြီးနေပြီ။

ထိုအခါ လောင်ထင်က ရုတ်တရက် လောက်ကျင်းကို လှမ်း၍မေးလိုက်၏။

လောင်ထင် အတန်ကြာအောင် စဉ်းစားပြီးနောက်....

'လောင်ကျန်းက ဒီလိုနှိုင်ဝံခြောသားနဲ့ပေါင်းပြီး စီးပွားခိုးကြောင်ခိုးဝှက်လုပ်မယ်လို့ ငါလုံးဝမမျှော်လင့်ခဲ့ဘူး'

လောက်ကျင်းက အေးဆေးစွာပြင့်....

'သူက အသုံးအဖြုန်းကြီးတာကိုးကွ'

လောင်ထင်က စိတ်လှုပ်ရှားလာပြီး မကျေမနပ်ဖြင့်....

'သူတစ်ယောက်တည်း အသုံးအဖြုန်းကြီးတာလား၊ ငါကိုကတော့ ခွေတာနေလို့လား၊ နောက်ပြီး တို့တစ်တွေဟာ ဂိုဏ်းတူညီအစ်ကို သွေးသောက်တွေပဲ၊ နှည်းစိမ်ခံစားစရာရှိရင် အားလုံးခံစားရမယ်၊ ဒုက္ခခံစရာရှိရင်လဲ အားလုံးခံကြရမယ်ဆိုတဲ့ စကားကို သူမေ့သွားပြီလား'

လောက်ကျင်းကပြုံးရင်း သက်ပြင်းတစ်ချက်ချကာ....

'သူအခုပွင့်တဲ့ လောင်းကစားဆိုက ဆိပ်ပြီးဝင်ခွင့်ကောင်းတယ်လို့ ပြောသံကြားတယ်၊ မစ္စတာစမစ်စီးနေတဲ့ နောက်ဆုံးပေါ် နာမည်ကြီးကားကလဲ အခုတလောမှ ဝယ်လိုက်တာတဲ့၊ ဒီလိုကားမျိုး မင်းနဲ့ငါတောင် ဝယ်မစီးနိုင်ပါဘူးကွာ'

လောက်ကျင်း၏စကားခြောင့် လောင်ထင်လည်းခနဲပြုံးပြုံးလိုက်သည်။

အကြောင်းမှာ ယခုကိစ္စမျိုးကိုမူ သူလည်း 'အလွယ်စာ' ဆုံးပြတ်ရဲ၊ မပြောရဲပေ။

ဖန်းကုန်းက သူ၏ဆရာလောက်ကျင်း၏ စိတ်သဘောထား ကို သိသည်။ ထို့ကြောင့် သုတဝင်၍....

'မြေကိုရိုက်ချင်ရင် ချက်ကောင်းမိအောင် ရိုက်တတ်ရမယ်'

'လောင်ကျန်းရဲ့ချက်ကောင်းက ဘယ်မှာလဲ'

လောက်ကျင်းက ရုတ်တရက်မေးလိုက်သည်။

ဖန်းကုန်းက ပြုံးလိုက်သည်။

တကယ်ပင် ခေကာက်ကျစ်စဉ်းလဲသည့် အပြုံး။

'သူ....အခု ဘယ်မှာရှိလဲ'

'သူအခု ကျားနက်နောက်ကို ဦးလိုက်သွားရောပေါ့'

'သူ တစ်ယောက်တည်းလား'

'ဘယ်တစ်ယောက်တည်း သွားရဲမလဲ'

လောင်ကျန်းတ ကျားနက်ကို လွယ်လွယ်ကူကူနှင့် ရှင်းရှင်း မှုန်မှုန် သိသည်။

ဆို ကြောင့် ကျားနက်ကိုသတ်ပစ်ချင်လျှင် လူအင်အား အတော်များများခေါ်သွားမှ ရပေမည်။

'အခု ဦးသူ ရှိသမျှလူအင်အား အကုန်ထုတ်ပြီး ကျားနက် နောက်ကို လိုက်နေမှာပဲ၊ သူ့ရဲ့ဘုန်ချုပ်မှာ လူအင်အားသိပ် ရှိမယ်တော့ မထင်ဘူး'

ထို့အခါ လောက်ကျင်းနှင့် လောင်ထင်တို့၏ မျက်လုံးထဲ အရောင်တဖျပ်ဖျပ် တောက်ပလာလေတော့၏။

* * *

အချိန်ကား ဆယ့်တစ်နာရီ ဆယ်မိနစ်၊

လောင်းကစားရုံထဲတွင် ဓာတ်မီးအလင်းရောင်က လင်းနဲ့လျက် ရှိနေသေးသည်။

သို့မသော် လောင်းကစားသူ တစ်ယောက်တလေမျှ မရှိတော့၊

ကောင်းတင်းတစ်ယောက်တည်းသာ ကျန်နေသည်၊

သူသည် နဂိုနေရာတွင်ပင် ထိုင်လျက်၊

သူ၏မျက်နှာပေါ်တွင် လှုပ်ရှားသည့်အမူအရာ လုံးဝ မပေါ်လွင်။

ထို့ပြင် သူ၏လက်မှာလည်း သေနတ်နှင့် သုံးလက်မခန့် ကွာနေသည်၊

မေစီမှာ အခန်းထောင့် တစ်နေရာတွင်ထိုင်ကာ လက်ဖက် သွေးခွက်လေးကိုင်လျက် ငေးမော်ကြောင်နေသည်၊

ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ်၊

လောင်ကျန်းသည် ကမူးရှူးထိုးဖြင့် သူ၏လောင်းကစား ခုံထဲသို့ ပြေးဝင်လာသည်။

သူ၏နောက်ဘက်တွင် ပြင်သစ်ရှေ့နေကြီး မစ္စတာမေ နှင့် တပည့်ခြောက်ယောက်ပါလာ၏။

ငင်းတို့ထဲတွင် ဂျပန်လူမျိုးနှစ်ယောက်လည်း ပါလေသည်။ သူတို့သည် အရပ်ပုပြီး ပခုံးကျယ်သည်။

သူတို့၏ခန္ဓာကိုယ်တစ်ခုလုံးကို ခြုံပြီးကြည့်လျှင် စတုဂံကြီးဖြစ်နေသည်။

သို့သော်လည်း သူတို့၏လှုပ်ရှားမှုမှာ လျင်မြန်သွက်လက်လှသည်။

သူတို့သည် ဂျူဒိုအင်္ကျီအဝတ်အစား ၂ဝတ်ဆင်ထားသည်။ ခါးပေါ်တွင် ခါးစည်းအနက်ရောင် ပတ်ထားလျက်။

မေစီ သူမသည် လင်ယောကျ်ားကိုမြင်သည်နှင့် ချက်ချင်း ပင်ပြေးသွားကာ ရင်ခွင်ထဲသို့ပြေးဝင်ပြီး ရှိုက်ကြီးတငင်ငိုလေတော့သည်။

မစ္စတာစမစ်ကလည်း သူမ၏ခန္ဓာကိုယ်ကိုဖက်လျက် ဆံပင်များကို ပွတ်သပ်ပေးလျက် အမျိုးမျိုးချော့မော့ကာနေသည်။

လောင်ကျန်းကမူ တစ်သက်တာတွင် ဤလို မိန်းမခွေး သောအလုပ်မျိုးကို မလုပ်ဖူးခဲ့။

ယင်းကြောင့်မူ သူတို့နှစ်ဦးကိုကြည့်ရင်း မျက်မှောင်ကုတ်လာမိသည်၊ သို့သော် မေစီက ဆက်၍ပင်ငိုနေသော်၊

နောက်ဆုံးတွင် လောင်ကျန်းက ဒေါသ မထွက်တော့ဘဲ....

"ခွေးမ....မင်းတာဖြစ်လို့ ငိုနေတာလဲ၊ ငါတို့အားလုံးစွန့်ခဲ့လာတာကို၊ မင်းခွဲနေတာကိုကြည့်ဖို့လာတာမဟုတ်ဘူး" လောင်ကျန်း၏ အော်ဟောက်သံကြောင့် မေစီချက်ချင်း အငိုတိတ်သွားသည်၊

မေစီသိသည်၊ ဤလိုအချိန်မျိုးတွင် ယောကျ်ားကိုခွဲနေခြင်းမဖြစ်၊

ထို့ပြင် လောင်ကျန်းလို နှုတ်ကြမ်း အာကြမ်းလူမျိုးကို သူမ လွန်စွာကြောက်သည်၊

ယခု သူမသည် အရှေ့တိုင်းသားတစ်ဦး၏ မာန်ဖီခြင်းကို ခံရလေပြီ၊

ထို့အခိုက်တွင် မစ္စတာစမစ်ကစတင်၍ ကျားနက် ဘယ်ကရောက်လာ၍ တယ်သို့ထွက်သွားကြောင်း မေးလေတော့၏၊

ကောင်းတင်းကမူ လောင်းကစားခုံပေါ်တွင် ထိုင်လျက် ဘစ်ယောက်တည်း ဖဲကစားနေသည်၊

ယင်းမြင်ကွင်းကြောင့် မစ္စတာစမစ်၏ မျက်နှာတစ်ခုလုံး နီရဲလာသည်၊

ကောင်းတင်းကို မျက်စောင်းထိုးကြည့်သည်၊

မေစီမှာ မစ္စတာစမစ် သိချင်သည်များကို ပြတ်တောင်းပြတ်တောင်းနှင့် ရှင်းပြနေသည်၊

သူမ၏ရှင်းပြချက် ပြီးသွားပြီ၊

ဝမစ်သည်လည်း ချက်ချင်းပင် လောင်ကျွန်းကို ခေါ်
သွားသည်။

ဆန်ခေါက် ကောင်းတင်းကို လက်ညှိုးထိုးလျက်....

'လူ့ ဆရာကြီးကျွန်း ခေါ်လာတဲ့လူပါ'

လောင်ကျွန်းက ခေါင်းညိတ်သည်၊

'သူ့ကျောနှက်ကို လွှတ်လိုက်ရုံမကဘူး၊ ကျွန်တော်မိန်းမ
ကိုလဲ စော်ကားတယ်၊ ကျွန်တော်မကျေနပ်ဘူး'

ရှေ့နေကြီး မစ္ဆတာစမစ်၏လေသံသည် တရားရုံးတွင်ပြော
သည့်လေသံမျိုး၊

လောင်ကျွန်းက မျက်မှောင်ကုတ်လျက်....

'မင်းမကျေနပ်ဘူးဆိုရင် မင်းဘာလုပ်ချင်သလဲ'

ဆိုအခါ စမစ်၏အသံ ပို့ကျယ်လာသည်၊

'သူ့ကို အပြစ်ပေးချင်တယ်'

လောင်ကျွန်းက စဉ်းစားဟန်ဖြင့်....

'သူ့ကိုသက်ပစ်လိုက်ရင် ကောင်းမလား'

စမစ် ပါးစပ်ပိတ်ထားလိုက်သည်၊

ဤကိစ္စမလေးနှင့် သေဒဏ်မပေးသင့်သည်ကိုလည်း ကောင်း
စွာ နားလည်သည်။

ပြစ်ဒဏ်မှာ လေးလွန်းသည်၊

သို့သော် လည်လိုအခြေအနေမျိုးရောက်မှ သူ ကန့်ကွက်
စရာမည် မဟုတ်ချေ၊

ထို့ကြောင့် မစ္ဆတာစမစ်က....

'သူ့ကိုသတ်ဖို့ အယ်ဒူးကိုခိုင်းမလဲ'

လောင်ကျွန်းက ဘတန်ကြာအောင် စဉ်းစားတွေဝေကန်
လုပ်ပြီးမှ ရုတ်တရက် အင်္ဂါအိတ်ထဲမှ သေနတ်ကိုဆွဲထုတ်ကာ
မစ္ဆတာစမစ်၏လက်ထဲသို့ ထိုးပေးလိုက်သည်၊

'ဒီတိုင်းသနားကမင်းပြဿနာ၊ နောက်ပြီး မင်းသေနတ်ပစ်
သိပ်တည့်တယ်လို့ ငါ့ကိုပြောသံကြားတယ်၊ ဒါကြောင့် မင်း
ကိုယ်တိုင်ပဲ ကြည့်ရှုင်းလိုက်ပါ'

မစ္ဆတာစမစ်က ၎င်း၏လက်ထဲက သေနတ်ကို ကြည့်ရှုင်း
ငေးကြောင်နေသည်၊

အခန်း (၃၆)

သူသည်သေနတ်ပစ်ကယ်ကျမ်းကျင်သည်။ကိုက်ငါးဆယ် အတွင်းရှိ ပစ်မှတ်တစ်ခုကို အချိန်မရွေး မှန်အောင် ပစ်နိုင် သည်။

သို့သော် ယခု ကောင်းတင်းက ပစ်မှတ်မဟုတ်။ ကောင်း ကင်းလည်း ရှေ့နောက်မြီစမခံဘက်သို့ လုံးဝ လှည့်မကြည့်။ ဒါပေမယ့် သူ၏လက်ကတော့ သေနတ်နှင့် သိုးလက်မ အကွာဝဲသာ ရှိနေသည်။

မစ္စတာစမစ်က ကောင်းတင်းကို တစ်လှည့်၊ လက်ထဲက သေနတ်ကိုတစ်ခါကြည့်ရင်း သူ၏လက်တဖြည်းဖြည်းတုန်ယင် လာသည်။

နဖူးပေါ်တွင်လည်း ချွေးများစို့ထွက်လာသည်။
လောင်ကျန်းက ရှေ့နေကြီးစမစ်ကို စိုက်ကြည့်ရင်းနှင့် အားစက်သောလသံနှင့်....

'လေနုတ်ကမင်းလက်ထဲမှာရှိတယ်။ဖစ်မှတ်လဲ မင်းရှေ့မှာ ရှိနေတယ်ဆိုတော့ မင်းက ဘာကိုစောင့်နေတာလဲ စမစ်'

ထိုအခါ မစ္စတာစမစ်က ချောင်းတစ်ချက်ရှင်းပြီးလျှင်ထိုက ပေးနောက်ကို စားပွဲခုံပေါ် တင်ထားလိုက်ရင်း.....

'ကျွန်တော် ရှေ့နေ၊ ကျွန်တော် လူမဟုတ်ဘူး'

ဟု ပြောပြီးသည်နှင့် အောင်းဘီအိတ်ထဲမှလက်ကိုင်ပဝါကို လှုပ်ခါရှုပ်ပေါမှ ခွေးသီးခွေးဝပါက်များကို သုတ်လိုက်သည်။

'မင်းက မသတ်ချင်တာလား၊ မသတ်ရဲတာလား'

လောင်ကျန်းက ဒေါသဆေးစွဲဖြင့် မေးသည်။

ထိုအခါ မစ္စတာစမစ်က မျက်နှာဝယ်စွာဖြင့်ခခါင်းကိုခိုင်း ထားလိုက်လေတော့သည်။

လောင်ကျန်းကသူ့ကိုအရေးမစိုက်တော့တဲ့ ကောင်းတင်းရှိရာသို့ ဖြည်းညှင်းစွာ လျှောက်သွားလေသည်။

'ကောင်းတင်း....မင်း ကစားလို့ အားမရသေးဘူး ထင်တယ်'

'ဟုတ်ဘယ်၊ ဒီနှစ် ညွှေးသည်ခဟု အံစောကြီးကတည်းက ပြန်သွားကြတယ်၊ အားရမ်းရတောင် မကစားလိုက်ရဘူး' လောင်ကျန်း ရုတ်တရက် အသံကိုနှိမ့်ချလိုက်ပြီး.....

'ငါ့ညီ....ငါအခု မင်းကို အပြစ်တင်နေတယ်လို့မထင်ပါနဲ့၊ ဒါပေမယ့် ငါသိချင်တယ်၊ မင်း ဘာဖြစ်လို့ ဟိုကောင်ကျားနက်ကို လွှတ်လိုက်ရတာလဲ'

ခကောင်းတင်းက အေးဆေးစွာဖြင့်....

'ကျွန်တော် သူ့ကို အချိန်မရွေး သတ်နိုင်သားပဲ၊ ဘာကြောင့် ဒီလောက်တောင် လောနေရတာလဲဗျာ'

'ဪ....ဒီလိုလား၊ ဒါဖြင့် ငါတို့ အခု သူ့ကိုသွားရှင်းကြရင် ကောင်းမယ်ထင်တယ်'

'ကျွန်တော်ကို လောင်ကျန်း ငှားထားတာပါ'

ကောင်းတင်းက စကားအဆုံးထွင်ဖြည်းညှင်းစွာမတ်တတ် ထရပ်ကာ လက်ကို တစ်ချက်လှုပ်လိုက်သည်နှင့် စားပွဲပေါ်မှ သေနတ်ကို မတွေ့ရတော့ချေ၊

လောင်ကျန်း အားပါးတရ ရယ်ပြီး ရင်ကိုကော့လျက်....

'ခွေးမသား....ကျားနက်၊ ဒီတစ်ခါ မင်းဘယ်ကိုခြေးမယ် ဟိုတာ ငါကြည့်ချင်တယ်'

'ကျားနက်ကို တယ်မှာသွားရှာမလဲ'

'သူ့ပြေးလို့ရလွတ်ပါဘူးကွာ'

'ဘာဖြစ်လို့လဲ'

'သူ့အခုမောင်းသွားတဲ့ကားဟာ အင်မတန် မြန်စီးနှုန်းတဲ့ကားပါ၊ ဒီကား ဘယ်နေရာပဲရောက်ရောက် ငါ သိနိုင်ပါတယ်'

တကယ်တော့ လောင်ကျန်းသည် လူရမ်းမဟုတ်ပါ၊

အဟယ်၍ သူသာ ဦးနှောက်ကောင်းလျှင် ရွှေနဂါး ရှစ်ကောင်၏ နံပါက်သုံးနေရာ ရောက်မည်မဟုတ်၊

ထို့ကြောင့် လောင်ကျန်းက သည်အချက်ကို စဉ်းစားခြင်း ဖြစ်သည်။

အမှန်လည်း ကျားနက်သည် ဤအချက်ကိုစဉ်းစားမိဖို့သင့်သည် မဟုတ်ပါလား။

'အင်္ဂလန်ပြည်လုပ်ငွေရောင်းကားလေးကိုဘယ်သူတွေ့လိုက်သလဲ မေးကြည့်လိုက်စမ်း'

လောင်ကျန်း၏အသံမှာ မကျယ်ဝန်းလှ၊

သို့သော် သူ၏မေးသံသည် တစ်ခဏအကွင်းတစ်မြို့လုံးပဲ့နဲ့သွားလေတော့သည်။

* * *

အချိန်ကား ဆယ့်ဘစ်နာရီ လေးဆယ့်ရှစ်မိနစ်။

ကားငါးစီးသည် လမ်းမကြီးတစ်ခုပေါ်တွင် အဟုန်ပြင်းစွာ မောင်းနှင်သွားသည်။

ကားထဲဘွင် လောင်ကျန်းအပြင် မစ္စတာစမစ်၊ ကောင်းတင်းနှင့် ဂျပန်လူနိုင်သမား ခါးပတ်နက် နှစ်ယောက်၊

ထို့အပြင် လောင်ကျန်း၏ လက်အောက်ရှိ အတော်ဆုံး၊ အမိုက်ဆုံး တပည့် နှစ်ဆယ့်လေးယောက်လည်း ပါသေး၏။

သူတို့အားလုံး ကျားနက်၏ ငွေရောင်ကားလေးမောင်းနှင်သွားရာဘက်သို့ ဦးစာည်၍သွားနေကြခြင်း ဖြစ်သည်။

★

အခန်း (၃၇)

ဆယ့်ဘစ်နာရီ မိနစ်ငါးဆယ်၊
ဂိုဒေါင်ထဲတွင် မီးလုံးတစ်လုံးသာ ထွန်းညှိထားသည်၊
ရှိစီ၏ခြေသံများကို ကြားဖြင့်တုပ်နှောင်ထားပြီး ပါးစပ်
ကိုလည်း အဝတ်ဖြင့်ပိတ်ဆို့ထားသည်၊
ထို့အပြင် ရှိစီကို ကုန်သေတ္တာများဆင့်ထားသော အမြင့်
ပေါ်တွင် လဲလျောင်းနေစေသည်၊
ကျားနက်သည် ရှိစီ၏နောက်သက်တွင် ငြိမ်သက်စွာ ထိုင်
နေသည်၊

သူဘာတွေစဉ်းစားပြီး တွေဝေနေသည်ကိုတော့မသိ။

ထိုအခိုက် ရုတ်တရက် ကျားနက် ထခုန်လာသည်။ ရှိစီတို့သေတ္တာကြီးတစ်ခု၏ အနောက်ဘက်သို့ဆွဲသွားပြီး ပုန်းကွယ်နေစေလိုက်သည်။

တစ်ခဏတည်းတွင်ပင် သော့တစ်ချောင်းဖြင့် ခပ်မှိန်မှိန်လင်းနေသော မီးလုံးကိုပစ်ခဲလိုက်သည်။

ဂိုဒေါင်တစ်ခုလုံး မှောင်ကျသွားပါ၏။

အမှန်စင်စစ် အပြင်ဘက်တွင် မည်သည့်အသံမှ ထွက်ပေါ်မလာသေးပါ။ လောင်ကျန်းတို့သည် မော်တော်ကားမီးကို အဝေးကပင်ပိတ်ထားပြီး သူတို့အားလုံး ကားပေါ်မှဆင်းခဲ့ဖြည်းညင်းစွာ လျှောက်လာနေကြသည်။

အတန်ကြာသော် သူတို့သည် မြေနီလမ်းကြားတစ်ခုတွင် ရပ်ထားသော ငွေရောင်ကားလေးကို မြင်လိုက်ရ၏။

ထို့ကြောင့် သူတို့သည် ပို၍သတိကြီးစွာထားပြီး လှည့်ရှာလာကြသည်။

သို့သော် ကျားနက်တွင် သားရဲတိရစ္ဆာန်တစ်ကောင်ကဲ့သို့ ထူးခြားသော အာရုံတစ်မျိုးရှိသည်။

ယင်းကြောင့် သူတို့ ဂိုဒေါင်အနားသို့ မရောက်မီမှာပင် ကျားနက်က သူတို့၏လှုပ်ရှားမှုကို သိနှင့်နေသည်။

ထိုအချိန်၌ ဂိုဒေါင်အပြင်ဘက်တွင် လောင်ကျန်းသည် တစ်ချက်မျှ မဲ့ပြုံးပြုံးရင်း....

'ဒီကောင် တကယ် လျင်စွဲအကောင်ပဲ၊ ဂါပေမယ့် သူ မကြာခင် လူ့လောကကနေ ထွက်သွားရမှာပါ'

ထိုစဉ် တစ်ယောက်သော သူတို့၏ကပ္ပလီက လောင်ကျန်းအားနားသို့ကပ်ကာ တိုးညင်းသောအသံဖြင့်....

'ဆရာကြီး ဒီမပြောနိုင်ဘူး၊ ပုံစံက ထောင်ချောက်တစ်ခုလိုနိုင်တယ်၊ လောက်ကျင်းက သူ့လူတွေကိုလွှတ်ပြီး ဟိုကျန်းဘော်တို့ကို ဒီမှာချုံခိုချောင်းတိုက်မလား မသိဘူး'

တိုသူ၏စကားမဆုံးမီ လောင်ကျန်းက ရုတ်တရက် ၎င်း၏ကိုနှာပေါ်သို့ တံတွေးဖြင့် ပစ်ခနဲထွေးချလိုက်ပြီး....

'ဟေ့ကောင်....မင်းသွားသေလိုက်ပါလား၊ ငါဒီလောက်မှုးရှူးထိုး လုပ်မှာတဲ့လား'

ဆရာကြီးက စုံစမ်းပြီးပြီ၊ လောက်ကျင်းရဲ့ လက်ရွေးစင်အားလုံး သူတို့ရဲ့ဌာနချုပ်မှာ ရှိနေကြတယ်၊ ဘယ်မှသွားကြဘူး'

နောက်တစ်ယောက်က ကြားဝင်ရှင်းပြလိုက်၏။

'ဒါပေမယ့် ကျားနက်က လောက်ကျင်းရဲ့ လူယုံတော်ဗျ၊ ကယ်လို့ ဆရာကြီးက သူ့ကိုရှင်းပစ်လိုက်မယ်ဆိုရင် လောက်ဒီးက စိတ်ဆိုးတော့မှာပေါ့'

ပြောလာသူမှာ ကျန်းချင်ဖြစ်သည်၊

ကျန်းချင်သည် လောင်ကျန်း၏ ဆွေမျိုးသားချင်း တစ်ယောက်ဖြစ်သည့်အပြင် လောင်ကျန်း ရွေးဂါးရှစ်ကောင်ဂိုဏ်း၏ နံပါတ်သုံးနေရာရသည့်အချိန်ကစ၍ သူက လောင်ကျန်းနောက် တကောက်ကောက် လိုက်ခဲ့ရသူဖြစ်သည်။

ဆောစောက သူ၏မျက်နှာပေါ်သို့ တံတွေးအထွေးခံရလို့သော်လည်း သူက မသုတ်ပစ်မိသေး။

အမှန်မှာမူ သူ၏စိုးရိမ်စိတ်ကြောင့် မအောင့်အီးနိုင်သဖြင့် ယခုကဲ့သို့ ထပ်မံ ဖော်ထုတ်လိုက်မိခြင်း ဖြစ်သည်။

အကယ်၍ လောင်ကျန်းက သူ၏ဦးခေါင်းကိုဖြတ်ခဲ့သည်ဖြစ်စေ သည့်တိုင် သူက မျက်မှောင်တစ်ချက် ကုတ်မိမည်မဟုတ်၊

"ခင်ဗျားမသား၊ ငါက ဘယ်သူ့ကို ကြောက်ခဲ့ဖူးလို့လဲ"

လောင်ကျန်းက တံပည်များရှေ့တွင် ကျင်းချင်ကို ဆဲဆိုလိုက်သော်လည်း သူ၏စိတ်ထဲမှာမူ ကျန်းချင်အား လွှဲနှင့်သဖြင့် ဘာကမှ မနေသည်၊

"ဆရာကြီး အစောကြီးကတည်းက လောက်ကျင်းကို ကြည့်စဉ်းစားနေတာ၊ အခုဆိုရင် အခွင့်ကောင်းပဲပေါ့၊ တကယ်လို့ ကျားနက်သာ သေသွားလို့ရှိရင် လောက်ကျင်းလက်ခံမှာ တစ်ဖက်ပြုတ်သွားသလို ဖြစ်မှာပေါ့၊ သူက ထိမ်လိမ်မာမာနဲ့ ငါတို့ရဲ့ဆရာကြီးလက်အောက်ကို ခံရင်ခံ၊ မခံရင်တော့ လား လား....ဆရာကြီး သူ့ကို ပညာ ကောင်းကောင်းပြသိုက်ခဲ့သေချာတယ်ဗျ"

ကစ်ယောက်က အသံတိုးတိုးဖြင့် ဝင်ရှင်းပြသိုက်ပြန်၏ ကျန်းချင် ဘာမှပင်မပြောတော့၊ သူသဘောပေါက်သွားပြီ၊ ဆရာကြီးလောင်ကျန်း အဘယ်ကြောင့် ရှေ့နေကြီးခေါ်၏ သမီးလေးကိစ္စနှင့် ဆည်မျှ ဒေါသကြီးနေသည်ကို ကောင်းစွာရိပ်မိပြီ၊

အမှန်မှာမူ လောင်ကျန်းသည် အကြောင်း ရှာခြင်းသာ ဖြစ်သည်၊

တစ်နည်းဆိုသော် သွေးတိုးစမ်းလိုက်ခြင်းသာ ဖြစ်ပါ၏။

ကျန်းချင်က သက်ပြင်းရှည်တစ်ချက်ချလိုက်သည်၊ ဒုစရိုက် သောကမှလူတွေ၏ ဦးနှောက်ဉာဏ်ကစားကြပုံကို သူလုံးဝ နားမလည်နိုင်၊ နားလည်နိုင်အောင်လည်း သူ့မကြိုးစားချင်တော့။

ကျန်းချင် ဆုံးဖြတ်ချက်တစ်ခုတော့ ချမိသည်၊

သည်တစ်ပွဲနဲ့ပြီးလျှင် ရှာသို့ပြန်ကာ လယ်သမားဘဝနှင့် နေပါတော့မည်ဟု....၊

* * *

ဟေ့.....ကျားနက်၊ မင်းသေသေချာချာနားစွင့်စမ်း၊ ငါ့သမီးကို ပြန်လွှတ်လိုက်မယ်ဆိုရင် မင်းအတွက် သားလုံးအဆင်ပြေစေရမယ်၊

ရှေ့နေကြီးစမစ်က သမီးဇောဖြင့် အော်တစ်ပြောဆိုလိုက်ခြင်းဖြစ်သည်၊

အတန်ကြာတွင် ဂိုဒေါင်ထဲမှ ကျားနက်၏အသံ ထွက်ပေါ်လာသည်။

'ငါ့ရဲ့တောင်းဆိုချက်ကို မင်းတို့လက်ခံမှ ငါသူ့ကိုလွှတ်ပေးမယ်'

'မင်းရဲ့တောင်းဆိုချက်က ဘာလဲ'

'လောင်ကျန်း....ကိုယ်တိုင်အထဲဝင်လာပြီး ငါနဲ့ဆွဲနွှဲပါ၊ သူ လူနှစ်ယောက် ခေါ်လာနိုင်တယ်၊ နှစ်ယောက်ထက်ပိုမခေါ်လာရဘူး'

'ဟေ့ကောင် ကျားနက်၊ ငါက မင်းရဲ့ တောင်းဆိုချက်ကို နားထောင်ရမှာတဲ့လား'

လောင်ကျန်းက မခံမရပ်နိုင်ဟန် အော်ပြောသည်။

'လက်မခံဘူးဆိုရင်တော့ ငါ ဒီကောင်မလေးကို အရင်ရှင်းပစ်ရမှာပဲ'

ကျားနက်က အေးဆေးစွာ ပြောသည်။

ရှေ့နေကြီးစမစ်၏ မျက်လုံးအစုံ နီရဲလာသည်။ လောင်ကျန်း၏ လက်ကိုဆွဲလျက် အသနားခံသည်။

'ဆရာကြီးကျန်း၊ ကျုပ်မှာ ဒီသမီးလေး တစ်ယောက်တည်းရှိတာပါ၊ ဆရာကြီးသာ ကျုပ်သမီးကိုမကယ်ရင်တော့ သမီး သေဖို့ပဲရှိတော့တယ်၊ ဆရာကြီးကသာ သမီးကို ကယ်ရင် ဆရာကြီး ကျုပ်ကိုဘာပဲခိုင်းခိုင်း အသက်နဲ့လဲပြီး လုပ်ပေးပါ့မယ်'

လောင်ကျန်း အတန်ကြာအောင် စဉ်းစားသည်။

ပြီးနောက် မျက်မှောင်တစ်ခွက် ကုတ်လိုက်ရင်း....

'ကျားနက်....ကောင်းပြီ၊ ငါ မင်းရဲ့စကားကို လက်ခံမယ်'

ဟု အော်ပြောလိုက်သည်။

တစ်ဆက်တည်းမှာပင် ကောင်းတင်းဘက်သို့လှည့်လျက်....

'ကောင်းတင်း....မင်းနဲ့ငါ အထဲကိုဝင်ရအောင်'

'ကျုပ်လဲလိုက်ပါရစေ'

စမစ်က ကမန်းကတန်းဆိုသည်။

'မလိုက်နဲ့၊ မင်းလိုက်လာရင် ငါတို့ ဘာမှအကျိုးမရှိဘူး၊ ငါတို့ကို ဒုက္ခပေးသလိုဖြစ်နေမယ်'

ကောင်းတင်းက ဟန့်တားလိုက်သည်။ ရှေ့နေကြီးစမစ် ခေါင်းပုသွားသည်။

ထိုစဉ် ကိန်နီနှင့်ကီဆာဆိုသော ဂျပန်နှစ်ယောက် လူအုပ်ကြားမှထွက်လာပြီး သတ်ပုတ်ပြကြသည်။

လောင်ကျန်းက ကိန်နီကိုရွေးလိုက်သည်။

သို့သော် ကောင်းတင်းက ခေါင်းခါသည်။

လောင်ကျန်းက နားမလည်ဟန်ဖြင့်....

'ဒါဖြင့် မင်းဘယ်သူ့ကိုရွေးမှာလဲ'

'သူတို့ကအရေးကြုံလာရင် ဆရာကြီးအဘွဲက် အသက်စွန့်ရဲ့ကြမယ့်လူတွေ မဟုတ်ဘူးဗျ'

ကောင်းတင်းက ကျန်းချင်ဘက်သို့လှည့်ကာ....

'ဒီလူအုပ်ကြီးထဲမှာ သူတစ်ယောက်တည်းသာ လောင်ကျန်းအပေါ် သစ္စာအရှိဆုံးဗျ'

ကျန်းချင်သည် ကောင်းထင်းအား ကျေးဇူးတင်တင်ကြီး တစ်ချက်မျှကြည့်ပြီးနောက် သူ၏ခါးကြားတွင် ထိုးထားသော ပုဆိန်ကို ဖြုတ်ယူလိုက်သည်၊

လောင်ကျန်းကပြုံး၍ ကောင်းတင်း၏ ပခုံးကိုပုတ်ရင်း "လုံလက်စသတ်ကတော့ မင်းက သေနတ်ပစ် တော်သလောက် လူကဲခတ်လဲ ခက်တာကိုး"

ကျန်ချင်းသည် ဂိုဒေါင်တံခါးကို ခြေထောက်ဖြင့် အသာအယာ တွန်းဖွင့်လိုက်သည်၊

အတွင်းဘက်တွင် မှောင်မည်း၍နေသည်၊ ခေတ္တာကြီးမျှး ကိုသာ မသိမက်ခြင်နေရသည်၊

ကျန်းချင်သည် လက်တစ်ဖက်တွင် ပုဆိန်ကို ကိုင်ထား သည်၊

အခြားလက်တစ်ဖက်ကမူ လက်နှိပ်ခလုတ်မီးကို ကိုင်ကာ သေတ္တာပုံတွေ့ကို တိုးကြည့်နေသည်၊

"ကျားနက်"

လောင်ကျန်းက ကျယ်လောင်စွာ အသံပြုလိုက်သည်၊

"မင်းက ငါ့ကို ထွက်မတွေ့ရဲဘူးလားကွ၊ ခုနဲ့မျှားမင်းက ငါနဲ့စကားပြောချင်သေးတယ်ဆိုကွ"

မာကျောသော အသံတစ်သံ ရုတ်ခြည်းထွက်ပေါ်လာ သည်၊

"ကျုပ်အချိန်ပြည့် ဒီမှာရှိနေတာပဲ၊ ခင်ဗျားရှာကြည့်ရင် တွေ့မှာပေါ့"

အသံမှာ အပေါ်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်၊

တစ်ချိန်ဟည်းတွင် လက်နှိပ်ခလုတ်မီးမှ အလင်းရောင်တန်း များသည် ကျားနက်ကိုယ်ပေါ် ကျလာသည်၊

မီးရောင်အောက်တွင် ကျားနက်နှင့်အတူ မိန်းကလေးတစ် ယောက် ရှိနေသည်၊

မိန်းကလေးမှာ တစ်ကိုယ်လုံး ကြိုးဖြင့်တုပ်နှောင်ခံထား ရ ပါးစပ်ကိုလည်း အပတ်ဖြင့်စည်းထားခြင်း ခံနေရ၏၊

အခန်း (၃၈)

ထိုအခိုက် လောင်ကျန်းက လှမ်း၍အော်လိုက်သည်၊

'ဟေ့ကောင်....ကျားနက်၊ ဆင်းခဲ့စမ်း၊ သူမျှား ငါ့အမေ၊ ဟနေ ရပ်ပြီးစကားပြောတာကို ငါမကြိုက်ဘူးကွ'

ကျားနက်က လေသံအေးအေးဖြင့်....

'ကျုပ်ဒီနေရာကပဲ ပြောမယ်၊ မင်းနားမထောင်ချင်နေ'

'ကဲ....ဒါဖြင့် ပြောစရာရှိရင် မြန်မြန်ပြောကွာ'

နောက်ဆုံးတွင် လောင်ကျန်းက အလျှော့ပေးလိုက်ရလေသည်၊

ကျားနက်တ ခနဲပြုံးပြုံးလျက်....

'ခင်ဗျား အညာခံလိုက်ရပြီ'

'အညာခံလိုက်ရတယ် ဖာတ်လား၊ ဘယ်လိုအညာခံလိုက်ရတာလဲကွ'

'ဒီကိစ္စမှာ ကျွမ်းကျိုယ်တိုင် လှုပ်ခွင့်လှုံ့ဆော်တယ်လို့ ခင်ဗျား ထင်နေတယ် မဟုတ်လား'

'မဟုတ်ဘူးလား'

'လောက်ကျင်းက ခင်ဗျားဒီကိုရောက်လာအောင် ကျွန်ုပ်ကို မျှားခဲ့ခြင်းလိုက်ဘာဟု'

ကျားနက်အဖြေကြောင့် လောင်ကျန်း ဘာမျှဝင့်မပြောတော့။ ကျားနက်ဆက်ပြောမည့် စကားကိုသာ အသေအချာနားထောင်နေရပြီ။

ကျားနက်ကာ အေးစက်စွာဖြင့်....

'ခင်ဗျားကိုယ်တိုင် လိုက်လာတယ်ဆိုတော့ ခင်ဗျားက ခင်ဗျားရဲ့ 'လက်ခွေးစင်လူကောင်းတွေ့' အားလုံးကို ဒီကိုခေါ်လာမယ်၊ အဲဒီအချိန်မှာ လောက်ကျင်းက ခင်ဗျားရဲ့ဌာနချုပ်ကို တစ်ချက်တည်းနဲ့ အပြင်ဖွက်ပစ်နိုင်မှာ သေချာတယ်၊ နောက်ဆို ခင်ဗျားက နေ့စဉ်အိမ်မရှိတဲ့ ခွေးလိုဖြစ်သွားမှာ မဟုတ်ပါ'

လောင်ကျန်းက မျက်မှောင်ကုတ်လျက်....

'မင်းက ငါတို့ညီအစ်ကိုတွေကို ရန်တိုက်မေးနေတာလား ကွ....'

ကျားနက် ဘာမျှပြန်မပြောတော့ဘဲ ခေါင်းပြုံးပြုံးလိုက်သည်။

လောင်ကျန်း စကားဆက်ပြန်သည်။

'အမှန်တော့ ဒီစကားတွေ မင်းငါ့ကို မပြောပြသင့်ဘူး'

'ကျုပ် ခံစိတ်ဖျားကိုပြောရတာက ကျုပ်ကိုယ်တိုင်လဲ အလိမ်ခံနေရလို့'

'မင်းက ဘာမျှားအလိမ်ခံရလို့လဲ'

'သူအစကပြောတော့ ဒီကို သူကိုယ်တိုင်လာပြီး ခင်ဗျားဘို့ကို ကူတိုက်ပေးမယ်တဲ့၊ ဒါဖေမယ့် သူအခု ငါ့ကို တစ်ယောက်ကည်း ချောင်ပိတ် ထားခဲ့တယ်လေ'

ကျားနက်၏ မျက်နှာကို လောင်ကျန်း ထင်ထင်ရှားရှား မမြင်တွေ့ရသော်လည်း သူ၏တောက်ပြောင်နေသော မျက်စိအစုံတွင် ဒေါသမီးမျှား တဖျင်းဖျင်းတောက်လောင်နေသည်ကို ခန့်မှန်းမိလေသည်။

လောင်ကျန်းက ကျန်းချင်နားသို့ကပ်ကာ....

'ဂိန်ကို လူဆယ့်ခွစ်ယောက် ခေါ်ပြီး ဌာနချုပ်ကို ပြန်သွားခိုင်းလိုက်'

'ဒီမှာကော'

ကျန်းချင်ကမေးသည်။

'ဒီမှာ ကောင်းတင်းရှိနေပြီပဲ'

ထိုစဉ် ကျားနက်က....

'လောက်ကျင်းမကလို့ ဘယ်သူပဲဖြစ်ဖြစ်၊ ငါ့ကိုလိမ်လှည့်ခဲ့လို့ရှိရင် ဆူက ဒီအတွက် ငါ့ကို အစားပြန်လျော်ပေးရမယ်'

ကျားနက်၏စကားကြောင့် လောင်ကျန်းက ချက်ချင်းပင် မေးလိုက်သည်။

'မင်းက ကလဲ့စားဧဖျခင်လို့လား'

'ခင်ဗျားက ကျုပ်ကိုလွှတ်လိုက်မယ်ဆိုရင်....'

လောင်ကျန်းက အာဘန်ကြောအောင်, စဉ်းစားလိုက်ပြီးမှ—

'ကောင်းပြီ၊ တကယ်လို့ မင်းက လောက်ကျင်းကိုရှင်းပစ်နိုင်မယ်ဆိုရင် ငါ မင်းကို လွှတ်ပေးလိုက်ရုံမကဘူး၊ မင်းကို ငါ ငွေငါးသောင်းထပ်ပေးဦးမယ်'

လောင်ကျန်း ဤသို့ဆွေးနွေးလာချိန်တွင် ကြမ်းတမ်းစွာ ဆဲဆိုတိုင်းထွာတက်သောစကားများ လုံးဝထွက်မလာတော့။ သူ့အမူအရာလည်း လေးနက်တည်ကြည်လာစမြဲ။

'မင်းသာ ငါ့အတွက် လောက်ကျင်းကိုရှင်းပစ်နိုင်မယ်ဆိုရင် မင်းတောင်းဆိုတဲ့ အချက်တွေအားလုံး ငါလိုက်လျောမယ်'

'ခင်ဗျားက ကျုပ်ကို အရင်လွှတ်ပေးရမှာပေါ့'

'ဒါပေါ့၊ ဒါပေမယ့် မင်းက ဒီမိန်းကလေးတို့လဲ လွှတ်ပေးရမယ်လေ'

ကျားနက်မျက်လုံးအစုံ ရုတ်တရက် တောက်ပလာသည်။

'ကောင်းပြီ၊ ခင်ဗျားတို့ နောက်ကို သုံးလှမ်းလောက် ဆုတ်လိုက်ပါ၊ ကျုပ်ဆင်းလာခဲ့မယ်'

ကျားနက် အနည်းငယ် လှုပ်ရှားလာသည်။ လက်ထဲ၌ ယောဘဲချောင်းကြီးများမှာလည်း အသံများ ထွက်ပေါ်လာသည်။

လောင်ကျန်းက ချက်ချင်း နောက်သို့ သုံးလှမ်းဆုတ်ပေးလိုက်သည်၊ ထို့သို့ဆုတ်စဉ် ကောင်းတင်း၏ဘေးနားသို့ကပ်၍ ပါးတိုးပြောလိုက်သည်။

'ကောင်မလေးကို အရင်ပစ်သတ်၊ ပြီးရင် ကျားနက် အလှည့်'

★

အခန်း (၃၉)

ရှိစီ၏ နောက်ဆုံးအချိန်

ဆယ့်ခုစနှာရီ ဆယ့်ငါးမိနစ်၊

'ခရေပင်လမ်း'ဟု အမည်ဘွင့်သော သူဌေးရပ်ကွက်ထဲ၌ အလွန်ကျယ်ပန်းသော ခြံကြီးကစ်ခြံရှိသည်၊ ယင်းခြံကြီး၏ အလယ်ဗဟိုတွင် သုံးထပ်တိုက်ကြီးတစ်တိုက် ထီးထီးမားမား ရှိသည်၊

ထိုတိုက်ကြီးအတွင်း တစ်ခုဆောနှံရံပေါ်တွင် ချိတ်ဆဲ့ထားသည့် တိုင်ကပ်နှာရီကြီးမှ ဆယ့်တစ်နှာရီဆယ့်ငါးမိနစ်

ထိုးသည်နှင့် ကားခြောက်စီးသည် ရုတ်တရက် ခြံထဲသို့မောင်းဝင်လာသည်။

လောက်ကျင်း၏ကားဆရာ ရှောင်ဖုန်းသည် ကားပေါ်မှ ဆင်းလာပြီး လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

ထိုခြံကျယ်ကြီးမှာ လောင်ကျန်း၏ခြံ၊
တစ်နည်း သူ၏ဌာနချုပ်။
မကြာမီပင် သံတံခါးကြီး - ပွင့်လာသည်၊

ထိုအခါမှပင် လောက်ကျင်းသည် လက်ကိုနောက်ပစ်လျက် ဖြည်းညင်းစွာ ကားပေါ်မှဆင်းရင်း....

'မင်းတို့ရဲ့ ဆရာကြီးကော'

ဟု တံခါးဖွင့်ပေးသူကို မေးသည်၊

'ဆရာကြီးနဲ့အတူ လောင်တင့်အိမ်မှာ အရက်သွားသောက်တယ် မဟုတ်လား'

တံခါးဖွင့်ပေးသူက ကြောင်အမ်းအမ်းဖြေသည်၊

ထိုသူမှာ ကျောက်ပေါက်ကြီး ဖြစ်သည်၊

လောက်ကျင်း၏အမေးကြောင့် သူလွှန်စွာအုံသြသွား၏၊

ထိုစဉ် လောင်ကျန်းက ဆေးပြင်းလိပ်ကြီးကို တစ်ချက်မှုတ်လိုက်ပြီး စဉ်းစားဟန်နှင့်....

'ငါနဲ့သူလမ်းခဲ့ကြတာ အတော်ကလေးကြာသွားပြီပဲ၊ သူ့ဘယ်နှယ်လုပ် အိမ်ပြန်မရောက်သေးတာလဲကွ'

ကျောက်ပေါက်ကြီးက ဘာမျှမသိ၊

သူ တစ်စုံတစ်ခု လှမ်းပြောမည်ပြုစဉ်တွင် ရုတ်တရက်သူ၏ရင်ဝတည့်တည့်တွင် စူးရှနာကျင်မှုတစ်ခုကို ခံစားလိုက်ရပါ၏။ ထို့နောက်သည် နှလုံးနှင့်အလွန်နီးသော နေရာ။

ကျောက်ပေါက်ကြီးသည် ဘာမျှအသံမပြုနိုင်မီလဲကျတော့သည်၊ တို့သို့ လဲကျသွားသောအချိန်တွင် ပါးစပ်မှသွေးများပင် ယိုစီးထွက်လာလို့နေ၏၊

သို့သော် သူ၏မျက်စိကိုကား မမှိတ်သေး၊ ပြူးကြောင်၍သာ လောက်ကျင်းကို စိုက်ကြည့်နေဆဲပင်၊

လောက်ကျင်းက ဆေးပြင်းလိပ် မီးခိုးတန်းကို လွှင့်ထုတ်ရင်း လက်ထဲတစ်ခွက်ယမ်းကြိုက်သည်။

'တတိယထပ်က လောင်ကျန်းရဲ့ ဒုတိယမိန်းမ အိပ်ခန်းထဲမှာရှိတဲ့ မီးခံသတ္တုသွေးကို အရောင်ရှာ၊ တကယ်လို့တားဆီးမယ့်လူ ပေါ်လာရင်....

လောက်ကျင်းက စကားကိုမဆက်တော့၊ လက်ဟန်ဖြင့်သာ ပြလိုက်သည်၊ အဓိပ္ပာယ်ကမူ....

'အားလုံးကိုပစ်သတ်'

'ကောင်မလေးကို အခင်ပစ်သတ်၊ ပြီးရင် ကျွန်တော် အလှည့်'

ကောင်းတင်း၏လက်က အံကြိတ်ထဲ ရောက်နေပြီ၊ အေးစက်နေသော သေနတ်ကိုလည်း ထိမိပြီ၊

သို့သော် သူ၏သက်ရှူင်းများက သေနတ်ဆက်ပိုင် အေးစက်နေသည်။

ယခုမှပင် တောင်းတင်းသည် သူ့ဆရာလောင်ကျန်း၏ လိုလူစားဖြစ်ကြောင်း သိခွင့်ရတော့သည်။

သည်လိုလူစားမျိုးအတွက် သူ အသုပ်မသုပ်ပေးချင်၊ သို့သော် သူတို့နှစ်ဦးကြား၌ စာချုပ်ကြီးက အခိုင်အမာရှိနေသည် မဟုတ်ပါလား။

ထိုအချိန်တွင် ကျားနက်က ရိုစီကို လက်တစ်ဖက်ဖြင့်ပွေ့ ဖက်လျက် ခွေးတွေကြီးပေါ်မှ ခုန်ဆင်းလာသည်။

ရိုစီသည် သူမ မကြာမီသေရမည်ကို လုံးဝမသိ။

ထိုအခိုက် ဝိုင်းခန် သေနတ်သံတစ်ချက် မြည်သွားပြီး သူမ၏ နဖူးတည့်တည့်တွင် အပေါက်ကလေး တစ်ပေါက်ပေါ် လာလေတော့သည်။

သူမသည် အော်ပင် မအော်လိုက်နိုင်၊ ကောင်းတင်း၏ ကျည်ဆန်ကလည်း ဘယ်တော့မှလည်း အလဟဿမဖြစ်ဖူးခဲ့။

ထိုအချင်းအရာကိုမြင်သော် လောင်ကျန်း လွန်စွာပီတိ ဖြစ်သွားသည်။ ရိုစီသေသည်ဆိုလျှင် ကျားနက်အဖို့ လူသေ အလောင်းဖြင့် အကာအကွယ် မပြုလုပ်နိုင်တော့မှန်း သူတွက် မိသည်၊

အကယ်၍ ကောင်းတင်း၏သေနတ်မှ ဒုတိယအကြိမ်အသံ လပ်၍ ထွက်ပေါ်လာလျှင် ကျားနက်လည်း သေရတော့မည် မဟုတ်ပါလား။

သို့သော် သေနတ်သံကမူ ထွက်မလာပေ၊ ပထမဆေနတ် သံမေ့ပေါ်လာပြီးသည့်နှင့် ထန်းခနဲ အသံတစ်သံသာ ထွက်ပေါ် လာမါ၏။

ယင်းအသံကို ဖန်တီးသူက ကျားနက်၊



အခန်း (၄၀)

ကျားနက် သော့နှစ်ချောင်းကို ကောင်းတင်းထဲ ပစ်လိုက်သည်။ ယင်းသော့ချောင်းက သေနတ်ပြောင်းဝဲသို့ တိုးဝင်သွားသဖြင့် ကျည်ဆန်ထွက်မလာနိုင်တော့။

ထို့ကြောင့်ပင်းအတွင်းမှာပင် ကျားနက်သည် ရုတ်တရက် လောင်ကျွန်းထံ ခုန်အုပ်လိုက်၏။

လောင်ကျွန်း သူ၏လက်စွဲသေနတ်ကို ဆွဲထုတ်ရန် ပြင်သေးသည်။ သို့သော် သူ၏အိတ်ထဲတွင် သေနတ်မရှိတော့။

ကမ္ဘန့်မူ သူသည်သေနတ်ကို လောင်းကစားရုံတွင်ရှိစဉ်က ရှဲခုန်ကြိုးအား ပေးထားမိသည်။ ရှဲ့နေကြီးက စားပွဲပေါ်တွင် ဇင်ထားရာမှ လောင်ကျွန်းကယူရန်မေ့လျော့ခဲ့၏။

ယခု ကျားနက်ခုန်အုပ်လာသော လေသံကိုပင် သူကြား နေရပြီ။

လောင်ကျန်းက တိတ်လန့်တကြား ၎င်း၏တပည့်ကိုအော် ခေါ်လိုက်သည်၊ သူအော်ခေါ်လိုက်သူက ဂျပန်ကြီး ကီနို။

ချက်ချင်းပင် အပြစ်ဘက်မှလူတစ်ယောက် ပြေးဝင်လာ သည်။ သို့သော် ကီနိုမဟုတ်။ တိုလူသည် ထက်မြက်လှသော ပုဆိန်သွားဖြင့် ကျားနက်ကိုဝင်ခုတ်လေသည်။ လောင်ကျန်း ကို အသက်စွန့်ကယ်လိုက်သူမှာ ကျန်းချင်။

ကျားနက်က ရုတ်တရက်တစ်ချက်အားကုန် အော်လိုက်ပြီး လေထဲတွင် တစ်ပတ်ကျွမ်း လှည့်ထိုးပစ်လိုက်သည်။

ကျားနက်၏ အော်သံနှင့်အတူ လက်သီးနှစ်လုံးက လျှပ် တစ်ပြက်အတွင်း သံတူကြီးနှစ်ခုမှာ ကျန်းချင်၏နှာရိုးပေါ်သို့ တည့်တည့်မတ်မတ် ကျရောက်လာသည်၊

တစ်ဆက်တည်းတွင်ပင် ကျန်းချင်က မိမိ၏နှာရိုး ကျိုး ကြေသွားသည်ကိုလည်း ခံစားလိုက်ရသည်။

နာကျာလှန်းသော ဝေဒနာနှင့်အတူ နှာခေါင်းမှ ဒသွေး များ၊မျက်ရည်များပင် ယိုစီးကျလာသည်။

သို့သော်....ယူဆည် နောက်ထပ်အခြားသောဝေဒနာများ ကို ဆက်၍မခံစားနိုင်တော့ပေ။

အကြောင်းမှာ ကျားနက်၏ ကိုယ်ခန္ဓာ မြေပြင်ပေါ်သို့ ပြန်ကျလာသောအချိန်တွင် ၎င်း၏ ခြေထောက်တစ်ဖက်သည် ရုတ်တရက် ကျန်းချင်၏ လည်မျိုဆီသို့ ကန်ထည့် လိုက်သော

ကြောင့်ဖြစ်သည်။ ကျန်းချင်လဲကျ သွားချိန်၌ လက်ထဲတွင် ပုဆိန်ကြီးကိုတင်းကျပ်စွာ ဆုပ်ကိုင်ထားလျက်။

ကျန်းချင်၏ မျက်လုံးစုံပြာဝေနေချိန်တွင်ပင်....

ကျန်းချင်သည် သူ့ကျေးရွာကို ပြန်လည် မြင်ယောင်လာ သည်၊ မိမိ၏ တဘိမ်ကလေးရှေ့တွင် ငယ်စဉ်က လက်ထပ် ခဲ့သော မိန်းကလေးနှင့် အတူ ထိုင်၍ လက်ဖက်ရည်ကြမ်း သောက်ရင်း ကွယ်ပလုလုဆည်းဆာအလှရိပ်အား ကြည့်မော နေကြပုံကိုမြင်ယောင်လာပါ၏။

အမှန်မူ ကျန်းချင်သည် ဇာတိရွာသို့ စောစောကပင် ပြန် သင့်သည် မဟုတ်ပါလား။

ယခုမူ....

* * *

ကောင်းတင်းသည် လက်ထဲမှ သေနတ်ကို ငေးကြောင် ကြည့်နေမိသည်။ သေနတ်ပြောင်းဝက ကွဲအက်နေပြီ။

ကျားနက်ပစ်လွှတ်လိုက်သော သေ့ချောင်း၏ အားက ကြီးမားလှသည် မဟုတ်ပါလား။

ကျွန်းနက်က ကျွန်းချင်ကိုအပြီး အပြတ် ပွတိုက်ပြီးနောက် ကောင်းတင်းဘက်သို့ ဖျတ်ခနဲသွည့်၍ ပြုံးပြရင်း....

'ငါမင်းကို အသက်ဘစ်ချောင်း အာကြွေးဆပ်ဖို့ ရှိတယ်၊ အခု ငါမင်းကိုပြန်ဆပ်လိုက်ပြီ'

ဟု ပြောပြီးနောက် ဂိုခဲ့အပ်ဘက်သို့ ပြေးထွက်သွား သော လောင်ကျွန်းနောက်သို့ လိုက်လေသည်။

အပြင်ဘက်တွင်မူ အခြေအနေ ပြောင်းလဲလျက်ရှိသည်။ လောင်ကျွန်းသည် အပြင်သို့ရောက်သောအခါ ကျွန် အခြေအနေတစ်မျိုး ပြောင်းလဲ နေသည်ကို သိရသည်။

လောင်ကျွန်းဂိုဒေါ်သို့ ဝင်စည်းကမ်းအပြင်ဘက်ဂွင် သူ့ လက်ရွေးစင် စာပည့် ဆယ်ယောက်ဘီတီ ကျန်နေသေး သည်။

သို့သော် အခုအပြင်ဘက်၌ လောင်ကျွန်း၏ တပည့် ဆယ် ယောက်အပြင် မျက်နှာဖုံးစွပ်ထားမှသာ ယူနှစ်ဆယ်ကျော် ခန့်လည်း ရောက်ရှိနေသည်။ သူတို့သည် လောင်ကျွန်း၏ တပည့်များကို ဝိုင်းရံထားသည်။ လက်ထဲတွင်လည်း လက်နက် ကိုယ်စီ ကိုင်ဆောင်ထားကြ၏။

သူတည် ယင်းမြင်ကွင်းကြောင့် လွန်စွာ ထိတ်လန့်သွား သည်။ သို့သော်ဒေါသလည်း မပြေးသေး၊ သို့ကြောင့်ဂွင်ခန့် မပျက်အောင်ထိန်းရင်းအသံခပ်ဝဲဝဲဖြင့်...

'မင်းတို့က ဘယ်က ကောင်တွေလဲ၊ ဘာလုပ်ဖို့ ဒီကိုရောက် လာကြတာလဲ'

အသံကသာ ဒေါသသံဖြစ်နေသည်၊ လူကမူ ကြောက်ရွံ့ စိတ်ကြောင့် တုန်လှုပ်နေသည်။

သူ့အမေးကို မည်သူမျှ ပြန်မဖြေ။ မကြားလည့် ဟန်ဖြင့် ခပ်တည်တည်၊

မှန်သည်၊ ဤအချိန်တွင် သူ၏စကားက ဘာမျှ တန်ဖိုး မရှိတော့၊ ထို့ကြောင့် မည်သူမှလည်း သူ၏အမေးကိုအရေး တယူမဖြေ။

ထိုစဉ် ခွတ်ဘရက် သူ၏ နောက်ဆက်ဆီမှ ကျားနက်၏ ခန့်သံထွက်ပေါ်လာသည်။

'အခု....မင်း ဘာတောင်းဆိုချင်သေးလဲ'

သူ့စကားချာခနဲ အနောက်အက်သို့ လှည့်၍ ကျားနက်ကို စိုက်ကြည့်ရင်း....

'သူတို့က လောက်ကျင်းလွတ်လိုက်တဲ့လူတွေလား'

'ဒါ....မင်းသိဖို့မလိုပါဘူး၊ ဒါပေမယ့် မင်း သိထားဖို့က သူတို့မင်းကိုအခွင့်ရှိနေရွေးဆတ်ပစ်နိုင်တယ်'

လောင်ကျွန်းသက်ပြင်း ဘစ်ချက်ချလိုက်ပြီး....

'ငါ့ကို သတ်ဖို့ဆိုဘာ ဒီလောက် မလွယ်သေး ပါဘူး ကွာ'

'မင်း....စဉ်းစားကြည့်ချင်လို့လား'

ကျားနက်၏ အသံက ဇာတ်ပြိမ် ပြတ်သားလှသည်။

ကျားနက်၏ အမူအရာကြောင့် လောင်ကျွန်း ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်သည်။

'မင်း....ဘယ်လိုအခြေအနေမျိုးမှ ငါ့ကိုလွှတ်မလဲ'

'ငါ့ရွေလာပြီး ငါ့ကိုဦးသုံးကြိမ်ချရမယ်'

ကျားနက်စကားကြောင့် လောင်ကျန်း မျက်နှာတစ်ခုလုံး နီရဲသွားသည်။ ရှက်စိတ်နှင့် ဒေါသစိတ်တို့ ရောယှက်နေသော လောင်ကျန်းက ရုတ်တရက်အော်လိုက်ပြန်သည်။

'ကီဆာ'

ထိုအချိန်တွင် ဂျပန်ကြီးကီဆာမှာ ထိတ်လန့်နေသည်။ သို့ရာတွင် ဂျပန်လူမျိုးများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းသောအားဖြင့် သူသည် အံကြိတ်လျက် အားတင်းလိုက်ပြီး ချက်ချင်းပင် ကျားနက်နှင့် ရင်ဆိုင်တိုက်ခိုက်ရန် ရှေ့သို့တိုးလာလေတော့သည်။

ကျားနက် တစ်ချက်မျှပြုံးလိုက်သည်။ သူ၏ ဖြူဖွေးသော သွားများ ဖွေးခနဲလက်ထသွားသည်။

သူသည် ရှေ့သို့သုံးလှမ်း တက်လိုက်ရင်းမှ ကီဆာအား လက်ယပ်ခေါ်လိုက်သည်။

'လာလေ....မင်းတို့ဂျပန်တွေရဲ့ပညာကို ငါစမ်းချင်နေတာကြာလှပြီ'

ကျားနက်က လက်ယပ်ခေါ်လိုက်ရုံပင် ရှိသေးသည်။ ထို ဂျပန်ကြီးက သူ၏လက်ကောက်ဝတ်ကိုဖမ်းဆုပ်ပြီး ကျားနက်အား လှဲယမ်းပစ်လိုက်တော့သည်။

* * *

ကောင်းတင်းကမူ တံခါးဘေးနားတွင် မလှုပ်မယှက် ရပ်နေဆဲ။

သူသည် ရှေ့နေကြီးစမစ် ပြေးဝင်လာပြီး သမီးဖြစ်သူ၏ အလောင်းကိုပွေ့ဖက်ကာ ဝမ်းနည်းပက်လက်ငိုယိုနေသည်ကို ငုံ့ကြည့်နေခြင်းဖြစ်သည်။

စမစ် သမီးလေးရှီစီ၏အလောင်းကိုဖက်လျက် ယူကျုံးမရဖြစ်နေသည်။

ပြင်သစ်လူမျိုးသည်လည်း လူဆဲကလူပင် မဟုတ်ပါလား။ ကြေကွဲစရာ၊ ရင်နှင့်စရာနှင့်ကြုံလျှင် ဝမ်းမနည်းဘဲ နေနိုင်ပါမည်လား။

ထိုစဉ် ကောင်းတင်းသည် အပြင်ဘက်သို့ ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။

ထိုအချိန်တွင် ဂျပန်ကြီးကီဆာက ကျားနက်အား ဝှေ့ယမ်း ပစ်ပေါက်လိုက်သည်ကို မြင်ရသည်။

အခန်း (၄၁)

ကျားနှက်၏ဦးခေါင်းမှာ ဂိုဒေါင်၏နံရံနှင့် ထိုက်မိတော့မည့်အချိန်၊

ဂျပန်ကြီးကိဆာသည် ထိုအခြေင်းအရာကိုမြင်သည်၊ ယင်းကြောင့် ၎င်း၏မျက်နှာပေါ်တွင် အားရကျေနပ်သောအပြုံးတို့ ဖြစ်ပေါ်လာသည်၊

သို့သော် ထိုတိုတောင်းလှသော အချိန်အတွင်းတွင် ကျားနှက်က ကိုယ်ကိုတစ်ဖက်လှည့်လိုက်ပြီး ခြေထောက်မြင့်နံရံကို ကန်ကာ ဂျပန်ကြီးဆီသို့ တစ်ကျော့ပြန်ရောက်လို့ လာသည်၊

ဂျပန်ကြီးကိဆာ၏အပြုံးမှာ ရုတ်ခြည်းပင် ပျောက်ကွယ်သွားပြီး မိမိမျက်စိကိုပင် မယုံကြည်နိုင်တော့အောင် အံ့ဩသွားသည်၊

ထိုစဉ် ရုတ်တရက် ကျားနက်က ၎င်းထံသို့ ခုန်အုပ်လာသည်၊ သူခုန်အုပ်လိုက်သည့်ပုံက ဘယ်ဘက်လက်ကို ကွေးထားပြီး ညာဘက်လက်သီးကို ခါးတွင်ကပ်ထားသည်။

ကီဆာမှာ လွန်စွာ ထိတ်လန့်သွားသည်၊ သို့သော် ဂျူဒို အကျော်အမော်ဘစ်ဦးဖြစ်၍ စိတ်ကိုဟည်ပြိမ်အောင် ချက်ချင်း ထိန်းထားလိုက်နိုင်သည်။

သူသည် ကျားနက်၏စတင်တိုက်ခိုက်လာသောတိုက်ွက်ကို မြင်သည်နှင့် အဆင့်မြင့်ကရာတေး အကွက်မှန်း သိသွားသည်၊

ကီဆာသည် ဂျပန်ပြည်တွင်ရှိနေစဉ်က ထိပ်သီးကရာတေး သမားများနှင့် အခါပေါင်းများစွာ ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်သည်၊

ထို့ကြောင့် ယခု ကီဆာက ကျားနက်ကို ပြန်လည်တိုက်ခိုက်ရန် ချက်ချင်းပင် တိုက်ွက်ကို ပြန်လည်ပြင်ဆင်ထားနိုင်လိုက်သည်၊

သို့သော် ကျားနက်၏တိုက်ွက်က လျှပ်တစ်ပြက်အတွင်း ပြောင်းလဲသွားပြန်သည်၊

ကျားနက်သည် ကီဆာအနီးအရောက်တွင် ရုတ်တရက်ထိုင်ချလိုက်ပြီး ခြေထောက်ဖြင့် ကီဆာ၏ ခြေဒူးခေါက်ကွေးကို ခတ်၍ရိုက်ချလိုက်သည်၊

အပြောင်းအလဲမှာ မြန်လွန်းလှသည်၊ သို့သော် ကီဆာလည်း မနေ့းပါ၊

သူသည် အားကုန်အော်ဟစ်ပြီး အမြင့်သို့ တစ်ချက်ခုန်ရှောင်လိုက်လေသည်၊

သို့သော် ကျားနက်၏ ညာခြေထောက် ပတ်ထွက်သွားသည်နှင့် ဘယ်ခြေထောက်ကလည်း ရုတ်တရက် မြေကြီးကို ကန်၍ လူကိုယ်ကို မတ်ရပ်အနေအထား ပြုလိုက်သည်၊ တစ်ဆက်တည်းတွင် သူ၏ ညာဘက်လက်သီးက ကီဆာ၏ နှာခေါင်းရိုးပေါ် သို့ အားကုန်ပစ်သွင်းလိုက်လေသည်၊

သို့ရာတွင်ကီဆာ၏နှာခေါင်းတွင်အရိုးမရှိပေ၊ ယင်းကြောင့် သူ၏နှာခေါင်းမှာ ပျော့ပျောင်းနေသည်၊

အမှန်တော့မူ ကီဆာက ၎င်း၏နှာရိုးကို ဂျပန်ပြည်တွင် ရှိစဉ်ကပင် ခွဲထုတ်ထားသည်မဟုတ်ပါလား၊

ကျားနက် လူပေါင်းများစွာတို့၏နှာရိုးကို ချိုးခဲ့ဖူးလေသည်။

သို့သော် ယခုလို နှာခေါင်းမျိုးကိုတော့ ကျားနက် မကြုံတွေ့ခဲ့ဖူးပေ။ ကျားနက် ရုတ်တရက် ငေးကြောင်သွားလေသည်။

ထိုစဉ် သူ၏ညာလက်ကောက်ဝတ်ကို ကီဆာဖမ်းမိသွားပြန်သည်၊ သည်တစ်ကြိမ်တွင်မူ ကီဆာက အရင်တစ်ကြိမ်ကဲ့သို့ ကျားနက်အား ဝှေ့ယမ်းပစ်လိုက်မည်မဟုတ်၊

သူသည် ဘယ်ဘက်ခြေထောက်ကို နောက်ဆီသို့တစ်လှမ်းဆုတ်လိုက်ပြီး ကျားနက်၏လက်ကို ၎င်း၏ချိုင်းအောက်တွင် ညှပ်၍ ကိုယ်လုံးအား ဖြင့်ဖိချသည်၊

အမှန်မူ ကီဆာသည် ကျားနက်၏လက်ကို ချိုးပစ်ရန် ရည်ရွယ်လိုက်ခြင်း ဖြစ်သည်။

ကျားနက်၏ကိုယ်ခန္ဓာမှာ တစ်ဖက်သို့အဆွဲခံလိုက်ရသဖြင့် တခြား လက်တစ်ဖက်မှာလည်း ဘာမှ အသုံးမပြုနိုင်တော့ ပေ။

တစ်ခဏအတွင်း လောင်ကျွန်း၏မျက်လုံးအစုံသည် ရုံတ်ခြည်း ပြန်လည်တောက်ပလာသည်။

ထိုအခိုက်တွင် မမျှော်လင့်သော အော်သံတစ်သံ ကျယ်လောင်စွာ ကြားလိုက်ရသည်။ အသံရှင်မှာ ၎င်း၏ဦးခေါင်း နှင့် နံရံဆောင့်မိသွားသောကြောင့် အော်လိုက်ခြင်းပင်ဖြစ်သည်။

ထိုသူလဲကျသွားသောအချိန်တွင် မျက်စိ၊ နှာခေါင်း၊ နားနှင့်ပါးစပ်မှားမှသွေးမှား တစ်ပြိုင်နက် ယိုစီးထွက်ကျလာလေသည်။ ယိုသူမှာ ကျားနက်မဟုတ်၊ ကိဆာဖြစ်နေလေသည်။

ကိဆာသည် ကျားနက်တွင် ခြေတောက်နှစ်ဖက်ရှိနေသေးကြောင်းကို သတိမေ့သွား၍ ယခုကဲ့သို့ ခံလိုက်ရခြင်းဖြစ်သည်။

ထို့ပြင် သည်လိုအခြေအနေမျိုးတွင် ကျားနက်က ၎င်း၏ခြေတောက်များကိုအသုံးပြုနိုင်လိမ့်မည်ဟု သူလုံးဝ မမျှော်လင့်ခဲ့မိ။

သို့သော် ကျားနက်တွင် ထိုသို့သော ဆူးဆန်းအံ့သြဖွယ်ကောင်းသည့် အင်အားရှိသည်။

ကျွန်လူအားလုံးသည်လည်း ကိဆာ၏အလောင်းကိုကြည့်ရင်း လွန်စွာ ထိတ်လန့်ကြောက်ရွံသွားကြသည်။

ထိုစဉ် ကျားနက်သည် တည့်မတ်စွာ ပြန်လည်မတ်တတ်ရပ်လိုက်ရင်း....

'မင်းတို့ထဲက ဘယ်သူစမ်းကြည့်ချင်သေးသလဲကွ' ဟု အော်မေးလိုက်သည်။

လောင်ကျွန်း၏လူများမှာတစ်ယောက်မျှမလှုပ်ရဲ၊ ကျောက်ရုပ်ကြီးများမမာ ငြိမ်သက်လျက်ရှိနေကြသည်။

အတန်ကြာသော် ကောင်းတင်းထွက်လာသည်။
သူ့လက်ထဲ၌ဘုင်လည်း သေနတ်မရှိတော့။
သူသည်ဂိုဒါင်ထဲမှ ပြည့်ညင်းစွာတစ်လှမ်းချင်းလျှောက်
ကားလာခြင်း ဖြစ်ကြောင်း၊
သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ဆားသော အနှောက်အိုင်း
တစ်စုံမှာမူ တောက်ပြောင်နေဆဲပင်၊
သူ၏ပုံသဏ္ဌာန်ကိုကြည့်ရသည်မှာ နိုက်ကလပ်ထဲသို့ဝင်လာ
သည့်ပုံမျိုးနှင့် တူခဲ့လေသည်။ သူသည် ယင်းနေ့ည၌ ပြဿနာ

ငင်းအား အချိန်မရွေးသတ်ဖြတ်မည်ကိုလည်း သူအရေးမစိုက်သည်ဟန်၊

ကောင်းတင်း၏ စိတ်တည်ငြိမ်မှု၊ ဒိတ်ခေတ်ခိုင်မာမှုကို မြင်သော် ကျားနက်က စိတ်ထဲဘွင်ကျိတ်၍ ခါးကျိုးမိသည်၊

ထိုစဉ် ကောင်းတင်းသည် ကျားနက်၏နံဘေးသို့ရောက်လာပြီး အသံတည်ငြိမ်စွာဖြင့်....

'အခု ငါပြန်လို့ရပြီလား'

ဟု မေးသည်၊

ကျားနက်က ယုံယုံလေးပြုံးသည်။ ပြီးနောက်....

'ရှေ့ဘက်လမ်းကဗို့က်ထူတယ်၊ သတိထားပြီးသွားလေ တော်ကြာ မင်းရဲ့ဖိနပ်အသစ်ကလေး ပွက်တေ့မေသွားဦးမယ်'

ကောင်းတင်းလည်း မချိပြုံးလေးပြန်ပြုံးလျက်....

'ငါ လမ်းလျှောက်တဲ့အခါ ဘယ်တော့မှဆို သိပ်သတိထားပြီး လျှောက်တတ်ပါတယ်'

'ဒီလိုဆိုရင် ကောင်းတာပေါ့'

'ငါ မင်းကိုနောက်မှ လာတွေ့ဦးမယ်'

'အချိန်မရွေး ကြိုဆိုပါတယ်'

'အခု ငါလူတစ်ယောက်ကို ခေါ်သွားချင်တယ်'

'ဘယ်သူ့ကိုလဲ'

'မင်းသိပါတယ်'

ကောင်းတင်းကပြောရင်းနှင့် လောင်ကျန်း၏ မျက်နှာကို လှမ်းကြည့်လိုက်သည်၊ ထိုစဉ် လောင်ကျန်း၏ မျက်နှာတွင် ကုန်လွှပ်ချောက်ချားလှုန်း၍ ဇောချေးများပင် စီးကျလျက်ရှိနေသည်၊

ယခု ကောင်းတင်း၏ ပြောသံကိုကြားသော် ရုတ်ခြည်းပင် ငင်း၏အမူအရာက ပြန်လည်၍ အသက်ဝင်လာ၏၊

ထိုအခါ ကျားနက်က မကျေနပ်ဟန်ဖြင့်....

'မင်းဘာဖြစ်လို့ သူ့ကိုမှ ခေါ်ထုတ်ချင်ရတာလဲ'

'ငါဒီကိုလာတာက မင်းကိုသတ်ဖို့ လာတာပါ'

'ဩာ်....ဟုတ်လား'

'ဒါပေမယ့် မင်းအခု အသက်ရှင်နေတုန်းပဲ'

'ဒီတော့....'

'ဒီတော့....ငါသူ့အပေါ် အကြွေးတင်သွားတာပေါ့၊ ဒါကြောင့် ငါသူ့ကို အကြွေးပြန်ဆပ်တဲ့အနေနဲ့....'

ကောင်းတင်းက စကားမဆက်ဘဲ ဖြတ်ထားလိုက်သည်။

ကျားနက်က သဘောပေါက်သည်၊ ထို့ကြောင့် ခေါင်းညိတ်လိုက်သည်။

ပြီးနောက်....

'ဒါပေမယ့် ငါ့အထင်တော့ သူဟာယ်ရည်နဲ့မှ မင်းနဲ့လိုက်သွားမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

'ကာဖြာလို့လဲဆိုတော့ သူ့ရဲ့ဘယ်သို့တော့၊ သူ့ရဲ့ပေါ်သားတွေ့ ဒီမှာရှိနေသေးတာပဲ၊ သူက ဘယ်နှယ်လုပ် သူ့ကပည်

'ကောင်းပြီ....လောင်ကျန်းက တကယ်ပဲမိတ်ဆွေကောင်း ပီသတယ်၊ ခေါင်းဆောင်ကောင်း ပီသတယ်'

'မင်း အခုမှသိသလားကွ'

လောင်ကျန်းက မေးသည်။

'ငါသိတာကြာပါပြီ၊ ဒါပေမယ့် အခု ပို့သေချာအောင် စမ်းကြည့်လိုက်တာပါ'

တွေကိုပစ်ထားပြီး တစ်ယောက်တည်း ကိုယ်လွတ်ရုန်းခဲ့မှာလဲ'

ကောင်းတင်းက ပြုံးလိုက်သည်။

သူ့အပြုံးက ကျားနက် ပြောလိုက်သည့် စကားတွင် အဓိပ္ပာယ် အလွန်ပြည့်ဝကြောင်းသိ၍ သဘောကျစိုးမိုး သောအပြုံး။

ကျားနက် ရုတ်တရက် လောင်ကျန်းဘက်သို့လှည့်ပြီး....

'လောင်ကျန်း....ခင်ဗျားလိုက်သွားချင်လား'

ထိုစဉ် အားလုံး၏မျက်လုံးများသည် လောင်ကျန်းဘက် သို့ စူးစိုက်သွားသည်။

သို့သော် လောင်ကျန်းသည် သူ၏ ငယ်သားများဘက်သို့ တစ်ချက်မျှလှည့်မကြည့်။

ဆိုပြင် ရှေ့မှက်နှာနေ့ာက်ထားဘာ ခပ်တည်တည်ဖြင့်....

'ဟေ့ကောင်....ဒီမှာ မိန်းမချောချောလေးလဲ မရှိဘူး၊ ငါဘာဖြစ်လို့ ဒီက ထွက်မသွားချင်ရမှာလဲ'

လောင်ကျန်း၏စကားကြောင့် ကျားနက် အားပါးတရ ရယ်သည်။

အကြောင်းရင်းမှာ လောင်ကျန်း၏ စကားကြောင့် သူ၏ တပည့်များ..မျက်နှာပေါ်တွင် ရင်နှာမှုများ၊ ဝမ်းနည်းမှုများ၊ ဒေါသရိပ်များ ထွက်ပေါ်လာသည်ကို မြင်လိုက်ရသော ကြောင့် ဖြစ်သည်။

အတန်ကြာမှ ကျားနက်က ခနဲ့ပြုံးပြုံးရင်း ပြော၏၊



အခန်း (၄၃)

ကျားနက်က ရယ်လျက်ပင်၊ ပြီးမှ ၎င်း၏အကားကို ပြန်ဆက်သည်။

"ကောင်းပြီ၊ ဒီတစ်ချက်နဲ့ပဲ ငါမင်းကို ခွင့်လွှတ်လိုက်မယ်၊ ကောင်းဘဝ်း....ပင်းသူ့ကို ခေါ်သွားနိုင်ပြီ"

ကျားနက်သည် လောင်ကျွန်းတစ်ယောက် အသက်ရှင်လျက်ရှိသော်လည်း သူ၏ကပည်ိများ စိတ်ထဲ၌မူ လောင်ကျွန်းသေနေပြီ၊ ထုံးဝေသလော်ပြီ။

အမှန်တော့ ဤအခွက်ကို လောင်ကျွန်းမသိ၍မဟုတ်၊ သူသိသည်။

သူကလည်း သူ့အကြွေးနှင့်သူမို့ ငြိမ်နေသည်၊

ဒါကြောင့် သူက ရှေ့နေကြီးကို ဂရုမစိုက်တဲ့ ကောင်းတင်းထံသို့ ဆက်လျှောက်သွားသည်။

ရှေ့နေကြီးမစ္စတာစမစ်ကမူ သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ စားတော့မည့် ဝါးတော့မည့်ပုံဟန်။ သူ၏ မျက်လုံးများကလည်း မီးခဲကဲ့သို့နီရဲလျက်။

'ကျုပ် ခင်ဗျားကို တစ်ခုမေးချင်တယ်'

ရှေ့နေကြီးစကားကြောင့် လောင်ကျန်း အတော် စိတ်သက်သာရာရသွားသည်။ ရှေ့နေကြီး ဈာန်ခုတည်းသာ မေးမည်ဆိုလျှင် မထောင်းသာပါ။

'သို့မဟုတ်လျှင်မူ....'

လောင်ကျန်းက ရုတ်ခြည်း ရပ်ကာ မျက်မှောင်ကုတ်လျက်....

'ဘာလဲ'

ရှေ့နေကြီးမျှတ်နှာ ဖြူဖပ်ဖြူရော်ဖြင့်....

'ခင်ဗျား ဘာဖြစ်လို့ ကျုပ်ခမီးကိုသတ်ဖို့ အမိန့်ပေးလိုက်တာလဲ'

'ဟေ့ကောင်....ဒီနေရာက မင်းကြီးတော်ရဲ့ ဘုရားရုံးမဟုတ်ဘူးကွ၊ မင်း ဘာတွေလာမေးနေတာလဲ'

ရှေ့နေကြီးက လောင်ကျန်းကိုစိုက်ကြည့်နေဆဲ။ မျက်လုံးများလည်း ပို၍နီလာသည်ဟုထင်ရ၏။

လောင်ကျန်းကမူ သူ့အား ဂရုမစိုက်တဲ့ လှည့်ထွက်သွားမည်အပြုတွင် ရှေ့နေကြီး၏အသံ ထပ်မံ ပေါ်ထွက်လာပြန်သည်။

ထိုစဉ် လောင်ကျန်းသည် အင်္ကျီပေါ်တွင် ကပ်နေသော ဖုန်များကို ခါချလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ကောင်းတင်းနှားသို့ လျှောက်သွားသည်။

သို့သော် သူ၏တပည့်ကျောက်များကိုတော့ တစ်ချက်မျှလှည့်မကြည့်ရဲ၊ သူ၏မျက်လုံးအစုံက ကောင်းတင်းကိုသာ အားကိုးတကြီးဖြင့် ကြည့်နေသည်။

ထိုအခိုက်....

'ခဏနေဦး'

ဟူသော အသံကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသည်။

ထိုအသံကား အမှောင်ထဲမှ ထွက်ပေါ်လာခြင်းပင်၊ အသံရှင်က ရှေ့နေကြီး မစ္စတာ စမစ်။

ယင်းအသံကြောင့် လောင်ကျန်း မျက်မှောင်ကုတ်သွားသည်။

စိတ်ထဲမှ ရှေ့နေကြီးသည် သူနှင့်အတူ ဤနေရာမှထွက်ခွာသွားခဲ့ရှာလား။ သို့မဟုတ် ဘယ်သို့သောသတောဖြင့် ဟန့်တားသနည်းဟု တွေးနေသည်။

အကယ်၍ ရှေ့နေကြီးက သူနှင့်အတူ လိုက်ထွက်မည်ဆိုလျှင် ကျားနက်ဘကော တစ်ယောက်အပို လွှတ်ပေးနိုင်မည်လား။

မည်သို့ဖြစ်စေ၊ လောင်ကျန်းက ယခု သူ့ကိုစွတ်ငင် မည်သူ့ကိုမျှ ဝင်မရှပ်စေချင်။ သူလည်း ရှေ့နေကြီး မစ္စတာစမစ်ကို ဒေါ်မထုတ်နိုင်။

'ငါ မင်းကို စကားတစ်ခွန်းပြောပြရဦးမယ်'
လောင်ကျန်းက ဒေါသထွက်လာသည်၊
ချာခနဲနောက်သို့လှည့်၍ ဆံသိုရန်ဟန်ပြင်လိုက်သည်၊
သို့သော် လောင်ကျန်း၏နှုတ်မှ ရှိုင်းစိုင်းသောစကားလုံး
များ ထွက်မလာနိုင်ခဘဲပေ၊
အမြဲကြောင်မူ ရှဲ့နေကြီး၏လက်ဆဲတွင် သေနတ် တစ်
လက် ပျောက်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်၊

ထိုသေနတ်မှာ လောင်ကျန်း လောင်းကစားရှုံတွင် ရှိစဉ်
က ရှဲ့နေကြီးကို ပေးထားခဲ့ပြီး သေနတ်ကိုခဲ့ပေါ်တွင် ထင်
ထားခဲ့ကာ ပြန်ထွက်လာသော အချိန်တွင် ရှဲ့နေကြီးက
လောင်ကျန်းမသိမခာင် တီတ်ကဆိတ် ယူဆောင်လာခဲ့ခြင်း
ပင် ဖြစ်သည်၊

ထိုစဉ် ရှဲ့နေကြီး၏အသံမှာ ရုတ်ဘရက် အလွန်တည်
ငြိမ်သွားပြီး....

'ကျွပ် ခင်ဗျားကိုးပြောပြမယ်၊ ကျွပ်သေနတ်ပစ် လက်
မှန်းတည်တယ်၊ အခု ခင်ဗျားခဲ့ မျက်နှာပေါ်မှာ မျက်လုံး
တွုံးလုံးဖြစ်သွားအောင် လုပ်ပြနိုင်တယ်'
လောင်ကျန်း၏မျက်နှာ ရုတ်ဘရက် တွန့်လိမ်သွားသည်၊
ထိုအခိုက်တွင် ရှဲ့နေကြီး၏လက်ထဲမှ သေနတ်ပြောင်းဝ
မှိုးပွင့်လာသည်ကိုလည်း မြင်လိုက်ရသည်။ သေနတ်သံ ထွက်
ပေါ်လာသည်ကိုလည်း ကြားလိုက်ရသည်။

ထိုကြောင့် လောင်ကျန်း၏ ပါးစပ်မှ 'ဟေ့....' ဟုသာ
တစ်ပိုင်းတစ်စဆဲရေးသံ ထွက်ပေါ်လာပြီး ဆဲရေးတိုင်းထွာ
ခြင်းကို အဆုံးမသတ်လိုက်ရတော့ပေ၊
ထို့အပြင် ၎င်း၏နှုဖူးပေါ်တည့်တည့်၌ မျက်လုံးနှစ်ခုကြား
ဝယ်လည်း အပေါက်တစ်ပေါက် ဖြစ်ပေါ်လာသည်၊
ထိုအပေါက်မှ အေးများပင် ပန်းထွက်လျက်.....၊
ထိုအခါ လောင်ကျန်း၏ စနွာကိုယ်တစ်ခုလုံး အရုပ်ကြီး
ပြတ်ကဲ့သို့ လဲကျသွားလေတော့သည်၊
ရှဲ့နေကြီးသည် လောင်ကျန်း လဲကျသွားသည်ကို စိုက်
ကြည့်ရင်း အရှုးတစ်ယောက်ပမာ အော်ဟစ်ရယ်လိုက်သည်၊
ပြီးနောက် သေနတ်ပြောင်းဝကို ပါးစပ်ထဲထည့်ကာ ငုံ
ထားလိုက်သည်၊ လျှပ်တစ်ပြက်အတွင်း သေနတ်သံ တစ်ချက်
ထပ်မံ ပေါ်ထွက်လာပြန်သည်၊
ထိုနောက်တွင်မူ ရှဲ့နေကြီး၏ရယ်သံကို ထပ်မံ မကြားရ
တော့ပေ၊ အချိန်မှာ တစ်နာရီတိတိ၊

အခန်း(၄၄)

သွေးစီးခြောင်း....

လောင်ကျန်း၏ နှဖူးပေါ်မှ သွေးများ တိတ်ရပ်သွား ပြီး....

သူတို့အားလုံးလောင်ကျန်းအလောင်းကောင်ကိုသာ စိုက် ကြည့်နေကြ၏၊

ယင်းအချိန်တွင် ကျွားနက်သည် အလှန် နှမ်းနယ်သော အနေဖြင့် လောင်ကျန်း၏ တပည့်အားလုံးကို လက်တစ်ချက် ခဲ့ ယမ်းပြခဲ့....

'ကဲ....မင်းတို့အားလုံး ပြန်ကြပါတော့ကာ'

ဟု ဆိုသည်။

ကျွန်ုပ်စကားကြောင့် သူတို့အားလုံးကြောင်တက်တက်ဖြစ်သွားကြသည်။

အာယ်ကြောင့်ဟူမူ သူတို့သည် နောက်ဆုံး အသက်လုံခြုံနှင့် ရင်ဆိုင်တိုက်ခိုက် ရတော့မည်ဟု ထင်ထားကြသည်။ ဒီတစ်ကြိမ်တိုက်ခြင်းသည် လောင်ကျွန်း အတွက် တိုက်ခြင်းတော့မဟုတ်၊ ကိုယ့်ကိုကိုယ် ကာကွယ်သော သဘောချင်းတူ တိုက်ပွဲဝင်။

သို့သော် ယခုမမျှော်လင့်တဲ့ ကျွန်ုပ်ကသူတို့ကို ခွင့်လွှတ်လိုက်ကြောင်း သိရသောအခါ လွန်စွာ အံ့သြသွားကြသည်။ စိတ်ထဲတွင်လည်း ကျွန်ုပ်အား လွန်စွာ စကျွေးဝင်လေးစားသွားကြသည်။

ကျွန်ုပ်ထံမှ နှစ်နှယ်သောအသံတစ်သံ ထွက်ပေါ်လာပြန်သည်။ ထိုစဉ်ကျွန်ုပ်ထံမှ....

"ငါ မင်းတို့ကို မသတ်ချင်ပါဘူး။ အစကတည်းကမသတ်ချင်ပါဘူး၊ အမှန်တော့မင်းတို့အားလုံးဟာ ငါနဲ့ဘဝတူဆင်ပါပဲ၊ သူများအတွက်နဲ့ သွေးထွက်ရတဲ့ လူချည်းဘဲ၊ ငါအခုဆုံးဖြတ်ချင်းလိုက်ပါတယ်၊ နောက်နောင် မင်းတို့ အားလုံး လောင်ကျွန်းထက်ပိုပြီး သစ္စာရှိတဲ့ လူတွေအတွက် အလုပ်လုပ်နိုင်ပါစေလို့"

သူ့စကားမဆုံးမီ လူတစ်ယောက်က ကြားဖြတ်၍ ဟော်လိုက်၏။

"ကျွန်တော်တို့ ဥိအစ်ကိုအားလုံး အခုအချိန်ကစပြီး ဆရာကြီးကျားနက်ဆီမှာ စာပည့်ခံချင် ပါတယ်၊ ခွင့်ပြုပါ သခင်းဆရာကြီးကျားနက်"

သူက ပြုံးလိုက်သည်။

သူ၏အပြုံးမှာ လွန်စွာငြင်းနှိမ်းနယ်လှသည်။

"ခင်ဗျား တို့အိမ်ပြန် ရေးချိုပြီး ကောင်းကောင်း အိပ်လိုက်ကြပါဦး၊ မနက်ဖြန်မိုးလင်းလို့ ငါဗျားတို့ရဲ့ ဆုံးဖြတ်ချက် တွေ့မြင်ရောင်းဆေးဘူးဆိုရင် ကျွန်တော်တို့ လာရှာကြတာပေါ့"

ထို့နောက်တွင် သူတို့အားလုံး လူစုကွဲသွားကြသည်။

မှတ်နှုတ်မိုးကိုမိုစီ စွင့်ထားသော လူတစ်စုလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားကြပြီ။

ထိုစဉ် ကောင်းတင်းက သူ့ကို အေးစက်စွာဖြင့် စိုက်ကြည့်ရင်း ပြည်ကြွေးစွာဆိုသည်။

"ငါ....အခုတဲ့ ထိတော့ဗျာ၊ လက်စသတ်တော့ မင်းလဲလောင်ကျွန်းလိုမျက်နှာဖုံးစွပ်နဲ့လူကိုး၊ တကယ်တော့ မင်းရုပ်ရည်နဲ့ မင်းစိတ်နေသဘောထားဟာ အတော်လှကြောင်းသားပဲ"

"ဟုတ်ကဲ့....ဒါပေမယ့် အခု သိပ်ညဉ့်နက်နေပြီ၊ ခင်ဗျားလဲကျပ်ရင်ကို တောင်းဆောင်းမွန်မွန်တွေ့နိုင်မယ် မဟုတ်ဘူး၊ ဒါကြောင့် ငါဗျား အိမ်ပြန်ရေးချိုပြီး အိပ်လိုက်ပါ၊ မနက်ဖြန်ကြမှ ခင်ဗျားကြီးက ကျုပ်ကို သေသေချာချာ အနိုင်ကပ်

ကြည့်ချင်သေးတယ် ဆိုရင်တော့ ကျုပ်ရဲ့ချက်နှာကို ခင်ဗျား ကိုပြပါ့မယ်'

'မနက်ဖြန် ဟုတ်လား'

'ဟုတ်တယ်....ခင်ဗျား မနက်ဖြန် ထနိုင်သေးတယ်ဆိုရင် ပေါ့လေ'

* * *

ခရေပင်လမ်း၊ ယင်းလမ်း၏ ခြုံကြီးဘစ်ခြံအဘွင်းရှိ သုံးထပ်တိုက်တွင်လည်း သေနတ်သံများတိတ်ရပ် **သွား**ပေပြီ။

လောက်ကျင်းသည် စီးကျသွေး ဒေသလမ်းကြောင်းများပေါ် နင်းရင် အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်သွားပေပြီ။

လောက်ကျင်းသည် အပေါ်ထပ် အခန်းသို့ ရောက်သည်နှင့် ပြတင်းတံခါးများကို တွန်းဖွင့်လိုက်သည်။

ပြင်ပတွင် ငွေလသည် ရွှန်းပစ္စာသာနေ၏။

'အင်း....တကယ်လဲ သာယာတဲ့ ညပါလား'

လောက်ကျင်းက လဝန်းကိုမော့ကြည့်ရင်း ရေရွတ်လိုက်သည်။

လောင်ထင်ဆဲသည်လည်း သူ၏ နဘေးတွင် ရုပ်လျှာ ထိုးနည်းအတိုင်း ညှ၏ ကြည်မောဖွယ် အလှတွင် နစ်မြောနေမိပါသည်။

သူတို့နှစ်ဦး၏ သွင်ဟန် ကမူ အေးအေးဆေးဆေး ရှိလှသည်။ ခဏစဉ်က သူတစ်ပါး၏ ကိုယ်ထဲမှ ယိုစီးကျလာသော သွေးများပေါ် နင်းခဲ့ပြီး၊ လှေကားမှ တက်လာသည်ကို မေ့လျော့နေဟန်တူလှသည်။

လောက်ကျင်းသည် အဝေးမှတိုက်ခတ်လာသော လေနုအေးဒဏ်များကို အားပါးတရရှူရှိုက်ပြီးခနာက်....

'မနက်ဖြန် တို့မြို့ပြင်ဘက်ထွက်လည်ကြရင် ကောင်းမယ်ထင်တယ်'

ဟု စကားစတင်ဆိုသည်။

လောင်ထင်က မငြင်း။ မဆိုင်းမတွပင် သဘောတူသိုက်သည်။

ထိုအခိုက် အောက်ထပ်ဆီမှ သေနတ်သံ ဘစ်ချက် ပေါ်လွက်လာသည်။

လောက်ကျင်းသည် မျက်မှောင်ကုတ်လျက် အောက်ထပ်သို့ အော်မေးလိုက်သည်။

'ဘာဖြစ်တာလဲကွ'

'မှတ်ဆိတ်ပါ ဆရာကြီး၊ သူ့အသက် ကောင်းကောင်း မထွက်သေးလို့ ကျွန်တော် ထပ်ပြီးပစ်လိုက်တာပါ'

အောက်ထပ်မှ လှမ်းဖြေသည်။

မတ်ဆိတ်ကား လောင်ကျွန်း၏ အိမ်ဒုတ်စောင့်တာဝန် မေးခြင်း ခံရသူပင်။

လောက်ကျင်းသည် ခေါင်းတဆတ်ဆတ်ညိတ်လျက်၊

သူ့မျက်နှာပေါ်တွင်သည်း လွန်စွာ ကျေနပ်အားရသော အမူအရာမျိုး အထင်းသားမေါ်လွင်နေသည်။

သူသိသည်၊ လောက်ကျင်းသိသည်၊ သည်သေနတ်သံမှာ နောက်ဆုံးသေနတ်သံသာ ဖြစ်ရမည်ဟု။

သည်ပွဲတွင် လောင်ကျွန်းတို့ဘက်မှ အဝိနာကြသည်။

အင်ကြောင်းမှာ မကြာမတင်မီက လောင်ကျွန်း ပို့လိုက်သော စစ်ကူဆယ့်ခုစ်ယောက်လက်း အသက်မဲ့ကြတော့။

လျပန်ကြီးကိုဦးတစ်ဦးသာ အသက်ရှင်ခဲ့၏။

အမှန်မှာမူ ကိုခိုသည် အခြေအနေကို ရိပ်စားမိသည်နှင့် လောက်ကျင်းဘက်သို့ ချဉ်းကပ်လိုက်သောကြောင့် အဖက်နှင့်ကိုယ် မြဲနေခြင်းဖြစ်သည်။

လောက်ကျင်းက ရယ်ရယ်မောမောနှင့် ဆေးပြင်းလိပ်ရှည်ကို လက်ကြားတွင်ညှပ်လျက်....

နေ့ခင်းဆို ဒီနေရာမှာ ငါတို့ရဲ့လောင်းကစားရုံ အသစ်တစ်ခုပွင့်နိုင်ပြီပေါ့ကွာ'

လောင်ထာက မီးခြစ်ကိုထုတ်လျက် လောက်ကျင်း၏ ဆေးပြင်းလိပ်ကို မီးညှိပေးလိုက်ရင်း ပြုံးရွှင်သောအမူအရာဖြင့်....

'သြော်သည်စတုတည်းခိုဖို့ အခန်းကျတော့ ထထိုင်ထပ်မှာ ထားရင် ပိုကောင်းမယ်၊ ဟဲ....ဟဲ....ဟဲ'

သူတို့နှစ်ဦးကား ကိုယ့်အတွေးနှင့်ကိုယ် အေးအေးဆေးဆေး။ သြော်....တကယ့်အာဂလူတွေပါလား။

အခန်း (၄၆)

နံနက် ၂ နာရီ၊

ပွန်းပွန်းတစ်ယောက် အိပ်မက်ဆိုးမှ ရုတ်တရက်နိုးထလာသည်၊

အပြင်ဘက်မှငွေလသည် ကြည်နူးဆွတ်ပျံဖွယ်ရှုနှံးပလျက်၊ သို့သော် ပွန်းပွန်းသည် လေ့လက်ကို ငဲ့တွသည်၊ လေ့လက်၏ လက်ထဲတွင် ဝေးမြောင်တစ်ချောင်း ကိုင်ထားပြီး ပါးစပ်မှလည်း သူ့အပေါ် အဘယ်ကြောင့် ဆစ္စာဖောက်ကြောင်း တဖွဖွမေးမြန်းနေသည်၊

အခန်းက တိတ်ဆိတ်လှသည်၊ ဘာအသံမျှမကြားရ။သူက အခန်းတံခါးကို အသာတွန်းဖွင့်ပြီး ဝင်ကြည့်ရန် စိတ်ကူးလိုက်သည်၊ သို့သော် သူ၏စိတ်ကူးသည် ရုတ်ခြည်းပြန်လည် ပျောက်ကွယ်သွားသည်၊

ကျားနက် တံခါးပေါက်မှပင် ပြန်လှည့်ထွက်ခဲ့သည်၊

အကြောင်းမူ သူ့တွင် ဖြေရှင်းစရာကိစ္စလေးတစ်ခုကျန်နေသေးသည် မဟုတ်ပါလား၊

သူ အောက်ထပ်သို့ ဆင်းလာသည်၊

အောက်ထပ်တွင် သူ၏ဘပည့်များ စိတ်ဆစ် ကိုယ်ဆစ်ဖြင့် သူ့အား စောင့်ဆိုနေကြသည်၊

ကျားနက်သည် သူ့တပည့်များ အားလုံးကို တစ်ချက်မျှ အပြုံးဖြင့်နှုတ်ဆက်ပြီးနောက်အောင်ပွဲရအုထိမ်းအမှတ်အဖြစ်

ပျော်ပျော်ရွှင်ရွှင် အရက်သောက်ကြရန်မှာကြားပြီးခြေလှမ်း
ကျဲဖြင့် အပြင်သို့ထွက်လာခဲ့သည်။

သူသည် ပြင်ပ၏လန်းဆတ်သောလေကို အားပါးတရရှူ
ရှိုက်လိုက်သည်။ ဤသို့ပြုမူခြင်းဖြင့် ကျားနက်၏ ခန္ဓာကိုယ်
တစ်ခုလုံး တစ်မှုတ်ချင်း အားသစ်အင်သစ်များ ပြည့်ဖြိုး
လာသည်ဟု ထင်ရ၏။

ထို့ကြောင့် ကျားနက်သည် ဘယ်သို့သော သူမျိုးကိုပင်
ဖြစ်စေ ရင်ဆိုင်ရန် အသင့်ရှိနေလေပြီ။

* * *

ရှစ်နာရီတိတိ၊
ကျားနက် 'ပေလို့' တည်းခိုခန်းသို့ ရောက်လာသည်။
အပေါ်ဆုံးထပ်သို့ စာက်သည်၊
ကောင်းတင်း၏အခန်းရှေ့သို့ရောက်သော် တံခါးကိုဖြည်း
ညင်းစွာ ခေါက်သည်၊
သူ၏ညာလက်မှာ သေတ္တာနက်တစ်လုံး။ သေတ္တာထဲတွင်
ဟော့ ဒွေတစ်သိန်းငါးသောင်းက စီလျက် ထပ်လျက်၊ ဘယ်
ဘက်လက်မှာမူ သေနတ်ကြီးတစ်တဲ့။

ကောင်းတင်း တံခါးခေါက်သံကိုကြားသော်ကျားနက်ဟု
ချက်ချင်းသိလိုက်သည်၊

တံခါးက စေ့ထားသည်၊ သို့သော် ကျားနက်က ခွင့်
ပြုခြင်းမပြု၊ တွန်းဖွင့်ပြီး အခန်းထဲဝင်လာသည်။
ထိုအခိုက်တွင် ကောင်းတင်းသည် အခန်းထဲတွင် နှံနှက်စာ
နေ၏။ ကျားနက် ရုတ်တရက်ဝင်လာသည်ကို မြင်သော်
ညှို့ဖြင့်နှတ်ဆက်ပြီး စကားစတင်ဆိုသည်။

'ခင်ဗျားက အချိန်မှန်သားပဲဗျ'

ကျားနက် မကြားဟန်ပြုလျက်....

'အစီအစဉ်အားလုံး ပြီးပြီလား'

ဟု လိုရင်းကိုသာ မေးသည်။

★

ကောင်းတင်း အဆီဝေ့နေသောငါးစပ်ကိုလက်ကိုင်ပန်းဖြင့် သုတ်၍....

'ပြီးပြီ....သင်္ဘောကဆယ့်နှစ်နာရီထွက်မယ်၊လက်မှတ်လဲဝယ်ပြီးပြီ'

'လက်မှတ်နှစ်စောင်ဝယ်ထားတာမေ့!...ဟုတ်လား'

'တာ....နှစ်စောင်'

'တုတ်ဘယ်လေ၊ မင်း မေစီကို ခေါ်မသွားတော့ဘူးလား'

ကောင်းတင်းက အားပါးတရရယ်လိုက်သည်၊ပြီးမှ....

'ငါက ဒီလောက်ထိလဲမဟုတ်ပါဘူးကွာ၊ မိန်းမလဲမလိုချင်သေးဘူးကွ'

'မင်းကို ငါ သဘောကျသွားပြီ၊ ဟား....ဟား....ဟား'

ကျားနက်လည်း ပြောပြောဆိုဆို ရယ်သည်၊ ထို့နောက် ညာလက်ဖြင့် ဆဲကိုင်ထားသော သေတ္တာအနက်ကြီးကို စားပွဲပေါ် ချလိုက်ရင်း....

'ဒါကြောင့် အခု ငါ မင်းလိုချင်တဲ့ ဥတစ်သိန်းအပြင် ဥငါးသောင်းပါ အပိုယူလာခဲ့သေးတယ်'

'တစ်သိန်းခွဲပေါ့....စုတ်လား'

'ဟုတ်တယ်၊ ငါးသောင်းက မင်းရွေခရီးစရိတ်အတွက်'

ကောင်းတင်း သက်ပြင်းတစ်ချက်ချရင်း....

'မင်း တယ်ကြီးပွားနေပါလားကွ၊ ●ါ့ကို လွယ်လွယ်လေးနဲ့ ဥငါးသောင်းပေးနိုင်တယ်ဆိုတာ မဆိုးဘူးကွ'

'သြော်....မင်းက တခြားလူမှ မဟုတ်ဘဲကွာ.... ကောင်းတင်းပဲဟာ၊ နောက်ပြီး မင်းကို လောလက်အတွက် ငါစကားလက်ဆောင် ပါးလိုက်ချင်သေးတယ်'

'ဖြစ်တယ်....စိတ်ချ'

'လောလက်ကို ပြောလိုက်ကွာ၊ ငါ သူ့ကို ဒီမြို့ကိုပြန်လာစေချင်တဲ့ အကြောင်းရယ်....ဒီမြို့ကထမင်းကို တို့ ဒီတစ်သက် စားလို့မကုန်နိုင်တော့ဘူးလို့....ဟုတ်လား'

'စိတ်ချ....ငါ သူ့ကိုတစ်လုံးမကျန်ပြောပြပါ့မယ်၊ တကယ်လို့ သူက ဒီမြို့ပေါ်မှာ လူသတ်မယ်ဆိုရင်တောင် ထောင်ကျမှာ မဟုတ်ဘူးလို့'

'မင်းကိုလဲ ဒီမြို့ကို ပြန်လာစေချင်တယ်ကွ'

'ဟာ....ဒီမြို့က ထမင်းကို တို့သုံးယောက် စားလို့လောက်ပါ့မလား'

'စိတ်ချပါ....မင်းတို့အတွက်ဆိုရင်တယ်တော့မှထမင်းမငတ်စေရပါဘူး'

'ကောင်းပြီ....မင်းစကားကို ငါအမြဲမတ်ဆားပါ့မယ်'

စကားအဆုံးတွင် ကောင်းတင်း မတ်တတ်ရပ်လိုက်သည်၊ သတောကာ ရှင်းသည်၊ ညှော့သည်ကို အမြန်ပြန်စေချင်သည့် သဘောပင်၊

ကျားနက် သိပ်နားလည်သည်၊

အားပါးတရ ပြုံးသည်၊

'မင်းကို သဘော်ဆိပ်အထိ ငါမပို့တော့ဘူး၊ တကယ်လို့ မင်း ဒီမြို့ကို ပြန်လာမယ်ဆိုရင် ဘယ်လောက်ပဲ မိုးကြီးကြီး၊ လေထန်ထန် မင်းကို ငါလာကြိုမယ်'

ကျားနက် ညာဘက်လက်ကို ကမ်းပေးသည်၊ နောက်ဆုံး နှုတ်ဆက်ခြင်းသဘော၊

'ကဲ....တို့ လက်ဆွဲနှုတ်ဆက်ကြစို့'

ကောင်းတင်းသည် ကျားနက် ကမ်းပေးသော လက်ကို ချက်ချင်းမဆွဲ၊

ပြုံးလျက် တစ်ချက်ကြည့်ရင်း....

'မင်းနဲ့ငါ လက်ဆွဲနှုတ်ဆက်ရတာ သိပ်အန္တရာယ်များမယ့် အလုပ်လို့ ငါထင်တယ်'

ကျားနက်က လွဲနှစ်ခုအဲ့ဩဟန်နှင့်....

'ဘာဖြစ်လို့ ကောင်းဓာင်း'

ကောင်းတင်းက ပြုံးလျက်....

'ဘာဖြစ်လို့လဲဆိုတော့ မင်းလက်က ကြောက်စရာကောင်းတဲ့ လက်နက်တစ်မျိုးပဲ မဟုတ်လား၊ အမှန်တော့ မင်းနဲ့ လက်ဆွဲနှုတ်ဆက်ရတာဟာ အချိန်မရွေးမေါက်ကွဲနိုင်တဲ့ ဗုံးတစ်လုံးကို ကိုင်ရတာနဲ့ အတူတူပဲကွ'

ကျားနက် အားပါးတရ ရယ်သည်၊

ပြီးနောက်....

'ဟုတ်တယ်၊ မင်းလက်ကလဲ စိန်တွေထက်တောင် ပိုပြီး တန်ဖိုးရှိတယ်ကွ၊ တိတ်ချက်မလေး လျှပ်ခွားလိုက်ရုံနဲ့ ငွေတစ်သိန်း အသာလေးရတယ်ဆိုတော့ မင်း ကြောက်သင့်တာပေါ့'

ကျားနက် ကမ်းလက်စလက်ကို ပြန်ရုပ်သိမ်းရန် အပြုတွင် ကောင်းတင်းက သူ့အား ပြန်လည်စိုက်ကြည့်ရင်း....

'ဒါပေမယ့် ဒီတစ်ခါတော့ ငါအရှုံးခံနှုန်ပြီး မင်းနဲ့ လက်ဆွဲနှုတ်ဆက်ပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခုမင်းကဆရာကြီးဖြစ်နေပြီမဟုတ်လား၊ အခုလို ဆရာကြီးတစ်ဆူနဲ့ လတ်ဆွဲနှုတ်ဆက်ရတာကိုက ငါအဖို့ ဂုဏ်ယူစရာတစ်ရပ်ပဲကွ'

စကားအဆုံးတွင် ကောင်းတင်းက သူ့ညာလက်ကို ကမ်းပေးသည်၊

ကောင်းတင်း၏လက်က နူးညံ့သည်၊ ချောမွတ်သည်၊

ကျားနက်၏လက်ကမူ ကြမ်းတမ်း ခက်ထရော်သည်၊

ယခု သူတို့နှစ်ဦး ပြုံးရွှင်သောသွင်ဟန်နှင့် လက်ဆွဲ နှုတ်ဆက်ကြလေပြီ၊

ထိုအခိုက် ကျားနက်၏အပြုံးက ချွတ်တရက် ပျောက်ကွယ်သွားပြီး ရက်စက်ခက်ထန်မည့်အသွင်သို့ ကူးပြောင်းသွားလေသည်။

★

နှုတ်မှလည်း....

'မင်းက လူလည်တစ်ယောက်ပဲ ကောင်းတဖ်း အမှန်ဒေတာ့ မင်း ငါနဲ့ လက်ဆွဲမနှုတ်ဆက်သင့်ဘူးကွ'

ကောင်းတင်း အံ့အားသင့်သွားရင်း....

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ဒီလက်ကြီးကို သေနတ်ကိုင်တာ ငါမမြင်ချင်တော့လို့ဘဲကွ'

ကျားနက်က ပြောရင်း သူ့လက်ကို အားအပြည့်သွင်းလိုက်သည်။

အမှန်မှု ကျားနက်၏လက်ချောင်းအားများသည် ကောင်းတင်း၏လက်ကို ကျောက်တုံး ကျောက်ခဲမင်ဖြစ်စေ အစိပ်စိပ် အမြှာမြှာ ကွေမွသွားစေနိုင်သော အားများပင်။ သို့သော်....

ကောင်းတင်း ပြုံးလည်း သူ့အပြုံးက လုံးဝမထီခေလးစားဟန်။

ထိုစဉ် ကျားနက်၏လက်ဝါးပြင်တွင် လွန်စွာနာကျင်စူးရှလှသော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရ၏။

အပ်တစ်ချောင်းဖြင့် လက်ဝါးပြင်တို ထိုးနှက်ခံလိုက်ရသကဲ့သို့ ပြင်းပြင်းပြပြ ခံစားလိုက်ရခြင်းပင် ဖြစ်ပါ၏။ ကျားနက်၏ လက်မှအားများလည်း ချက်ချင်းလွှင့်ပြယ်သွားတော့၏။

ကောင်းတင်းလည်း သူ့လက်ကို လျင်မြန်စွာပြန်ရုပ်ပြီး ချက်ချင်း ခွေးကဲ့သို့ခုန်ဆုတ်လိုက်သည်။ ထိုစဉ် သေနတ်တစ်လက်က ကောင်းတင်း၏ လက်တွင် ကိုင်လျက်၊ သေနတ်ပြောင်းဝသည်လည်း ကျားနက်၏ ရင်ဝဘည့်တည့်သို့ ချိန်ရွယ်ထားလျက်။

ကျားနက်၏ လက်ဝါးပြင်တွင် သွေးများယိစီးလျက်၊ သို့သော် သူ့အပြုံးကမူ မပျက်။

'ဩော်....လက်စသတ်တော့ မင်းလက်က လူကိုကိုက်တာကိုး'

ကောင်းတင်းက လေသံအေးအေးဖြင့်....

'ငါ့လက်က ငါ့ကိုကိုက်တာမဟုတ်ပါဘူးတော့၊ ငါ့လက်စွပ်ကို စူးလို့ပါ'

ကောင်းတင်းက စကားအဆုံးတွင် သူ့လက်ဝါးကြီးကို ပြန့်ပြသည်။

ဟော့ကြည့်....ကောင်းတင်းဝတ်ထားသော လက်စွပ်ထိပ်ဝိုင် အပ်တစ်ချောင်းထောင်လျက်၊ ချွန်မြဝင်းတောက်နေသော အပ်တစ်ချောင်း၊

ကျားနက်က သက်ပြင်းချလျက်....

'မင်းက ဒီလိုပစ္စည်းမျိုးနဲ့ နှုတ်ဆက်လာတဲ့လူကို ပြန်တုံ့ပြန်တာလား'

'ဟဲ့....ဟဲ့....ငါ့လက်ကို ညှစ်ချေပစ်ဖို့ မကြိုးစားရင်တော့ ငါ့လက်စွပ်ထဲကအပ်ကြီး ထွက်လာမှာ မဟုတ်ပါဘူး'

ကောင်းတင်းက ပြောပြောဆိုဆို အပ်ချောင်းကိုလက်စွပ်ထဲသို့ ပြန်သွင်းလိုက်သည်။

ကျားနက်က ကောင်းတင်း၏ အပြုအမူကိုကြည့်လျက်....

'မင်းက တကယ်ဆတိရှိတဲ့လူပဲ၊ ငါဘောင် အတော်ကို စိတ်ပျက်သွားပြီ'

'မင်းစိတ်ပျက်တာက ငါ့အသက်ရှင်လျက် ရှိနေတာကြောင့် မဟုတ်ပါဘူး'

'ဘာဖြစ်လို့လဲ'

'မင်းက ငါ့ကိုသတ်ချင်လို့သတ်တာမှ မဟုတ်ဘဲကွ၊ လော်လက်ကို ထောင်ထဲက မထွက်စေချင်လို့ မလွတ်မြောက်စေချင်လို့ ဖမ်းတာသား'

ချုန်ထက်သော အပ်နှစ်ချောင်း ထိပ်တိုက်ဆုံတွေ့သွားကြ
သည်။

ထိုစဉ် ကျားနက်က ရုတ်တရက် စကားစလိုက်သည်။

'မင်း ငါ့ကိုမသတ်တာက ငါဟာ လောလက်ရဲ့ သူငယ်
ချင်း တစ်ယောက်မို့ မဟုတ်ပါဘူး'

'ဘာဖြစ်လို့'

'မင်း ငါ့ကိုမသတ်တာက မင်းကိုယ်နှိုက်က မပို့ချေး
ချင်ပါ'

'ဟုတ်တယ်၊ ငါမင်းကို သတ်လို့ မရပေမယ့် ငါ့လက်ထဲ
သေနတ်ကျည်ဆန်ကတော့ မင်းကိုသတ်နိုင်တာပေါ့'

ကျားနက်က လျှောင်ရယ်ရယ်လျက်....

'မင်းဘက်က ဒီလောက်တောင် သေချာစိတ်ချရသလား၊
ကွာ....'

ကျားနက်က ပြောပြောဆိုဆို ကောင်းတင်းအား ရုတ်
တရက် ခုန်အုပ်လိုက်သည်။

ကောင်းတင်းလက်ထဲရှိ သေနတ်ပြောင်းမှလည်း မီးတစ်
ချက်ပွင့်သွားသည်။

ကျားနက်၏လှုပ်ရှားမှုနှင့် ကျည်ဆန်၏ရွှေ့လျားမှုခဲ့ခြား
မရအောင် ဖြစ်သွားသည်။

ကောင်းတင်း၏ သေနတ်သံမြည်သွားသည်က အရင်လား
သို့မဟုတ် ကျားနက်၏လှုပ်ရှားမှုက အရင်လား။

အမှန်စင်စစ် ကျားနက်၏လှုပ်ရှားမှုက ကောင်းတင်း၏
သေနတ်ထဲမှ သေနတ်ကျည်ဆံ ရွှေ့လျားမှုထက် မြန်ပါ၏။

'မလောလက်က ငါ့သူငယ်ချင်းပဲကွ'

'အရင်တုန်းကတော့ ဟုတ်ချင် ဟုတ်မယ်လေ၊ ဒါပေ
မယ့် အခုကျတော့ အခြေအနေ ပြောင်းနေပြီပဲ'

'ဘာတွေမျှား အခြေအနေ ပြောင်းနေပြီလဲ'

'အခု မင်းက ဆရာတစ်ဆူ ဖြစ်နေပြီလေ၊ တကယ်လို့
လောလက်သာ ပြန်လာရင် မင်းနေရာတည်မြဲမှာမဟုတ်တော့
ဘူးကွ'

'သူ့ကို ငါကြောက်နေတယ်လို့ မင်းထင်သလား'

'မင်းသူ့ကို မကြောက်ဘူးလား'

ကျားနက်က ရုတ်တရက် ရယ်ပြီး....

'မင်းကိုကြည့်ရတာ ငါ့အကြောင်း အကုန်သိနေသလိုပဲ'

'ဒါကြောင့် အခုနေ အကောင်းဆုံးနည်းလမ်းကတော့
မင်းကိုငါသတ်မိအောင်တော့ မလုပ်ပါနဲ့'

ကျားနက်က ကောင်းတင်းကို စိုက်ကြည့်သည်။

'မင်း အခု ငါ့ကိုဘာလုပ်ချင်သလဲ'

'အကောင်းဆုံးက မင်းငါ့အနားမှာနေပါ၊ ငါသတော်
ပေါ့ မတက်မချင်းပေါ့၊ မင်းငါနဲ့အတူရှိရင် ငါ့အကွက်စိတ်
ချရတယ်ကွ'

'မင်းလဲ အသိသားပဲကွာ၊ ငါက အင်မတန်အလုပ်များတဲ့
လူဆိုတော့'

ကောင်းတင်းက လေသံခပ်အေးအေးဖြင့်....

'ဒေတဲ့လူဆိုရင်တော့ အလုပ်မများနိုင်ဘူးပေါ့'

နှစ်ယောက်သား အပြန်အလှန် စိုက်ကြည့်လိုက်ကြသည်။

သို့သော် ကျားနက်၏ယာဘက်ပေါင်တွင် သွေးများရဲခဲ့ပန်းထွက်လာသည်။

ကောင်းတင်း၏သေနတ်မှ ထွက်လာသောကျည်က သူ့ပေါင်ထဲသို့ ထိုးဖောက်သွားခြင်းပင် ဖြစ်ပါ၏။

ထိုအချိန်ကလေးအတွင်းမှာပင် ကျားနက်၏ညာဘက်ခြေက ကောင်းတင်း၏ သေနတ်ကိုင်ထားသောလက်ကို ကန်မိပြီး ဖြစ်သွားသည်။

ကောင်းတင်းလက်မှ သေနတ်သည် လွင့်စဉ်ထွက်သွားပြီး

တစ်ချိန်တည်းလိုပင် ကောင်းတင်း၏နှံရိုးများ ကျိုးကွဲသွားသည့် အသံများကို ကြားလိုက်ပါ၏။

ပြီး ကျားနက် ပစ်သွင်းလိုက်သော လက်သီးချက်များကလည်း ကောင်းတင်း၏ရင်ဝသို့ လျှပ်တစ်ပြက် ဆက်တိုက်ဝင်သွားပါ၏။

ကျားနက်၏ အားပါလွန်းသော မြန်လှသော လက်သီးချက်များသည်သေနတ်ကျည်ဆန်ထက်ပင်ကြောက်စရာကောင်းနေသေးတော့၏။

ချက်ချင်းပင် ကောင်းတင်း၏ ခန္ဓာကိုယ်တစ်ခုလုံး နှံရိုးထောင့်သို့ လွင့်စဉ်ထွက်သွားပြီး ချောင်းတဟွတ်ဟွတ် ဆိုးလျက် ပါးစပ်မှသည်း သွေးများစီးကျလာသည်။

ထိုစဉ် ကောင်းတင်းသည် ခနာက်ထပ် သေနတ်ဘစ်လက်ဆွဲထုတ်ရန် ကြိုးစားပြန်သည်။

သို့သော် သူ့လက်များသည် ယခင်ကကဲ့သို့ မလျင်မြန်တော့ တုံ့နှေးနေပြီ။

ထိုအခိုက် ကျားနက်က ကောင်းတင်းအား ထပ်မံခုန်အုပ်လိုက်ပြီး ညာဘက်လက်ကို ဖမ်းလိမ်ကာ အခြားလက်တစ်ဖက်ဖြင့် ကောင်းတင်း၏ အင်္ကျီအိတ်ထဲမှ သေနတ်များကို နှိုက်ယူလိုက်သည်။

ကောင်းတင်းကိုင်နေကျ သေနတ်သုံးလေးလက်က ရွှေတရက် ကျားနက်၏လက်တွင်းသို့ ရောက်ရှိသွားပြီး ပြတင်းမှလွှင့်ထုတ်ပစ်လိုက်ပါ၏။

ထို့နောက်တွင်မူ ကျားနက်သည် နောက်တက်ရှိ ဆိုဖာဆီသို့ ဆုတ်သွားပြီး အသာအယာ ထိုင်ချလိုက်၏။

သူ့မျက်လုံးအစုံကမူ ကောင်းတင်းအား အေးစက်စွာစိုက်ကြည့်လျက်၊

ကောင်းတင်းသည် နံရံကိုမှီရင်း ဘောင်းဘီအိတ်ထဲလက်ကိုငုပ်ထုတ်ပြီး ပါးစပ်မှသွေးများကို သုတ်နေသည်။

ထိုစဉ် ကျားနက်က....

'ဒီမှာကောင်းတင်း၊ မင်းလိုလူစားမျိုးရဲ့ ကိုယ်ပေါ်မှာသေနတ်တစ်လက်မှ မရှိကောင်းတဲ့အချိန်မှာ ဘယ်လိုခံစားနေရသလဲကွ'

ကောင်းတင်း သက်ပြင်းချလျက်....

'ကိုယ်တုံးလုံးကြီးနဲ့ တစိမ်းမိန်းမပျိုလေး တစ်ယောက်ရှေ့မှာ ရပ်နေရသလိုပဲပေါ့'

ကောင်းတင်းအပြောကို ကျားနုက် အလွန်သဘောကျသွားသည်၊

'မင်းရဲ့ဥပမာပေးက တယ်ကောင်းပါလား၊ ဒါကြောင့် ငါမင်းကို နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ခု ပေးလိုက်မယ်'

'ဘာအခွင့်အရေးလဲ'

'မင်းနောက်မှာရှိလဲ ပြတင်းပေါက်ကနေပြီး အောက်ကို ခုချက်ချင်း ခုန်ချလိုက်ပါ၊ ဒါမှမဟုတ် မင်းရဲ့လက်သီးနဲ့ ငါ့ကို လာတိုက်ခိုက်လှည့်ပါ'

ကျားနုက်ကပြုံးသည်၊ သူ့အပြုအမူတွင် ကောက်ကျစ်ဟန် နှောလာသည်၊

သို့သော် ကောင်းတင်းက အရေးမစိုက်၊

'ငါတို့ကို ဒီနေ့ပညာသမားတွေဆိုတော့ ဘယ်တုန်းကမှ မင်းလိုကောင်စားမျိုးနဲ့ လက်သီးချင်းယှဉ်ပြိုင်ဖို့ စိတ်မကူးဘူး'

ကောင်းတင်းသည် စကားဆုံးသည်နှင့် အင်္ကျီကော်လာနှင့် လည်စည်းကို သေချာသပ်ယင်အောင် ပြန်လည်ပြုပြင်လိုက်သည်၊

ထို့နောက် ကျားနုက်အား ခန့်ပြုံးတစ်ချက် ပြုံးပြလိုက်ပြီး ပြတင်းပေါက်ဆီသို့ ဖြည်းလေးစွာ လျှောက်သွားတော့သည်၊

ပြတင်းသို့အရောက်တွင်မူ ကျားနုက်အား ခါးကိုင်းကာ ဘရိုအသေပေးဟန်ပြုပြီး ပြတင်းပေါက်မှ ခုတ်တရက် ခုန်ချလိုက်တော့သည်၊

ကိုးနှစ်ရှိမိနစ်နှစ်ဆယ်၊

ကျားနက် သူဌာနချုပ်သို့ ပြန်လည် ရောက်သောအခါနှင့်ဘင်
ပွန်းပွန်းကို ဆိုဖာပေါ်တွင်ထိုင်လျက်တွေ့ရသည်၊

ပွန်းပွန်းသည် ယခင်က ချွန်ချင်းဝတ်လေ့ရှိသော ဂါဝန်
ကိုဝတ်ထားပြီး မျက်နှာပြင်တွင် မိတ်ကပ်များလိမ်းခြယ်လို
ထားသည်၊ ပြီး ဆံပင်ကိုလည်း ခေတ်မီစွာ ဖီးသင်ထားသေး
သည်၊

ယခုပွန်းပွန်းဟာသည် ယခင်ကျေးတောသူပွန်းပွန်းမှသွင်ဟန်
ပျက်မှု မဟုတ်တော့၊

ပြောင်းလဲနေပြီ၊ လုံးဝပြောင်းလဲသွားပြီ၊
ကျားနက် ထိုအဖြစ်ကိုမြင်သော် စိတ်မထိန်းနိုင်တော့
ဒေါသဖြင့် အော်ဟစ်ပြောသည်။

'အခုချက်ချင်း မင်းမျက်နှာကိုရေနဲ့သွားဆေးလိုက်စမ်း'
ပွန်းပွန်း ထိုင်ရာကမှုမထ။
ကျားနက်အားမြူဆွယ်ဟန်ပြုံးပြလျက်။
'အိုး....ဘာဖြစ်လို့ခဆားပစ်ရမှာလဲ၊ မလှလို့လား အစ်
ရယ်'
ကျားနက်ဒေါသထွက်လွန်း၍ ဘာဆက်ပြောရမည်
အောင် ဖြစ်သွားသည်။
ပွန်းပွန်းက မျက်လုံးပိုင်းပိုင်းစက်စက်လေးကို ထော
ကပ်လျက် ညှို့မြူသံဖြင့်....
'အစ်ကို....ကျွန်မ ဒီနေ့ကစပြီးအလုပ်ရပြီလေ၊ အစ်ကို့မ
ချမ်းသာတဲ့သူငယ်ချင်းမိတ်ဆွေတွေ အများကြီးရှိတယ်မဟုတ်
လား၊ အဲဒါ အစ်ကို့က ကျွန်မအတွက် ဖောက်သည်ရှာပေ
နော်၊ အစ်ကို့အတွက်တော့ ကျွန်မစေတနာအပြည့်နဲ့ အခ
ပေါ့နော်....နော်'
ပွန်းပွန်းအပြောနှင့် ပွန်းပွန်းအမူအရာက ကျားနက်
ဒေါသကို နှိုးဆွပေးသကဲ့သို့ ရှိနေရာ ကျားနက်ချက်ချင်းပ
ပွန်းပွန်းဆီလျှောက်သွားပြီး ဆံပင်ကိုဆောင့်ဆွဲလျက်....
'ဒီမှာ မင်းတကယ်ပဲ ဇိမ်မယ်လင်ချုံလို့လား ပြောစမ်း
ပွန်းပွန်းက ဆံပင်ဆွဲခံရသည့်တိုင်ပြုံးလျက် ဖြင့်....

'ငါက အမေ့ဗိုက်ထဲကထွက်လာကတည်းက ဇိမ်မယ်လုပ်
ဘဲ့ လူမဲတာ'
ကျားနက် ပွန်းပွန်း၏ဆံပင်ကိုလွှတ်ချလိုက်သည်။
ဒီးဝင်းဝင်းတောက်မတတ် မျက်လုံးဖြင့်ကြည့်ရင်း....
'ကောင်းပြီ....မင်းအခုချက်ချင်း ငါ့အခန်းကထွက်သွား
'
'ဟုတ်ကဲ့ရှင့်....စိတ်ချပါ'
ပွန်းပွန်း ချက်ချင်းမတ်တတ်ရပ်ကာ ဂါဝန်လေးကိုဆွဲဆန့်
နောက် ခေါင်းကလေးမော့ရင်ကလေးကော့လျက် အပြင်
သို့ လျှောက်ထွက်သွားတော့သည်။
ထိုစဉ် ကျားနက်ကခုန်ပြုံးဖြင့်....
'မင်းကို ငါတစ်ခုပြောထားမယ်၊ အကယ်၍ သောလက်
မင်းချာဖို့စိတ်ကူးသေးရင် မင်းရဲ့မတော်အမှားပဲတော့
'
ကျားနက်စကားကိုကြားသော် ပွန်းပွန်းခြေလှမ်းများ
နှေးရပ်သွားသည်၊ သို့သော် ကျားနက်အားလှည့်၍မျှပင်
မကြည့်ဘဲ ရယ်နေလိုက်သည်။
သို့ရာတွင် ပွန်းပွန်း၏ရယ်မောသံက တုန်ယင်နေပါ၏။
ပွန်းပွန်း အတန်ကြာရယ်ပြီးနောက်....
'မင်း....မင်းက သူ့ကိုငါချာလှိုတွေသွားမှာ ကြောက်နေ
လား'
'မင်းတစ်သက်လုံး လောလက်ကိုရှာလို့ မတွေ့နိုင်တော့
ဘူး'
ကျားနက်အသံကလည်း တုန်ယင်လာ၏။

ပွန်းပွန်း ကျားနက်ဘက်သို့ ဖျတ်ခနဲ လှည့်ပြန်သ
ရင်း....

'မင်းပြောတာ ငါနားမလည်ဘူး'
ကျားနက် ချက်ချင်းမပြေ။

ဆိုဖာတစ်လုံးပေါ် ထိုင်လိုက်ပြီး ပွန်းပွန်းကိုသာ စူးစိ
ကြည့်ဆည်။

ကျားနက်၏အမူအရာလည်း ပြန်လည်တည်ငြိမ်သွားပြီ
ပါ၏။

အမှန်စင်စစ် ပွန်းပွန်းကိုကြည့်လိုက်သော ကျားနက်
အကြည့်သည် မိမိရှေ့မှောက်သို့ ဒူးထောက်လာသော သ
ကောင်ကို ဆီးၖကြည့်လိုက်သောအကြည့်မျိုး၊ အမှုအ
မျိုး။

ပွန်းပွန်း၏သွင်ဟန်ကတော့မူ ဝံပုလွေရှေ့သို့ခမျာက်လူ
လဲကျမီသော ယုန်သူငယ်လို စိုးရိမ်ထိတ်လန့်မှုတို့ပြည့်နှက်
ပါ၏။

နောက်ဆုံးတွင် မိန်းမသားပီပီ စိုးရိမ်ထိတ်လန့်မှုကိုမထိ
နိုင်တော့ဘဲ ကျားနက်အားမေးလိုက်ပါ၏။

'မင်း လောလက်ရဲသတင်းကိုကြားရပြီလား'
ကျားနက်က အေးစက်စက်အသံဖြင့်....
'မင်း ကြားချင်သလား'
ပွန်းပွန်းအံကြိတ်လျက်....

'ငါသိပ်ကြားချင်တာပေါ့၊ သူနဲ့ပက်သက်တဲ့သတင်းမှန်
မှန် တစ်လုံးမကျန် ငါကြားချင်တယ်'
ကျားနက်မျက်နှာတစ်ခုလုံး နီမြန်းလာသည်။

★

ရင်တဲမှာလည်း နာကျင်သောဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။ ကျားနက် အဘတ်နိုင်ဆုံးအသံ ကိုထိန်းလျက်....

'လေးလက်ရဲသဘင်း အစအနဘောင် ရှာလို့မရတော့ဘူး၊ ဒီခန့်ကမ်ပြီး ဘယ်သူမှ လောလက်ရဲသဘင်းကို ရတော့မှာ မဟုတ်တော့ဘူး'

'ဘာဖြစ်လို့လဲ'

ပွန်းပွန်းအသံက ကွဲအက်လာသည်။ ထုန်ခိုက်လာသည်။

'လောကကြီးမှာ ဘယ်လို လူစားမျိုးတွေ၌ သဘင်းကို မေးလို့မရမှန်း မင်းလဲသိမှာပေါ့'

ပွန်းပွန်း ခေါင်းအတွင်တွင် ယမ်းမီးသည်။
စကားလည်း ဆက်မပြောနိုင်တော့။
ပွန်းပွန်း ချက်ချင်း နားလည်လိုက်ပြီ။
ကျားနက်၏ စကားအဓိပ္ပာယ်ကို ကောင်းစွာ နားလည်လိုက်ပြီ။

မှန်သည်၊

လောကတွင် သတင်းမရနိုင်တော့သောလူစားမျိုးဆိုသည်မှာ အသက်မရှိသောသူ၊ သေသောသူ၊ လူသေတို့ပင် မဟုတ်ပါလား။

ပွန်းပွန်း ဝမ်းနည်းလွန်း၍ ရုတ်တရက်မူးမိုက်သွားသည်၊ သို့သော် ပွန်းပွန်း ပြိုလဲကျမသွားပါ။

အံကိုသာ တင်းတင်း ကြိတ်လျက် အခန်းအပြင်ဘက်သို့ လျှောက်ထွက်သွားသည်၊

သို့သွားရာတွင် ပွန်းပွန်း၏ ဦးခေါင်းသည် ငုံ့ထားခြင်းမရှိ။ ခေါင်းကလေးမော့၊ ရင်ကလေးကော့လျက် လျှောက်သွားခြင်းပင်ဖြစ်ပါ၏။

ကျားနက် ပွန်းပွန်း၏ နောက်ကျောပြင်ကို ကြည့်လျက် ဟက်ဟက်ပက်ပက် ရယ်သည်၊ အဆက်မပြတ် ရယ်နေလိုက်သည်၊ ပြီးမှ ပွန်းပွန်းကြားအောင် အော်ပြောသည်။

'စိတ်ချပါ ပွန်းပွန်းရေ၊ တကယ်လို့ မင်းမှာ ဖောက်သည်တွေမရသေးရင်လဲ ငါ့တပည့်တွေကို မင်းဆီ ဆက်ဆက်လွှတ်ပေးမှာပါကွာ၊ ဟား....ဟား....ဟား'

ပွန်းပွန်း နောက်ပြန် လှည့်မကြည့်ပါ။ ရှေ့သို့လျှောက်သွားရင်း ကျားနက်ရယ်သလို ဟက်ဟက်ပက်ပက်ရယ်သည်။ ပြီးတော့ ကျားနက်ကြားအောင် အော်ပြောသည်၊

'မင်းလဲစိတ်ချပါ၊ ငါ့မှာဖောက်သည်မရှိဘူးဆိုတာ မဖြစ်စေရဘူးဟေ့....'

* * *

ကျားနက် ဆိုဖာပေါ်တွင်မင့် ဆက်၍ထိုင်နေသည်၊ မလှမ်းမယှက် ထိုင်နေခြင်းပင် ဖြစ်သည်။

သူ့ပေါင်တွင်ရရှိထားသော ဒဏ်ရာမှာလည်း သွေးများတိတ်ရုပ်သွားပေပြီ၊

ဤအချိန်တွင် ကျားနက်၏ခန္ဓာကိုယ်ကြီးသည် သံမဏိဖြင့်ထုလုပ်ထားသည့်အလားဟု ထင်ရသောကြောင့် သန်မာနေသည်၊

သို့သော် ထူ၏နှလုံးသားကမူ သံမဏိကဲ့သို့မသန့်မာနိုင်ပါ၊

အဘယ်ကြောင့်ဟူမူ....

ယခု ပွန်းပွန်း အောက်ထပ်သို့ ဆင်းသွားသော ခြေသံများကို သူနားဖြင့် ဆတ်ဆတ်ကြားနေရသည်။

အောက်ထပ်မှ ပွန်းပွန်း၏ တခစ်ခစ်ရယ်သံကိုသည်း သူကြားနေရသည်။

သူ အခံရအခက်ဆုံးကမူ....

ပွန်းပွန်း၏ စကားပြောသံ၊ မြူဆွယ်နှောနေသော ရယ်သံများ။

ဟော....ပွန်းပွန်း၏ စကားပြောသံတွေ သူ့နားထဲသို့ တိုးဝင်လာပြန်လေပြီ။

'ဒီခန္ဓကစပြီး ငါအလုပ်စဖွင့်ပြီ၊ နေ့ရာဇာတေ့ အရင်နေ့ရာမှာပါပဲ၊ ရှင်တို့အားလုံးကို အမြဲကြိုဆိုပါတယ်ရှင်'

တစ်ဖန် ပွန်းပွန်းကပင်ဆက်၍....

'ရှင်တို့က ဆရာကြီးကျားနက်ရဲ့ လူဘွဲ့ဆိုတော့ ကျွန်မက ရှင်တို့ကို တစ်ဝက်ခွဲပဲယူမှာပါ၊ ဆက်ဆက်သာပြီး အားပေးကြပါနော်'

ကျားနက် ဆက်၍မကြားချင်တော့၊ မကြားလိုတော့။ ကြွေးသည်းမကြားဝံ့တော့။

ကျားနက် အံကိုတင်းတင်းကြိတ်မိပြီ။

နောက် ပေါင်မှ သွေးတိတ်စဒဏ်ရာဆီသို့ လက်ဘဉ်ကိုင်ထုးသော သော့ချောင်းဖြင့် တအားဆို့ချိုက်မိပါတော့သည်။

ပေါင်မှသွေးများ ပန်းထွက်လာသည်။ တစိမ့်စိမ့်စီးကျသို့ လာသည်။

ယင်းသွေးစီးကြောင်းသည် အခြစ်ကြောင့် ကျရသော သွေးစီးကြောင်းလော၊ သို့မဟုတ် ရန်သူ့ကြောင့် ကျရသော သွေးစီးကြောင်းလော ဆိုသည်ကိုမူ ကျားနက်တစ်ယောက်သာ နားလည်နိုင်ပေလိမ့်မည် ဖြစ်ပါ၏။



အခန်း (၁၇)

အချစ် (သို့မဟုတ်) အမုန်း

မျက်ရည်ခမ်းပြီ၊
ခေါင်းအုံးတစ်ခုလုံးသည် စိုရွှဲကုန်ပြီ၊
မှန်သည်၊ လူ့လောကတွင် တစ်စုံတစ်ယောက်သောသူသည် မျှော်လင့်ချက် လုံးဝကျန်ဆုံးပြီဆိုအံ့၊ အဘယ်သို့အသက်ရှင်နိုင်ပါဦးမည်နည်း၊
ယင်းမေးခွန်းကို ငိုနေသော ပုန်းပုန်းတစ်ယောက်မဖြေတတ်ပါ၊
အကယ်၍ အဖြေပေးနိုင်သူဖြစ်အံ့၊ ပုန်းပုန်းဤသို့မျက်ရည်ခမ်းခြောက်အောင် ငိုယိုလိမ့်မည်မဟုတ်။

သို့ဖြစ်လျှင်....'

ပွန်းပွန်းတို့ငယ် သီချင်းအဖြတစ်ခု ရှိကောင်းရှိနေပါလိမ့်မည်။

မွန်သည်။ ပွန်းပွန်းသည် သူ့မျှော်လင့်ချက်များ ကုန်ဆုံးပြီဟု မမှတ်ယူမိဆေးသောကြောင့်ပင် ဖြစ်ပါ၏။

ထို့ကြောင့် ပွန်းပွန်း အဆက်ရှင်လျက် ရှိနေပါသည်။ သို့သော် မျက်ရည်ခမ်းအောင် ငိုနေရသော ပွန်းပွန်းမဟုတ်သာ....

ပွန်းပွန်း မျှော်လင့်ချက်မကုန်ဆုံးသေးဟု မှတ်ယူနေသော အချက်က ချစ်ဦးသူ လောလက်ကြောင့်ပင်။ လောလက်သည် ဤလူ့လောကတွင်းမှ အေးဆေးငြိမ်သက်စွာ ထွက်ခွာသွားမည့် လူစားမျိုးမဟုတ်။

အကယ်၍ လူ့လောကမှ အပြီးအပိုင် ထွက်ခွာသွားရမည့် အခြေအနေဖြစ်က တစ်နည်းမဟုတ်တစ်နည်းဖြင့် သူမအား အကြောင်းကြားလိမ့်မည်ဟု ပွန်းပွန်း ယုံကြည်ထားသည်။

သို့သော် ယခု လောလက်၏ သတင်းအစအန ပျောက်နေပါပြီကော။

* * *

နှစ်ရက်မျှကြာခဲ့ပြီ။

ပွန်းပွန်း ခုတင်ပေါ်တွင်သာ လဲလျောင်းနေဆဲ။

နှစ်ရက်မျှအချိန်အတွင်း ပွန်းပွန်း ဘယ်ကိုမှမသွား။ မည်သည့်အစားကိုမျှ မစား။ ယင်းကြောင့် အစဉ်ပြည့်ဝန်းနေသော ပွန်းပွန်း၏ မျက်နှာကလေးသည် ယခုမူ ညှိုးနွမ်းပိန်ချုံးလျက် ရှိနေပြီဖြစ်ပါ၏။

အစဉ်ရွှန်းလက်တောက်ပနေသော ပွန်းပွန်းမျက်လုံးအစုံသည်လည်း မှေးမှိန်အားနည်းနေပြီ ဖြစ်၏။

ပွန်းပွန်းစိတ်ထဲမှလည်း မေးခွန်းပေါင်းများစွာ မေးနေ၏။

'ငါ ဒီပုံစံအတိုင်း လူ့လောကကြီးကို စွန့်ခွာသွားတော့မှာလား၊ အကယ်၍ ဒီပုံစံအတိုင်း ငါသေသွားရင် ဘယ်သူသိမှာလဲ၊ နောက်ပြီး ငါသေတာကို ဘယ်သူလာပြီး မျက်ရည်ကျမှာလဲ၊ ကျားနက်ကော ငါ့အတွက် မျက်ရည်ကျမှာတဲ့လား၊ ဝေးလား....ဝေးသေး'

အမှန်စင်စစ် ပွန်းပွန်းသည် ကျားနက်နှင့် ပတ်သက်၍ မတွေးချင်၊ မစဉ်းစားချင်။

သို့သော် ဦးနှောက်က လက်မခံချင်ပါဘဲလျက် တိတ်ဆိတ်ဝင်လာသူက ကျားနက်....ကျားနက်။

သို့သော် သူတို့နှစ်ဦးကြားတွင် ပြဿနာတစ်ရပ်က ဆီးတားလို့ထားပြီ ဖြစ်ပါ၏။

သို့သော် ယင်းပြဿနာက အချစ်နှင့်အမုန်း၊ အချစ်နှင့် အမုန်းကြားတွင် မျဉ်းတစ်ကြောင်းသာ ခဲခြားထားသော အဖြစ်။

အချိန်တွေ စာစီစာကုန်ဆုံးလာပြီ။

အချိန်ကြာမြင့်လာလျှင် သူမတစ်ယောက်ဘည်း အာဘယ် သို့လျှင် လောကကြီးအား ရင်ဆိုင်ပါမည်နည်း။

ထိုအချက်ကိုမူ ပွန်းပွန်း ဦးလုံးဝမတွေးချင် မတွေးရဲတော့၊ ယခု တကယ်ပင် မိမိကိုယ်ကို မိမိအရင်းပြုပြီး ရောင်းစားရ မည်လား။ ရောင်းကုန်အဖြစ် အသုံးပြုရမည်လား။

ပွန်းပွန်း အံကလေးကြိတ်သည်၊ အားမာန်တင်းလိုက်၏။

မိမိသည် ဤသို့သော မိန်းမစားမျိုး မဟုတ်၊ သေသည် တိုင်အောင် ဤအလုပ်မျိုးလုပ်မည်ဟု စိတ်မကူးခဲ့။ ယခုလည်း စိတ်မကူးစော့။

ထိုစဉ် ပွန်းပွန်း အမှတ်မဲ့ ကျားနက်ကို သတိရသိုက်ပြန် သည်၊ ပြီးတော့ နောက်တစ်ယောက်၊ အဲဒါက လောလော်၊

ပွန်းပွန်းအတွေးဝယ် ကျားနက်ပေါ်လာပြန်တော့ သူမ၏ခန္ဓာကိုယ်ကို ကျားနက် နှိပ်ထမဉီးဆုံး ရယူစဉ်က အဖြစ် အပျက်ကိုလည်း သူမ သတိမရတဲ့ မနေနိုင်ပြန်။

သို့သော် ကျားနက်သည် ထိုစဉ်က သူမအား လိမ်ညာ လှည့်ဖြားကာ ကလဲ့စားချေမည့်ပုံစံဖြင့် သူမခန္ဓာကိုယ်တို့ ရယူလိုက်ခြင်းသာ ဖြစ်ကြောင်း ပွန်းပွန်း ကွက်ကွက်ကွင်း ကွင်း မြင်လာတော့၏။

ထို့ကြောင့် သူမ ကျားနက်ကို လွှန်စွာနာကြည်းမိပြီ။ ကျားနက်အား သူမရှေ့တွင် ယခုနေသည်ကိုသာ မြင်ချင်တွေ့ ချင်လာပြန်တော့သည်။

ကျားနက်ဆိုသည့် ကောင်မျိုးကို အသက်ရှင်လျက် သူမ မတွေ့ချင်ပါတော့သည်အထိ သူမ နာကြည်းမိပြီ။

★

အခန်း (၁၈)

ကျွဲသို့ ပွန်းပွန်းတစ်ယောက် အတွေးများစွာဖြင့် တွေးခေနမိစဉ်တွင် ကျားနက်တစ်ယောက် တကယ်ပင် သူမရှေ့သို့ ရောက်လာပါ၏။

သူမရှေ့ဝယ် မားမားရပ်လျက် ရှုန်းလက်စွာ စိုက်ကြည့်နေပါပြီကော။

ပွန်းပွန်းသည် ကျားနက်အား ပြန်ကြည့်လိုက်၏။

ကျားနက်သည်မူ ဘာမျှမပြောင်းလဲ၊ ယခင်ကျားနက်၏ဟန်အတိုင်း။

တည်ငြိမ်ခြင်း၊ အေးစက်ခြင်း၊ ခက်ထန်ခြင်းတို့ကလည်း ကျားနက်၏ အသွင်အပြင်တွင် အချဉ်ယှဉ်း တည်ရှိလျက်ပင်။

ပွန်းပွန်း အမှတ်မထင် ကျားနက်ကိုမြင်စဉ်တွင် ရင်က ခုန်လှုပ် နှလုံးလည်း တုန်မိပြန်သည်။

သို့သော် ပွန်းပွန်း ဟန်ကိုယ့်ဖို့ပြကာ ချက်ချင်းပင် ခေါင်း မော့လိုက်သည်၊ သွင်ဟန်ကိုလည်း ချက်ချင်း မြူဆွယ်ဟန်ဖြင့် ပြောင်းလျက်....

'ဩော်....ဆရာကြီး ကျားနက်ကိုယ်တိုင် ကျွန်မကို လာ အား‌ပေးတာကိုး၊ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမယ့် ဒီနေ့ ကျွန်မ သိပ်ပင်ပန်းနေလို့ နောက်ထပ်ဧည့်သည်လက်မခံတော့ ပါဘူး၊ ဒီအတွက် ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ် ရှင်'

ကျားနက် အေးဆေးစွာပင် ပွန်းပွန်းကို စိုက်ကြည့်နေ သည်၊ ကျားနက်၏ အမူအရာ လုံးဝပြောင်းလဲခြင်း မရှိ သေး၊

ပွန်းပွန်းဖာဆက်၍....

'ကျွန်မ တစ်နေ့ကို ဖောက်သည် ငါးယောက်ပဲလက်ခံပါ တယ်၊ တကယ်လို့ ဆရာကြီးကျားနက် တကယ့်ကိုအား‌ပေး ချင်တယ်ဆိုရင် မနက်ဖြန် ခပ်စောစောလေး လာပါ၊ကျွန်မ စောင့်နေပါ့မယ်'

ပွန်းပွန်းသည် ဟန်မပျက်၊ ခနဲပြုံးလေးပြုံးလျက်၊ ခပ် တည်တည် ပြောနေခြင်း ဖြစ်သည်၊

မိမိ ကျားနက်ကို လိမ်ညာနေတာလား၊

ဒါမှမဟုတ် မိမိကိုယ်မိမိ လိမ်ညာနေတာလားဆိုသည်ကို တော့ ပွန်းပွန်း မစဉ်းစားတတ်၊

ကျားနက်သည်မူ ပွန်းပွန်းအား အေးစက်စွာစိုက်ရှုကြည့် နေရင်း မျက်လုံးအတွင်းမှ ရှတ်တရက် ထူးဆန်းအုံ့ဩဖွယ် ကောင်းသော အရိပ်အယောင်တစ်မျိုး ပေါ်လွှင်လာသည်။

ကျားနက်၏ မျက်လုံးအစုံက သနားကြင်နာခြင်းကိုဖော် ပြနေသလော၊ သို့တည်းမဟုတ် ရင်ဆဲမှာ ဖော်မပြနိုင်သော ခံစားချက်များကဟင်ဟင်းလာသော ဆိုးသည်မူမည်သူမျှပြော နိုင်စွမ်းမည် မဟုတ်ပေ၊

ထိုစဉ် ကျားနက် ငွေ့ပွန်းပွန်းအနီးသို့ တိုးသွားပြီး ထီးထိုး ငေါက်လျက် ပွန်းပွန်းအား စိုက်ကြည့်လို့ နေပြန်သည်၊

ထိုအခါ ပွန်းပွန်း ရှတ်တရက် ထူပ်လူပ်ရှားရှားဖြစ်လာပြီး ကျားနက်အား အော်ဟစ်လေတော့သည်။

'မင်း အခု ငါ့အခန်းထဲက ထွက်သွား၊ ငါ့ကိုလာမဆိုနဲ့'

ကျားနက်က အခန်းထဲမှ ထွက်မသွားပါ၊ ပွန်းပွန်းကိုသာ စိုက်ကြည့်နေရင်းမှ ချက်ချင်းပင် ပွန်းပွန်း၏ ကိုယ်လုံးလေးကို ပွေ့ယူပြီး ရင်ခွင်ထဲသွင်းလျက် တင်းကျပ်စွာဖက်ထားလိုက် တော့သည်၊

ပွန်းပွန်းမူ အုံအားသင့်လျက်....

ကျားနက်... ကျားနက်သည် ပွန်းပွန်း၏ ကိုယ်ခန္ဓာကိုဦး ဦး ရယူပိုင်ဆိုင်ခဲ့သော ယောကျ်ားပင် မဟုတ်ပါလား။

ပွန်းပွန်း ရှတ်တရက် အားကုန်ထုတ်လျက် ကျားနက်၏ ရင်ခုံကို တိုက်လိုက်သည်။ ပြီး.... တစ်ဆက်တည်းလိုပင် ကျား နက်၏ ရင်ခွင်ထဲသို့ ခေါင်းထိုးသွင်းကာ ချုံးပွဲချ ငိုယို လေတော့သည်၊

ဤသည်က ဘယ်သို့နည်း။
အချစ်ကြောင့်လား၊ အမုန်းကြောင့်လား မည်သူမျှ ဝေခွဲနိုင်စွမ်းမည်မဟုတ်။
ပွန်းပွန်းကိုယ်တိုင်လည်း မဝေခွဲတတ်တော့ပါ။
ချစ်ခြင်းနှင့်မုန်းခြင်းကို ခြားထားသောမျဉ်းသည် ယခု မူ....

* * *

'မင်း ငါ့ဆီကို ဘာဖြစ်လို့လာရသးဘ ဲဗဲ့၊ အခု ဘာဖြစ်လို့ ငါ့ကိုမလွတ်သေးတာလဲဟင်'
ပွန်းပွန်း ငိုရင်းမှ ကျားနက်ကိုမေးသည်။
ကျားနက် ပွန်းပွန်းအမေးကို မဖြေပါ။
ပွန်းပွန်း၏ ပျော့ပျောင်းသွယ်လျသော ဆံခကာသဉ်နှင့် ချောမွတ်သော ကျောပြင်ကိုသာ သိမ်သိမ်မွေ့မွေ့ ပွတ်သပ်နေပါသည်။
ပွန်းပွန်း ဘာမျှဆက်မမေးမိတော့။
ထိုအခိုက်....

ကျားနက်၏ နှုတ်ခမ်းထောင့်တစ်နေရာတွင်အားရကျေနပ်ဟန် အပြုံးတစ်မျိုး ပေါ်ထွက်လာပြန်သည်။
ပွန်းပွန်းလည်း ကျားနက်၏အပြုံးကို လှစ်ခနဲမြင်လိုက်ရသည်။
ယင်းကြောင့် ပွန်းပွန်း ချက်ချင်းအငိုတိတ်ပြီး ခေါင်းကို ဆတ်ခနဲမော့လျက်....
'ငါ့ကို မင်းဆီမှာ အတူပြန်နေဖို့ လာခေါ်တာလား'
ဟု မေးသည်။
ကျားနက် နှုတ်ဖြင့်မဖြေ၊ ခေါင်းသာညိတ်လျက် အဖြေပေးသည်။
ပွန်းပွန်း ခေါင်းမော့ထားဆဲမှ....
'ကောင်းပြီ....ငါ မင်းနဲ့ပြန်လိုက်နေမယ်၊ ဒါပေမယ့် မင်းဘစ်ခုတော့ သတိထားစေချင်တယ်'
ကျားနက် အံ့သြဟန်ဖြင့် နားစိုက်ထောင်သည်။
'ငါ မင်းနဲ့ပြန်လိုက်တာက ငါ့မှာ ရည်ရွယ်ချက်ရှိလို့၊ ငါ့ရည်ရွယ်ချက်ကတော့ မင်းကိုပြန်ပြီး ကလဲ့စားခချဖို့ပဲ၊ ငါ မင်းနဲ့အတူရှိနေမှ မင်းကိုကလဲ့စားချေဖို့ အခွင့်အရေးရမယ် မဟုတ်လား'
ကျားနက်ကျယ်လောင်စွာ အော်ရယ်လိုက်သည်၊ ပြီး....
ပွန်းပွန်းအား ခုတင်ပေါ်သို့ ရုတ်တရက်လှဲချပြီး စားမတတ် ဝါးမတတ်ကြည့်လျက် မေးလာ၏။
'မင်း ငါ့ကို ကလဲ့စားချေချင်တယ်....ဟုတ်လား'
ပွန်းပွန်းက မဖြေ။

မျက်လုံးစုံသာ မှိတ်ထားလျက်၊ စိတ်ထဲမှာမူ ကျားနက်အား ကလဲ့စားချေလိုသည့်ဆန္ဒများပြင်းထန်စွာဖြစ်ပေါ်နေဆဲဘင်၊

မှန်သည်။

ပွန်းပွန်း ကျားနက်အား မလဲ့ကေန် ကလဲ့စားချေပေလိမ့်မည်၊

ထိုကလဲ့စားချေလိုစိတ်များ ဖြစ်ပေါ်ရခြင်းမှာ ယခင်ယင်ကပြဿနာကြောင့် ဟုတ်သော်မှဟုတ်ပေမည်၊

အမှန်စင်စစ် ကျားနက်၏လှောင်ပြောင်ရယ်မောခြင်းဖြင့် စော်ကားလာသော အပြုအမူကြောင့်ပင်ဖြစ်ပါ၏။

မည်သည့်မိန်းကလေးဟူမူ ဤသို့ လှောင်ပြောင်ရယ်မောခြင်းဖြင့် စော်ကားလာသောအပြုအမူကိုခံရလျှင် မုန်းတီးစိတ်များ ဖြစ်ပေါ်လာတတ်သည်မှာ ဓမ္မဘာပင်ဖြစ်သည် မဟုတ်ပါလား။

* * *

ယနေ့ည သည် ကျားနက်၏အောင်ပွဲသဘင် ဆင်ယင်ကျင်းပသောည၊ အောင်ပွဲခံအထိမ်းအမှတ်အဖြစ် စည်ကားသော ညစာစားပွဲတစ်ရပ် ကျင်းပနေသောည။

တစ်နည်းဆိုသော် လောက်ကျင်းအား အောင်မြင်စွာသိမ်းသိမ်းနှိုင်ခဲ့သောကာလ၏ တစ်ညပြည့်သောညပင်ဖြစ်ပါသည်။



အခန်း (၁၉)

ကျွန်းနက်၏အပေါ်ထပ်ညည်ခန်းတွင်းသို့ အောက်ထပ်မှ စားသောက်မြူးပျော်နေကြသော အသံဗလံများသဲ့သဲ့မျှ လွင့်ပျံလိုလာသည်။

ကျွန်းမာသန်စွမ်းသော ယောကျ်ား ရှစ်ယောက်တွင် ပျော်ရွှင်မြူးတူးဖွယ်အရာ နှစ်မျိုးနှစ်စားသာရှိသည်။ယင်းမှာ အရက်နှင့်မိန်းမ၊

သည်နေ့အဖို့မှာမူ အရက်ကအဆင်သင့်၊ ချောမောလှပသော မိန်းကလေးများလည်းအရန်သင့်၊ အားလုံးအပြည့်။

ကျွန်းနက်လည်း သူအောင်ပွဲခံနေ့၏ ညစာစားပွဲတွင် ဤသို့ပင် သူ့တပည့်ငယ်သားများအတွက်လိုလေသေးမရှိအောင် ဧည့်ဝတ်ကျေပေးထားလေသည်။

ထို့ကြောင့်လည်း ယေသားများက ကျားနက်အား ဆ
ကြီး ပီသသည်ဟု ထောပနာပြုနေကြခြင်းပင် ဖြစ်ပေ
သည်၊

• • •

အပေါ်ထပ်ညဦးခန်း၊

ပွန်းပွန်းသည် အောက်ထပ်မှ တပျော်တပါး မြူးရွင်
အသံဗလံများကို ကြားနေရသည်၊

ပွန်းပွန်းသည်အရက်မသောက်ပါ၊ အမျှားသူငါကဲ့
လည်း မရယ်ရွင်နိုင်ပါ။

ဧည့်ခန်းရှိဆိုဖာပေါ်တွင် တည်ငြိမ်စွာထိုင်ရင်း ကျား
အရက်မူးပြီးပြန်လာမည့်အချိန်ကိုသာ စောင့်ကြည့်လို့နေ
သည်၊

ဤနေ့ဤညမျှိုးသည် ပွန်းပွန်းအတွက် ကျားနက်အ
ကလဲစားချေရန် အကောင်းဆုံးအချိန်ပင် မဟုတ်ပါလ

• • •

အပေါ်ထပ်သို့ ကျားနက်တက်လာပါပြီ၊

ကျားနက်တကယ်ပင် မူးနေပေသည်။

တပည့်နှစ်ယောက် ဘယ်ညာညပ်လျက် တွဲတက်လာရလေ
သည်။

အောက်ထပ်တွင်မူ ဆူညံနေဆဲပင်။

ပွန်းပွန်း ကျားနက်အား ပျာပျာသလဲဟန်ဖြင့်ဝင်တွဲပြီး
သိုက်ပို့သော ကျားနက်၏တပည့်နှစ်ယောက်အား....

'မင်းတို့ဆရာကြီးကို ငါပြုစုလိုက်မယ်၊ မင်းတို့အောက်ဆင်း
ပြီး ပျော်ပျော်ပါးပါးဆက်သောက်ကြပါ၊ ဒီလိုညမျိုးနဲ့ကြုံဖို့
အခွင့်အရေးရခဲတယ်ကွယ့်၊ ကဲ....ဆွားကြ....သွားကြ၊မြန်မြန်
သွားကြ'

ကျားနက်၏တပည့်နှစ်ယောက် အောက်သို့ ဒယီးဒယိုင်
ပြန်ဆင်းသွားကြသည်၊

ပွန်းပွန်း ကျားနက်ကိုတွဲလျက် ခုတင်ပေါ်သို့ခေါ်လာ
သည်။

ပြီးနောက် ဧည့်ခန်းတံခါးကိုပိတ်လျက် သော့ခတ်ထား
လိုက်သည်။

ကျားနက် ခုတင်ပေါ်တွင်လဲလျောင်းရင်း အော်ဟစ်နေ
သေးသည်၊

'ဟော့ကောင်တွေ....အရက်ယူခဲ့စမ်း၊ ငါမူးသေးဘူး
ကွ၊ ဟယ်သူလဲကွ....ငါမူးနေတယ်လို့ပြောတာ'

ပွန်းပွန်းမျက်လုံးအစုံ ရုတ်တရက် ဝင်းလက်လာလေ
သည်၊

ထို့ကြောင့် အတတ်နိုင်ဆုံး အသံကိုနှုးညံ့ချိုသာအောင် ထိန်းလျက်....

'ဘယ်သူမှ မင်းမူးနေတယ်လို့မပြောပါဘူးကွာ၊ ဒီအခန်းထဲမှာ အရက်ရှိပါတာယ်၊ ငါလဲ မင်းနဲ့အတူတူ အရက်သောက်မယ်လေ'

ပွန်းပွန်းသည် အမှန်တကယ်ပင် အရက်ပုလင်းကို ယူ၍ ကျားနက်ခရှ့်သို့ ထိုးပေးလိုက်သည်။

ကျားနက်မူးမူးရူးရူးဖြင့် အရက်ပုလင်းကိုလှမ်းယူပြီး ပုလင်းလိုက် မော့ချနေသည်။

သို့သော် အလွန်အကျွံ မူးနေသဖြင့် သူ့လက်များ တုန်နေသည်။ ယင်းကြောင့် အရက်များ ပါးစပ်ထဲမရောက်ဘဲ မျက်နှာနှင့် ခုတင်ပေါ်သို့သာ ဖိတ်စဉ်ကျသွားသည်။

ပွန်းပွန်း သက်ပြင်းတစ်ချက်ချလျက်....

'ကြည့်စမ်း.... ကလေးလေးကျနေတာပဲကွယ်၊ ဒီကဲ့....ငါ့မင်းမျက်နှာကို သုတ်ပေးမယ်နော်၊ ငြိမ်ငြိမ်လေးနေ'

ပွန်းပွန်းသည် ချက်ချင်း ရေချိုးခန်းထဲမှ မျက်နှာသုတ်ပဝါ တစ်ထည်ယူလာပြီး ကျားနက်ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။

လက်တစ်ဖက်တွင် လက်ကိုင်ပဝါ ကိုင်ထားပြီး အခြားလက်တစ်ဖက်မှ ပဝါ၏အစွန်းတစ်ဖက်ကိုကိုင်၍ ကျားနက်၏မျက်နှာကို သုတ်ပေးနေသည်။

သို့သော် ပွန်းပုန်း၏မျက်လုံးကမူ ကျားနက်၏မျက်လုံးကိုသာ စိုက်ကြည့်လို့နေသည်။

ကျားနက် အရက်မူးလွန်နေသဖြင့် မျက်လုံးများပင် ကောင်းစွာ မဖွင့်နိုင်တော့။

ထိုစဉ် ပွန်းပွန်း၏မျက်လုံးများကအောက်ဘက်သို့အနည်းငယ် အကြည့်ရွှေ့လျားသွားသည်။ ခု ပွန်းပွန်း ကျားနက်၏လည်မျိုကို စိုက်ကြည့်နေမြဲ ဖြစ်သည်။

ပွန်းဖွန်း၏ ပဝါအစွန်းတစ်ဖက်ကို ကိုင်ထားသော လက်မှာ တုန်ယင်လာ၏။

ကျားနက်မှာမူ ငြိမ်သက်စွာ လဲလျောင်းနေဆဲ၊ အရက်မူးသွန်သဖြင့် လူးသကောင်နှယ် လုံးဝမလှုပ်ရှားနိုင်တော့။

ပွန်းပွန်း အံကြိတ်လိုက်သည်၊ ပြီးနောက် တုန်ယင်နေသောလက်ဖြင့် ပဝါစအောက်မှ ဓားမြှောင်တစ်ချောင်းကို အသာအယာ ဆွဲထုတ်လိုက်သည်။

ပွန်းပွန်းတစ်ကိုယ်လုံး တုန်ယင်လာပြန်ပြီ။

မေးချင်းရိုက်မျှတုန်လာသဖြင့် သွားချင်းခတ်သံ တဒက်ဒက်ကိုပင် ကြားနေရသည်။

ပွန်းပွန်း အံတစ်ချက် ထပ်ကြိတ်လိုက်သည်။

ပြီး ရုတ်တရက် ကျားနက်၏ လည်မျိုသို့ ဓားမြှောင်ဖြင့် ဆိုင်ထိုးချရန် လက်ကိုလေထဲသို့မြှောက်ချလိုက်သည်။

ထိုအချိန်တွင် ကျားနက်သည် ပကတိငြိမ်သက်စွာ လဲလျောင်းနေရာမှ ရုတ်တရက် သူ၏ညာလက်သီးကလေး လှုပ်ရှားလာသည်၊ သို့သော် ရုတ်ခြည်းပင် ပြန်ငြိမ်သွားသည်။

ပွန်းပွန်း၏ ခေါင်းမြောင်ကိုင်လက်မှာ မြောက်ရွာယိုထား ရင်းမှ တဖြည်းဖြည်းနှင့် ကျားနက်၏ လည်မျိုဆီသို့ ရွေ့လျားလာနေပြီ၊ လည်မျိုတွင်းသို့ နှစ်ဝင်သွားအောင် အပိုင် ထိုးစိုက်ရန်သာ ကျန်တော့သည်။

ယင်းတစ်ခက်အချိန်တွင်ပင် ပွန်းပွန်း၏ မျက်ဝန်းအိမ်မှ မျက် ရည်ပေါက်များ အမုတ်မထင် ယိုစီးလို့ကျလာသေသည်။

ဩော်....ပွန်းပွန်း....ပွန်းပွန်း....

အချစ်နှင့်အမုန်း၊ ချစ်သူနှင့်ရန်သူ၊ ဤနှစ်မူကြားတွင် စိတ်ဒဏ်ခံကျဲပြားနိုင်ရာသော ပွန်းပွန်းတစ်ယောက် ဗျာပါများ နေမိရပါပြီကော။

ထိုအခိုက်မှာပင် ကျားနက်၏မျက်လုံးအစုံ ရုတ်တရက်ပွင့် လက်လာသည်။

ကျားနက်၏ မျက်ဝန်းတွင် မူးယစ်ရီဝေသော အရိပ် အယောင်များ မသန်းတော့။ ပကတိဝင်းလက် ဘောက်မနေ သော မျက်လုံး။

ကျားနက် ပွန်းပွန်းအား စိုက်ကြည့်လာသည်၊ သို့ကြည့် စဉ် သူ၏နှုတ်ခမ်းထောင့်တွင် ခနဲ့ဟန် အပြုံးတစ်ချက် ဖြစ် လို့ လာပါ၏။

ထိုအခါ ပွန်းပွန်းသည် ကျားနက်၏ အရက်မူးဟန်ပြု ထားခြင်းကို သဘောပေါက် နားလည်မိတော့သည်။

ထိုစဉ် ကျားနက်၏ ရယ်မောသံကိုပါ ပွန်းပွန်းကြားလာ ရသည်။

'မင်း ငါ့ကို သတ်ချင်နေတယ် ဟုတ်လား'

'ငါ မင်းကို ပြောခဲ့ပြီးပြီပဲ'

ပွန်းပွန်း ဖြေရင်းမှ ထပ်မံစီးကျလာလုလု မျက်ရည်ကို ရင်း ခေါင်းကို မော့လိုက်သည်။ပြီးမှ....

'မင်းကိုငါ ကလဲစားပြန်ချေမယ်၊ မင်းကိုငါ တစ်နေ့နေ့ ချိန်ချိန်မှာ သုတ်ကိုသတ်ရမယ်'

'သတ်လေ....အခုသတ်လိုက်လေ။ ဘာဖြစ်လို့မသတ်ရတာ

ကျားနက် ခနဲ့ပြုံးဖြင့် ပြောလိုက်ခြင်း ဖြစ်၏။

ပွန်းပွန်း တစ်ကိုယ်လုံး တုန်ယင်လာမိသည်။

ဘုံမီအောင် စိတ်ကို ထိန်းထားလိုက်ရသည်။ ပြီးနောက် သူမချာခနဲလှည့်ကာ အခန်းတံခါးကိုဖွင့်လျက် အပြင်သို့ ထွက်သွားလေတော့သည်။

အခန်းတွင်းတွင်တော့ ကျားနက်၏ရယ်သံများက ပဲ့ထွက် ပဲ့ဝင်ထပ်လျက်၊

★

ယူပြောင်း၊

သူက မိန်းကလေးလှလှမျာ၊ ရွှေးချယ်ရာတွင်ဘော်သည်၊ သူ့ခုလည်း ကျိပဲ့တွင် သူက ကျောက်နီဆိုသော မီန်းမလှလေးကို ရွေးချယ်လိုက်သည်၊

သူသိသည်။ သည်သို့ပဲမျိုးတွင် ကျောက်နီသို့ မိန်းကလေးမျိုး ယောကျ်ားများကြားတွင် ထားရှိခြင်းမှာ အန္တရာယ်များသည်၊

ထို့ကြောင့်ဟူပြောင်းကအခွင့်အရေးရသည်နှင့်ကျောက်နီကို အပြင်ဘက်သို့ ခေါ်ထုတ်သွားလေသည်၊

'ရှင် ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ၊ အခုစောသေးသေး
ဆေး နှောက်ပြီး ကျွန်မ အရက်သောက်ချင်သေးတယ်'

ကျောက်နီက တခစ်ခစ်ရယ်ရင်းပြောသည်။ ဟူပြောင်း
သူမ၏ ပျော့ပျောင်းသောခါးကို ဖက်ရင်း....

'ဒီ ပြင်နေရာမှာလည်း အရက်ရှိပါတယ်၊ မင်းသောက်
ရင် သောက်ချင်သလောက် သောက်လို့ရတယ်၊ ဒီ အပြင်
အကောင်းစား ပြင်သစ်ရှန်ပိန်အရက်လဲရှိတယ်'

'ပြင်သစ်ရှန်ပိန်အရက်....ဟုတ်လား'

ကျောက်နီက အံ့သြသံဖြင့်မေးသည်။ ဟူပြောင်း ခေါ်
တစ်ချက် ညိတ်ပြသည်၊ ထိုအခါ ကျောက်နီတစ်ယောက် ပြုံး
ပယ်ခြင်း မပြုတော့ပေ။

ထို့အပြင် သူမက ဟူပြောင်း၏နားရွက်ကို တစ်ချက်ကိုက်
လိုက်ပြီး....

'ရှင်သာ ကျွန်မကို တကယ် ပြင်သစ်ရှန်ပိန်အရက် ပေး
သောက်မယ်ဆိုရင် ရှင့်ကို မနက်ဖြန် အိပ်ရာကထေနိုင်အောင်
ကျွန်မပြုစုမယ်'

* * *

အမှန်စင်စစ် ပြင်သစ်ရှန်ပိန်အရက်သည် အထက်တန်းလွှာ
သုတန်းစားများ သောက်သုံးသော ကြေးကြီးသည့် အရက်
ဟစ်မျိုး ဖြစ်သည်၊

ယခု ကျောက်နီက ထိုအရက်ကိုထည့်ထားသောဖန်ခွက်ကို
ကိုင်ထားသည့်နှင့် သူမသည် ကိုယ့်ကိုကိုယ် အထက်တန်းလွှာမှ
လူဘန်းစားဟု ထင်မှတ်သွားမိသည်။ ယင်းကြောင့် သူမသည်
အရည်ရွှန်းသော မျက်လုံးအစုံဖြင့် ဟူပြောင်းအား တစ်ချက်
ကြည့်လိုက်ရင်း....

'ရှင့်ကို့မှတ်ကျားလို့ ကျွန်မ အစကထင်တယ်၊ တကယ်တော့
ရှင်က သူဌေးကြီးပဲ၊ ခစ်....ခစ်'

ကျောက်နီက ပြောပြောဆိုဆိုနှင့်ဟူပြောင်း၏ရင်ခွင်ထဲသို့
ဘွန်လိမ်တိုးဝင်သွားလေတော့သည်၊ ဟူပြောင်းလည်း အသော
မတတ် တဟားဟား ရယ်နေလေတော့သည်၊

သို့သော် သူ၏ရယ်သံသည် ရုတ်တရက် ရပ်သွားသည်၊
အကြောင်းမှာ လူတစ်ယောက်က ၎င်း၏ အနားသို့လျှောက်
လာပြီး ဟူပြောင်း၏လက်ထဲမှ ရှန်ပိန်အရက်ခွက်ကိုလုယူကာ
မော့သောက်လိုက်သောကြောင့်ပင်ဖြစ်သည်။

ထိုသူ့အသက် မကြီးလှသေးပေ၊ လူလတ်ပိုင်းပင်၊
ဝတ်စား ဆင်ယင်ပုံကလည်း အထက်တန်း ခပ်ကျကျ၊
တောက်တောက်ပြောင်ပြောင်၊ တကယ့် အထက်တန်းလွှာမှ
သူဌေးကလေးတစ်ယောက်အလား။

သို့သော် သူ၏အပြုအမူကအထက်တန်းလွှာမဆန်၊ အောက်
တန်းစား လူရွယ်လူမိုက်ဆန်လှသည်၊

ဟူးမြောင်းက ထိုလူယေ်ကိုမသိ၊မမြင်ဖူး။ထို့ကြောင့်သူက မျက်မှောင်ကုတ်လျက်....

'မင်း ဘာ... ဟာသဘောလဲကွ'

'ကျုပ် ခင်ဗျားရဲ့အရက်တွေကို သောက်ပစ်ရုံတင် မက ဘူး၊ ခင်ဗျားဘေးနားက မဒီချောလေးကိုလဲ ကျုပ် ယူဦး မလို့'

လူငယ်ကပြုံး၍ပြန်ပြောသည်။သူ၏အပြောအဆိုအပြု အမူမှာ လွန်စွာတည်ငြိမ်ခန်းဆေးလှသည်။

'ဘာ....မင်း ဘာခွေးစကား လာပြောတာလဲကွ၊မင်း အခု သက်သက် ငါ့ကိုလာရန်စတာလား'

အမှန်စင်စစ် ဟူးပြောင်းသည် ဒေါသလွန်လွန်ကူးကူ ထွက် တတ်သူ မဟုတ်။

သို့သော် ယခု အရက်သောက်ထားသည့်အချိန်နှင့် ဘေးမှ မိန်းမချောလေး တစ်ယောက်ခကြောင့် ဟူးပြောင်း၏ ဒေါသ များ အလိုလိုပေါက်ကွဲလာခြင်း ဖြစ်၏၊

လူငယ်က ချီသာစွာပြုံးလျက်...

'ကျုပ်ခင်ဗျားကို မသတ်ချင်ဘူး၊ ဒါမပေမယ့် ခင်ဗျားကြီး ကို ခုတင်ပေါ်မှာ အနည်းဆုံး တစ်သလောက် အနားယူသွား အောင်တော့ ကျုပ်လုပ်ရလိမ့်မယ်'

ဟူးပြောင်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

ရုတ်တရက် ဟူးပြောင်း၏လက် တစ်ချက် ယမ်းလိုက်၏။ ချက်ချင်းပင် ခေးမြောင်တစ်ချောင်း သူ၏လက်ပေါ်သို့ရောက် လာ၏။

အမှန်တော့ ဟူးပြောင်းသည် ခေးမြောင်ကို အလွန်ကျွမ်း ကျင်စွာ အသုံးပြုတတ်သည်။ အမဲသတ်ရုံက အမဲသတ်သမား တစ်ယောက်ကဲ့သို့ ကျွမ်းကျင်လိမ္မာသည်။

ခေးမြောင်သည် ရိုးခနဲလက်သွားသည်။

ခေါင်းမြှောင်မှာ ရုတ်ခြည်းပင် သူဝယ်ဝမ်းဗိုက်ဆီသို့ တည့်
ကည့်မတ်မတ် ရောက်သွားသည်၊

သို့သော် လူငယ်က နှားတီရစ္ဆာန်မဟုတ်ပါ။ သူသည်
ဦးခေါင်းကို တစ်ချက်တိမ်းလိုက်သည့်နှင့် ခေါင်းမြှောင်မှာ သူ၏
ဝမ်းဗိုက်နားမှ ကပ်၍ထွက်သွားသည်၊

တစ်ချိန်တည်းမှာပင် သူ၏ညာဘက်လက်သီးမှာလည်း ဟူ
ခြောင်း၏ နှာခေါင်းပေါ်သို့ ကျရောက်သွားလေတော့သည်၊

ဟူပြောင်း လွှင့်ထွက်သွားသည်၊ နံရံဘက်ဆီသို့ လွှင့်
ထွက်သွားခြင်း ဖြစ်သည်၊

သို့သော် ဟူပြောင်းက ကိုယ်ကို လျှပ်တစ်ပြက် ပြန်ဆိန်း
ပြီး မတ်တတ်ရပ်လိုက်သည်၊

သူ၏မျက်လုံးအစုံထဲတွင် ဒေါသအရိပ် တသိပ်လိပ်တက်လာကာ နီရဲနေသည်။

ထိုအခိုက်ဘယ် ဟူးပြောင်းက ရုတ်တရက် ယားရွှဲလျှားကျယ်လောင်စွာအော်ရင်း ရှေ့သို့ခုန်တက်လာကာ လျှပ်တစ်ပြက်အတွင်း ထိုယူငယ်၏နားထင်ကို လက်သီးနှစ်လုံးဖြင့် ဆင့်ထိုးလိုက်သည်။

သို့သော် သူ၏လက်သီး မရောက်ခင်မှာပင် ထိုလူငယ်၏လက်ဝါးစောင်းနှစ်ဖက်က ဟူးပြောင်း၏ ပခုံးနှစ်ဖက်ပေါ်သို့ ခုန်ချပြီးသား ဖြစ်နေသည်။

ဟူးပြောင်း၏လက်နှစ်ဖက်မှာ ပြုတ်ကျလုမတတ် ဖြစ်သွားကာ အားပျော့သွားတော့သည်။

တစ်ဆက်တည်းပင်....

ထိုလူငယ်၏ ဘယ်ညာလက်သီးနှစ်လုံးသည် ဟူးပြောင်း၏ဝမ်းပိုက်ပေါ်သို့ ဆက်တိုက်ကျရောက်သွားပြန်သည်။

ထိုအခါ ဟူးပြောင်းမဟန့်နိုင်တော့ ပျော့ခွေ လဲကျသွားလေသည်။

လူငယ်က ပြုံး၍....

'ခင်ဗျား အနည်းဆုံး ခုတင်ပေါ်မှာ တစ်လလောက် အနားယူရတော့မယ်'

လူငယ်သည် စကားဆုံးသည်နှင့် ရုတ်တရက် နောက်တစ်သို့ လက်သီးနှစ်လုံးဖြင့် နောက်ပြန်ထိုးထည့်လိုက်သည်။

ထိုစဉ် အနောက်ဘက်တွင် လူခုနစ်ယောက်ခန့် ခုန်အုပ်ပြေးဝင်လာနေသည်။

ဤနေရာသည် သူတို့၏နယ်မြေ၊ သူတို့က လူသတ်ရန်ပင် ဝန်မလေး။ ထိုလူများလက်ထဲတွင် လက်နက်ကိုယ်စီ ပါလာကြသည်။

သို့သော်....

ထိုလူငယ်၏ လက်နှစ်ဖက်မှာလည်း လက်နက်သဖွယ်ပင် ဖြစ်သည်။

ယင်းလူငယ်၏လက်သီး နောက်ပြန်ထိုးလိုက်ဆည့်နှင့် ပြေးဝင်လာသော လူနှစ်ယောက်က လွင့်ထွက်သွားသည်။

တစ်ဆက်တည်းပင် ခုန်လိုက်ပြီး ခြေထောက်ဖြင့် အခြားတစ်ယောက်၏ မေးစေ့ကိုကန်သည်။

ချက်ချင်းပင် မေးစေ့ပြုတ်ထွက်သံကို ကြားလိုက်ရလေသည်။

သူ၏လက်ဝါးစောင်းက တခြားလူတစ်ယောက်၏ နံရိုးကို ရိုက်ချိုးလိုက်ပြန်သည်။

ဟူးပြောင်း အားတင်းရှဲထကာ လှမ်းအော်သည်။

'ဟေ့ကောင်တွေ....ရပ်လိုက်ကြစမ်း'

လဲကျနေသော လူသုံးယောက်ကလွဲ၍ ကျန်လူအားလုံးတို့မှာ နောက်သို့ဆုတ်ခွာသွားကြသည်။

'ဒီမှာသူငယ်ချင်း၊ မင်းဘယ်အဖွဲ့ဝင်လဲ'

ဟူးပြောင်းသိသည် လူငယ်သည် သာမန်လူ မဟုတ်နိုင်။

လူငယ်က ပြုံး၍....

'ကျွန်တော် ပေလို့တည်းခိုခန်း အပေါ်ထပ်မှာ တည်းပါဗျာ၊ ဒီမိန်းကလေးလဲ ကျွန်တော်နဲ့အတူ ရှိနေမှာပါ'

ဟူပြောင်း မျက်နှာတွန့်လိမ်သွားသည်။ 'ကျောက်နီဆို
သော မိန်းကလေး၊ ဆိုင်ထောင့်တစ်နေရာတွင် ပုန်းကွယ်နေ
သော်သည်း သူမ၏မျက်နှာမှာ ပြုံးရွှင်နေသည်။
ယခုကျောက်နီသည် ခါးကလေးကို နွဲ့ကာ၊ တင်က လေး
ကိုယမ်းပြီး တဖြည်းဖြည်းလျှောက်ထွက်လာသည်။
ထိုလူငယ်ရှေ့သို့ ရောက်သောအခါ....
'ရွှင်....ကျွန်မကို ဘယ်ခေါ်သွားမလို့လဲဟင်'
လူငယ်က ဘာမှပြန်မပြောဘဲ သူမ၏ သေးသိမ်လှသော
ခါးလေးကိုဖက်ကာ အပြင်သို့ ထွက်သွားသေတော့၏။

* * *

ကျားနက်။
သူသည် ဆိုဖာတစ်ခုပေါ်တွင် ငြိမ်သက်စွာထိုင်နေသည်။
ထိုစဉ်သူ၏တစ်ကိုယ်လုံးရှိ 'ကြွက်သားများမှာ တောင့်တင်း
မာကျောနေသည်။
ဟူပြောင်းမှာ ကျားနက်နှင့် မျက်နှာချင်းဆိုင်ရှိ ဆိုဖာခုံ
ပေါ်တွင် ပျော့ခွေစွာလဲလျောင်းနေသည်။
သူသည် လွန်စွာကြောက်ရွံ့နေသည့်ပုံစံ၊ ဇောချွေးများ
များပင်ပျံ နေရှာသည်။

ယခု သူ ကြောက်နေသည်က ကျားနက်.... အမှန်တော့
ကျားနက်ကထိုလူငယ်ထက်ပင် ကြောက်စရာ ကောင်းသည်ကို
ဟူပြောင်း ကောင်းစွာသိနေသည် မဟုတ်ပါလား။
ကျားနက်က ဟူပြောင်းကိုလုံးဝလှည့်မကြည့်။
ဟူပြောင်းသည်း သူ့ကိုလုံးဝမကြည့်ရဲ။
ဤသို့ဖြင့်....
ညဉ့်နက်လာပြီ....သုံးနာရီပင်ထိုးလေပြီ။
ကျားနက်က တုတ်တုတ်မျှ မလှုပ်၊ ထိုင်နေဆဲ။ သူသည်
း၏ပေါင်ပေါ်တွင် စည်းထားသော ပတ်တီးကို ငေးစိုက်
ကြည့်နေသည်။
ယခု သူ၏ အေးစက်နေသော မျက်လုံးအစုံတွင် ပူပန်မှု
နည်းငယ်ပေါ်လာနေပြီ။
ပေါင်ပေါ်က ဒေနတ်ဒဏ်ရာသည် သူ၏ လှုပ်ရှားမှုကို
သွန်ပင် မထိခိုက်နိုင်သော်လည်း ပြင်းထန်စော လှုပ်ရှားမှု
တော့ ထိခိုက်စေနိုင်သည်။
ကျားနက်ရုတ်တရက် ဟူပြောင်းကို မေးပြန်သည်၊
'ဒီကောင့်ပုံစံက ဘယ်လိုပုံစံလဲကွ'
ဘကယ်တော့ ဟူပြောင်းက ကျား နက်ကိုရှင်းပြ ပြီးပြီဖြစ်
သည်၊ သို့သော်လည်း ဟူပြောင်းက စိတ်ရှည်စွာဖြင့်သေသေ
ချာချာပြောပြန်သည်။
သည်ဘစ်ကြိမ် ကျားနက်၏ မျက်နှာသည် ပို၍ပင် အေး
စက်လာသည်၊ ထို့အပြင် လက်သီးကိုတင်းကျပ်စွာ ဆုပ်ကာ
ထားသဖြင့်....

ကျားနက်စကားကြောင့် ဟူပြောင်းလည်း မျက်စိ မျက်နှာ ပျက်လာသည်၊

ထိုစဉ် ကျားနက်က ရုတ်တရက်ခုန်ပြုံးတစ်ချက်ပြုံးပြီး....

'သူ ဘယ်သူဘဲဖြစ်ဖြစ်၊ ငါ သူနဲ့သွားတွေ့ရမှာပဲ'

ကျားနက်ရုတ်တရက် အသံမြင့်ကာ တစ်စုံတစ်ယောက်ကို အော်ခိုင်းသည်၊

'ချင်းစုံကိုခေါ်ထိုက်စမ်း.... ငါသူနဲ့ ဆွေးနွေးစရာရှိတယ်'

★

'တကယ် သူပဲလား၊ သူဘယ်နဲ့ လုပ် ဒီကို ထွက်လာနိုင်မှာလဲ'

ဟူပြောင်းကြားသည်၊ သို့သော် မဖြေနိုင်၊ 'သူ' ဆိုသော လူ....ဘယ်သူမှန်း သူမသိသောကြောင့်ဖြစ်သည်၊

တစ်ဖန် ကျားနက်ခေါင်းခါလာပြန်သည်၊

'သူ....သူ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ သူ အရင်တုန်းက ဒီလိုပုံမျိုးမှ မဟုတ်တာ၊ သူအရက်မသောက်တတ်ဘူး၊ မိန်းလဲမလိုက်စားတတ်ဘူး'

'သူ့ကို ကြည့်ရတာ ကောင်းတင်းလို နှိုင်းခြားကပြန်တာ စဲပုံစံမျိုးနဲ့တူတယ်'

ဟူပြောင်းက ပြောသည်၊

'ဒူ အခု ဘယ်မှာတည်းလဲ'

'မေလ္လိတည်းခိုခန်းမှာ'

ဟူပြောင်း ရုတ်တရက် တစ်ခုခုကို သတိရလာဟန်နဲ့ ဆက်၍....

'သူ အခုတည်းခိုခန်းမှာ စာတည်းတဲ့အခန်းဟာ ကောင်းစားအရင်ကနေသွားတဲ့ အခန်းလိုပဲ'

ကျားနက်....

သူ့ဓါးလက်ကို စိုက်ကြည့်ရင်းနှင့် ရုတ်တရက် မျက်လုံးမှာ တဖြည်းဖြည်းကျဉ်းမြောင်းလာသည်၊

'သူ....သူက ကောင်းတင်းအတွက် ကလဲ့စားချေဖို့ မှာလား'

ချုံးစုံး။

သူသည် ကျွဲးနှက်၏အဖွဲ့ထဲတွင် စစ်အတည်ငြိမ်ဆုံးနှင့်
ပြည်သစ်ရွာဦး အရက်စက်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။

ယခု ကျွဲးနှက်က ၎င်းကိုခေါ်ရခြင်းမှာ သူ၏အဖွဲ့ထဲတွင်
ချုံးစုံသောက် အဖက်ဖက်မှ တော်သည့်လူ မရှိသောကြောင့်
ဖြစ်၏။

တစ်မိနစ်ခန့်အကြာတွင် ချုံးစုံးရောက်လာသည်။
သူသည် အင်္ဂျီကိုသေသပ်စွာဝတ်ဆင်ထားသည်။ ၎င်း၏
ခေါင်းမျှားမှာ ဖြီးလိမ်းထားဆဲ၊ အိပ်ရာမဝင်သေးသည်ကို
ဖော်ပြနေသကဲ့သို့။

ချင်းစုံကိုတွေ့သောအခါ ကျားနက်၏မျက်နှာပေါ်တွင် လွန်စွာ ကျေနပ်သောအမူအရာပေါ်လာသည်။

'မင်း....မအိပ်သေးဘူးလား'

ချင်းစုံ ခေါင်းခါရင်း....

'ဟင့်အင်း....မအိပ်သေးဘူး'

အမှန်တော့ ချင်းစုံက ၎င်းကို အချိန်မရွေးပေးလာသော တာဝန်ကိုထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေသလို ဖြစ်နေသည်။

ယင်းကြောင့် မည်သည့်ကိစ္စပင်ဖြစ်စေ၊ ချင်းစုံအရင်ဆုံး ရောက်လာတတ်သည်။

'လောင်ကျန်းရဲ့တပည့်တွေကို မင်း အခုသွားရှာလို့ရသလား'

ကျားနက်က မေးသည်၊

'ရပါတယ်'

ထိုအခါ ကျားနက်က ပြတ်သားသောအသံဖြင့်....

'အခု ငါခိုင်းတဲ့ကိစ္စက သိပ်အရေးကြီးတယ်၊ မင်း သူတို့ကိုရှာပြီး မိုးမလင်းခင် ပေလို့တည်းခိုခန်းအပေါ်ထပ်မှာ တစ်ယောက်ကို သွားရှာရမယ်'

ကျားနက်အမိန့်ပေးသောအခန်းတွင် ချင်းစုံ၏အမူအရာမှာ လွန်စွာ တည်ငြိမ်အေးဆေးသည်၊

သူသည် လုံးပပင်မေးခွန်းမထုတ်ဘဲ ကျားနက်၏အမိန့်ကို သာ နားထောင်နေသည်။

'မင်း သူနာမည်နဲ့ ဒီကိုလာတဲ့အကြောင်းရင်းကိုမေး....ပြီးရင် ရှင်းပစ်'

'ဟုတ်ကဲ့'

ချင်းစုံသည် ဘာမှပြန်မမေးဘဲ ချက်ချင်းပင် အခန်းမှထွက်သွား၏။

'ခဏနေဦး'

ကျားနက် ခေါ်လိုက်သည်။

'အတယ်၍ သူနာမည်က လောလက်ဖြစ်နေလို့ ရှိရင် သူ့အသက်ကိုချန်ထားပြီး ဒီကိုထမ်းခေါ်လာခဲ့'

ကျားနက်က 'ဒီကိုထမ်းခေါ်လာခဲ့' ဟုပြောစဉ်တွင် သူ့အသံကိုအားစိုက်၍ ပြောလာသည်။

ယင်းအဓိပ္ပာယ်က လောလက် သူ့ရှေ့မှောက်သို့ရောက်လာချိန်တွင် ကောင်မနှစ်စွာ မတ်တတ်ရပ်နိုင်သော အခြေအနေသော်မှ မရှိစေရဟူသောသဘောပင်၊

ချက်ဆိုနားကွက်ကမီးတောက်တတ်သော ကျားနက်၏ တပည့်ကျော်ချင်းစုံသည် သူ့ဆရာကျားနက်၏ ယင်းသဘောဆောင်သော စကားလုံးများကို ကောင်းစွာ နားလည်လိုက်ပါ၏။

* * *

ပေါ့ ဆည်းခိုခန်းတွင်ဖြစ်သည်၊

ကျောက်နီဆိုသောမိန်းကလေးသည် ခုတင်ပေါ်တွင်ထဲလျောင်းရင်းမှ သူ့နံဘေးမှလူငယ်ကို စိုက်ကြည့်နေလေသည်၊

မီးရောင်အောက်တွင်ဖြစ်၍ လူငယ်၏မျက်နှာကိုတင်ရှားစွာ မြင်နေရ၏၊

ယခု လူငယ်၏မျက်နှာပြင်က ဖြူဖင်ဖြူရော်နှင့် ညှိုးညှိုးနွမ်းနွမ်းရှိလှ၏၊ လွန်စွာ ပင်ပန်းနွမ်းနယ်နေဟန်အပြည့်ပင်၊

သို့ရာတွင် လူငယ်၏မျက်လုံးကမူ မျက်နှာပြင်တွင်ဖြစ်ပေါ်နေသော သင်ဟန်နှင့် ကဲ့ပြားခြားနားနေပါ၏။ လူငယ်၏မျက်လုံးအစုံက ဝင်းတောက်လှ၏။ ဒေါသမီးလျှံ လောင်မြိုက်နေသကဲ့သို့၊ အနိုးအလျှံတည်းညီးပုံလွင့်ထွက်ပေါ်နေသကဲ့သို့ပင်။

လူငယ် ဘာတွေစဉ်းစားနေသနည်း။ ဘာတွေကိုမျှားနာကြည်းနေပါသနည်း။ ခွစ်သူဟောင်းက သူ့အပေါ် ဆစ်ဖောက်သွားခဲ့လား၊ သို့မဟုတ် သူငယ်ချင်းတစ်ယောက်က သူ့အပေါ် ဆစ်ဖောက်သွားခဲ့လော၊

ထိုအခိုက် မိန်းမလှလေးကျောက်နီက လူငယ်အားမေးမိသည်၊

'ရှင် ဒီမြို့ကိုလာတာ မိန်းမနဲ့အရက်အတွက်လာတာမဟုတ်ဘူးထင်တယ်'

'ကလဲ့စားချေဖို့လာတာ'

လူငယ်က တိုတိုတုတ်တုတ်ဖြေပြီး ကျောက်နီအားစိုက်ကြည့်လိုက်၏။ ယင်းအကြည့်က ခပ်သွားတမျှ စူးရှထက်မြက်လှ၏။

ကျောက်နီ ရုတ်တရက် စိုးရွံ့ထိတ်လန့်သွားသည်။ ကြောက်ကြောက်လန့်လန့်ဖြင့်လည်း....

'ကျွန်....ကျွန်မ ရှင့်အကြောင်းဘာမှမသိပါဘူး၊ ကျွန်မရှင့်နာမည်ကိုတောင် မ....သေသေးပါဘူး'

လူငယ်က ရုတ်တရက်ပြုံးလာသည်။ ပြီးလျှင် သူမ၏ ပါးပြင်အား လက်ကလေးဖြင့် အသာအယာ ချော့ပုတ် ပုတ်ခေါ်လိုက်သည်၊

ကျောက်နီဆိုကောင်မလေး လွန်စွာ ပီတိဖြစ်သွား၏။ ကြောက်စိတ်မျှားချက်ခွင်းပျောက်ကင်းကာလူငယ်အား ရုတ်တရက် ဖက်တွယ်လိုက်၏၊ နှုတ်မှလည်း အသံတိုးတိုးဖြင့်....

'ရှင့်ကိုချစ်တယ်....သိပ်ချစ်တယ်ကွယ်'

လူငယ် မိန်းကလေးကို့တင်းကျပ်စွာပြန်ဖက်သည်၊ သို့သော် သူ့မျက်လုံးအစုံမှ နာကြည်းရိပ်များ ပို၍ပေါ်လွင်လာသည်၊ ယင်းအခိုက်တွင်ပင် အခန်းတံခါးခေါက်သံ ကြားလိုက်ရသည်၊



အခန်း(၂၃)

'ဒေါက်....ဒေါက်....ဒေါက်'

မိန်းကသေးသည် လူငယ်အား ဖက်တွယ်ထားခြင်းမှ ရုတ်ချာရက် လူချင်းခွာလိုက်သည်။ မျက်နှာတွင် စိုးရိမ်ထိတ်လန့်မှုများ ပေါ်လွင်လို့သာသည်။ စိုးရွံ့လွန်းသောအသံဖြင့်လည်း....

'တော....ဟူးပြောင်းတို့အဖွဲ့ ပြန်လာတာဖြစ်ရမယ်၊ သူတို့က ရွှင်ကို အသက်ချမ်းသာပေးမှာမဟုတ်တော့ဘူး'

'မင်း ကြောက်စရာမထိုပါဘူး'

လူငယ်က ဖြုန်းခနဲထလုပ်သည်။ ဆက်၍....

'သူတို့က ဘာမှကြောက်စရာကောင်းတဲ့ကောင်တွေမဟုတ်ပါဘူးကွာ'

တံခါးခေါက်သံ တိတ်ရပ်သွားပြီး လူငယ်သည် အပြင်ဘက်မှ ဘယ်သူဘယ်ဝါဆိုသည်ကို မခမ်းတဲ့ တံခါးဖွင့်ပေးလိုက်သည်။ ပြီး ချက်ချင်းနောက်သို့ဆုတ်လိုက်ပြီး ဆိုဖာထိုင်ခုံဘေးတွင် ခါးထောက်ရပ်လိုက်သည်။ တံခါးပေါက်မှ တင်ကြမ်းချင်း ဝင်လာသူက ကျားနက်၏ တပည့်ကျော် ချင်းစုံးဘူက လူငယ်ကို ပြုံးပြပြီး သူ့ကိုယ်သူ မိတ်ဆက်သည်။

'ကျွန်တော် နာမည် ချင်းစုံပါ'

ချင်းစုံ၏အပြုံးက ဟစ်ဖက်သားကို အနေခက်စေသာသရော်ပြုံး၊ ခနဲပြုံး။ သို့သော် လူငယ်က ဘာမျှမဖြစ်သကဲ့သို့ ချင်းစုံအား မေးသည်။

'ခင်ဗျာ. ဟူပြောင်းရွှဲဆရာလား'

'ကျွန်တော် ဆရာဘယ်သူဆိုတာ ခင်ဗျား သိပြီးသား ဖြစ်မှာပါ'

ချင်းစုံက အပြုံးမပျက် ပြန်ပြောသည်။ လူငယ်ကသည်း ပြုံးမြဲမြဲဖြင့်....

'ကျုပ် ဒီမြို့ကိုရောက်ရောက်ချင်း ဒီမြို့မေါ်က လူတချို့ရဲ့ အကြောင်းကို လူအတော်များများကပြောပြဖူးတယ်၊ ဒါပေမယ့် ကျုပ်က လူဘိုင်းရဲ့စကားကိုယုံတတ်တဲ့လူစား မျိုးမဟုတ်ဘူးဗျ'

ချင်းစုံက လူငယ်စကားကို ထောက်ခံဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီးနောက် လူငယ်အားရုတ်တရက်မေးပြန်သည်။

'မိတ်ဆွေနာမည်က ဘယ်လို....'

'ကျုပ်တို့က မိတ်ဆွေတွေမို့ လို့လား ဗျ'

'အခုတော့ မဟုတ်ဘဲသားဘူးပေါ့'

'နောင်လဲ ဟုတ်မယ်မထင်ပါဘူး'

လူငယ်က ချင်းစုံအား တစ်ချက်မျှအကဲခတ်သလိုကြည့်ပြီး ဟားဆက်သည်။

'ကျုပ်က ဟူပြောင်းရဲ့အရက်ကို လုသောက်တယ်၊ သူ့ရဲ့မိန်းကလေးကိုလဲ လုထားတယ်၊ အဲ့ဒီလူစားမျိုးကို ခင်ဗျားကို မိတ်ဆွေလို့ ဘယ်နှယ်လုပ်သဘောထားနိုင်ဖတ္ဘမလဲ'

'အဲဒီလိုဆိုရင် ခင်ဗျားကို ကျွန်တော် တစ်ခုမေးချင်တယ်'

'မေးလေ'

'ခင်ဗျားက ဟူပြောင်းရဲ့အရက်နဲ့မိန်းကလေးကိုလုယူထားတာက သစ္စာသဘောလဲ'

'ကျုပ်က အရက်သမား၊ မိန်းမလိုက်စားတဲ့လူ'

လူငယ်က ပြုံးလျက် အဖြေပေးခြင်းဖြစ်သည်။ ချင်းစုံ၏မျက်နှာ တင်းမာသွားသည်။ ပြီး ခနဲပြုံးပြုံးလျက်....

'ခင်ဗျား အခု ကျုပ်တို့နဲ့ရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်ပြီလား'

ချင်းစုံ၏စကားအဆုံးတွင် တံခါးပေါက်မှလူဆယ်ယောက်ခန့်တာရက် ပြေးဝင်လာသည်။ ဝင်လာသူများကား ကြေးစားလူခိုင်များ၊ ပွဲပေါင်းများစွာတိုးခဲ့ဖူးသောတကယ့်ကြေးစားလူမိုက်များ။

တစ်ခဏအတွင်းမှာပင် လက်သီးနှစ်လုံးက လူငယ်မျက်နှာဆီသို့ ဝဲပျံ့လာသည်၊ ခြေတစ်ဖက်ကလည်း လူငယ်အောက်ဝဲသို့ ဖြတ်ကန်လာသည်။

လူငယ်သည် ရုတ်တရက် ဆိုဖာထိုင်ခုံပေါ် ခုန်တက်လိုက်ပြီး ထိုမှ လေထဲသို့ခုန်ပျံ တက်လိုက်သည်။

တစ်ဆက်တည်းပင် လူငယ်၏ ဘယ်ဘက်လက်သီးတစ်လုံးသည် ရှေ့ဆုံးမှခပြုံးဝင်လာသော လူတစ်ယောက်ဆီသို့ တန်းတန်းမတ်မတ်ရောက်သွားပြီး ခြေထောက်ဖြင့်လည်း ထိုလူနောက်မှ ဝင်လာသောလူအား ကန်လိုက်၏။

တစ်ပြိုင်တည်းမှာပင် ဘေးဘက်မှပြုံးဝင်လာသူ၏ လည်မျိုသို့ လက်ဝါးစောင်းပြင်းပြင်းဖြင့် ခုတ်ချလိုက်၏။

လူငယ်၏လှုပ်ရှားမှုက ဖော်ပြနိုင်စွမ်း မရှိလောက်အောင် လျင်သည်။ မြန်သည်။

သွက်လက်သည်ဖြစ်ရာ ထိုးချလိုက်သောလက်သီး၊ ကန်လိုက်သော၊ ခုတ်ချလိုက်သော လက်စောင်းတို့မှာ သာမန်မျက်စိဖြင့်ကြည့်ပါက ထိုသို့သာမြင်မည် ဖြစ်သော်လည်း တကယ်တွင်မူ လူငယ်၏လှုပ်ရှားမှုက လျှပ်ဘစ်ပြက်အတွင်း လှစ်ခနဲလှစ်ခနဲ ပြောင်းလဲနေ၏။

ထို့ကြောင့် ရှေ့မှပြုံးဝင်လာသူတို့ သုံးဦးမှာ ဘာမှမဖြစ်ဘဲ တကယ်ခံလိုက်ရသူမှာ အခြားလေးယောက် ဖြစ်နေတော့သည်။

ဟာ....အခုကြည့်၊ မထင်မှတ်သော လူလေးယောက်က ကြမ်းပြင်ပေါ်မှာ မှောက်လျက်။

ထိုအခိုက်....

လူတစ်ယောက် ထပ်မံပြုံးဝင်သွားပြီး အထိတ်ဘားနှင့်အော်ဟစ်လိုက်၏။

သွားမစမ်းနဲ့၊ သိုင်းပြောင်းပြန်၊ ပြောင်းပြန် သိုင်းကွက်တွေဟေ့

* * *

ထိုအချိန်ကာလတွင် ၎င်းသိုင်းပြောင်းပြန်၊ ပြောင်းပြန်သိုင်းကွက် တတ်မြောက်ထားသူမှာ နှစ်ဦးသာရှိပါ၏။

တစ်ဦးက လောလက်၊ တစ်ဦးကမူ ကျားနက်။

သို့ဆိုလျှင်....

ဤလူငယ်သည် လောလက်လော၊ လောလက်တစ်ယောက်၊ အမှန်ပင် ဒီမြို့သို့ ရောက်လာပြီလော။

★

ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ပြီ

အရက်ကျင်းပြီး

သည်နေ့သည်းကျားနက်အိပ်ရာမှ စောစောထသည်၊ ယခု ကျားနက်ဆိုဖာတစ်လုံးပေါ်တွင် ငြိမ်သက်စွာ ထိုင်နေပါပြီ၊ သို့ထိုင်နေစဉ် ပေါင်မှ ဒဏ်ရာက တဆစ်ဆစ်ကိုက်ခဲလာနေသည်၊

သည်သို့ ကိုက်ခဲခြင်းကြောင့် ကျားနက် စိတ်အနှောင့်အယှက်ဖြစ်ကာ စောစီးစွာ အိပ်ရာမှ ထခြင်းပင်ဖြစ်သော်လည်း ပေါင်မှဒဏ်ရာက ကျားနက် စိတ်အနှောင့်အယှက်ပြုနေဆဲပါ၊

သူ့စိတ်ကို အမှန်တကယ် နောက်ကျိစေသည်မှာ သူ့ဘဝသည်ကျော် ချင်းစိုးဘယ်ဆောင်လာသောသတင်းစကားတွေပင်ဖြစ်ပါ၏၊

ချင်းစိုး....ဇင်း ဟိုကောင့်ဆီကို သွားတုန်းက လူဘယ်နှစ်ယောက်ခေါ်သွားလဲ'

'ဆယ့်တစ်ယောက်'

'မင်းတို့ ဆယ့်တစ်ယောက်ကသူတစ်ယောက်ထဲကိုတောင် မနိုင်ဘူးလား'

'အမှန်ဆိုရင် ကျွန်တော်တို့လူထွေ အခုလို အလွယ်တကူ မြှုန်မြှုန်မရှုံးဘူးခင်ဗျ၊ ဒါပေမယ့် ကျွန်တော်တို့ကောင်တွေတာ ဟိုလူသိုင်းပြောင်းပြန်သိုင်းကွက်တွေ သုံးတာကို မြင်တာနဲ့ဘဲ သူ့ကို ပြန်တိုက်ဖို့ သတ္တိတွေ လုံးဝ ပျောက်သွား ကြတယ်လေ'

ကျားနက်မျက်မှောင်ကြုတ်သွားသည်။

သိုင်းပြောင်းပြန်၊ ပြောင်းပြန်သိုင်းကွက်၊

သည်အသံက သူ့နားထဲ ပဲ့တင်ထပ်လျက် ဟည်းထွက်သွားပါ၏။

မှန်သည်၊ သည်သိုင်းကွက်ကိုကျားနက်တည့်မျှားအလှည့် ကြောက်ကြသည်။

အဘယ်ကြောင့်ဟူမူ သူတို့၏ဆရာကြီးကျားနက်ကိုယ်တိုင် ဤသိုင်းကွက် များဖြင့် အောင်တံခွန်ထူခဲ့ပြီ မဟုတ်ပါလား။

ကျားနက် အတန်ကြာစကားမပြောဘဲရှိရာမှ ချင်းစုံအား ဖျတ်ခနဲမေးလာသည်။

'နေပါဦး....မင်းတို့ထဲက ဘယ်သူက စပြီး သိုင်းပြောင်းပြန်အကွက်မှန်းသိတာလဲ'

'တန်ဆီးပါ....သူက ဆရာကြီးကျားနက်ရဲ့ သိုင်းကွက်ကို မြင်ဖူးတာကိုးခင်ဗျ'

'မင်းကကော ဘယ်လိုမြင်လဲ'

'ဟုတ်တယ်....သူ့ရဲ့ သိုင်းကွက်က ဆရာကြီး ကျားနက်ရဲ့ သိုင်းကွက်နဲ့ သိပ်ထူတယ်ခင်ဗျ၊ ဒါကြောင့်ကျွန်တော် ချက်ချင်းလှည့်ပြန်လာခဲ့ရတာပါ'

ကျားနက် ဆက်၍မမေးတော့....သူ့ကိုယ်ခန္ဓာ တစ်ခုလုံး သာတောင့်တင်းသွားပါ၏။ မျက်နှာတွင်လည်း လွန်စွာ ထူးဆန်းအံ့ဩသော အမူအရာများ ပေါ်လွင် လာသည်။

သူ၏အမူအရာမှာ ဝမ်းသာသည်လော၊ ဝမ်းနည်းသည်လော သို့တည်းမဟုတ် တုန်လှုပ်ချောက်ချား နေသည်လော ခြားတတ်တော့ခိုင်။

အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

အတန်ကြာမှပင် ကျားနက် ဖြည်းညင်းစွာဆို၏။

'သိုင်းပြောင်းပြန်ကို တတ်တဲ့လူက နှစ်ယောက်ပဲ ရှိတယ်ကွ....'

'ဟုတ်တယ်'

ချင်းစုံက အလိုက်သင့်ဖြေသည်။

'ဒါကလဲရင် နောက်တစ်ယောက်က လောလက်ပဲကွ'

ချင်းစုံခေါင်းညိတ်ပြန်သည်။ သူလည်း လောလက်၏အမည် ကြားဖူးသည်။

ထိုစဉ် ကျားနက်သည် လက်သီးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကာ....

'ဒါပေမယ့် လောလက် အခုပ်တုန်းက ဒီလို လူ စားမျိုး မဟုတ်ဘူး၊ ပြည့်တန်ဆာမဘစ်ယောက်အဘွက်နဲ့ သူ ရန်ဖြစ် မှာမဟုတ်ဘူး....သူက....'

'သူက တမင်သက်သက် ရန်ရှာတာလားမသိဘူး'

ချင်းစုံက ဝင်၍ပြောသည်။

ချင်းစုံ၏ အပြောကြောင့် ကျားနက်တစ်ခုခုကို စဉ်းစား မိဟန်နှင့်....

'သူ....ငါတို့ ဖြစ်ခဲ့တဲ့ကိစ္စတွေကို သိသွားလို့ ဖြစ်ချမယ်၊ နောက်ပြီး ငါကဟူးပြောင်းရဲ့ဆရာမှန်း သူသိနေတယ်'

'သူသိလီမှ်မယ်လို့ ဆံရာကြီးထင်လား'

'တကယ်တော့ သူမသိနိုင်ဘူး'

ကျားနက်က ပြောရင်းအံကို တစ်ချက်ကြိတ်ကာဆက်၍....

'သူ....ဒီကို လုံးဝမရောက်နိုင်ဘူး'

ချင်းစုံက အံ့သြဟန်နှင့် ဆက်နားထောင်နေသည်။

ကျားနက်ကဆက်၍....

'သူ ခုအချိန်ဆိုရင် ဂျာမကီပြည် ဘာသင်္ဘောကြီးက ထောင်ထဲ မှာပဲ ရှိနေမှာပါ'

သည်တစ်ခါတော့ ချင်းစုံကဝင်၍....

'ဒါပေမယ့် သူလိုလူမျိုး တစ်ယောက်အဖို့ ထောင်ကနေ ထွက်ဖို့ဆိုတာလွယ်ပါတယ်'

'သူက သူ့ဆန္ဒအရ ထောင်ထဲဝင်သွားတာဘဲ၊ သူ ဘာ ဖြစ်လို့ထောင်ဖောက်ပြီး ပြန်ထွက်လာရဘာလဲ'

ကျားနက်စကားကို ခေတ္တရပ်ကာ စဉ်းစားသည်၊ အတန် အောင်စဉ်းစားပြီးမှ....

'သူ....တို့ကိစ္စကို သိသွားလို့ဖြစ်ရမယ်၊ ဒါပေမယ့် နောက်နေတဲ့ လူဘစ်ယောက်က ဘယ်နဲ့လုပ်ပြီး ငါတို့ကိစ္စ သိသွားရတာလဲ'

'ဒီကောင် လောလက်ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဒါမှမဟုတ် လောလက်က သူ့ရဲ့ပညာကို သင်ပေးထိုက်တာလဲ ဖြစ်နိုင် သည်'

ချင်းစုံက သူ့ထင်မြင်ချက်ကို ပြောသည်။

ကျားနက် ချင်းစုံ၏စကားကို စဉ်းစားရင်း ဖြည်းညင်းစွာ....

'ဟုတ်ချင်မှဟုတ်မယ်၊ သူ လောလက် ဟုတ်မဟုတ် ဆို သိချင်ရင်တစ်လမ်းပဲ ရှိတယ်'

'ဆရာကြီး ကျားနက်ကိုယ်တိုင်သွားတွေ့မလို့လား'

ကျားနက်ခေါင်းညိတ်လိုက်သည်။

ချင်းစုံဘာမှ မပြောတော့....သို့သော် သူသည် ကျားနက် ပေါင်မှဒဏ်ရာကို စိုက်ကြည့်နေသည်။

ကျားနက်သည် ချင်းစုံ၏အကြည့်ကိုသဘောပေါက်သည်။

ကြောင့် တစ်ချက်ပြုံးကာ....

'မင်းစိတ်ချပါ၊ အကယ်၍ သူသာလောလက်ဖြစ်ရင် သူနဲ့ ချကြမှာမဟုတ်ဘူး၊ မင်းကို ငါ ပြောပြဖူးတာပဲ၊ ငါတို့ သောက်ဟာ ငယ်သူငယ်ချင်းတွေပဲကွ'

'သူ....လောလက် မဟုတ်လို့ရှိရင်ကော'

'သူသာ....လောလက် မဟုတ်လို့ ရှိရင်တော့ ငါ သူ့ကို အသက်ချမ်းသာပေးမှာမဟုတ်ဘူး'

ကျားနက်ဝင့်ခနဲပြုံးလိုက်ပြန်သည်။

သို့သော် သူ့အပြုံးက အေးစက် လွန်းသည်။ အသည်း အေးစဖွယ်ပင် ကောင်းတော့သည်။

'ဒီသို့ဒိုးလောမှာ ငါနဲ့ယှဉ်ပြိုင်နိုင်မယ့်သူ လောလက်တစ် ယောက်ထဲရှိတယ်၊ တစ်ခြားဘယ်သူမှ ငါနဲ့မယှဉ်နိုင်ဘူး'

ချင်းစုံ တစ်စုံတစ်ခုပြန်ပြောရန်ပြုစဉ် ရုတ်တရက်ပွန်းပွန်း အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့ရသည်။

ချင်းစုံရော ကျားနက်ပါ တစ်ခဏမျှ ငေးကြောင်ကြည့်နေ မိခိုက် ပွန်းပွန်း၏နုတ်မှ 'လောလက်'ဟု ဟစ်အော်ရင်းပြေး ဝင်လာခြင်းဖြစ်သည်။

မှန်သည်။

မမျှော်လင့်ဘဲ ပွန်းပွန်းရုတ်ခြည်းရောက်လာပြီ။

ပွန်းပွန်းမျက်လုံးအစုံသည် ဝင်းလက်ခတ်ပက်ပ နေသည်။ မျက်နှာတစ်ပြင်လုံးလည်း ဝီတီရိပ်ဖြင့်ချို့မြခနသည်။ ပွန်း ပွန်း စကားစပြီ....

'မင်းတို့ လောလက်အကြောင်း ပြောနေကြတာ ငါ ကြားတယ်၊ သူမသေသေးဘူး ငါသိတယ်၊ သူ လုံးဝမသေ ဘူး'

ပွန်းပွန်းအသံက ယိုကြည်ဟန်၊ ဝမ်းသာဟန်၊ တက်ကြွ တန် အပြည့်နှောလို့နေသည်။ ပွန်းပွန်း တစ်ကိုယ်လုံးလည်း မမျှော်လင့်ခြင်းဖြင့် အားတက်လို့နေသည်။

ကျားနက်မူ ဘာမျှပြန်မပြော။

ပွန်းပွန်းကိုသာ အေးစက်စွာ စိုက်ကြည့်နေဆဲ။

ချင်းစုံကလည်း ငေးကြောင်နေမိလျက်၊

အတန်ကြာမှပင် ကျားနက် ခေါင်းတစ်ချက် ညိတ်ရင်း သံပြတ်ဖြင့်....

'ဟုတ်တယ်....သူမသေဘူး'

ပွန်းပွန်းဖြည်းလေးစွာ သက်ပြင်းချိုက်လိုက်မိသည်၊ သူမ ဝမ်းလွန်စွာအားရဝမ်းသာဖြစ်လျက် ကျားနက်အားထစ် ထစ်ငေါ့ငေါ့ပြန်မေးသည်၊

'သူ....သူဒီကိုလိုက်လာတယ် ဟုတ်လား'

'ဟုတ်တယ်.... သူပြန်လာပြီ၊ မင်းသူ့ကို သိပ်တွေ့ချင်နေ သလား'

ကျားနက် ပွန်းပွန်းအမေးကို ဖြေလည်းဖြေသည်။ ဖမး လည်း မေးသည်၊

ထိုသို့ဖြစ်၍ မေးစဉ် ကျားနက်၏အမူအရာက အေးစက် ထုံကျဉ်သွသည်။ ပွန်းပွန်းကိုကြည့်သောအကြည့်က စူးရှနက် နဲခိုင်းနေသည်။

သူမ၏ သွင်ဟန်ကိုမြင်သော် လောလက်အာဘွက် ရုတ် တြည်း ရင်လေးလာမိသည်၊ စိုးရိမ်လာမိသည်။

ထို့ကြောင့် မိမိအသက်ကိုရင်း၍ ကျားနက်အား ခြိမ်း ခြောက်မိသည်၊

'မင်းတကယ်လို့ ငါ့ကို လောလက်နဲ့ပေးမတွေဘူး ဆိုရင် ကော့ ငါ့ကိုယ်ငါ သတ်သေလိမ့်မယ်၊ ငါသေသွားတာ

ဇောင် မင်းကိုဒီအတိုင်းထားမှာ မဟုတ်ဘူး၊ ဓင်းကို
အဖြစ်နဲ့ လာခြောက်ဦးမယ်'

ကျားနက် ခနဲရယ်သည်။ ပြီးမှ....

'မစိုးရိမ်ပါနဲ့ ပွန်းပွန်း၊ မင်းသူနဲ့တွေ့ရမှာပါ၊ မင်းအ
လို မင်းသူနဲ့တွေ့ရမှာပါ'

သို့ပြောစဉ် ကျားနက်၏အမူအရာက ပို၍ အေးစက်
သည်။ ပွန်းပွန်းကို ထပ်မံစူးရှစွာကြည့်ရင်း....

'ဒါပေမယ့် အချိန်မတန်သေးဘူး'

ဟု ဆက်ဆိုသည်။

သူမမျက်လုံးအစုံတွင် စိုးရိမ်ထိတ်လန့်မှုများ ပို၍ပင်ပေ
ထင်လာသည်၊ အလောတကြီးဖြင့်....

'မင်း....မင်းသူ့ကို ဘာလုပ်ဦးမလို့လဲ၊ မင်းသူ့ကို
အဖေလို နှိပ်စက်ညှဉ်းပန်းချင်သေးလို့လား'

ဟု မေးသည်၊

ကျားနက်က ခနဲပြုံးသာ ပြုံးလိုက်သည်။

ပွန်းပွန်းက စကားဆက်ပြန်သည်၊

'သူ အရင်တုန်းက မင်းအပေါ် ကောင်းခဲ့တာတွေ
မင်းမေ့နေပြီလား။ မင်းအပေါ် ဒီလောက် ကောင်းခဲ့တာ
တောင်မှ မင်းကသူ့ကိုလုပ်ကြံမယ်ဆိုရင် မင်းက လူမဟုတ်
ဘူး၊ တိရစ္ဆာန်၊ ဒေါင်မတန် ရက်စက်ကြောင်းကြုတ်တဲ့တိရစ္ဆာန်'

ပွန်းပွန်းက ပြောရင်း အသံတုန်လာသည်။

ကျားနက်က သူမကို လုံးဝဂရုမစိုက်၊ ချွင်းစုံဘက်သို့
သာ လှည့်၍မေးသည်။

'အောက်ထပ်မှာ အခန်းလွတ် ရှိသေးလား၊ကွ'

'ရှိတယ်'

'ကိုင်း....ဒီကောင်မကို ခေါ်သွားပြီးအောက်ထပ် အခန်း
လွတ်မှာ ချုပ်ထားလိုက်၊ ငါ့အမိန့်မရဘဲ သူ့ကိုအပေါ်ပေး
မတက်နဲ့၊ တကယ်လို့ တစ်စုံတစ်ယောက် အထဲဖောက်ဝင်ဖို့
ကြိုးစား ဝင်ရှိရင် ဒီမကောင်မကို အရင်ပစ်သတ်လိုက်'

အမှန်စင်စစ် ကျားနက်၏မနာလိုဝန်တိုရာမှ ပွင့်ထွက်သာ
သော အစီအရင်များသာ ဖြစ်ပါ၏။

ယောကျ်ားတို့၏ မနာလိုဝန်တိုစိတ်သည် တစ်ခါတစ်ရံ
တွင် ဒေါသစိတ်၊ ရန်ငြိုးစိတ်တို့ထက်ပို၍ပင် ကြောက်စရာ
ကောင်းလွန်းသည်တကား။

★



ဆယ့်တစ်ယောက်။

ဆယ့်တစ်ယောက်လုံးတော့ မလဲမကွဲကြ၊ ခြောက်ယောက်ကော့ ကွကုန်ကြသည်။ ကျန်ငါးယောက်မှ ထိုလူငယ်ဆီသာ နှဉ်ကျအတိုင်း အဓကာင်းပကတိ။

ထိုခြောက်ယောက် လဲကွဲပြီးချိန်တွင်မှ လူငယ်သည် ကျန်ငါးယောက်အား ဆက်လက်၍ မတိုက်ခိုက်ချင်တော့၊

ထို့ပြင် သူ၏အမူအရာက တစ်မျိုးတစ်မှဲ့ ပြောင်းလဲသွားသည်၊ စိတ်မကောင်းသည့် ပုံဟန်မင်။

ထို့ကြောင့် သက်ပြင်းရှည် တစ်ချက်ချရင်း....

"ကဲ....မင်းတို့ပြန်ကြတော့ကွာ၊ ဒဏ်ရာရတဲ့ မင်းတို့သူငယ်ချင်းတွေကိုလဲ ထမ်းခေါ်သွားပြီး ဆေးကုသမေးလိုက်ပါ၊ မဟုတ်ရင် သူတို့ဒုက္ခရောက်ကုန်လိမ့်မယ်၊ ကဲ....သွားကြသွားကြတော့"

ကျန်ငါးယောက်သည် ထိုလူငယ်၏ စကားကို နားထည်သည်၊ သဘောမပါက်သည်။

သူတို့ကဲ့သို့ အလုပ်အကိုင်မျိုး လုပ်ကိုင် စားသောက်သူများအတွက် ဒုက္ခိတဘဝသည် သေဒဏ်ပေးသည်နှင့် တူပေသည် မဟုတ်ပါလား။

ထိုစဉ် သူတို့၏မျက်နှာပေါ်တွင် ကျေးဇူးတင်သောအရိပ်အယောင်များ အထင်းသား ပေါ်လွင်လိုလာသည်။

ယင်းကြောင့် သူတို့သည် ဒဏ်ရာရသူများကိုထမ်းကာ လူငယ်အနှံမှ တိတ်ဆိတ်စွာ ထွက်ခွာ သွားကြလေတော့သည်။

ထိုစဉ် လူငယ်၏ မျက်နှာသည် ရုတ်တရက်ပင် ပင်ပန်းနွမ်းနယ်လာသည်။ အမှန်မှာမူ စိတ်ပင်ပန်းနွမ်းလျခြင်းပင်ဖြစ်သည်၊ တစ်ချိန်တည်းတွင်ပင် လူငယ်သည် သူလာရာဒေသကို အားလုံးကို စွန့်လွှတ်ချင်နေမိသည်။

ရင်ထဲက အချစ်အမုန်း အားလုံးကို စွန့်လွှတ်ချင်နေသည်။ ယခုကဲ့သို့သော လူမျိုးစုံလှသော မြို့ကြီးပြကြီးလည်း အပြီးအပိုင် ထွက်ခွာသွားလိုစိတ်များ ပြင်းပြစွာဖြစ်ပေါ်လာသည်။

ယင်းကြောင့် လူငယ်သည် ယခင် သူနေထိုင်ရာ အေးချမ်းသာယာလှသော ရွာကလေးကို ရုတ်တရက် ပြန်လည်သတိရလာသည်။

စိမ်းလန်းစိုပြည်သော တောတောင်များ၊ သာယာလှပသော မြစ်ချောင်း၊ နူးညံ့ပျော့ပျောင်းသော မြက်ခင်းပြင်များ၊ ထူးဆန်း အံ့ဩဖွယ်ကောင်းသော ကျောက်တုံးကြီးများ စသည်စသည်တို့သည် ယခုမူ သူ့အတွက် အဖိုးမဖြတ်နိုင်သောအရာများ ဖြစ်လာခဲ့ပြီ။

သို့ဖြင့် ထိုလူငယ်သည် ရွာမှမထွက်ခွာသင့်ကြောင်း ရုတ်တရက် စဉ်းစားလိုက်မိသည်။

လူငယ် နောင်တရပြီး မှားမှန်း သိရပြီ။

သူသည် မျက်လုံးကိုတင်းကျပ်စွာ မှိတ်ထားသည်။ သို့သော် မျက်ဝန်းထောင့်တစ်နေရာတွင် မျက်ရည်ဥများ အလိုလိုထွက်ပေါ် စီးကျလို့ နေပါ၏။

ထိုစဉ် လူငယ်၏မျက်နှာပေါ်မှ မျက်ရည်ဥကလေးများကို လက်တစ်ဖက်က လာရောက်ပွတ်သပ်ပေးကြောင်း ခံစားလိုက်ရသည်။ လူငယ်သည် ထိုလက်ကိုရုတ်တရက် ဆွဲကိုင်ကာ လက်ဝါးပြင်ကို ဖွဖွပွတ်သပ်ကြည့်မိသည်၊

လက်ဝါးပြင်က အလျှင်းမနှုံ့၊ ကြမ်းတမ်းခက်ထော်လှသည်။

'မင်း.....အရင်တုန်းက အလုပ်ကြမ်းလုပ်ခဲ့ဖူးတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်မ အရင်တုန်းက ထင်းလဲ ခွဲရတယ်၊ ရေလဲသယ်ရတယ်၊ စပါးလဲတိုက်ရတယ်'

လက်ရှင်ကျောက်နီဆိုသူ မိန်းကလေးက လူငယ်အမေးကို တိုးညင်းစွာ ဖြေသည်၊

'ခင်ဗျားလဲ တောကတက်လာတာပဲလား'

'အင်း.....'

'ခင်ဗျားဘယ်ရွာကလဲ'

'သိပ်ဝေးတဲ့ ရွာတစ်ရွာကပါ'

ထိုစဉ်ကျောက်နှိ၏ မျက်လုံးဆည် ရှင်တရက် အလွန်ခေး သောနေရာသို့ရောက်သွားသည်။

ပြီးနောက်စကားဆက်သည်။

'ကျွန်မ နေခဲ့တဲ့ရွာက သိပ်ဆင်းရဲတယ်၊ ချောင်ကျတဲ့ကျွန်မအသက် ဆယ့်ဘစ်နှစ်အရောက်ကောင်မှ အင်္ကျီဘောင်း ဘီကောင်းကောင်း မဝတ်ခဲ့ရဘူး'

ကျောက်နီကစကားအဆုံးတွင် တစ်ချက် ပြုံးလိုက်သည်၊ သို့သော်သူမ၏ အပြုံးမှာပို၍မင် ဆွေးမြည့် လာသည်၊

ထို့ကြောင့် လူငယ်က သူမကို မကြည့်ဘဲ မျက်စိစုံမှိတ် ထားလိုက်၏။

'ဒါမေမယ့် အဲဒီတုန်းက အခုဆက်ပို့ကောင်းတယ်၊ အခု ကျွန်မမှာ ရာကျော်တန်တဲ့ အင်္ကောင်းစားအင်္ကျီ၊ ဘောင်းဘီ အဝတ်အစားအမျိုးမျိုးကို ဝတ်ဆားနိုင်မေမယ့် အမှန်ဘော့ သူများရဲ့မျက်စိထဲမှာ ကျွန်မဟာကိုယ်လုံးတီးပါပဲ'

ထိုအခါလူငယ်လေးက မျက်လုံးစုံဖွင့်၍ သူမကို သနား ကြင်နာစွာ တစ်ချက်ကြည့်လိုက်သည်။

ပြီးနောက် သက်ပြင်းချရင်း....

'ခင်ဗျားလဲ ကျွပ်လိုပါပဲသား၊ တကယ်ဆတော့ ကျုပ်တို့ တတွေဒီမြို့မေ့ါကို မတက်လာသင့်ဘူး'

လူငယ်စကားကြောင့် သူမက လူငယ်ကိုခေါ်းငုံးတင်ဟန် နှင့်ပြန်ကြည့်သည်။

'ခင်ဗျားက ဘာကိစ္စနဲ့ ဒီကိုရောက်လာရတာလဲ၊ ဘယ်လို သုပ်ဒီဘဝကို ရောက်လာရတာလဲ'

ကျောက်နှိက ပြန်မဖြေ၊ သို့သော် ရုတ်တရက်ဒူးထောက် ယိုင်ခွလိုက်ပြီး လူငယ်၏ ခြေထောက်ကို ဖက်ကာ လူငယ်၏ ပေါင်ခွင့် သူမ၏မျက်နှာကို အပ်ထားလိုက်သည်။

တစ်ဆက်တည်းပင်....သူမ မျက်လုံးမှလည်း မျက်ရည်များ ဘယ်ဘင်သွင်စီးကျလာလေသည်။

လူငယ်၏ ရင်ထဲဆူပွက် ရုတ်တရက်ခံစားမှုကရုပ်ငြိတွယ်လာ လေတော့သည်၊

သူမအား သနားသွားမိသည်၊ ထို့ကြောင့် လူငယ်သည် သူမ၏ဆံပင်ကိုပွတ်သပ်ရင်းနှင့်မေးလာပါ၏။

'ငါ ရွာကိုပြန်ပြီး လယ်ထွန်မယ်၊ ထင်းခုတ်မယ်၊ မင်း ပါနဲ့လိုက်မလား'

'ရှင်....တကယ်ပြောတာလားဟင်'

ကျောက်နှိက ခေါင်းကို ဆတ်ခနဲ မော့ရင်းမေးလာသည်၊ မျက်ရည်များဖြင့် ဖုံးလွှမ်းနေသော မျက်လုံးအိမ် ထဲတွင် မျှော်လင့်ချက် ကြီးစွာဖြင့် အရောင်တောက်ပလျက် ရှိသည်။

'ရှင်....ရှင်....ကျွန်မကို တကယ်ခေါ်သွားမယ်ဟုတ်လား၊ ကျွန်မလို ဒီလောက်ပျက်စီးနေတဲ့ မိန်းမတယ်ယောက်ကို ရှင် တကယ်ခေါ်မယ်ဟုတ်လား'

'တစ်ခုတော့ရှိတယ်၊ ကျွန်တော်တို့ရွာမှာ ရာကျော်တန်တဲ့ အဝတ်အစားတွေမရှိဘူး၊ နိုင်ငံခြားအရက် ရွှန်ပိန်လဲမရှိဘူး'

ကျောက်နီက ထိုလူငယ်ကို စူးစူးစိုက်စိုက် ကြည့်သည်။ မျက်ရည်ပေါက်. များလည်း ဖြည်းညင်းစွာ စီးကျ လာနေသည်။

ယင်းမျက်ရည် များသည် ဝမ်းသာလွန်း၍ စီးကျလာသော မျက်ရည်များပင် ဖြစ်ပါ၏။

အဘန်းကြာသော် ကျောက်နီက လူငယ်၏လက်ကို တင်းကျပ်စွာဆုပ်ကိုင်ပြီး....

'ကျန်....ကျန်မ ဘယ်ယောကျ်ားကိုနဲ့မယှဉ်ဘူး၊ ဒါပေမယ့် ရှင့်ကို ကျန်မယုံတယ်၊ အားလဲကိုးတယ်၊ ရှင့်နာမည်ကိုကျန်မ မသိခဲ့ပေမယ့် ရှင့်ကို ကျန်မယုံတယ်'

'ကျန်တော့် နာမည် လောလက်လို့ခေါ်တယ်'

'လောလက်....လောလက်....လောလက်'

ကျောက်နီသည် မျက်လုံးစုံမှိတ်၍ လောလက်၏ အမည်ကို အဆက်မပြတ်ရွတ်ဆိုရင်း ငိုနေပါ၏။

သူမ၏စိတ်ထဲတွင် လောလက်၏ နာမည်ကို တစ်သက်လုံး မှတ်မိစေရန်ရွတ်ဆိုနေဟန်ဘူလှသည်။

ထိုစဉ်လောလက်၏ မျက်စိထဲဘွင်းလည်း ရုတ်တရက် နာကျင်သောအရိပ်အယောင်များ ထွက်ပေါ်လာပါသည်။

အကြောင်းကား အခြားသော မီနှင်းကလေး တစ်ယောက်က သူ့နာမည်ကိုအော်ခေါ်နေသည်ဟု ထင်လာသောကြောင့်ပင်။

အလွန်ဝေးလုံသောနေရာမှ အော်ခေါ်နေသယောင်။

ယင်းကြောင့်ဂင်း၏ အသည်းနှလုံးကို ရုတ်တရက်ခားဖြင့် အနှန်းခံလိုက်ရသကဲ့သို့ နာကျင်လာခြင်းပင် ဖြစ်သည်။

ဂင်း၏ခန္ဓာကိုယ် တစ်ခုလုံး မှာလည်း ဆောက်တည်ရာမရအောင် တုန်ယင်လာသည်။

ကျောက်နီသည် လူငယ်၏ ပြောင်းလဲမှုကို ရိပ်မိသည်။ ကြောင့် တစ်ချက်မျှပြုံးလိုက်သည်။ သူမ၏အပြုံးက ဆွေးသည့်မှုအပြည့်။

'ဒါပေမယ့် ကျန်မ သိပါတယ်၊ ရှင်ပြော တာတွေဟာ အမှန်လို့ပါပဲ၊ ရှင် ကျန်မကို တကယ်ခေါ်မှာ မဟုတ်ဘူး'

ထိုအခါ လောလက်က အားတင်း ပြုံးပြလိုက်ပြီး....

'ဘာဖြစ်လို့ မခေါ်ရမှာလဲ'

'ကျန်မသိပါတယ်၊ ရှင့်ရင်ထဲမှာ ဘုရားမိန်းကလေးတစ်ယောက် ရှိနေတယ်ဆိုတာ၊ ရှင်ဒီကိုလာတဲ့ အကြောင်းရင်းကလဲ သူ့အတွက်ကြောင့် ဖြစ်နိုင်တယ်'

လောလက်က သူမ၏စကားကို ချေပရန်မကြိုးစား။ သူ့ဘေးက အခဲသို့ပင် လှုင့်လျှံရှိသည်။

ကျောက်နီက တီးတိုးသံဖြင့် ဆက်၍....

'ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျန်မကျေးဇူးတင်ပါတယ်၊ ရှင့်စိတ်ထဲမှာ အနည်းဆုံးတော့ ကျန်မကိုခေါ်သွားတော့ စဉ်းစားခဲ့ဖူးသေးတာပဲ၊ ကျန်....ကျန်မ....'

တစ်ဖက်သူကို ကြည့်သောအကြည့်က ရင်ကိုတုန်ခါသွား စေနိုင်သောအကြည့်၊ စိုးမိုးလွှမ်းသော နက်ရှိုင်းလွန်းသော အကြည့်။

လောလက် ကျားနက်ကိုလှမ်းကြည့်သည်။ အမေးကိုလည်း ညည်ငြိမ့်စွာဖြေသည်။

'ဟုတ်တယ်၊ တွေ့ချင်တာက ကျုပ်ပဲ'

လောလက် ချက်ချင်း ထဲလျောင်းရာက ထထိုင်သည်၊ ထိုသူကို ထပ်တစ်ဖန် လှမ်းစိုက်ကြည့်သည်။

'အကြည့်ချင်းဆုံကြပြီ၊ ယင်းအခိုက် လောလက်မျက်နှာပေါ်တွင် ရုတ်တရက် အပြုံးရိပ်တစ်ခု ရစ်ခွေပွက်ထသွားသည်၊ တိတိပို့ ရင်ထဲဖြတ်သန်း စီးဆင်းသွား၏။

အခန်းဝတွင် မတုန်မလှုပ်ရပ်လျက် ဝင်းတောက်သော မျက်လုံးအစုံဖြင့် လှမ်းကြည့်နေသော ကျားနက်၏မျက်နှာကိုသည်း ရုတ်ခြည်းရွှန်းလက် တောက်လာကာ ထူးဆန်းသော အမူအရာများ ယှက်ဖြာလာ၏။

နှုတ်မှလည်း ငိတိရွှန်းဝေသော လှိုက်လှဲသော အပြုံးဖြင့် လှမ်းအော်သည်၊

'ဟေ့....တရားသူကြီးလေး'

'ပေါ့....မေါ်တာလေး'

အသံနှစ်သံ အခန်းထဲတွင် ပဲ့တင်ထပ်သွားသည်၊ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်သည်၊ နောက် ချက်ချင်း လိုပင်....

သူမစကားက ရုတ်တရက်ရပ်သွားသည်။ မျက်လုံးထဲတွင်လည်း ကြောက်ရွံ့နေသောအရိပ်အယောင်များ ထွက်ပေါ်လာပါ၏။

အဘယ်ကြောင့်ဟူမူ သူမသည် ရုတ်တရက် အပြင်တော်သေးခြောင်းတို့များမြည်သံကို ကြားလိုက်ရသောကြောင့်ပင် ဖြစ်သည်။

'ကျားနက်'

'ကျားနက်လာပြီ'

ကျောက်နီက အထိတ်တလန့်အော်သည်၊ သို့သော် သူ့အသံက တုန်ယင်အက်ကွဲနေပါ၏။

ဤအခိုက်မှာပင် တစ်စုံတစ်ယောက်က အခန်းတံခါးကို ခြေဖြင့် ဝုန်းခနဲကန်ဖွင့်လိုက်သည်၊

တံခါးဟင်းလင်း ပွင့်သွားပြီ။

ဟာ....တံခါးပေါက်ရှေ့မှာတော့ တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားသော လူတစ်ယောက်။

မတုန်မလှုပ် ကျောက်ရုပ်လို ရပ်နေသည်။ သူ့လက်ထဲတွင်လည်း သေးခြောင်းတို့ကို ကိုင်ဆားလျက်၊

ထိုလူက ကျားနက်၊ လူဇယ်ကို ကိုယ်တိုင်ယှဉ်ရန် ရောက်ရှိလာသော ဆရာကြီး ကျားနက်စစ်စစ်၊

'ဒီအခန်းကပုဂ္ဂိုလ် ကျုပ်ကိုးတွေ့ချင်တယ်ဆိုလို့'

ကျားနက်အသံမာသည်၊ မျောသည်လည်း မဟုတ်၊ တည်သည်၊ ငြိမ်သည်။ အသံကငြိမ်သလောက် မျက်လုံးအစုံ ပေါင်းတောက်သည်။

'မင်း တကယ့်ဘရားသူကြီးလေးပဲကွ'

'မင်းလဲ တကယ့်ပေါတာလေးပဲကွ'

အပြန်အလှန် စကားအဆုံး နှစ်ဦးအတူ ရွှတ်ခြည်းလှဉ်ရှားကြသည်။

ကြည့်....ကျားနက်က အခန်းတွင်းသို့ခြေးဝင်သည်။ လောလက်ကလည်း ကလေးလေးလို ခုန်ပေါက် ပြေးထွက်သွားသည်။

လက်တစ်ကမ်းအလိုတွင် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဆွဲကိုင်လိုက်ကြသည် လူချင်းပူးသွားပြီး ရင်ချင်းအပ်လျက် ဖက်လဲတကင်း။

ကျောက်နီမူ မဆင်မှတ်စွာ ကြောင်ခင်းခြင်းသာ ကြည့်နေမိသည်။

လောလက်နှင့် ကျားနက်တို့၏ဝမ်းသာမှု၊ ရင်းနှီးကျွမ်းဝင်မှုတို့တွင် နားမလည်တတ်စွာ နှစ်မောနေမိခြင်းပင် ဖြစ်သည်။

အတန်ကြာမှပင် လောလက်နှင့် ကျားနက် လူချင်းခွာလိုက်ကြသည်။

ထိုအခိုက် လောလက်က....

'ကျားနက်ဆိုတာ မင်းလားကွ'

'ဟုတ်တယ် ငါပဲ'

'အိုး....ကျားနက်ဆိုတာ မင်းဖြစ်လိမ့်မယ်လို့ ငါအိပ်မက်တောင် မမက်ခဲ့ဘူးကွ'

ကျားနက် တစ်ချက်ပြုံးလျက်....

'ဒါပေမယ့် ငါ့အကောင်တွေကို ရန်ပြုလာတဲ့လူက မင်းပဲဖြစ်မယ်လို့ ငါအတပ်သိတယ်၊ ဘာကြောင့်လဲဆိုတော့ မင်းလွဲရင် ဘယ်အကောင်မှ ငါ့အကောင်တွေကို ဒါလောက်ကြမ်းမပေးနိုင်ဘူးကွ'

လောလက် တုံ့ပြန်လျက်....

'ဟိုကောင်တွေသာ မင်းလူမှန်းငါသိရင်လဲ ငါပဲ အချခံနိုက်မှာပဲကွ'

ယင်းအချိန် ကျားနက် ကျောက်နီတက်သို့ ဖျတ်ခနဲလှည့်ကြည့်ရင်း....

'နေပဦး....မင်းက ဒီမိန်းကလေးအတွက်နဲ့ အချခံမယ်ဆိုတာတော့ မလွန်လွန်းဘူးလား သူငယ်ချင်း'

'ဟား....ဟား....ဟား၊ မလွန်ဘူးကိုယ့်လူ မလွန်ဘူး'

လောလက်က ပြောရင်းမှ ကျောက်နီအား လှမ်းဖက်လိုက်သည်။

ကျားနက် တစ်ချက်မျှသာဝေ့ကြည့်ပြီးဘဲသြဇာဖြင့်....

'နို့....မင်း....မင်းက ပွနဲးပွနဲးနဲ့....'

လောလက်မျက်နှာ ချက်ချင်းညိုမှိုင်းသွားသည်။မျက်လုံးတို့သည် မှေးမှိန်သွား၏။

'မင်း သူ့ကိုကြည့်မပြောနဲ့တော့၊ ငါသူ့ကို မတွေ့ချင်တော့ဘူး သူငယ်ချင်း'

လောလက်ရင်မှာ မွန်းကျပ် နာကျင်သော ဝေဒနာများ ချက်ချင်းလူးလွန့်လာသည်။ ကျားနက် အံ့သြလွန်းက လောလက်နှင့် ဆက်ခမ်းပြန်၏။

'ဘာဖြစ်လို့လဲ လောလက်'

'သူ ငါ့ကိုတွေ့ချင်မှာ မဟုတ်တော့ဘူး သူငယ်ချင်း၊ ငြိတော့ ငါ သူနဲ့မတန်တော့ပါဘူးကွာ'

'ဘာဖြစ်လို့'

'အရင်တုန်းကတော့ ငါဟာတရားလူကြီးလေးဖြစ်ပေမယ့် အခု ငါက ဝရမ်းပြေးတစ်ယောက် ဖြစ်နေပြီ သူငယ်ချင်း'

လောလက်အသံက ဆို့နစ်နေသည်။ ကျားနက် တကယ် အံ့သြသံဖြင့်....

'ဘာ....ဝရမ်းပြေး....ဟုတ်လား'

'ဟုတ်တယ်၊ ငါလူသတ်မိတယ်၊ ထောင်ကျဖူးတယ်၊ အခု ငါက ဝရမ်းပြေးဟစ်ယောက်'

ကျားနက် ခေါင်းခါယမ်းလျက်....

'ငါမယုံဘူး'

'မင်းယုံရမယ် သူငယ်ချင်း၊ ငါ အရင်က အရက်နဲ့မိန်းကြောင့် ရန်ဖြစ်ခဲ့ဖူးလား သူငယ်ချင်း'

'မဖြစ်ခဲ့ဖူးပါဘူး'

'အေး....အခု ငါ ပြောင်းလဲသွားပြီ၊ အရက်ဖိုးကလေး ရရုံနဲ့ ငါလူသတ်ပေးတယ် သူငယ်ချင်း'

ကျားနက် လောလက်အား မယုံကြည်ဟန်၊ စူးစမ်းဟန် စိုက်ရှုကြည့်သည်။

လောလက် တစ်ချက်မျှ သဲ့သဲ့ရယ်ရင်း....

'လူတိုင်းလူတိုင်းမှာ အပြောင်းအလဲဆိုတာ ရှိတတ်စမြဲပဲ သူငယ်ချင်း၊ အရင်တုန်းက ဆိုရင် မင်းကို ပေါတာလေးလို့ ထူ

ခေတ္တ ခေါ်ခဲ့ကြတယ်၊ ဟော....အခုတော့ မင်းကို အားလုံးက သူဌေးကြီး၊ ဆရာကြီးကျား နက်လို့လေးလေးစားစားမြင်လာခေါ်လာရတယ် မဟုတ်လား'

ကျားနက် တစ်ချက်မျှပြုံးလျက် လောလက်၏ပခုံးကို ပုတ်ရင်း....

'ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ ဒါပေမယ့် မင်းသိထားဖို့က သူများရှေ့မှာသာ ငါက ဆရာကြီးကျားနက်ဖြစ်နေလိမ့်မယ်၊ မင်းရှေ့မှာတော့ ပေါတာလေးဟာ ပေါတာလေးပါပဲ သူငယ်ချင်းရာ'

'မင်း ဆိုလိုတာက မင်းနဲ့ငါကြားမှာ ပြောင်းလဲမှုမရှိတူး၊ အရင်အတိုင်းပဲလို့ ဆိုလိုတာပေါ့....ဟုတ်လား'

'ဒါပေါ့....ဒါပေါ့၊ မင်းဒီကိုရောက်လာရတဲ့နောက်တော့ ငါ့ရှိပစ္စည်းအားလုံးဟာ မင်းရှိပစ္စည်းပဲပေါ့၊ ငါ့စည်းစိမ်တွေဟာ မင်းရဲ့စည်းစိမ်တွေပဲပေါ့ကွာ'

လောလက် ကျားနက်၏လက်နှစ်ဖက်ကိုကျေးဇူးအထူးတင်ဟန် ဆုပ်ကိုင်ဖျစ်ညှစ်ထားမိ၏။

ကျားနက်ကပင် ဆက်၍....

'ဒီမြို့မှာ မင်း သဘောရှိနေနိုင်တယ်၊ မင်းအတွက်သီးသန့် အိမ်တစ်အိမ် ငါရှာပေးမယ်၊ အရက် သောက်ချင်သလောက် သောက်၊ မိန်းမပေ့ချင်သလောက်ပေ့၊ ငါကိုယ်တိုင် မင်းစိတ်တိုင်းကျ ရှာပေးမယ်'

လောလက် ကျေနပ်စွာပြုံးလျက်....

'ဒီလိုဆိုရင် မင်းမှာရှိတာတွေ ငါအကုန်လုံး ယူမယ်ကွာ'

ကျားနက် ရယ်မြဲ ရယ်နေသည်။ လောလက် ပြောသည့် ကျားနက် ဗွေမယူ၊ စိတ်မခု။

'ဒါတွေက နောက်ကိစ္စပါကွာ၊ တို့ အခု အရေးကြီးတာ တွေ့ ဆွေးနွေးကြစို့လား'

ကျားနက်က စကားအဆုံးတွင်ကျောက်နီအား တစ်ချက်မှ စွေကြည့်ပြီး....

'မင်း သူ့ကိုပြန်ခိုင်းလိုက်ပါတော့ကွာ၊ ဒါမှတို့နှစ်ယောက် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်စကားပြောလို့ရမှာပေါ့'

လောလက် ရယ်လျက်မှကျောက်နီကိုတစ်ချက်မျှပုတ်လိုက်ပြီး နှစ်ကိုယ်ကြားလေသံဖြင့်....

'ကဲ....ပြန်ပြီးအနားယူချေဦးနော်၊ နောက်မှ ကို လာတွေ့မယ် ဟုတ်လား'

ကျားနက် လောလက်၏ပြူးပုံကိုကြည့်လျက်ကျေနပ်နေ၏ စိတ်ထဲမှလည်း....

'ဒီကောင့် အရင်ကနဲ့ လုံးဝ မတူခဲ့တာပါလား၊ တရားသူကြီးလေး ပုံစံပျောက်ပြီး တကယ့် လူမှုပ်လူပွေတစ်ယောက် ဖြစ်နေပါရော့လား'

ဟု ရေရွတ်နေမိသည်၊

အမှန်မူ ကျားနက် ပီတိဖြစ်ရဆုံးအရာကား လောလက်၏ ပစ္စက္ခအပြုအမူကြောင့် မဟုတ်။ တစ်ချိန်ကဤအခန်းဌဖြစ်ပွား ခဲ့သော သွေးဖောေးအေးလူသတ်ပွဲအကြောင်းကို လောလက် စိုးစဉ်းမျှ သိတန်မပေါ်သော အခြေအနေကိုပင် ဖြစ်ပါ၏။

'ဒါနဲ့ လောလက်.... မောင်ရင် ဘယ်အချိန်ကဒီကိုရောက်လာတာလဲ'

'မနေ့ကလေ.... မနေ့ညနေပိုင်းလောက်ကမှ ငါသော်ပေါ်က ဆင်းလာတာကွ'

'သင်္ဘောပေါ်မှာ မိန်းကလေး မရှိဘူးလား'

'ဝေလာဝေးသေးကွာ၊ ငါဖြင့် အဂက်နှစ်ဆယ်လောက် ဘုန်းကြီးလို နေနေရတယ်ကွ၊ ဒါကြောင့် ကုန်းပေါ်ရောက်တာနဲ့ ဟူပြောင်းနဲ့ ထီပိတ်ပြဿနာဖြစ်ရတာပေါ့'

ကျားနက် သဘောတကျ ရယ်သည်၊

'ဟူပြောင်းနှယ်ကွာ၊ မင်းနဲ့မှ တွေ့တတ်ပလေ၊ ကံဆိုးမိုးမောင်ကျတယ်ဆိုတာ ဒါမျိုးပဲထ ပါရဲ့၊ ဟား....ဟားဟား'

ကျားနက် ရယ်မောပြီးနောက် ချတ်တရက် စကားသမ်းကြောင်းပြောင်း၍ မေးလေသည်။

'ဟေ....လောလက်.... မင်းဘာကယ်ပဲ ထောင်ကျနေ ဘာလား'

'ဟုတ်ပါတယ်ဆို'

'ဘာဖြစ်လို့လဲ'

လောလက်က ပြုံးလျက်....

'ဒီလိုကွ....ငါက သူတို့ရဲ့ဂျာမဏီ လက်ဝှေ့ချန်ပီယံကြီးနဲ့ လက်ဝှေ့ထိုးပြိုင်တော့ ငါ့လက်သီးချက် တစ်ချက် သူ့နှာခေါင်းကို သွားမှန်ဘယ်ကွ၊ ဟိုကောင် အဲဒီလက်သီးချက် တစ်ချက်တည်းနဲ့ ဘိုင်းခနဲ နောက်ကောက်ကျပြီး နေရာမှာ တင် အသက်ထွက်သွားတယ်ကွာ'

လောလက် လက်ဟန်ခြေဟန်ဖြင့် အားပါးတရ ပြောပြသည်။

ကျားနက် အမူအရာမပျက် နားထောင်နေသည်။

'သူဟာ တကယ့်ကို လူဒကာင်းတစ်ယောက်ပါ၊ လူသတ်သမားတယ်၊ သတ္တိသိပ်ရှိတယ်၊ သူငယ်ချင်းတစ်ယောက်ဆိုရင် သူ့အသက်ကိုတောင် စွန့်ရဲတဲ့လူတစ်ယောက်၊ သူငယ်ချင်းကို အသက်ပေးပေါင်းတဲ့ လူစားမျိုးက'

လောလက် သက်ပြင်းတစ်ချက်ချသည်။ မျက်နှာလည်းညိုးသွားသည်။ စကားမှု ဆက်ပြောပါ၏။

'ငွေတစ်သိန်းရှိရင် ငါ့ကိုထောင်ထဲက ထုတ်နိုင်မှန်း သူသိသွားတာနဲ့ သူဒီကိုလာပြီး အပြင်းအထန် ငွေရဖို့အတွက်နည်းလမ်းရှာတော့တာပဲ သူငယ်ချင်း'

'ဟာ....တော်သိုက်တဲ့ သူငယ်ချင်းက၊ ဒီသူငယ်ချင်းမျိုးငါလဲပေါင်းချင်တယ်ကွ'

ကျားနက်က ပုံမပျက် လိုက်လျောပြောသည်။

လောလက် သက်ပြင်းတစ်ချက် ရှိုက်ပြီးနောက်....

'ဒါပေမယ့် သူမရှိတော့ဘူး။ သူသေသွားပြီ သူငယ်ချင်း၊ ဟောဒီအခန်းထဲမှာပဲ သူသေသွားတယ်ကွ'

ကျားနက် ရုတ်တရက် ထိတ်လန့်သွားသည်။ ချက်ချင်းလောလက်ကိုမေး၏။

'သူ ဘယ်လိုသေသွားတာလဲဟင်'

'ဘယ်ပုံဘယ်နည်း သေရတယ်ဆိုတာ စုံစမ်းဖို့ အခုလာခဲ့တာပဲ'

လောလက်အသံဘင် နာကြည်းမှုမြှုပ်နှံသိပ်လာသည်။ လောလက်ကဆက်၍....

'နေပါဦး....မင်းကို ထောင်ဒဏ်ဘယ်နှစ်နှစ် အပြစ်ပေးထဲ'

'ဆယ်နှစ်လေ'

'ဆယ်နှစ်....ဟုတ်လား'

လောလက် ခေါင်းညိတ်ပြသည်။

ကျားနက် ပခုံးတစ်ချက်တွန့်ရင်း....

'အခု အဲဒီဆယ်နှစ် ပြည့်ပြီလား'

'နှစ်နှစ်ကောင် မပြည့်သေးပါဘူး'

'ဒါဖြင့် မင်းဘယ်လိုလုပ် ထောင်ထဲက ထွက်လာတာလဲ'

'သူတို့ရဲ့ ထောင်က ငါအပြတ်ချခဲ့တဲ့ ချုန်ပီယံကြီးခဲ့နှာခေါင်းလိုမါပဲကွာ၊ ဆုံးဝမခိုင်ပါဘူး၊ ဒါကြောင့် ဝင်ထွက်လာနိုင်တာပေါ့'

လောလက်က အေးစက်စွာ ပြောပြကာ။

'ဒီလိုဆိုရင် မင်းက ဝရမ်းပြေးပေါ့'

'ဟုတ်တယ်ဆိုနေမှ'

ထို့နောက် လောလက်ကပင် ချက်ချင်းပင် စကားအကြောင်းအရာပြောင်း ပြောသည်။

'ဒီမှာသူငယ်ချင်း၊ ငါဘာဖြစ်လို့ ဒီကိုလာတယ်၊ ဒီအခန်းကိုမှ တမင်ရွေးပြီး တည်းတယ်ဆိုတာကော မင်းသိရဲ့လား'

ကျားနက် ခေါင်းခါပြသည်။ အမူအရာကလည်း စိုးစဉ်းမျှ မပြောင်းလဲ၊ လောလက်က ဆက်၍....

'ငါတာလင်မှာနေတုန်းက ငါ့မှာ သူငယ်ချင်းကောင်းစာစီယောက် ရှိခဲ့ဖူးတယ်ကွ'

ပွန်းပွန်း ရောက်ရှိနေသော အခန်းက တာ၀ယ်အကျဉ်း ထောင်ခန်းနှင့်တူနေသည်။ အခန်း တစ်ခုလုံး အလင်းရောင် မှိန်မှိန်မျှသာရှိပြီး ညှို့စို့ပုပ်အက်အက် အနံ့အသက်ဆိုးများ ကလည်း အော့အန်ချင် လောက်အောင် ပြန့်လွင့် နေလေသည်။

ကြီးကျယ်ခမ်းနားသော ဤလိုတိုက်ကြီး၏ အောက်ထပ် ဤလိုအခန်းမျိုး ရှိလိမ့်မည်ဟု မည်သူမျှမထင်ခဲ့။

'ဒီအခန်းထဲမှာ မပွန်းပွန်း အလွန်ဆုံး သုံး လေး ရက် လောက်ပဲ နေရမှာပါ၊ ဒီလိုနေရတဲ့အတွက် မပွန်းပွန်း စိတ် ညစ်နေစရာ မနေနိုင်စရာ မရှိသင့်ပါဘူး၊ ဘာဖြစ်လို့လဲ ဆို တာ ဒီအခန်းကို မပွန်းပွန်းရဲ့အဖေကိုယ်တိုင် တည်ဆောက် သားခဲ့လို့ပါပဲ'

ချင်းစုံက သည်စကားကိုပြောပြီးနောက် အခန်းထဲမှထွက် ခွာသွားတော့သည်။

'ငါ့ကို လွှတ်ပါ၊ ကျားနက်ကိုခေါ်ပြီး ငါ့ကို လွှတ်ခိုင်း ပါ....'

ပွန်းပွန်းအားကုန် အော်ဟစ်ပြောသည့်တိုင် ဘာမျှထူးခြား မလာချေ။ တစ်ဖက်မှ မည်သည့် တုံ့ပြန်မှုမှလည်း မရရှိနိုင် တော့။

အစောင့်များလည်း အဝေးမှသာ အခြေအနေကို စောင့် ကြည့်နေကြသည်။

ကျားနက်နှင့် ပွန်းပွန်းတို့၏ ဆက်နွယ်ပတ်သက်ပုံကိုသူတို့ သိပြီးဖြစ်သည်။ ယင်းခကြောင့် မည်သို့မျှ ဝင်ရောက်စွက်ဖက်

'သတင်းစာထဲမှာတော့ သူ့ကိုသိသူ တိုက်ဒေါက်တာဒနုခုန် ချုပြီး သေကြောင်းကြံကာလို့ ရေးတယ်ကွ၊ သူလိုလူစားမျိုး ကကိုယ့်ကိုကိုယ် သေကြောင်းကြံချယ်လူစားမျိုးမဟုတ်ဘူးကွ'

လောလက်က လုံး၀မယုံကြည်ဟန် ခေါင်းခါယမ်းလျက် ပြောပြသည်။

ကျားနက်မူ တစ်ချက်မျှစဉ်းစားဟန်ပြုရင်း....

'သူ့နာမည်က ခောင်းတင်းလား'

'မင်းသူ့ကို သိဘယ်ဟုတ်သား'

လောလက်၏ မျက်လုံးအစုံ ရှုန်းလက်သွားသည်၊ ကျား နက်မူခေါင်းခါယမ်းလျက်....

'ငါ သူ့ကိုမတွေ့ဖူးပါဘူး၊ သတင်းစာ ထဲမှာသာ ဖတ် လိုက်ရတာပါ'.

လောလက်စိတ်ပျက်စွာ သက်ပြင်းကလေး ချသည်၊

ကျားနက်မူပြုံးလျက် လောလက်၏ပခုံးကိုပုတ်ပြီးစကား စ ဖြတ်သည်။

'စိတ်ချနေပါ သူငယ်ချင်း၊ ဒီကိစ္စငါပါ ကူညီစုံစမ်းပေး ပါ့မယ်၊ ကဲ....ကဲ.....ဘစ်ခုခု သွားစား ကြရအောင်၊ ဒီမှာ သူငယ်ချင်း.....တို့ဆီက ဝက်သားပေါက်စီဟာ ဘာလင့်မြို့က ဝက်နံရိုးလောက်မည့် ပါဘူးကွာ ဟဲ....ဟဲ....ဟဲ'

ကျားနက် စိတ်အစဉ် ရွှင်သန်း ပေါ့ပါးနေသည်။ လော လက်ဘစ်ယောက် သူ့ညှတ်ကွင်းအတွင်း သက်ဆင်းမိပြီဟု မှတ်ယူယုံကြည်နေသကဲ့သို့ပင်....

* * *

ခြင်းမပြုဝံ့....ဘေးကင်း ရန်ကင်းသဘောဖြင့်သာ ခပ်ဝေးဝေး တွင်နေနေကြသည်။

ပွန်းပွန်းကိုပိတ်လှော်ငင်ထားသောအခန်းက ကုန်ရံမျှသော လေဝင်ပေါက်လည်း တစ်ပေါက်ဘည်းသာ ရှိသည်။ ထို အပေါက်က တစ်ခပမျှသာရှိ၍ သံတိုင်သုံးတိုင် ကန့်လန့်ပြတ် စိုက်ထားလိုက်သေးသည်။

ကိုအခိုက် လေဝင်ပေါက်မှ အမှတ်မထင် အသံတစ်သံ ပြန်လွှင့်လာသည်။

'ကျန်တော်ပါ ပွန်းပွန်း'

အသံက တိုးညင်းလှသည်။

ပွန်းပွန်း အသံလာရာ လေဝင်ပေါက်လို့ ကြည့်ထိုက်ဖို့ သံတိုင်ပဲများမှ မျက်နှာရိပ်တစ်ခုကို မြင်လိုက်ရပါ၏။ သို့သော် လူပုံက မသဲကွဲခဲ့ချ။

'ပွန်းပွန်း....ကျန်တော် ရှောင်ပေပါ၊ ဟိုတစ်နေ့က ပွန်း ပွန်းကို တည်းခိုခန်းကနေပြီး ဆရာကြီးကျားနက်ဆီကို ခေါ် လာခဲ့တဲ့လူလေ'

ပွန်းပွန်း သံတိုင်ကြားမှ မျက်နှာရှင်ကို သပ်မံကြည့်လိုက် သည်။

မှန်ပါသည်၊ ရှောင်ပေပင် ဖြစ်သည်။ သို့သော် မျက်နှာ ပြင် တစ်ခုလုံး ဒဏ်ရာများ ပြည့်နှက်နေသဖြင့် ယိုမိ အထူး အာရုံစိုက်၍ ကြည့်မှ ရှောက်ပေမှန်း သိသိကဲ့ကဲ့ သိရတော့ သည်။

'မင်း ဘယ်လိုလုပ်ပြီး ဒီအောက်ထပ်ကို ရောက်နေတာလဲ၊ ဘာလို့ ဒီလောက်တောင် ဒဏ်ရာအများကြီးရထားတာလဲ'

ပွန်းပွန်း အံ့သြသံ၊ ကရုဏာသက်သံဖြင့် မေးလိုက်သည်။

ရှောင်ပေက သူ့မျက်နှာကို သံတိုင်ကြားသို့တိုးဆည့်ထက်တိုး၍ ကပ်လိုက်သည်။ သူ့မျက်လုံးတွင် ဒေါသအရိပ်အယောင် များ ထွက်ပေါ်လို့နေသည်။ သူက နာကြည်းသံဖြင့်....

'ဟိုကောင် ချင်းစုံလေ....ချင်းစုံ၊ သူ့လစ်ချက်ပေါ့'

'ဘာဖြစ်လို့လဲ'

ရှောင်ပေက အားတင်း၍ တစ်ချက်ပြုံးပြီး....

'ကျန်တော် မပွန်းပွန်းနဲ့ စကားမပြောမိလို့ပေါ့'

'ဒီလောက်နဲ့များ ဒီလိုလုပ်ရသလားဟယ်'

ပွန်းပွန်းက စိတ်မချမ်းမြေ့စွာဖြင့် ပြောလိုက်သည်။

'ဒီလိုခံရမယ်ဆိုတာ ကျန်တော်သိလို့ အဲဒီညမှာပဲ ကျန် တော် သူတို့ဆီက ထွက်ပြေးတယ်လေ၊ ဒါပေမယ့် မလွတ်ပါ ဘူး၊ ကျန်တော့်ကို ချင်းစုံ ပြန်မိသွားတယ်ဗျ'

ပွန်းပွန်းက အံကြိတ်လွှတ်....

'ဒီခွေးကောင်လဲ သူ့ဆရာကျားနက်အတိုင်းပဲ၊ လူမဟုတ် ဘူး....'

ရှောင်ပေ ရွတ်တရက်ရယ်လိုက်သည်။

'ဒါပေမယ့် သူတို့လက်ထဲက တစ်လလောက် ပြေးရင်း လွှားရင်းနဲ့ အကျိုးတော့ရှိခဲ့ပါတယ်၊ အခုန်အလှုပ်လေး မပြစ် ခဲ့ပါဘူး'

'မင်း ဘာများ အကျိုးရှိခဲ့လို့လဲဟင်'

'အစ်ကိုကြီး လောလက် ဒီကို ဆယ်ရက်ကျော်လောက် ကတည်းက ရောက်နေတာဗျ၊ သူက သူသိချင်တာကိုလျှို့တက် နုံစမ်းနေတာလေ၊ အခု ကျားနက်တို့ထဲက လူအတော်များများနဲ့ သူ ဆက်သွယ်မိသွားပြီ'

ပွန်းပွန်း မျက်လုံးအစုံ တောက်ပလာပြီး....

'ဝါ ဒီ....ဒီမှာရှိတယ်ဆိုတာ သူသိသလား ဟင်'

'သိတယ်၊ ကျွန်တော့်ကိုလာရှာတုန်းကတည်းက ကိစ္စအတော်များများကိုသူသိသွားပြီးပြီ၊ ကျွန်တော်လဲသိတာတွေ သူ့ကို တစ်လုံးမကျန် ပြောပြလိုက်တယ်'

'မင်း သူ့ကိုယုံသလား'

ရှေ့နှင်ပေါ်မျက်လုံးတွင် ကြည်ညိုလေးစားသော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

'သိပ်ယုံကြည်တာပေါ့ဗျာ၊ ချန်းချာလဲသူ့ကိုသိပ်ယုံကြည်တယ်၊ လူတိုင်းက သူ့ကိုယုံကြည်တယ်ဗျ၊ ကျွန်တော်အစတုန်းကတော့ ဒီလောကမှာ ကျားနက်လောက် တော်တဲ့သူ ရှိမှာမဟုတ်တော့ဘူးလို့ ထင်နေတာဗျ၊ အခု အစ်ကိုကြီးလောလက်ကို တွေ့တော့မှ အတော်ဆုံးမှန်းသိလာတော့တယ်'

ထိုစဉ် ပွန်းပွန်း၏မျက်လုံးစုံ ပိုမိုတောက်ပလာပြီး....

'ကျားနက်အကြောက်ဆုံးလူက လောလက်ပဲ'

'သူ ဒီကိုရောက်လာတာဆယ်ရက်ကျော်သွားပြီ၊ ကျားနက်လုံးဝမသိဘူး၊ ဒါပေမယ့် ကျားနက် အခြောင်းကိုတော့

ပွန်းပွန်းက ချက်တရက်မေးလိုက်သည်၊ ရှောင်ပေ ခဏ်ချင်း မဖြေ၊ ပွန်းပွန်းကိုသာ မေးခွန်းတစ်ခု မေးလာသည်။

'လောလက်ဆိုတဲ့လူကို မပွန်းပွန်း သိသလား'

ပွန်းပွန်းရင်ထဲ ထိတ်ခနဲဖြစ်သွားရင်း....

'သိပါတယ်၊ ဘာဖြစ်လို့လဲ'

ဟု ပျာပျာသလဲပြန်မေးလိုက်သည်၊ ရှောင်ပေက ကျေနပ်အားရသံဖြင့်....

'ကျွန်တော် သူနဲ့တွေ့တယ်၊ သူနဲ့စကားအကြာကြီးပြောရတယ်'

ပွန်းပွန်း အံ့သြတကြီးဖြင့်....

'မင်း သူနဲ့ ဘယ်ပုံဘယ်နည်း တွေ့ခဲ့တာလဲ'

'ကျွန်တော် ဟိုညကထွက်ပြေးတော့အဝတ်လျှော်တဲ့မိန်းမတစ်ယောက်အိမ်မှာ သွားပုန်းနေရတယ်၊ ကျွန်တော် သဘောက သူတို့အောင်ပွဲကျင်းပတဲ့နေ့ကျမှ ရွာကိုထွက်ပြေးမယ်လို့လေ၊ ဒါပေမယ့် မျက်ကန်းချန်းရှာက လောလက်ဆိုတဲ့လူကို ခေါ်ပြီး ကျွန်တော်နဲ့ လာတွေ့တယ်'

'မျက်ကန်းချန်းရှာ'

'ဟုတ်ကဲ့....သူက ကျွန်တော် သူငယ်ချင်းပါ၊ ကျွန်တော်တို့ညီအစ်ကိုလိုပဲနေကြတယ်လေ၊ သူလဲ အရင်တုန်းကဒီဂိုဏ်းကလူပါပဲ၊ ဒါပေမယ့် နောက်ပိုင်းမှာ မျက်လုံးထဲ အက်စ်(ငရဲမီး)နဲ့ အပက်ခံလိုက်ရလို့ ဒုက္ခိတဘဝ ရောက်သွားတယ်၊ အဲဒီနောက် သူ ဇီမ်ခန်းသွားပြီးနေရတော့တယ်'

ပွန်းပွန်း နားမလည်တတ်သေး။ ရှောင်ပေကပင်ဆက်၍

သူတစ်လုံးမကျန်သိနှင့်ခန့်ပြီဗျ၊ အခု ကျွန်းနက်သူ့ကိုသွားရှာနေတယ်'

ပွန်းပွန်းထိတ်ခနဲ ရင်ခုန်သွားသည်၊ စိုးရိမ်သွားသည်၊ ရှောင်ပေကပင်ဆက်၍....

'ဒါက လူတွေ့ချင်လို့ဖြစ်မှာပါ၊ ကျွန်းနက်ကလဲ သူ့အခုမှ ရောက်လာတယ်လို့ ထင်နေမှာပါ၊ ဟင်း....ဒီဘစ်ခါတော့ ကျွန်းနက်ရှုံးမှာ သေချာတယ်'

ပွန်းပွန်းစိုးရိမ်သံနှင့်....

'လောလက်က ကျွန်းနက်ကိုရှင်းဖို့သာမှန်း ကျွန်းနက်ရိပ်မိမလားမသိဘူး'

ရှောင်ပေကစဉ်းစားဟန်ပြုဗြီး....

'လုံးဝရိပ်မိမှာမဟုတ်ပါဘူး၊ အခုလောက်ဆိုရင်ကျွန်းနက်က အစ်ကိုကြီးလောလက်ရဲ့လက်ထဲရောက်နေရောပေါ့၊ သူက ဒီအခွင့်အရေးပဲ စောင့်နေတာမျှ'

ရှောင်ပေက အောင်မြင်သော အပြုံးဖြင့် ဆက်ပြောပြန်သည်။

'အဲ့ဒီအချိန်ကျရင် ကျွန်းနက်ထွက်ပြေးချင်လို့တောင်လွတ်မှာမဟုတ်ဘူး'

ပွန်းပွန်းက နှုတ်ခမ်းကို အမှတ်မထင်ကိုက်လိုက်၏၊

ဇာတ်စဉ်က ရှုန်းလက်တောက်ပသော မျက်လုံးအစုံလည်း မှေးမှိန်သွား၏၊ ပွန်းပွန်းမျက်နှာပေါ်တွင် ဖော်မပြနိုင်သော အမူအရာများ ပေါ်ထွက်လာပြန်သည်။

ရှောင်ပေနှစ်သိမ့်သောအပြုံးဖြင့်....

'စိတ်ချပါ၊ အစ်ကိုကြီးလောလက်က ကျွန်တော်တို့ကို ဒီအခန်းထဲက လာကယ်ထုတ်မှာပါ'

ပွန်းပွန်းအားကလေးတင်း၍ ပြုံးလိုက်သည်၊

သူမအဖို့ ဤအခြေအနေမျိုးတွင် ယင်းသို့ပြုံးရုံမှ တစ်ပါး ဘာမျှမတတ်နိုင်။

ပွန်းပွန်းကိုယ်ပွန်းပွန်းသိပါသည်။ ရင်ထဲကဘယ်သို့ခံစားသည်ကို ကောင်းစွာသိပါသည်။

သို့သော် ရှောင်ပေသည်မူ ပွန်းပွန်းအမှန် တကယ်သည်းထိမ့်ခံစားနေရသောဝေဒနာကိုလုံးဝခန့်မှန်းရိပ်စားနိုင်မည်တော့ မဟုတ်ပါချေ၊

* * *

စားပွဲပေါ်သို့ ချဉ်ဖတ်မျိုးစုံနှင့် အသီးအရွက်များ အပြင်ကြက်ဖက်ရည်ကြမ်းဘစ်အိုးလည်း လာချပေးသွားသည်၊

ကျွန်းနက်က ပြုံးလျက်....

'ဒီအချဉ်တာ ဒီဆိုင်က အထူးစပါယ်ရှယ် လုပ်ထားတဲ့ အချဉ်တွေ၊ အသီးအရွက်တွေဆိုလဲ သိပ်ကို လတ်ဆတ်ထပ်ကြ'

လောလက်ချဉ်ဖတ်တစ်ခုကို ကောက်ယူဝါးစားရင်းတစ်ဆာခုပြောမည်ပြုသည်၊ သို့သော် မပြောဖြစ်။

အကြောင်းမူ၊ ထိုအချိန်တွင် သတင်းစာရောင်းသော ကလေးငယ်တစ်ဦး ဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့ရသောကြောင့်ပင်ဖြစ်ပါ၏။

ကျားနက်မှာ ဝင်လမ်းကို ကျောပေး ထိုင်နေသောကြောင့် ကလေးကို မမြင်ရချေ၊

ထိုအခါ ကလေးငယ်၏ရိုးသားဖြူစင်သောမျက်နှာပေါ်တွင် ရုတ်ခြည်း ခင်မင်ရင်းနှီးသော အပြုံးတစ်မျိုး ဖြစ်ပေါ်လာပြီး လောလက်အား....

'အစ်ကိုကြီးလောလက်၊ ဘယ်လိုလုပ်ပြီး ဒီရောက်နေတာလဲ၊ အစ်ကိုမျက်ဟန်းချန်ရှာတောင်အစ်ကြီးကိုသတိရနေတာဗျ၊ အစ်ကိုကြီးနှစ်ရက်တောင်ပျောက်နေပါလား၊ ဘယ်သွားနေတာလဲဟင်၊ နှစ်ရက်လောက်မတွေ့လိုက်ရတာနဲ့ အစ်ကိုကြီးလဲ ချမ်းသာသလိုတဲ့'

ဟု ကရားရေလွှတ် ပြေးတော့၏။

လောလက်က ကလေးငယ်အမေးကို နှုတ်တုံ့မပြန်။

မချိပြုံးတစ်ချက်သာ ပြုံးပြလိုက်နိုင်သည်။

အကြောင်းမူ သူ့အနားတွင် ကျားနက် တစ်ယောက်ရှိနေသည်ပေတကား။

ကျားနက် မရယ်မပြုံးနှင့် အေးစက်သော အကြည့်ဖြင့် လောလက်ကိုစိုက်ကြည့်နေသည်၊ သူ့မျက်နှာကဘာမျှ မသိ၊ မျက်နှာပေါ်တွင် အမှုအရာတစ်စုံတစ်ရာ လှုပ်ရှား ပေါ်လွင်ခြင်း မရှိ၊ မျက်လုံးအကြည့်သာ ရေခဲတမျှစူးရှအေးစက်သည်။

အခန်း (၂၇)

ငယ်နုစဉ်မှသည်

မှာ ကြားထားသော ပေါက်စီများ ရောက်လာသည်။ ပူပူ နွေးနွေးကလေးမို့ အငွေ့တထောင်းထောင်းအနံ့ကသင်းသင်း နှင့် စား ချင့်စဖွယ်ပင်။

သို့သော် လောလက်ရောက်ကျားနက်ပါ အမြည်းမစားကြ သေး၊ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။ ယင်းအခိုက် သတင်းစာ ရောင်းသော ကလေးငယ်က ကျားနက်အား အမှတ် မထင်မြင်သွားသည်။

ထိတ်လန့် ကြောက်ရွံ့ခြင်း ချက်ချင်း ဖြစ်ပေါ်ကာ ဆိုင် အတွင်းမှ အပြင်သို့ပြေးထွက်သွားသည်။

ထိုအဖြစ်ကို လောလက်မြင်သည်၊ ပြေးထွက်သွားသော ကလေးလေး၏နောက်ကျောကို လှမ်းကြည့်ရင်း ပြုံးလျက် စကားစသည်၊

'ဒီချာတိတ်တကယ်လိမ္မာတယ်ကွာ တို့ငယ်ငယ်တုန်းကလို မဟုတ်ဘူး၊ လည်လဲလည်တယ်၊ ကြိုးလဲကြိုးစားတယ်၊ တစ်နေ့ စီကလေးထွန်းကားလာမှာ ငါချာတယ်'

ကျားနက်တို့ မပြန်၊ မကြားဟန်သာပြုလျက် ခက်မဆက် နေသည်၊

လောလက်ကျားနက်ကို တစ်ချက်မျှ အကဲခတ်သည်၊ ပြီး နောက် ပေါက်စီအများထဲမှ တစ်လုံးကိုနှိက်ယူစားရင်း ကျား နက်နှင့် ရှေ့ဆက်ပြောရမည့်စကားအကြောင်းအရာကို စဉ်း စားနေသည်။

ကျားနက်ကမူ တုံ့ဆိုင်းခြင်းမရှိဘဲ သူ့ဘဝသို့ တစ်စုံ တစ်ရာအတွေးဖြန့်နေဟန်တူသည်၊

အာနန်ကြာတိတ်ဆိတ်နေခိုက်လောလက်ပင် ပွင့်ပွင့် ပြုံး လျက် စတင်စကားဆိုသည်၊

'ဟေ့ကောင်....ပေါတာလေး၊ မင်းမှတ်ခဲ့ဦးမလား မဆို နှိုင်တုန်း၊ တို့ငယ်ငယ်တုန်းက ချောင်းထဲဆင်းပြီး ငါးရှင်းဆွား နှိုက်ကြတုန်းလေ၊ အဲ့ဒီတုန်းကတံကောင်းလို့တို့ဘတွေ့ ရေ စီးထဲ မျောပါမသွားတဲ့ အခေါက်လေကွာ'

လောလက်က ကျားနက်အမှတ်ရချင်တွန်းဆွန်းကို ကိုတို့က် ပြောနေသည်၊

ကျားနက်က ခေါင်းညိတ်သည်၊ အပြုံးအရယ်မူ စိုးစဉ်း ငယ်မျှမပေါ် မျက်လွှာအစုံသာ အနည်းငယ် ရှုန်းလက်လာ ဟန် ရှိ၏။

ကျားနက်အမှတ်ရပါသည်။ ကောင်းစွာအမှတ်ရပါသည်၊ ထိုစဉ်က အဖြစ်အပျက်တို့ကည် ကျားနက်၏မျက်ဝန်းရိပ်ဇယ် ထင်ဟပ်နေလိုက်ပ ။

ကျားနက်၊ ပွန်းပွန်း လောလက်....

သူတို့ငယ်နုရွယ်စဉ်အရွယ်၊ ထိုခနဆီကမူ သုံးဦးသားသည် ရေစင်စပ်ချောင်းထဲသို့ ဆင်းကြသည်။ ငါးရှဉ့်တွေ့ တစ်ပျော် တစ်ပါး နှိုက်ကြသည်၊ ယင်းအခိုက် မိုးဘေ့ ညို့လာသည်၊ အရှေ့တောင်တခိုမှာ အညိုရောင်တိမ်တိုက်တွေ့ လွှင့်မျော ယိုင်းဆင့်လာသည်။

ရုတ်တရက်မိုးသက်လေပြင်းအကျတွင်တော့ ရေစပ်ချောင်း ကမ်းမှာ တစ်မုဟုတ်ချင်း ရေတွေ့ ဝါးလုံးထိုး အရှိန် အဟုန် ပြင်းပြင်း စီးတော့သည်၊ တဝေါဝေါအော်မြည် ကာ ရေပြည့်ချောင်းရေစီးကလေး ဖြစ်သွားတော့သည်။

သေက ပြင်းလျက် ချောင်းရေစီးက ထန်လာခိုက် ကျားနက်နှင့် ပွန်းပွန်း ချောင်းနံဘေး ကုန်းပေါ်ရောက် သည့်တိုင် သောလက်မှာမူ ရေစီးထဲ မျောပါတော့မလို ဖြစ်နေသည်။

သို့သော် လောလက်က ချောင်းနံဘေးရှိ သစ်ပင်တစ်ပင် ၏ အကိုင်းလေး တအားဆွဲရင်း ရေစီးအဟုန်သို့ ပါမသွား အောင် ကြိုးစားခဲ့ရသည်၊

ထိုအဖြစ်ကို ကျားနက်ခရာလောလက်ပါ ပမ္ပေါပါ။ဟောင်းနွမ်းသွားမည့်အဖြစ်လည်း မဟုတ်ပါ၊ သူတို့ရင်မှာ အမြဲရှင်သန်နေမည့် ငယ်နုစဉ်က နွေရက်အချိန်များပင်တည်း။

ထိုအခိုက် ကျားနက် အပြုံးလေး ပွင့်လာသည်။ လောလက်ကဲ့သို့ တက်ကြွစွာ စကားစလာသည်။

'ဒီမှာ လောလက်၊ တို့တွေ ငါးရှဉ့်နှိုက်တုန်းက အဖြစ်အပျက်တင် ဘယ်ဟုတ်မလဲ၊ သကြားလုံး ပြဿနာကိုလဲ ငါပြေးပြီး အမှတ်ရမိသေးတယ်ကွ'

လောလက်က အံ့သြလျက်....

'ဘာသကြားလုံးလဲ သူငယ်ချင်း'

'ဩော်....မင်းနှယ် မမှတ်ရန်ကောကွာ၊ အိမ်ကလူကြီးတွေမဆိုအောင် ပွန်းပွန်း အိမ်က ခိုးယူလာတဲ့ သကြားလုံးလေကွာ'

ကျားနက်က အေးစက်သော အသံဖြင့် ဆက်၍....

'ဟေ့ကောင်.... မင်းမေ့နေပြီလား၊ နိုင်သူ စားတမ်းသကြားလုံးလေကွာ'

လောလက်က တစ်ချက်ပြုံးလျက်....

'ဩော်....အေး....အေး၊ မှတ်မိပြီကွ၊ အဲ့ဒီတုန်းက မင်းပဲနိုင်တယ်မဟုတ်လား၊ မင်းပဲ သကြားလုံးစားရတယ် မဟုတ်လား'

ကျားနက်က ခေါင်းအသာယမ်းလျက်....

'စားတော့စားရပါတယ်ကွာ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်လဲ သူငယ်ချင်း'

'ပွန်းပွန်းက ငါမသိအောင် ငါ့ကိုပေးတဲ့ သကြားလုံးဆက် ပိုကြီးတဲ့သကြားလုံးကို မင်းလက်ထဲ လက်သိပ်ထိုးပေးခဲ့တယ် မဟုတ်လား သူငယ်ချင်း'

ကျားနက်၏အသံတွင် နာကြည်းဆဲငြီးမြည်သံ နှောယှက်လာ၏။ အတိတ်အကြောင်းကို အမှုမဲ့ အမှတ်မဲ့ ပြန်ပြောနေခြင်းထက် ယခုပင် ဖြစ်ပျက်နေသလို ခံစားလာရ၏။

ခဏလက်လည်း မျက်လုံးအစုံညှိုးမှိန်သွားသည်။ ထိုအဖြစ်အပျက်ဟောင်းက တစ်ဖန် နှုသစ်လာသယောင် ခံစားလိုက်ရသည်။

ကျားနက်က စကားဆက်ပြန်သည်။

'အဲ့ဒီတုန်းက ငါ့ရင်ထဲမှာ အစိုင်အခဲတစ်ခု ခံနေသလိုပဲ၊ စိတ်ထဲမှာ တစ်မျိုးကြီးခံစားနေရတယ်ကွ၊ မင်းတို့က ငါ့ကို သူငယ်ချင်းရယ်လို့ သဘောမထားကြဘူး၊ ငါ့ကိုဝိုင်းပြီးလိမ်ညာ လှည့်ဖြားနေတယ်လို့ကို ငါထင်တယ်ကွာ'

ကျားနက် စကားစကိုဖြတ်ကာ လောလက်ကို စိုက်ကြည့်သည်။ သူ့အကြည့်တွင် ဝေခွဲမရသော အဓိပ္ပာယ်များ၊ လေးနက်သော အကြောင်းအရာများ၊ နာကြည်းမှု လှိုင်းဂယက်များ လှုပ်ခတ်နေသည်သို့ ရှိနေပါ၏။

သူကဆက်၍....

'ငါ ရှင်းရှင်းပဲ ပြောမယ် သူငယ်ချင်း၊ ခုချိန်ထိ ငါ့ရင်ထဲမှာ အဲ့ဒီအစိုင်အခဲကြီး ရှိနေတုန်းပဲ၊ ခိုင်မြဲနေတုန်းပဲ၊ ငါ့ခံစားချက်က နဂိုအတိုင်း ခံစားနေရတုန်းပဲ့ သူငယ်ချင်း'

လော်လက် သက်ပြင်းချသည်။ ကျားနက်အား တွေ့၍ ကြည့်မိသည်။

ထို့အခိုက် ကျားနက် သက်ပြင်းချရင်း စကားစ ပြောသည်။

'ဒါပေမယ့် မင်းကို ငါ အပြစ်မတင်ပါဘူးကွာ'

လော်လက် စိတ်လှုပ်ရှားလာသော ဆွဲငင်ဟန်ဖြင့်....

'မင်း ငါ့ကို အပြစ်တင်လို့ကော ရမှာလားကွ'

ကျားနက် အနည်းငယ်မျှပြုံးသည်။ သို့သော် ခန့်ဟန်ခန့်သော အပြုံး။ ပြီး လော်လက်အား စိုက်ကြည့်လျက်....

'နေပါဦး သူငယ်ချင်း၊ ခုချိန်ထိကော မင်း ငါ့ကိုလည်း စားဖို့ ကြိုးစားတုန်းလားကွာဗင်'

လော်လက် မဖြေ။ ယဲ့ယဲ့မျှသာပြုံးလျက် ဆိတ်ဆိတ်နေလိုက်သည်။

ကျားနက်ကမူ လော်လက်ကိုဆက်ကြည့်တော့၏။ ချက်ချင်း မင် ဆိုင့်အပြင်ဘက်သို့အကြည့်လွှဲလိုက်သည်။ အပြင်ဘက်တွင်မူ နေခြည်က သာနေသည်။

ကျားနက် ကောက်ကာငင်ကာ ဆက်မေးပြန်သည်။

'မင်း ဘယ်တုန်းက ဒီကိုရောက်နေတာလဲ လော်လက်'

'လေးကျော်ပြီ'

'ဒါဖြင့် မနေ့ညက ရောက်လာတယ်ဆိုကာ မဟုတ်ဘူးပေါ့'

'မဟုတ်ဘူး'

'မင်း ဘာဖြစ်လို့ ငါ့ကို အမှန်အတိုင်းမပြောချင်ရတာလဲ လော်လက်'

'ဘာဖြစ်လို့လဲဆိုတော့ ငါလုပ်နေတဲ့ကိစ္စကို မင်းကိုအသိမပေးချင်လို့ပေါ့ကွ'

လော်လက် စကားအဆုံးတွင် ကျားနက်ကိုအကဲခတ်ကြည့်ဖြင့် ကြည့်သည်။ ပြီး စကားဆက်သည်။

'မင်းလို့လဲပေါ့ သူငယ်ချင်းရာ၊ မင်းလဲ မင်းလုပ်နေတဲ့ကိစ္စတချို့ကို ငါ့ကို အသိမပေးချင်ဘူး မဟုတ်လားကွ၊ အဲ့ဒီလိုပဲခပေါ့ ကိုယ့်လူရာ'

ကျားနက် လော်လက်အား ဖျတ်ခနဲ စိုက်ကြည့်လိုက်လေသည်။

လော်လက်မူ ထူးဆန်းသော၊ အသိရခက်သော အမူအရာမျိုးဖြင့် စကားဆက်ပြန်၏။

'မင်းကိုငါပြောပြီးပြီပဲ၊ ကောင်းတင်းဟာ ငါ့အချစ်ဆုံးသူငယ်ချင်း တစ်ယောက်ဆိုတာပေါ့၊ သူ့အတွက်ဆို ငါဘာပဲလုပ်မေးရ လုပ်မေးရ ငါလုပ်ပေးနိုင်တယ် သူငယ်ချင်း'

'မင်းသူ့အတွက် ဘာလုပ်ပေးချင်လို့လဲ'

'အခု ငါလာတာ နှောင်းသွားလို့၊ သူ့အသက်ကိုမကယ်နိုင်တော့ပေမယ့် သူ ဘယ်ပုံဘယ်နည်း သေသွားရတယ်ဆိုတာကိုတော့ သိအောင်လုပ်ရမှာပဲ သူငယ်ချင်း'

'ဒါဖြင့် မင်းဒီကိုရောက်နေတဲ့ လဝက်အတွင်းမှာ သူဘယ်ပုံဘယ်နည်း သေသွားရတယ်ဆိုတာကို ကျိတ်ပြီးစုံစမ်းနေတာပေါ့ ဟုတ်လား'

လောလက်က နှုတ်ဖြင့်မဖြေ၊ ခေါင်းညိတ်၍သာ ခေါ်သည်။

'နို့....မင်းစုံစမ်းလို့ ရပြီလား'

'တိတိပပမသိရသေးဘူး၊ ဆေးစစ်ဘမ်းမှာတော့ သူတို့က ပေါ်ကနေ ခုန်ချပြီး သေကြောင်းကြံတယ်လို့ပဲ ရေးထားတယ်ကွ'

'ဒီလိုပဲ မဟုတ်ဘူးလား'

'ဒီလိုမဟုတ်ပါဘူးကွ'

လောလက် ကျားနက်အမေးကိုဖြေရင်း ခက်ထန်သော အကြည့်ဖြင့် ကျားနက်ကို စိုက်ကြည့်လာသည်။ ပြီး တော်ခန်မပျက် စကားဆက်သည်။

'သူတို့က ပေါ်ကခုန်မချခင် သူ့ကိုယ်ပေါ်မှာ ဒဏ်ရာရထားပြီးပြီ ဆူဝယ်ချင်း'

'ဒဏ်ရာက ဘယ်နေရာမှာလဲ'

'လက်ကောက်ဝတ်မှာ၊ အဲ့ဒီဒဏ်ရာကပဲ သူ့အသက်ကို ခြိုးသွားတာပဲ'

'မဟုတ်သေးပါဘူး လောလက်ရာ၊ လူဘစ်ယောက်ကို လက်နှစ်ဖက်စလုံး ဖြတ်ပစ်တာတောင် မသေနိုင်ပါဘူးကွ'

'ကောင်းတင်းလိုလူမျိုးကျတော့ ဒီလိုခပြာလို့ မရတော့ဘူး၊ သူကသေနတ်သမား၊ ငါပြောရဲ့တယ်၊ သူ့လက်ထဲမှာ သေနတ်သာရှိကြည့်၊ သူဘယ်နည်းနဲ့မှ တိုက်ပေါ်က ခုန်ချမှာ မဟုတ်ဘူး'

'ဩာ....ဩာ်'

'တယ်အချိန်ဖြစ်ဖြစ် သူ့ကိုယ်ပေါ်မှာ သေနတ်တစ်လက် အမြဲရှိတယ်၊ အခု သူသေတဲ့အချိန်မှာသူ့ကိုယ်ပေါ်မှာသေနတ် မရှိတော့ဘူး'

'မင်းအထင်က ကောင်းတင်းကို တစ်ယောက်ယောက်က အကျပ်ကိုင်ပြီး တိုက်ပေါ်က ခုန်ချခိုင်းတာလို့ ယူဆနေတာလား'

လောလက် ခေါင်းညိတ်ပြသည်၊ တစ်နည်းဆိုသော် ကျားနက်၏ စကားကို အတည်ပြုလိုက်ခြင်းပင်။ ကျားနက်ကမူ ဆန်မပျက် စကားဆက်ပြန်သည်။

'ငါ ကြားဖူးတာတော့ ဒီလူ သေနတ်ပစ် သိပ်လျင်တယ်ဆိုပဲကွ၊ ဒီတော့ ဘယ်လိုလူစားက သူ့လို လျင်တဲ့လူဆီက သေနတ်ကိုလုယူပြီး တိုက်ပေါ်ကပါ ခုန်ချနိုင်အောင် လုပ်နိုင်လဲ သူဝယ်ချင်း'

လောလက် ဖျတ်ခနဲ ကျားနက်ကို စူးစိုက်ကြည့်မိသည်။ ပြီး ပစ်လုံးချင်း လေးလေးမှန်မှန် ဆိုသည်။

'ကောင်းတင်းကို ဒီလိုလုပ်နိုင်မယ့်သူ အင်မတန် ရှားပါတယ်၊ ဒါပေမယ့် တစ်ယောက်တော့ ရှိလိမ့်မယ်'

'တစ်ယောက်ခတော့ ရှိမယ်....ဟုတ်လား'

'ဟုတ်တယ်....တစ်ယောက်တည်း'

'ဒါဖြင့် ငါလား သူဝယ်ချင်း'

ကျားနက် အမှတ်ဆထင်မေးပြီး လောလက်၏ အခြေအ
စောင့်မျှော်နေသည်။ လောလက် ခေါင်းယမ်း လျက်....

'မင်း မဟုတ်ဘူး'

ကျားနက် ဟက်ဟက်ပက်ပက် ရယ်မိလိုက်၏။ လောလက်
ကလည်း ကျားနက်နှယ်ပင် ရယ်နေလိုက်ပါ၏။ ယခု လူဦ
နှစ်ဦး ချက်တရက်ရယ်လိုက်ပုံမှာ ရယ်ဖွယ်ကောင်းသော အ
တစ်ခုကို ပြုံပြင်တူ မြင်တွေ့လိုက်ရတိသကဲ့သို့ပင်။ အတန်ကြာ
ရယ်နေရင်းမှ ကျားနက်က....

'ဟော့....လောလက်၊ ပေါက်စီတွေ ပူတုန်းစားမှကောင်
တာကွာ၊ ကဲ....စာလိုက်ကြဦးစို့'

ဟု စကားလမ်းကြောင်း ပြောင်းလိုက်သည်။

ထို့နောက် သူတို့နှစ်ဦးသည် စောစောက အရေးတကြီ
ဆွေးနွေးကြသော အခြောင်းအရာများကို မေ့သွားသည့်
အလား ပူနွေးသောပေါက်စီများကိုသာ မြိန်ရေယှက်ရေး
နေကြတော့၏။ မကြာပါ။ ပေါက်စီတစ်ပွဲ တက်တက်စီ
ကုန်သွားလေသည်။

လောလက်သည် လက်သုတ်ပဝါဖြင့် ပါးစပ် သုတ်ရင်း
ကျေနပ်သောခလသံဖြင့်....

'ကျေးဇူးပဲ သူငယ်ချင်း၊ ပေါက်စီက တကယ်အရသာ
ကွာ'

ကျားနက် နားထောင်ရုံမျှ နားထောင်နေလိုက်သည်၊
သူတို့နှစ်ဦး စကားစမြည်မပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ်
နေနေကြပြန်သည်။

ထိုစဉ် ကျားနက်က အသံထွက်အောင်ရယ်ပြန်သည်၊
သို့သော်ရယ်သံက ခြောက်ကင်လျက် ဆွေးဆွေးမြည့်မြည့်
ဖြစ်လှသည်။ ပြီးနောက် သူသည် လောလက်အား စိုက်ကြည့်
လျက်....

'လောလက် တကယ်လို့ ကောင်းတင်းလိုတိုက်ပေါ်ကခုန်
ချခိုင်းတဲ့လူဟာ ငါဖြစ်နေရင်မင်းသူ့ကိုယ်စား ငါ့ကို ကလဲ့
သားခချမှာလား'

ဟု ဇိုးဇိုးဇတ်ဇတ် မေးချလိုက်သည်။

လောလက်မဖြေ။

ကျားနက်ကိုသာ နားမလည်တတ်ဟန် စူးစူး စိုက်စိုက်
ကြည့်နေလိုက်သည်။ သို့အတန်ကြာကြည့်ရင်းသက်ပြင်းတစ်
ချက်ခွလျက်....

'သူက ငါ့သူငယ်ချင်း၊ မင်းလဲငါ့ရဲ့ သူငယ်ချင်းပဲ၊ ဒါ
ကြောင့်အဲဒီကိစ္စကို ငါမသိချင်တော့ပါဘူး ကွာ.... မသိချင်
တော့ပါဘူး'

ကျားနက် စကားဆက်မပြောဘဲ ငြိမ်သက်နေလိုက်ကြပြန်
၏။ အချိန် ဆယ့်ငါးမိနစ်မျှကြာတော့မှပင် လောလက်သည်
အိပ်ချင်ဟန်တစ်ချက်မျှသန်းပြီး မျက်နှာကိုရှုံ့မဲ့ဆာလျက်ဆို
ပါ၏။

'ငါပြန်တော့မယ် သူငယ်ချင်းရေ၊ မင်းကျေးတဲ့ ပေါက်
စီတွေ့ ငါစားတာ သိပ်များသွားပြီထင်တယ်၊ အိပ်ချင်လာပြီ
ကွာ'

ကျားနက် ယဲ့ယဲ့ပြုံးလျက်....

'ငါ့သိပါတယ် သူငယ်ချင်းရာ၊ မင်း ညက ကောင်း ကောင်းမအိပ်လိုက်ရဘူးဟုတ်လား၊ အင်း.....ဘယ်အိုင်နိုင်ပါ့ မလဲကွာ၊ ဟား....ဟား....ဟား'

ကျားနက် ဟက်တက်ပက်ပက်ရယ်ရင်း လောလက်ပခုံးကို ပုတ်လျက်စကားဆက်ပြန်သည်။

'ကဲ....မင်း ပြန်အိပ်တော့၊ အေးအေးဆေးဆေး အနားယူပေတော့ဟုတ်လား၊ နေ့လယ် ဆယ့်နှစ်နာရီခွဲလောက်ကျရင် ငါ့အိမ်မှာ မင်းကိုနေ့လယ်စာခေကျွေးဖို့ ငါကိုယ်ဘိုင်မင်း ကိုလာကြိုမယ်၊ ဟုတ်လား သူငယ်ချင်း'

လောလက်က တအံ့တသြဖြင့်

'ဘာကွ....မင်းအိမ်မှာ ဟုတ်လား'

ကျားနက်လောလက်၏အခြေကို ချက်ချင်းရိပ်စားမိသည်၊ ယင်းကြောင့် ပြုံးစစဖြင့်....

'ငါ့အိမ်ဟာ မင်းအိမ်ပါပဲ၊ အေး....တစ်ခုတော့ ရှိတယ်၊ မင်းငါ့အိမ်ကို ရောက်ပြီးရင်တော့ မင်းကို ဝါပြည့်နှစ်ပေးမှာ မဟုတ်တော့ဘူးကွ၊ ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

သူတို့နှစ်ဦး၏ရယ်သံက ဆိုင်ပြင်သို့ပင် လွင့်မပြေးသွားပါသည်။

လောလက် 'ပေလို့' တည်းခိုခန်းသို့ပြန်ရောက်ပြီ။

သို့သော် သူ့အခန်းထဲဝင်သွားတဲ့ အခန်းတံခါးမကြီး ကျယ်တွင် အသာကပ်မှပ်လျက် အပြင်ဘက်သို့ တံခါး မတိတ်တဆိတ်ချောင်းကြည့်လိုက်သည်။

အပြင်ဘက် သစ်ပင်တစ်ခုအောက်ဘက် မြင်းလှည်း တစ်စီး ရပ်နေဆဲ၊ မြင်းလှည်းမောင်းသူကလည်း လောလက်ရှိရာ ခုံခန်းတံခါးမဘက်ဆီသို့ လှမ်းကြည့်နေဆဲ၊ သို့သော် လောလက်ကို သူမမြင်၊ ကျွဲမြင်းလှည်းကား လောလက်အား ကြည့်ရှုခြင်းသည် ခုံခန်းသို့ ပြန်ပို့ပေးခဲ့သာမြင်းလှည်းပင်။

လောလက်မသိမသာ ပြုံးမိသည်၊

ထိုလှည်းခုံခန်းတွင်ကျတံခါးတစ်ခုတည်းသာရှိသည်မဟုတ်၊ နောက်ဖေးဘက်မှာလည်းတံခါးခပါက်တွေ ရှိသေးသည်ပဲလား၊ ဒါကို မြင်းလှည်းမောင်းသမားမမြင်အောင် သေချာလစ်ထွက်လာခဲ့သည်ပြီးနောက်....

အခန်း(၂၀)

်ကန်း ခွန်းရှာ။
သည် မျက်လုံးစုံကန်းပြီးကတည်းက ကျွေတောကြက်
အမည်တွင်သော တည်းခိုခန်းတွင် လာရောက်နေထိုင်
ည်။
မှန်စင်စစ် တောကြက်သိုက်တည်းခိုခန်းသည် ဇီမ်မယ်
သာ တည်းခိုသော တည်းခိုခန်းတစ်ခု။
်ကန်းခွန်းရှာမှာမူ ဤကဲ့သို့နှင့်တွင် အခြောင်ခို
းသောက်နေရရှာသူ....

လောလက် ဤတည်းခိုခန်းသို့ရောက်ချိန်ကုန် ချန်းရ
အခန်းတံခါးကပိတ်လျက်၊ တံခါးအခါခါ ခေါက်သည်
တစ်ဖက်မှ ပြန်ထူးသံမကြား၊

ဤတွင် ချန်းရှာအတူက် လောလက်စိုးရိမ်လာသည်၊
အခန်းတံခါး ဆက်၍ဆက်၍ခေါက်ကြည့်သည်၊ သို့
သာမျှမထူးခြား၊ ယင်းအခိုက်....

'ဖေမသိဘူး၊ ဝါဘာမှမသိဘူး'

လမ်းကြားထဲမှ စူးစူးဝါးဝါး အော်သံများကို
လွှင့် အမှတ်မထင် ကြားလိုက်ရသည်။

တစ်ချိန်တည်းတွင်ပင် ဒဏ်ရာရနေသော ခွေးရွေး
ကောင်ပမာ တည်းခိုခန်းတွင်းသို့ မမြင်မကန်းဖြင့် ဒယီးဒ
ပြေးဝင်လာသော ချန်းရှာကို မြင်လိုက်ရသည်။

ချန်းရှာသည် လမ်းကြားထဲမှ အသည်းအသန်ပြေး
ရင်း ပါးစပ်မှလည်း....

'ကယ်ကြပါ....ကယ်ကြပါ'

ဟု တကြော်ကြော်အော်ဟစ် အကူအညီ တောင်း
သည်၊

လောလက် ထိုမြင်ကွင်းကို မျက်မှောင်ကြုတ်ကာကြည့်
ခိုက် ချန်းရှာသည် လောလက်ရှိရာ မမြင်မကန်းဖြင့် ပြေး
လာလေသည်။

ချန်းရှာ၏ မလှမ်းမကမ်း အနောက်ဘက်မှလည်း
လိုက်လာသော လူတစ်ယောက်။

ထိုသူမှာ လူပုံလေးကွေးသော်လည်း မျက်နှာတွင် ရက်စက်
ကြမ်းကြုတ်မည့်ဟန် ပေါ်လွင်နေသည်။

ပြီး လက်ထဲမှာလည်း ခားမြောင်တစ်လက်ကို တင်းကျပ်
စွာ ဆုပ်ကိုင်ထားသည်။

ထိုစဉ် သူ့လက်ထဲမှခေးမြောင်က ဝင်းလက်သွားပြီး ချန်း
ရှာ၏ နောက်ကျောပြင်ကို ပြေးဝင်စိုက်လာ၏။

ချန်းရှာ အော်ပင်မအော်နိုင်း တစ်ချက်မျှသာ တုန့်လိမ်
သွားပြီး နေရာတွင်ပင် လဲကျသေဆုံးသွားရှာသည်။

ထိုသူက ကျေနပ်စွာပြုံးနေသည်၊ သို့သော် သူ့အပြုံးက
ကြာရှည်မခံ၊

အဘယ်ကြောင့်ဟူမူ လောလက်တစ်ယောက် သူ့အား
စိုက်ကြည့်နေသည်ကို မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါ
သည်။

ထိုလူသည် ပြုံးခြင်းကိုတန့်ရပ်ပြီး လာလမ်းအတိုင်းပြန်
လှည့်ပြေးရန် ပြုဆဲသည်။

သို့သော် အဘယ်သို့ စိတ်ကူးစိတ်သန်းပေါ်လာသည်မသိ
လှမ်းလက်စခြေလှမ်းကို တုံ့ခနဲရပ်လျက် ခါးကြားမှခား
မြောင်တစ်လက်ကို လှစ်နဲ့ဆွဲထုတ်သည်။

ပြီး လောလက်ဘက်သို့ မျက်နှာမူကာ ရင်ဆိုင်ရန်အသင့်
အနေအထားပြင်၏၊

လောလက် ထိုလူဆီ ဖြည်းဖြည်းမှန်မှန် လျှောက်သွား၏၊
လောလက်မျက်နှာတွင် စိုးစဉ်းမျှကြောက်လန့်ခြင်းမရှိ၊ပကတိ
တည်ငြိမ်လျက်ရှိ၏။

ထိုလူနှင့် မလှမ်းမကမ်းသို့အရောက်တွင် လောလက်က အသံမှန်ဖြင့် မေးသည်။

'မင်းနာမည် တစ်ဇွတ်ထိုး ချီးလန်းလား'

ထိုသူ ခေါင်းညိတ်သည်။

လောလက် ရှေ့တစ်လှမ်းနှစ်လှမ်းမျှ တိုးလျှောက်သွား ရင်း ဆက်မေးပြန်၏။

'ချီးလန်း....မင်းငါ့ကို သတ်ချင်လို့လား'

ချီးလန်းက မဖြေ....

တစ်ချက်မျှသာ ကောက်ကျစ်စွာ ပြုံးရင်း ရုတ်တရက် လောလက်၏ကိုယ်ပေါ်သို့ ခုန်အုပ်သွားခဲ့၏။

လောလက် ကိုယ်ပေါ်သို့ ခုန်အုပ်မိသူသူ အချိန်ဘဝ်မှ ချီး လန်းသည် သူ့လက်ထဲမှဓားမြှောင်ဖြင့် လောလက်၏ လည် မျိုသို့ထိုးစိုက်လိုက်သည်။

ချီးဆန်းတိုက်ကွက်ကလျင်သည်၊ မြန်သည်၊ တိကျလှသည်။ သို့သော် လောလက်က နေရာမှပင် မရွေ့၊ တိမ်းရှောင် ခြင်းလည်းမပြု။

တိုးဝင်လာသော ဓားချက်ကိုသာ လက်ဝါးစောင်းဖြင့် ခုတ်ချလေသည်။

ချီးလန်းသည်လည်း လောလက်၏ ဘန်ပြန်တိုက်ကွက်ကို အရေးမစိုက်၊ ရှေ့တိုး၍သာ လောလက်၏သည်မျိုသို့ထိုး မိရန် မဲ့တိုက် နေတော့သည်။

ချီးလန်းကား ဤသို့ပင် အန္တရာယ်ကိုမခြောက်ခ်ွန့်ဆိုင် တတ်သည်၊ တဇောက်ကန်းနိုင်စွာ လုပ်တတ်သည်။

ဤအတွက်ကြောင့်ပင် အားလုံးက သူ့ကိုတဇွတ်ထိုး ချီး လန်းဘွဲ့အမည်ပေးကြတန် တူသည်။

ထို့ကြောင့် လောလက်က နောက်သို့ မဆုတ်မဖြစ်ဆုတ် ပေးမည့်ဟန်ပြုပြီးမှ ရုတ်တရက်ညာခြေဖြင့် ချီးလန်း၏ ဓား မြှောင်ကိုင်လက်ကို ကန်ထည့်လိုက်၏။ ဓားမြှောင်လွှင့်ထွက် သွားသည်။

သို့သော်ချီးလန်းကအဒုးမစိုက်၊ နောက်ထပ် ဓားမြှောင် တစ်ချောင်းကို ဆွဲထုတ်လိုက်ပြန်သည်။

ယင်းအခိုက် လောလက်၏ လက်သီးတစ်လုံးက ချီးလန်း၏ နှာခေါင်းရိုးပေါ်သို့ပစ်ဝင်သွားသည်။

ချီးလန်းလျှပ် တစ်ပြက်ခေါင်းငုံ ရှောင်ပေးရင်း လော လက်ချိုင်းကြားသို့ တိုးဝင်ပူးကပ်လိုက်၏။ တစ်ဆက်တည်းမှာ ပင် လောလက်၏နံရိုးကြားသို့ ဓားမြှောင်ဖြင့် အားကုန်စိုက် ချလိုက်သည်။

ကြည့်....ချီးလန်း၏ တိုက်ကွက်က လွန်စွာစွန့်စားရသော တိုက်ကွက် လွန်စွာရက်စက်သော တိုက်ကွက်ပင်၊

သူ့ဓားက လောလက်၏နံရိုးကြားသို့ တိုးဝင်ခိုင်သလို သူ့ဦးခေါင်းလည်း တစ်ချိန်တည်းတွင် ကျေမွသွားနိုင်မှန်း သိလျက်နှင့် သူစွန့်စားစစ်းကြည့်လိုက်သော်သည်မဟုတ်လား။

လောလက်က လျင်ပြီးသားပင်။

ချီးလန်း၏တိုက်ကွက်ကို ရိပ်မိသည်နှင့်ကိုယ်အနည်းငယ်မျှ တိမ်းပြီး ချီးလန်း၏လက်ကို ချိုင်းကြားတွင် ညှပ်သားလိုက် သည်။

ဟော....ချီးလန်းတစ်ကိုယ့်လုံး လောလက်၏ရင်ခွင်ထဲသို့ ရောက်ရှိသွားပြီ။

ချီးလန်း အံကြိတ်ထားသည်။ ပြီးနောက် ဒူးခေါင်းဖြင့် လောလက်၏ပေါင်ကြားသို့ ရုတ်တရက် တိုက်ချလာသည်။

သို့သော်ခေါင်း ပေါင်ခွကြားသို့မထိမီပင် လောလက်က လက်ဝါးစောင်းဖြင့် အားကုန်သုံး၍ ခုတ်ချလိုက်၏။

ချီးလန်းဒူးခေါင်းတစ်ခုလုံးရှိ အရိုးများမဲ့ကျေကျိုးကွေး မှုအသံများ ပေါ်ထွက်လာပြီး ချီးလန်း၏ မျက်နှာတစ်ပြင်လုံးလည်း ခွေးသီးခွေးခပါက်များ သီးလာတော့သည်။

သို့သော့်လောလက်က သူ့လက်ကိုဆီးဖမ်းပြီးတစ်မုဟုတ်ချင်း လိမ်ချိုးလိုက်၏။

အရိုးကျိုးသံ တကျွတ်ကျွတ်ဆွဲက်လာသည်နှင့်အတူ ခံးလည်း ခြေမပေါ်သို့ကျသွားတော့သည်။

ယခုချီးလန်းတစ်ကိုယ်လုံး လှုပ်ရှားရှိမရတော့....

လောလက်သူ့ကိုအဝိုင်ချုပ်ဆားပြီ၊ မိမိရရချုပ်ထားလိုက်ပြီ။

သို့သော် ချီးလန်းတွင် လှုပ်ရှားနိုင်သော ပါးစပ်ကလေးတစ်ခုသာ ကျန်ရှိနေပါသေး၏။

ထို့ကြောင့် ချီးလန်းက ကျားဆိုးတစ်ကောင်ပမာ စူးစူးဝါးဝါးအော်ရင်းခေါ်ရင်း လောလက်၏သည်မျိုကို ကိုက်ခဲရန် ကြိုးစားတော့၏။

လောလက်ချီးလန်း၏အဖြစ်ကို မြင်သော်သက်ပြင်း တစ်ချက်ချလိုက်မိ၏။ ယင်းနောက် ချီးလန်းအား ရုတ်တရက်

ဖြည်လွှတ်ပေးပြီး တစ်ဆက်တည်းတွင် ၎င်း၏နှာရိုးပေါ်သို့ လက်သီးပြင်းလေးငါးလုံးမျှ ပစ်သွင်းလိုက်သည်။

ချီးသန်းလွှင့်စင်လဲကျသွားသည်။ မျက်နှာတစ်ခုလုံးလည်း သွေးသံတရဲရဲဖြစ်လို့လာ၏။

သို့သော် ချီးလန်းတစ်ခုမလျော့၊ လောလက်အား ထပ်မံတိုက်ခိုက်ရန် အားယူကုန်းထသည်။

ထိုအခါ လောလက်ကချီးလန်းကိုကြည့်လျက် သက်ပြင်းချရင်း....

'ဟေ့ကောင်....ချီးလန်း သူများတွေက ကိုယ့်အသက်ကို နှမြောတယ်၊ မင်းကတော်လို့ ကိုယ့်အသက်ကို နှမြောရမှန်းမသိတာလဲကွ'

ချီးလန်းက ပြန်မဖြေ၊ အားယူကုန်းထရန်သာ ကြိုးစားနေသည်၊ သို့သော် ဖြတ်ခနဲ ပြန်လဲသွားသည်။

ချီးလန်းမျက်လုံးစုံ မီးဝင်းဝင်းတောက်မျှဖြစ်လျက် အခဲမကျေသော၊ ရက်စက်သော အကြည့်ဖြင့် လောလက်ကိုစိုက်ကြည့်ရင်း အားကုန်အော်ပြောလေသည်။

'ဟေ့ကောင်....မင်းဘာမှမေးမနေနဲ့သာတို့ရှိရင် ငါ့ကိုလာသုတ်သင်ကြည့်ကွ'

လောလက် သက်ပြင်းချလိုက်မိသည်။

ချီးလန်းဆိုသို့ သူဆက်မသွားလိုတော့၊

လောလက်ချီးလန်းကို မသတ်လိုပြီ၊

သူ့အသက်ကို ချွေမယူလိုတော့ပြီ။

ထိုဘွင် စိတ်ခြမ်းမသာဖြင့်၍ ချီးလန်းကိုခေကျာခိုင်းဘွက် ခွာသွားလေဘော့သည်။

ထိုတစ်ဒဂ်အာဘွင်းမှာမင်အမျက်ဒေါသခြောင်းခြောင်းထွက် နေသော ချီးလန်းတစ်ဇယောက် ရုတ်တရက်အမူအယာပြောင်း လဲသွားပါ၏။

မိမိအသွေးအသက်ကိုပင်ခွဲခြားရမှန်းမသိဒသာ ချီးလန်း သည်လောလက်ကသူ့အားကျောခိုင်းသွားသည်ကို မြင်ခသော် သက်ပြင်းတစ်ချက် လေးပင်စွာချရင်း မြေးပါသို့ ပေးပို့ခဲ့ လဲကျသွားဘော့ သိပ်သည်။

ယခုအချိန်တွင် သူ့မျက်လုံးထဲ၌ ဒေါသအရိပ်အယောင် များ၊ ရန်မီးပွားလိုခသော အခွင့်အသက်များလုံးဝ ကင်းစင် သွားလေပြီ။

မှန်သည်။ သူမသေနိုင်တော့ပြီ။

လောလက် သူ့ကိုမသတ်ခဘော့ပြီမှန်း သူ ခကောင်းစွာသိ လိုက်ပြီ။ ပြီးတော့ ယခုအချိန်တွင် ချီးလန်းတစ်ယောက် သူ့ အသက်ကို သူခွေမျောရမှန်းလည်းသိသာပြီမဟုတ်ပါလား။

မှန်ပါသည်။

ဒုစရိုက်လောကအာဘွင်းရှိဒုစရိုက်သားခကောင်တို့သည် မိမိ၏အသက်ကိုစွန့်၍ လုပ်ဆောင်ရခြင်းမှာ အမှန်စင်စစ် ဘဝ တည်မြဲရေးအတွက်သာဖြစ်သည်။

ကိုယ့်ဘဝတည်မြဲရေးအာဘွက် သူ့အသက်ကိုလည်း ယူခဲ့ ကြသည်။ကိုယ့်အသက်ကိုလည်း ခပေးခဲ့ကြသည်။

ဤသည်က ချီးလန်းအနားမှ တစ်လှမ်းချင်း ကျောခိုင်း ထွက်ခွာလာသော လောလက်၏အတွေး၊ ပြီးတဖန်....

ဒုစရိုက်လောကတွင် သူတစ်ပါး၏အသက်ကို ဦးအောင် ခြေခိုင်မှ ကိုယ့်အသက်ရှည်နိုင်မည်။

ဤသည်က လောလက်၏အသိ။

ယင်းကြောင့် ဤဒုစရိုက်လောကကို လောလက်မုန်းသည်။ ရှံသည်။ ဤအသိုင်းအဝိုင်းထဲတွင် ဘဝကိုရင်း၍ အသက်ကို ပေးလှူ၍ ရုန်းကန်နေရရှာသော လူတွေကိုလည်း သနားမိ သည်။

သို့သော် လောလက်၏ရင်ဝယ် သနားခြင်းတို့ ဖြစ်ပေါ် ခံစားမိရုံမှတစ်ပါး ဘာများပေး တတ်နိုင်ပါဦးမည်နည်း။

လောလက် သက်ပြင်းအခါခါချရင်း ချီးလန်းအား ကျော ခိုင်းထွက်လာရင်း ရင်ဝယ်နစ်မောစွာ အတွေးဖြန့်လာမိ၏။

ယခု လောလက် လမ်းကြားကလေးမှ ထွက်လာပေပြီ။ အချိန်ကား ဆယ့်တစ်နာရီ တိတိ။

★

အခန်း (၂၉)

ခွဲစိမ်းသံသရာ

အာက်ခန်း၊ လေးဘက်လေးတန် အုတ်နံရံဝိုင်းရံ ဘာကျွဲကာနှင်ရိုစီးပေပတ်သည် မြေးအာက် အမှောင်ခန်းလေး တစ်ခုပင် ဖြစ်သည်၊

အသင်းရောင်းယဲ့ယဲ့မျှသာရှိပြီး အခါမလပ် စိုစွတ်ထိုင်းမှိုင်းနေသည်၊ အနံ့အသက်ဆိုးများ လွှင့်ပျံ့လျက် မွန်းကျပ်လှသည်၊

ပွန်းပဲ့နံ့ ဤအခန်းထဲဘုဝ် ရောက်ရှိနေသည်၊ ယခုပွန်းပဲ့နံ့ အိပ်ပျော်နေပြီ၊ ဓခြဆန့်ခါးဆန့်လျက် သက်သောင့်သက်သာ လဲလျောင်း အိပ်စက်နေခြင်းမျိုးတော့ မဟုတ်၊

အုတ်နံရံကိုကျော်မှီလျက် လဲကျမသွားရန် ခြေကိုမတ်မတ်ထောက်ရင်း အိပ်ပျော်နေခြင်းဖြစ်သည်။

ပွန်းပွန်း အချိန်မည်မျှကြာအောင် အိပ်ပျော်နေသည်မသိ၊ ယခုမူ အိပ်မက်ကလေးတစ်မက်ပင် မြင်မက်လို့နေ၏။ ပွန်းပွန်း၏ အိပ်မက်ကမ္ဘာထဲတွင် ကျားနက်နှင့် လောလက်တို့ သက်ဝင်လှုပ်ရှားလာသည်။

ကြည့် ကျားနက်က လောလက်၏ရင်ဝသို့ ...မြောင် တစ်ချောင်းဖြင့် ထိုးချလိုက်သည်။ သို့သော် သွေးအိုင်ထဲတွင် ရုတ်တရက် လဲကျသွားသူမှာ ကျားနက် ဖြစ်နေ၏။

'ကျားနက် မသေရဘူး၊ မင်းမသေရဘူး'

ပွန်းပွန်း ထိတ်လန့်တကြား အော်လိုက်မိသည်။ စိုးရိမ်စိတ်များဖြင့် ခွေးများ ပျံကာ မူးမိုက်သွားသလို ခံစားရသည်။

ပွန်းပွန်း ကျားနက်ဆီ ပြေးဝင်ထူမရန် ကြံသည်။

သို့သော် တစ်ကိုယ်လုံး သံဆူးကြိုးဖြင့် တုပ်နှောင်ခံထားရသလို တင်းကျပ်ကာ အသွေးအသားပင် ခြေ... သလို လုံးဝလှုပ်ရှား၍မရ။

မျက်ရည်များသာ စီးကျလို့လာ၏။

ဤဖြင့် ပွန်းပွန်း အားကုန်သုံးလျက် နောက်ဆုံးအခွန်ဖြင့် ရုန်းကန်လှုပ်ရှားကြည့်သည်။

ဟာ....ယခု ပွန်းပွန်း အိပ်မက်ဆိုးမှ ရုန်းထွက်နိုင်လိုက်ပြီ။ ပွန်းပွန်း အိပ်မက်ဆိုးမှ လန့်နိုးလေပြီကော။

ပွန်းပွန်း မျက်လုံးအစုံ အားယူဖွင့်ကြည့်သည်။

ပထမသော် မျက်ခွံများ လေးလံလျက်ရှိရာမှ ဖြည်းဖြည်းသာသာ ဖွင့်ပာလာသည်။

အမြင်ဝိုးတဝါးမှသည် မျက်လုံးအစုံ အမှန်တကယ် မြင်လာသောအခါတွင် ပွန်းပွန်းခမျာ ဝယ် ကျားနက်တစ်ယောက် လာရောက်ရပ်နေသကဲ့သို့ မြင်လိုက်ရ၏။

ပွန်းပွန်းရင်မူ တထိတ်ထိတ်ခုန်ဆဲ၊ ထောက်ရင်ထားသော ခြေအစုံကလည်း ပျော့ခွေလာပြီး ကြောက်လန့်စိတ်နှင့် စိုးရိမ်စိတ်တို့ ယခုခဏချင်းပင် မပြေပျောက်နိုင်တကား။

သို့ဖြင့် ပွန်းပွန်း ကျားနက်ရင်ခွင်ထဲသို့ အလိုအလျောက် တိုးဝင်လိုက်သည်။

ကျားနက်၏ ကယ်ပြန်ခေတာင့်တင်းသော ရင်ခွင်ကျဉ်မှီရင်း မိမိရင်ခုန်သံနှင့် အသက်ရှူသံကိုမှ် ပြန်လည်ကြားယောင်သည်သို့ ခံစားရသည်။

ယခု ဤအဖြစ်ဇာတ်သည် အိပ်မက် မဟုတ်တော့ပါ။ တကယ်ဖြစ်ရပ်အမှန်ပင်။

ကျားနက်သည် တကယ်ပင်။

ပွန်းပွန်းရှေ့မှောက်တွင် ထီးထီးရင်လျက် ပွန်းပွန်းလည်း ကျားနက်၏ရင်ခွင်ထဲ တိုးဝင်မှီလျက်နှင့်....

'ငါမသေရဘူး၊ ငါမသေနိုင်ပါဘူး'

ကျားနက်၏ တိုးညင်းအားစက်သော အသံကိုပါ ပွန်းပွန်း အမှန်တကယ် ကြားလာရ၏။

ကျားနက်၏အသံတုင် အသည်းမှခံစားချက်များ ရောပွန်းနေသည်၊ ဖော်မပြနိုင်သော ခံစားမှုခဒနာများ ရှစ်ဖွဲ့စီးဝင် ကူးယှက်လျက် အသံကျဲ နစ်နစ်ခမာမော ရှိသည်။

ကျားနက်သည် ပွန်းပွန်းကို ရင်ခွင်ထဲသွင်းလျက် တင်းကျပ်စွာဖက်ရင်း တိုးတိုးသက်သက် ပြော၏။

ယင်းအချိန်ကလေးတုင် ပွန်းပွန်း၏ရင်ထဲမှသည်း ထူးဆန်းသော ခံစားချက်တစ်မျိုး ဖြစ်ထွန်းလို့နေသည်။ တလှပ်လှပ် လှုပ်ခတ် ကြည်မောမိသည်။

ပွန်းပွန် ရုတ်ခြည်းနားလည်လိုက်သည်။

ကျားနက် မိမိအား ချစ်နေဆဲ၊ တွယ်တာမြတ်နိုးနေဆဲ ရှိကြောင်းကို ပါ။

ကြည့်လေ၊ သူမအား ဤကျဉ်းမြောင်းတမျှ မျောင်မိုက်လှသော အခန်းကလေးထဲတုင် ပိတ်လှောင်ထားလင့်ကစား ထီးထီးအကျဉ်းချထားလင့်ကစား ယခုမူ သူပြန်လာကာ ယူယရှာသည် မဟုတ်ပါလား။

ဤအရာကား ပသို့နည်း။

အချစ်ဆိုသောအရာပင် မဟုတ်သလော။

သို့ဆိုလျှင် ကျားနက်သည် မိမိအပေါ်၌ အချစ်ကြီး၍ အမျက်ကြီးရှာသူလော။ ပွန်းပွန်းရင်ဝယ် အခတ္တစများ လှုပ်လှွန်ရပြီး အဖြေရှာကြည့်မိသည်။

သို့ဝသော် ပွန်းပွန်း ကြာကြာ မတွေးနိုင်ပါ၊ မတွေးလို တော့ပါ။

ယခု ပွန်းပွန်း အမှတ်မထင် ခံစားနေရသော ခံစားချက် ကျားနက်အား မြတ်နိုးတွယ်တာသိုစိတ်ထက် မုန်းတီးကြည်းစိတ်က ပို၍အားကောင်းလာပြန်၏။

အာယ်ကြောင့်ဟူမူ ပွန်းပွန်းတစ်ယောက် အချစ်တည်းသာ အရာကို ကောင်းစွာနားမလည်မီကပင် အမုန်းတည်းသောအရာကို ကြည်ကစ်စွာ နားလည်ပြီးဖြစ်ခဲ့သည်မဟုတ်လား။

★



သို့ ပဉ္စန်းပဉ္စန်း၏ရင်ဝယ် အချစ်နှင့်အမုန်း၊ အကြင်နာ
ားနှင့် နာကြည်းမှု၊ သံဃောဇဉ်နှင့်ဥဇ္ဈာ၊စသည်စသည်
ဘစ်ဖန်တစ်ပြန်စီ ဖြစ်ပေါ်နေစဉ်တွင်ပင် ပဉ္စန်းပဉ္စန်းသည်
ားနက်၏ရင်ခွင်ထဲမှ တိုးယက်စွာရေရွတ်လိုက်မိ၏၊

'ငါ့ကို ဒီနေရာနဲ့ ဝေးတဲ့နေရာ ခေါ်သွားပါ၊ မင်းလဲ
ကိုခဲ့ပါ၊ ငါတို့အတူတူ စွန့်ခွာကြစို့လား၊ ဒီလူတွေနဲ့ခွဲခွာ
သူတို့နဲ့ဒီတစ်သက်မတွေ့နိုင်တဲ့နေရာမှာ တို့သွားပြီး အေး
းချမ်းစွမဲ့ နေကြရအောင်လား'

ကျားနက်၏ အေးစက်နေသော မျက်လုံးအစုံတွင် ရွက်
ိုး အရည် ရွှန်းလဲ့လာသယောင် ထင်ရ၏။

ကျားနက် ပွန်းပွန်းစကားကို မငြင်းလိုပါ၊ မငြင်းချင်ပါ၊ အကြောင်းမဲ့ လက်ခံပါ၏။

မှန်သည်၊ ကျားနက်သည် သူ့စည်းစိမ်အားလုံးကို ခွန့်ခွင့်သည်။ ပွန်းပွန်းဆိုထားသကဲ့သို့ အားလုံးကို ဥပက္ခာပြုပါသည်။

သို့သော် ဤကမ္ဘာလောကတွင် အသက်ရှင်နေသမျှကာလပတ်လုံး ကျားနက် မမွေ့နိုင်သော၊ မွေ့ပစ်၍လည်း မရပါသော လူတစ်ယောက်မူ ရှိနေပါ၏။

ထိုသူသည် ကျားနက်အား အစဉ်လိုပင်လှမ်းမိုးထားသည်။ မကောင်းဆိုးဝါးတစ်ကောင်နှယ်လည်း ကျားနက်၏ အသက်နှင့်အမျှ နံဘေးမှကပ်လျက် အခါမလပ်ခြိမ်းခြောက်နေမည်သာ ဖြစ်သည်။

ကျားနက်အဖို့ ဤတစ်သက်တာ ဤတစ်ဘဝသည်ထိုသူ့အရိပ်မှောင်အောက်တွင်ပင် မရှုန်းနိုင်၊ မလွန့်နိုင် ကုန်ဆုံးရတော့မည်ကဲ့သို့ စိုးမိုးထားနိုင်လွန်းလေသည်။ ထိုသူကား လောလက်ပင် ဖြစ်သည်။

'ပွန်းပွန်း....မင်း လောလက်ကို နောက်ထပ် မတွေ့ချင်တော့ဘူးလား ဟင်'

ကျားနက်က ပွန်းပွန်းအား ရုတ်ဘရက် မေးလိုက်မိသည်။

'ဘာ....လောလက် ဟုတ်လား'

ပွန်းပွန်း အံ့ဩတကြီး ပြန်မေးမိသည်။ ခဏစဉ်က သူမ၏ နှေးထွေးသယောင်ရှိလာသော အသည်းနှလုံးသည်ရုတ်ခြည်း မင် ပြန်လည်အေးစက်သွားသည်။

ကျားနက်ကိုလည်း နားမလည်နိုင်တော့။ နားမလည်တတ်တော့။

ကြည့်လေ....ကျားနက်သည် အာဃာတကြောင့် ကျိုးအချိန် ကျိုးအခါမျိုးတွင်မူ ဥည်မေးခွန်းကို မေးလာရသနည်း၊ လောလက်၏ အမည်ကိုမှ တမင် ရှောင်ရှားလာရပါသနည်း။

ပွန်းပွန်း လွန်စွာစိတ်ပျက်သွားသည်။ ကျားနက်အပေါ် တွင်လည်း အမျက်ဒေါသ ပို၍ဖြစ်မိရသည်။

အမှန်စင်စစ် ပွန်းပွန်းသည် ကျားနက်ကို နားမလည်ခြင်းထက် ယောကျ်ားတို့၏ စိတ်နေသဘောထားကို ကောင်းစွာ နားမလည်တတ်သောကြောင့်ပင် ဖြစ်ပါ၏။

ယောကျ်ားတို့၏သဝန်တိုစိတ်သည်တစ်ခါတစ်ရံဘုင် မိန်းကလေးတို့၏ သဝန်တိုစိတ်ထက်ပို၍ပြင်းထန်သည်။ ပို၍ပေါက်ကွဲလွယ်ဝတ်သည် မဟုတ်ပါလား။

ယခုလည်း ကျားနက်သည် ယောကျ်ားစစ်စစ် ဖြစ်သော ယောကျ်ားသားတစ်ဦးပင်ဖြစ်ရာ....

'ငါ ဒီနေ့ လောလက်ကို ဒီလာဖို့ ခိုင်းထားပြီးပြီ၊ မင့်းတကယ်ပဲ သူ့ကိုမတွေ့ချင်တော့ဘူးလား ပွန်းပွန်း'

သူမ ရုတ်တရက် ကျားနက်ကို တွန်းဖယ်လိုက်မိသည်။ ကျားနက် ရင်ခွင်မှ ဒေါသတကြီးရုန်းထွက်လိုက်သည်။

ပြီးနောက် ကျားနက်အား မီးဝင်းဝင်း ဘောက်တမျှ မျက်လုံးစုံဖြင့် စူးစူးဝါးဝါး စိုက်ကြည့်လိုက်သေးသည်။

ဤသို့စိုက်ကြည့်ရင်း သူမရင်ဝယ် မုန်းတီး နာကြည်းစိတ်များ ပစ်မှုတ်ချင်း လူးလွန့်နှိုးထလာသည်။

ခဏစဉ်က အမှန်တကယ် ဖြစ်ခဲ့ပေါ်ခဲ့စားခဲ့သော မိမိ၏ ခံစားချက်ကို ကျားနက် ဥဒေါ်ပြုပြန်ချေပြီ အမှတ်ဖြင့် ဤသို့ ကျားနက်အပေါ် နာကြည်းမုန်းတီးလာမိခြင်းပင် ဖြစ်သည်။

ယင်းကြောင့်သူမ ခနဲ့ပြုံးလေး ပြုံးလျက် ကျားနက်၏ အမေးကို ဖြေလေသည်။

'ငါ သူ့ကိုသိပ်တွေ့ချင်တာပေါ့၊ သူနဲ့သာ တစ်ခါလောက် တွေ့လိုက်ရရင် ငါကျေနပ်ပါပြီ၊ ဆေးပျော်ပါပြီ'

သူမအဖြေကြောင့် ကျားနက်မျက်နှာ ချက်ချင်းဆေး စက်လာသည်။

'မင်း သူ့ကိုခွေတဲ့ အချိန်မှာ သို့ ဒီကိုက်ကြီးက နှပြီး အသိုက်ရှင်ရက် ပြန်နိုင်မှာမဟုတ်ဘူးဘူး'

'မင်း....မင်း သို့ကိုလုပ်ကြံဖို့ ချိန်းထားတာလား'

ကျားနက်က နှုတ်ဖြင့်မပြေးခနဲ့ပြုံးတစ်ချက်သာ ပြုံး၏။ သူ့အပြုံးက ခားသွားပေါင်းများစွာထက်ကြောက်မက်ဖွယ် ကောင်းကြောင်း ပွန်းပွန်း ဃီသည်။

'မင်း ဒီမြင်လူတွေကို 'လုပ်ကြံဘာ ကလဲစားခွေတာကို တော့ ငါတားမှမပြောလိုပါဘူး၊ ဒါပေမယ့်အခု မင်း ဘာဖြစ်လို့ လောလက်ကို လုပ်ကြံချင်ရတာလဲ၊ သူ မင်းအပေါ် ဘာတစ်ခုများ မကောင်းကြံခဲ့ဖူးလို့လဲ'

'ငါ သူ့ကိုတာပဲလုပ်လုပ် မင်းနဲ့မဆိုင်ဘူး'

ကျားနက်က ခနဲ့ပြုံးတစ်ချက်ထပ်မံပြုံးရင်းအသံပြတ်ဖြင့် ပြောသည်။

ပွန်းပွန်း နာကြည်းမှုတို့ အာဃာတ်အထိပ်တိုင် ရောက်ရှိသွားပြီး သူမ ပေါက်ကွဲပြီ။

'ဆိုင်တယ်....ဆိုင်တယ်၊ ငါနဲ့ ဆိပ်ကိုဆိုင်တယ်၊ သူကငါ့ရဲ့ ယောကျ်ား၊ ငါ့ရဲ့ နှလုံးသား၊ ငါအမြတ်နိုးဆုံးလူ၊ ငါ့ရဲ့ ခွန်....'

'ဖြန်း....ဖြန်း....ဖြန်း'

သူမ စကားမဆုံးမီ ပါးပြင်တစ်ခုလုံး ပူထူစွာခံစားလိုက်ရသည်။

ကျားနက်၏ လက်ဝါးပြင်က ပွန်းပွန်း၏ ပါးပြင်ပေါ် ဆက်တိုက်ကျရောက်သွားပြီ ဖြစ်ပါ၏။

ဩော်....ကျားနက်....ကျားနက်၊ အချစ်မုန်တိုင်းပေါက်ကွဲလေသော ကျားနက်၊ သနားဖို့ပင် ကောင်းသော ကျားနက်။ မှန်သည်၊

အချစ်သည် မျက်စိမှိုင်း အချစ်ကြောင့် ပေါက်ကွဲလေသော သနားဖို့စိတ်သည်လည်း အလွန်လည်သောလူကိုပင် အဆင်ခြင် ကင်းသောအအဆုံးလူအဖြစ် ပြောင်းလဲသွားနိုင်စေသည် မဟုတ်ပါလား။

ပွန်းပွန်း အံကြိတ်လျက်မနေသည်၊ တစ်ကိုယ်လုံးတုန်ယင်လျက်၊ မျက်ဝန်းထောင့်မှလည်း မျက်ရည်ပူများ စီးသွယ်ကျနေချေသည်၊ နောက်ဆုံးတွင်မူ ပွန်းပွန်းသည် အားကိုးရာမဲ့ဖြင့် ချုံးပွဲချ ငိုလေတော့သည်။

ယခုမူ ပွန်းပွန်းတစ်ယောက် အမှန်တကယ် မုန်းသွားလေပြီ၊ မုန်းခြင်းဟူသော အရာကို ပွန်းပွန်း ကောင်းစွာ နားလည်သိုက်ပြီ။

အမှန်စင်စစ် ချစ်ခြင်းနှင့် မုန်းခြင်းဟူသည်မှာ မျဉ်းတစ်ကြောင်းသာ ခြားထားသော အရာများပင် မဟုတ်ပါလား။

'မင်းငါ့ကို သေအောင် ရိုက်သတ်လိုက်ပါ၊ ငါသေသွားတာတောင် သူ့ကိုငါချစ်နေမယ်၊ မြတ်နိုးနေမယ် သိလား'

ပွန်းပွန်းသည် အသံကုန်ဟစ်ရင်း မျက်နှာကို ကျားနက်လက်တစ်ကမ်းအမီ မောထားပေးလိုက်သည်။

ပွန်းပွန်း၏ လှပသာမျက်လုံးအစုံတွင် မျှော်လင့်ချက်မရှိသော အရိပ်အယောင်များ၊ ဒေါသအငွေ့အသက်များ၊ နာကြည်းမှုအခိုးအလှိုင်များဖြင့် ပြည့်နှက်သွားပါ၏။

'ငါ မင်းကိုမုန်းတယ်၊ သေအောင်ကိုမုန်းတယ်၊ ငါသေတဲ့အထိ သူ့ကိုချစ်နေမယ်။ ရင်ထဲက လှိုက်လှိုက်လဲလဲကိုမြတ်နိုးနေမယ် သိလား'

ပွန်းပွန်းသည် ရင်ထဲမှ နာကြည်းမှုစကားလုံးများ ဆက်တိုက် ပွင့်အန်ထွက်လာသည်။

ကျားနက် လက်ဝါးပြင်သည် လက်သီးအဖြစ်သို့ ကူးပြောင်းသွားသည်။

ခွက်လုံးစုံ မီးဝင်းဝင်းတောက်မျှဖြစ်လျက် အသားများပင် တဆတ်ဆတ် တုန်လာ၏။

ပွန်းပွန်းကို စူးစူးရဲရဲကြည့်လျက် သူမ၏ နှာခေါင်းရိုးပေါ်သို့ လက်သီးပြင်းတစ်လုံး ပစ်သွင်းပြီး ထုခချပစ်သိုက်ချင်သည်အထိ ဒေါသပေါက်ကွဲလာတော့၏။

သို့သော် ကျားနက်က စိတ်လိုက်မာန်ပါ မလုပ်ဝံ့၊ မလုပ်ရက်တော့ နေရာမှသာ ချာခနဲလှည့်ထွက်ပြီး အခန်းတံခါးကို ဆောင့်ပိတ်လိုက်လေတော့သည်။

အခန်း (၃၁)

ကျားနက် ည့်ခန်းဆိုဖာပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသည်၊ ထိုင်၍နေစဉ် ချင်းစုံအား ဝင်လာသည်ကိုတွေ့ရသည်။

သို့သော်ချင်းစုံအား ကျားနက်တာမျှမမေး။

ချင်းစုံကသာ တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းသည်။

'ပေလို့တည်းခိုခန်းရဲ့နောက်ဖေးအပေါက်စောင့်ကုလားကပြောတယ်၊ လောလက် 'တောကြက်သိုက်'ဇုံခန်းဘက်ကိုထွက်သွားတယ်တဲ့၊ ကျွန်တော် အထင်တော့ခီကောင်မျက်နှန်းချန်းရှာကို သွားရှာစာပဲဖြစ်မယ်'

ကျားနက် ခေါင်းပြုံးတစ်ချက် ပြုံးသည်၊ ပြီး တည်ငြိမ်စွာ နားထောင်သည်။

'ဒါပေမယ့် သူ နောက်ကျသွားပြီ'

အမှန်မှု ကျားနက်က သူ့အစီအစဉ်ကို အပိုင်တွက် ၍ဤ စကားကို ပြောခြင်းဖြစ်သည်။

ကျားနက် ဤသို့စီစဉ်ခဲ့သည်။

လောလက်အား ပြန်ပို့မည့်မြင်းလှည်းပေါ်သို့ လောလက် တက်လိုက်ချိန်တွင် ချီးလန်းကိုလွှတ်ပြီး ချန်းရှားအား အပြတ် ရှင်းခိုင်းသည်။ တစ်ဖက်မှလည်း လောလက် ပေလို့တည်း ခိုခန်းမှ ပြန်မထွက်နိုင်အောင် မြင်းလှည်းသမားကိုအစောင့် ချထားခဲ့သည်။ မျက်ခြည်မပြတ် ကြည့်ထားခိုင်းခဲ့သည်။

သို့သော်....ယခုသူ့တွက်ကိန်းလွဲသွားကြောင်းကိုမူ ကျား နက်လုံးဝမသိခဲ့။

အာဃယ်ကြောင့်ဟူမူ လောလက် ဓပေလို့ တည်းခိုခန်း၏ နောက်ဖေးပေါက်မှ တိတ်တဆိတ်ဆွက်ခဲ့ပြီ၊ ချန်းရှာဆီသို့ အချိန်မီရောက်သွားနိုင်ခဲ့ပြီမဟုတ်ပါလား၊ ၍ဤအကြောင်းကို ကျားနက်မသိ၊ လုံးဝမသိ၊

'ချန်းရှာကိုရှင်းမယ့်လူကဘယ်သူလဲ'

ချင်းစုံက မေးသည်၊

'ချီးလန်း၊ တဇွတ်ဆို့ချီးလန်း'

'ဒီလိုဆိုရင် သူက ချန်းရှာကို အဆသပဲ ခေါ်လာနိုင်တော့ မယ်ထင်တယ်၊ ချီးလန်း လူမသတ်ရတာတစ်လကျော်လောက် ရှိပြီ'

ချင်းစုံက ရယ်မောရင်းအပြစ်ပြောခြင်း ဖြစ်သည်။

သို့သော် ချင်းစုံကြောရှည်မရယ်လိုက်ရပါ၊

အတယ်ကြောင့် ဟူမူ သူလှမ်းမြင်နေရာမှပြတင်းပေါက်ဝ ဘည့်တည့်သို့ရပ်လာသောမြင်းလှည်းပေါ်တွင် သွေးအလိမ်း လိမ်းဖြင့်လဲလျက်ပါလာသော ချီးလန်းကိုတွေ့ရသောကြောင့် ဖြစ်ပါ၏။

ချင်းစုံအမူအရာ ရုတ်ခြည်း ပျက်သွားသည်ကို ကျားနက် မြင်လိုက်ရသည်၊ ထို့ကြောင့် ကျားနက်က ဧကာက်ကာငေါ် ကာမေးသည်။

'ချင်းစုံ မင်းတာတွေ့မြင်လိုက်ရလို့လဲ'

ချင်းစုံ သက်ပြင်း လေးပင်စွာ ချရင်း....

'ဒီနေ့ကစပြီး ချီးလန်းလူသတ်လို့ရမှာဓဟုတ်တော့ဘူးထင် တယ်'

ကျားနက်ချင်းစုံအဖြေကိုနားမလည်၊ မျက်မှောင်ကုပ် စဉ်း စားခြင်းပြုသည်။ ထိုအခိုက်ချီးလန်းကို ထမ်းလျက် လူတစ် ယောက်ဝင်လာသည်၊

ထိုစဉ် ချီးလန်းတစ်ယောက် သွေးရူး သွေးတန်းဖြင့်.... 'လော....လောလက်'ဟု ပြောပြီး ပြန်လည် သတိလစ်သွား သည်၊

ကျားနက်က ဆိုဖာတွင် အငြိမ့်သားထိုင်နေရာမှ ရုယ်တ ခက်ထခုန်လိုက်မိသည်၊ ပြီး လက်သီးကို တင်းကျပ်စွာ ဆုပ် လျက် အော်ဟစ်ပြောဆည်၊

'ဒီနေ့ နေ့သည်စာဘဒင်း မချက်နဲ့လောဟော၊ ဟိုတယ် မှာဘဲ ဟင်းသွားမှာသိုက်၊ ငါကနေ့ ဒီကောင့်ကို ဟင်း ကောင်းကောင်းကျွေးချင်တယ်ကွ'

ကျားနက်အော်ပြောပြီး အတန်ကြာအောင် စဉ်းစားနေသည်၊ ပြီးနောက် ချင်းစုံတက်သို့လှည့်၍....

'ချင်းစုံ မင်း အခုချက်ချင်းလူလွှတ်ပြီး ပြင်သစ်ဆေးရုံမှာ တက်နေတဲ့ 'ချမ်းသာ'ကို သွားပြန်ခေါ်ခဲ့၊ ကနေ့ပဲမှာသူလဲ ပါရမယ်ကွ'

ချင်းစုံစေ့ဝေသွားသည်၊

ချင်းစုံ ချမ်းသာကိုသိသည်၊ ချမ်းသာသည် တီဘီရောဂါ ဖြင့် ပြင်သစ်ဆေးရုံတွင် တက်ရောက် ကုသနေရသူ၊ ကြာပြီ ကျားနက်၏ လောက်ကျင်းဇာတိကိုမခံရမီကပင်သူဆေးရုံ ပေါ်တက်၍ အနားယူခဲ့သည်၊

ချမ်းသာသည် အလုပ်လုပ်ရာတွင်သေချာသည်၊ သတိကြီး သည်၊ ချမ်းသာအကြောင်းကိုကျားနက်ကောင်းစွာသိသည်၊ ယင်းကြောင့် ဤအရေး အခင်းတွင် ချမ်းသာကို အားကိုး တကြီး တောင့်တမိခြင်းဖြစ်သည်၊

ချင်းစုံမူ တွေးရင်းမှမျက်မှောင်ကြုတ်စဉ်းစားသည်၊ ပြီး နောက် ကျားနက်အားဆိုသည်၊

'ဆရာကြီး သူလာမယ်မထင်ဘူး'

'ဒီနေ့ သူလာကိုလာရမယ်၊ တို့ဘက်မှာဒီလူတွေပဲရှိတော့ ထာကွ'

ကျားနက်ဤသို့ပြောပြီး ခေါက်တုန့်ခေါက်ပြန်လျှောက် နေသည်၊ ကျားနက်လွန်စွာ စိတ်လှုပ်ရှားနေပေပြီ၊

* * *

နေ့လယ်စာစားချိန် ဖြစ်သည်။

လူတစ်ထောက် အဆင့်သုံးဆင့်ပါသော ချိုင့်တစ်လုံးကိုဆွဲ ကာ ပွန်းပွန်းအား အကျဉ်းချပိတ်လှောင်ထားရာ မြေအောက် ခန်းသို့ ဝင်လာသည်။

ယင်းလူဆွဲလာသောချိုင့်ထဲတွင် ပွန်းပွန်းအကြိုက် ဟင်း လျာများချည်း ပါလာသည်၊

မှန်သည်၊ ဤပွန်းပွန်းအကြိုက် ဟင်းလျာများကို ကျား နက်ကိုယ်တိုင် စီမံပို့ခိုင်းခဲ့ခြင်းပင် ဖြစ်သည်၊ ကျားနက်သည် ပွန်းပွန်းကြိုက်သည်များကို ဧောင်းစွာလေ့လာထားသူ ဖြစ် သည်၊

ဤသည်ကို ထောက်ခြင်းအားဖြင့် ကျားနက်တစ်ယောက် ပွန်းပွန်းအပေါ်တွင် မည်မျှချစ်ကြောင်း၊ သံယောဇဉ်ရှိနေ ကြောင်း မမုန်းမနိုင်ကြောင်း သိသာပေသည်၊

ယင်းသို့သော ပွန်းပွန်းသိလျှင် လွန်စွာ စိတ်မကောင်းဖြစ် လျက် ရင်နာမိမည်မှာ သေချာပေသည်။

သို့သော် ပွန်းပွန်းသည် ယင်းချိုင့်ကို လုံးဝလှမ်းယူခြင်း မပြုဘဲ ထိုလူငင်လာသည့် တံခါးဝေးတွင်သာ တိတ်တဆိတ် ကပ်ရ၍ နေလိုက်သည်၊

ထိုစဉ် ချိုင့်ဆွဲလာသူက အသံပြုသည်၊

'ထမင်းချိုင့်ရောက်ပြီဗျို့၊ မစားရင်တော့ ဆာမှာသေချာ တယ်'

အတွင်းဘက်မှ မည်သည့်အသံမျှမကြား၍၊ ယင်းခြောင့် ထမင်းလာပို့သူ အို့ညြသွားသည်။ ထမင်းချိုင့်ခေးသော အမေါက်ကလေးမှ အတွင်းဘက်သို့ ချောင်းကြည့်သည်။ ပန်းပန်းကို မတွေ့ရ၊

ထို့ကြောင့် ပန်းပန်း ထွက်ပြေးလွတ်ခြောက်သွားပြီလား ဟု ထိုသူ သံသယဝင်လာသည်။ တစ်ချိန်ဘည်းတွင်ပင် မဖြစ်နိုင်ဟု တွေးမိပြန်သည်။ အဘယ်ကြောင့်ဟူမူ ထိုလူသည် ဤနေ့ တစ်နေ့လုံးပင် ဤနေရာ၌ တာဝန်ယူခဲ့ရသည် မဟုတ်ပါလား။

သို့သော် ထိုလူလုံးဝစိတ်မချပေ။ သူက ကြီးမားသော တာဝန်ကိုယူသားရသူ။ အဘယ်ရှိသော ပန်းပန်းတစ်ယောက် ထွက်ပြေးလွတ်မြောက်သွားလျှင် သူ့ကြမ္မာကို သူမတွေးဝံ့တော့။

ကျခံရမည့်အပြစ်က ကြီးမားလှသည် မဟုတ်ပါလား။

ခဏအကြာတွင် တံခါးဖွင့်သံကြားလိုက်ရသည်။

ပန်းပန်းသည် အသက်ကိုအောင့်ထားသည်။

ဟာ....တံခါးပွင့်လာပြီ။ လူတစ်ယောက် သံတုတ်တစ်ချောင်းကိုင်ကာ ဝင်လာသည်။

ပန်းပန်းသည် ယင်းအခင့်အရေးကိုယူကာ ရုတ်တရက် အတွင်းဘက်သို့ တစ်အားတွန်းလိုက်ပြီး တံခါးကိုပိတ်လျက် ကျောမှီထားသည်။

မထင်မှတ်သောအဖြစ်ကြောင့် သံတုတ်ကိုင် ဝင်လာသူမှာ မှောက်လျက်လဲကျသွားသည်။

သို့သော် ချက်ချင်းခုန်ထလျက် ပန်းပန်းအား တုန့်လှုပ်ခြောက်ချားသော အမူအရာဖြင့် မေးသည်။

'ခင်....ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာသတောလဲ'

'ဘာသတောမှမဟုတ်ဘူး၊ ရှင်ငြိမ်ငြိမ်လေးသာ ရပ်နေပါ၊ နို့မဟုတ်ရင် ကျွန်မအာ်လိုက်မယ်'

ထိုသူ အူခကြောင်ကြောင် ဖြစ်သွားသည်။

အခန်း(၃၂)

'ခင်....ခင်ဗျား အော်မယ်ဟုတ်လား၊ ဘယ်....ဘယ်လိုအော်မှာလဲ'

'ရှင် ကျွန်မကို မတရားစော်ကားနေတယ်လို့ အော်မှာပေါ့'

ပွန်းပွန်းက ခင်တည်တည်အဖြေပေးပြီး ထိုလူ့အကဲကို ခတ်လိုက်သည်။ ထိုလူ အဓောတ်တုန်လှုပ်သွားရသည်။

မှန်သည်၊ ထိုလူသိသည်။ ဆရာကြီးကျားနက်နှင့် ပွန်းပွန်းတို့အကြောင်းကို ကောင်းစွာသိသည်။

အထူးသဖြင့် ပွန်းပွန်းလို မိန်းကလေးတစ်ယောက်ကို မည်သူမျှ မထိရဲကြပေ။

ထိုသူ ဘာလုပ်လို့လုပ်ရမှန်းမသိအောင် တွေနေစဉ် ပွန်းပွန်းအသံထွက်အောင် ရယ်လိုက်သည်။

ပြီးနောက် ထိုလူ့အား မျက်နှာထားတည်တည်ဖြင့် ကြည့်ရင်း....

'ဒီမှာ ကျွန်မတစ်ခုပြောမယ်၊ ရှင်ကျွန်မမေးတာကို မှန်မှန်ဖြေပါ၊ အဲဒါဆိုရင် ကျွန်မ ရှင့်ကိုအသာတကြည် လွှတ်ပေးမယ်'

ထိုလူ သက်ပြင်းချသည်၊ စဉ်းစားခြင်းပြုသည်၊

ထို့အခိုက် ပွန်းပွန်းကစတင်မေးသည်၊

'ရှင် ဒီအောက်မှာ တစ်ခြိုန်လုံး ရှိနေတာမဟုတ်ဘူး၊ အပေါ်ထပ်ကိုလဲ တက်သေးတယ် မဟုတ်လား'

ထိုလူ ခေါင်းညိတ်ပြန်သည်၊

အမှန်မူ ထိုလူသည် ကျားနက်၊ ပွန်းပွန်းနှင့် လောလက်တို့၏ ဆိုးဉာဏ်၏ ဆင်နွှဲယင်ပတ်သက်ကြုံကိုမသိရှိသော ဤသို့ခေါင်းညိတ်အဖြေပေးခြင်း ဖြစ်သည်။

အကယ်၍သာသိပါက ဤသို့ ခေါင်းညိတ်အဖြေပေးလိမ့်မည် မဟုတ်ပေ။

သူမမျက်လုံးအစုံ ရွှန်းလက်တောက်ပသည်၊ ထိုလူကိုထပ်၍ မေးသည်၊

'ဘယ်ကခြိုန်က ကြားရတာလဲ'

'မနက်တုန်းက'

'ဘယ်လိုကြားရတာလဲ'

'ဒီနေ့ နေ့လယ် အထူးညှော့သည်ဘစ်ဒယောက် ထမင်းစားဖိတ်ထားတယ်၊ နာမည်က လောလက်တဲ့'

ထို့အပြေကြောင့် ပွန်းပွန်း ရုတ်တရက် စိုးရိမ်လာလေသည်၊

ဘို့သော် စိတ်ကိုအတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းပြီးဆက်မေးပြန်သည်၊

'ကျားနက်ကိုယ်တိုင် သူ့ကို ဖိတ်လိုက်တာလား'

'ဟုတ်တယ်၊ ခုလောက်ဆို ညှော့သည် အပေါ်မှာရောက်နေပြီထင်တယ်'

ပွန်းပွန်းဘစ်ကိုယ်လုံး အေးစက်သွားသည်၊

ထို့ကြောင့် ချက်ချင်းထပ်မေးသည်။

'ကျားနက် သူ့ကိုလုပ်ကြံမယ်ဆိုတာ သူမသိဘူးလား၊ ကျားနက်ကို သူကသူငယ်ချင်းလို့ ထင်နေတုန်းပဲလား'

'ဒါတော့ ကျွန်တော်မသိဘူး'

'သူ ရောက်နေပြီလား'

'ရောက်ပြီထင်တယ်၊ ခုနကအပေါ်ထပ်မှာ ညှော့သည် ရောက်ပြီ၊ ထမင်းပွဲပြင်တော့လို့ အော်သံ ကြားလိုက်ရတယ်၊ အပေါ်ထပ်ကသူတို့ အလုပ်သိပ်များနေပုံရတယ်၊ အခုထက်ထိ ဆင်းလာပြီး ခင်ဗျားကိုခေါ်ကြည့်ဖို့ လူစားလာမလဲကြသေးဘူး'

မှန်သည်၊ အပေါ်ထပ်ရှိလူအားလုံး အလုပ်များနေကြ၏၊ ယခုအချိန်ထိတွင် ကျားနက်က သူ့လူအားလုံးကိုစုကာ လောလက်အား ရင်ဆိုင်ရန်အသင့်ရှိနေစေသည် မဟုတ်လား၊

ပွန်းပွန်း အံကိုတစ်ချက်ကြိတ်လျက်။

'ကဲ....ရှင်နဲ့ ကျွန်မ အပေါ်ထပ်ကိုတက်ကြစို့'

'ဟာ....တယ်ဖြစ်မလဲ၊ ခင်ဗျားက ဘာသဘောနဲ့ အပေါ်ထပ်ကို တက်ချင်တာလဲ'

သည်တစ်ခါ ထိုလူက အထိတ်တလန့် ပြန်မေးသည်။ အပေါ်ထပ်သို့အတူတက်ရန် ငြင်းသည်။

'ဘာလဲ....ရှင်သဘောမတူဘူးလား။ ဒီမှာကြည့်စမ်း၊ ဒီမှာကြည့်စမ်း၊ ခုချက်ချင်း ကျွန်မအင်္ကျီကိုဆုတ်ဖြဲပြီးတဲ့အား အော်လိုက်ရင် ဘာဖြစ်သွားမယ်ဆိုတာ မစဉ်းစားမိဘူးလား'

'ခင်....ခင်ဗျား ကျွန်တော့်ကို ဘာ....ဘာဖြစ်လို့ နှိပ်စက်ချင်ရတာလဲဗျာ'

ထိုလူ အသံတုန်လာသည်။ မျက်နှာကလည်း ဝိုတော့မလို မဲ့တော့မယောင်။

'ကဲ....ရှင် ကျွန်ပြောတဲ့အတိုင်း လုပ်မလား၊ လုပ်မယ်ဆိုရင် ကျွန်မကို ရှေ့ကနေလမ်းပြမှ'

'မ....မဖြစ်ပါဘူးဗျာ၊ အပြင်ထွက်ဖို့က ဧည့်ခန်းကို ဖြတ်ရမယ်၊ အခုလဲ ဧည့်သည် ဧည့်ခန်းထဲမှာပဲ ထမင်းစကျွေးနေတာဗျ'

'သြော်...ဟုတ်လား၊ ဒါဆိုပိုကောင်းတာပေါ့ရှင်၊ ကျွန်မက ထွက်ပြေးမှာမှ မဟုတ်တာ၊ ကျွန်မက ကျွားနက်ကိုတွေ့ချင်နေတာရှင့်၊ သူ့ကိုတွေ့ရင် ကျွန်မ သူနဲ့ရန်မဖြစ်တော့ဘူး၊

သူနဲ့အတူ ကောင်းကောင်းမွန်မွန် နေတော့မယ်လို့ ပြောမလို့ပါ'

ထိုလူ ပွန်းပွန်းစကားကို အနည်းငယ်ယုံကြည်လာသည်။ ယင်းကြောင့် သူစဉ်းစားနေသည်။

သူမက ထိုလူ့အဖြစ်ကို ပါးနပ်စွာရိပ်စားမိသည်။ သူက ချက်ချင်းပင်ဆက်၍....

'ကျားနက်က ကျွန်မကိုသိပ်ချစ်တာရှင့်။ သူ့မျှော်မှာ ရှင့်ရဲ့အကြောင်း လေးငါးခွန်းလောက် ပြောလိုက်တာနဲ့ ရှင်နောက်တစ်ခါ ဒီလိုမြေအောက်ခန်းမှာ ဆင်းဆင်းရဲရဲအလုပ်လုပ်ရမှာ မဟုတ်တော့ဘူး၊ သူမျှားလို ဇီမန်ထိုင်စားနိုင်မယ်'

ထိုလူ စိတ်သွပ်ရှားလာသည်။ သူမအဖြေကို အကြွင်းမဲ့ယုံကြည်လာပုံရသည်။

ထို့ကြောင့် သူမအား မည်သို့မျှပြန်လည်စောဒကမတက်တော့။ ခနရာမှသာ ချာခနဲလှည့်ပြီး အခန်းထဲမှ ထွက်သွားတော့သည်။

ထိုလူ ခနာက် မလှမ်းမကမ်းမှာတော့ သူမသည် အောင်မြင်စွာပြုံးရင်း လိုက်ပါသာလေ၏။



အခန်း (၃၃)

ဆယ့်နှစ်နာရီ၊ မိနစ်နှစ်ဆယ်။
နွေလယ်စာစား၌ စတင်ပြီဖြစ်သည်။
လောလက်၊ ကျားနက်၊ ချမ်းသာ၊
သူတို့သုံးဦး တစ်စားပွဲတည်း တစ်ဝိုင်းတည်းထိုင်ကြသည်။
စားပွဲဝိုင်းထက်မှာ စားမြိန်မည့်ဟင်းလျာများက အငွေ့တစ်
ထောင်းထောင်း အနံ့တသင်းသင်းဖြင့် စားချင့်စဖွယ် အစီ
အရီ။
ပြီးတော့ အရက်သောက်ရန် ယမကာခွက် လှလှကလေး
များကလည်း သုံးဦးသားရှေ့မှာ ကိုယ်စီကိုယ်စီ။

အထူး နေ့လယ်စာစားပွဲမှို့ စားပွဲထိုး၏ အဆင်အပြင်က လည်း ထူးပေ၊ ကည်။ ဘောင်းဘီရှည်အပြူ၊ အင်္ကျီလက်ရှည် အဖြူ ရှင်းရှင်းသန့်သန့် ခန့်ခန့်ထည်ထည်။

ဟော....စားပွဲထိုးက ဒေလလက်ဆီဒလျှောက်သွားပြီး သူ့ လက်ထဲမှာက အဒကောင်းဆုံး ရှန်ပိန်အရက်ဘစ်လုံး၊ အဖုံး ဖွင့်ပြီးသား အဆင်သင့်၊ ခွက်လှလှကဒေးထဲ ငွဲ့ပေးလိုက်ခဲ့ သာ၊ ယခု စားပွဲထိုးက လောလက်၏ဖန်ခွက်ထဲ အရက်စာင် ငွဲ့ထည့်ပေးပြီ၊

နည်းနည်းတော့ ဆန်းနေသည်၊ အရက်ငွဲဒပးပုံငွဲပေးနည်း က တစ်မျိုး၊ ကြည့်....စားပွဲထိုးက လောလက်၏ နောက် ကျောဘက်ကနေ၍ လောလက်ပခုံးကိုဒကျ၁်ကာ ဖြူဖွေး သော လက်နှစ်ဖက်ဖြင့် အရက်ငွဲဒပးနေသည်ဒလ။

ကျားနက် ထိုစားပွဲထိုးကို လုံဝမကြည့်။ ကြည့်ရန်လည်း မလို၊ ကျားနက်သိပြီးသားပင်၊

မှန်သည်၊ လောလက်ဖန်ခွက်ထဲ အရက် ပြည့်သွားချိန် စားပွဲထိုး၏ ဖြူဖွေးသောလက်နှစ်ဖက် ရုတ်တရက်ခဲ့ရုတ် လိုက်ချိန်တွင် သေးငယ်သမျှမှာကျောသော သံဇကြိုးလေး တစ်ချောင်းတ လောလက်၏လည်မျိုကို ရစ်ပတ်ပြီး ဖြစ်နေ လိမ့်မည်၊

ကျားနက်သည် စားပွဲထိုးအသွင် ဟန်ဆောင်ထားသူ၏ လက်ကိုယိုပြီးသားပင်၊ သည်လူ့လက်က စိတ်ချရသည်၊ သေ ချာသည်။ သည်ပွဲမှာ ခြင်းချက်မရှိ အောင်မြင်မည်ဟု ကျား နက် တစ်ထစ်ချ မှတ်ယူထားသည်။

ထိုစဉ် လောလက်ဖန်ခွက်ထဲ အရက်ပြည့်လုလုအချိန်တွင် လောလက် မမျှော်လင့်ဘဲ ထိုင်ရာမှထလိုက်ရ၏။

ပွဲဦးထွက် အခွင့်အရေးကား လုံတ်သွားပြီ၊ ဖန်ခွက်ထဲ မှာလည်း အရက်ပြည့်ပြီ၊ ယင်းကြောင့် စားပွဲထိုးက သူ့ လက်ကိုအနေအထားမပျက် ပြန်ရုပ်လိုက်ရသည်။

သို့ပေမယ့်ကျားနက်စိတ်မပျက်ပါ၊ရင်မခုန်ပါ၊သူသိသည်၊ သည်တစ်ကြိမ်အခွင့်အရေးဆုံးရှုံးသွားသည့်တိုင် နောက်တစ် ကြိမ်တွေ့ကျန်ရှိသေးသည်။

လောလက်အရက်သိပ်ကြိုက်သည်၊ မကြာမီ ထပ်ငွဲပေးဖို့ လိုလာပါဦးမည်၊ အဲဒီအကြိမ်တွေ့မှာတော့ တင်းကူး စီမံ ထားသည့်အတိုင်း ပြီးမြောက်အောင်မြင်မှာ သေချာသည်၊ သိပ်သေချာပါသည်၊

ကျားနက်ကျိတ်၍ပြုံးမိသည်၊ရင်ထဲက လှိုက်လှိုက် လှဲလှဲ ပြုံးမိသည်၊

ဟော....အခု ကျားနက်ကို အရက်ထည့်ပေးရမည့်အလှည့်၊ စားပွဲထိုးက ကျားနက်နောက်ကျောဖက်သို့ ရောက်လာပြီ၊ လောလက်ကို အရက်ထည့်ပေးသည့်ပုံစံအကွင်း ကျားနက်၏ ပခုံးကိုကျော်၍ အရက်ထည့်ပေးနေပြီ၊

ကျားနက်က မိမိ၏ ပခုံးကို ကျော်၍ ဖန်ခွက်ထဲအရက် ထည့်ပေးနေသောစားပွဲထိုး၏ လက်ချောင်းကလေးများကို စိုက်ကြည့်လိုက်သည်၊ ထိုအချိန်တွင်ပင် စားပွဲထိုးလေး၏လက် သည် အရက်ပုလင်းကို ရွတ်ထရက် လွှတ်ချလိုက်သည်၊

တိုတောင်းသော အချိန်အတွင်းမှာပင် စားပွဲထိုးခလေး၏ လက်မှ သံဇကာကြီးတစ်ချောင်း ထွက်လာပြီး ကျားနက်၏ လည်မျိုကို ရုတ်ခြည်းရစ်ပတ်လာတော့သည်။

တစ်ခဏ်အချိန်အတွင်း ဤနည်းဤပုံအပြောင်းအလဲတစ်ရပ် ဖြစ်ထွန်းလာမည်ဟု မည်သူမျှမထင်ခဲ့ကြ။

စားပွဲထိုးလည်းမမှတ်ထင်ခဲ့မိ၊

အာဃာတကြောင့်ဟူမှ ကျားနက်၏ တုံ့ပြန်မှုက မထင်မှတ်လောက်အောင် လျင်မြန်သွန်းနေသည် မဟုတ်လား။

ကြည့်စမ်း စားပွဲထိုးလက်မှ သံမဏိခချောင်းကလေးရိုင်ခနဲ့ ထွက်လာသည်နှင့် ကျားနက်က လျှပ်တစ်ပြက် ခေါင်းငုံ့ရှောင်ပြီး လည်မျိုသို့ တန်းမတ် ၁ ရစ်ပတ်လာသော သံမဏိကြိုးလေးကို သွားဖြင့်ထောက်ခနဲ ကိုက်ဖြတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် စားပွဲထိုး၏ဝမ်းဗိုက်ကို တံတောင်ဖြင့် ဆောင့်ချလိုက်၏။

စားပွဲထိုးခလေးခမျာ နာကျင်လွန်းသဖြင့် လက်ထဲမှ သံမဏိကြိုးကို လွှတ်ချပြီး သူ့ဗိုက်ကို လက်ဖြင့် ဖိထားလိုက်ရသည်။

ယင်းအခိုက် ကျားနက်၏လက်ဝါးစောင်းက စားပွဲထိုးလေး၏လည်ကုပ်ပေါ်သို့ အင်္ဂိုနှိပြင်းစွာ ကျရောက်ပြီး ဖြစ်သွားသည်။ စားပွဲထိုး၏သည်ကုပ်က ရုတ်ခြည်း ပြုတ်ထွက်သွားပြီး သူ့ခမြာ မနို့သောအိပ်ခြင်းဖြင့် အိပ်စက်သွားရတော့သည်။

ယင်းအဖြစ်ကို ဆေးရုံမှ ခေတ္တဆင်းလာသော ချမ်းသာသည်လည်းကောင်း၊ လောလက်သည်လည်းကောင်း၊ ရုပ်ရှင်ကြည့်နေသလို ထိုင်ရာမပျက်ငြိမ်သက်စွာ ကြည့်နေကြပါ၏။ သူတို့နှစ်ဦး၏အမူအရာလုံးဝမပျက်ချေ၊

ကျားနက်က သူတို့နှစ်ဦးကိုဖျတ်ခနဲ ကြည့်လိုက်သည်။

သို့သော် သူ့အမူအယာကလည်း စိုးစဉ်းမျှမပြောင်း။

ဟော....ယခု သူတို့သုံးဦး မူလအတိုင်း ကိုယ့်နေရာကိုယ် ငြိမ်သက်စွာ ထိုင်နေဆဲပင်၊

★

အခန်း(၃၄)

တို့ခ္ခစ်ယောက်ရယ်၊ ပွန်းပွန်းရယ်

အတန်ကြာမှ ကျွန်းနဂါးက အရက်ခွက်ကိုကောက်ကိုင်ပြီး ချမ်းသာဘက်သို့လှည့်ကာ....

'ငါ....မင်းကို ဂုဏ်ပြုပါတယ်'

ဟုပြောပြီး တစ်ကျိုက် မော့သောက်ပစ်လိုက်သည်။

'ဘာ....မင်းငါ့ကို ဂုဏ်ပြုတယ် ဟုတ်လား'

ချမ်းသာတ တခဲ့တသြပြန်မေးသည်။

'ဟုတ်တယ်၊ မင်းကိုဂုဏ်ပြုပါတယ်၊ ချီးကျူးပါတယ်'

'မင်းကိုလဲငါချီးကျူးပါတယ်၊စားပွဲထိုးလေးခုလိုခံရလိမ့်မယ်လို့ ငါလုံးဝ မထင်မိခဲ့ဘူး၊ ငါ သူ့ကို ခြင်္ဂေးချက်မရှိ ယိုကြည်ထားတယ်'

'မင်းက မသေချာတဲ့အလုပ်ကို ဘယ်ဘော့မှလုပ်လိမ့်မယ့် လူစားမျိုးမှ မဟုတ်ပဲ၊ ဒါပေမယ့် ဒီတစ်ခါ ဒီလောက်စွန့်စွန့်စားစား ရဲတယ်ဆိုတော့ ခိုင်လုံတဲ့အကြောင်းတော့ ရှိမှာပေါ့နော်'

ချမ်းသာကမငြင်း၊ ခေါင်းညိတ်ဝန်ခံသည်။

ကျားနက်လောလက်ဖက်သို့ ဖျတ်ခနဲ လှည့်ပြီး....

'မင်းကြောင့် ထင်တယ်'

ဟု မေးပြန်သည်။

လောလက်က ရှယ်ရုံသာရယ်နေလိုက်သည်။

ကျားနက် အေးစက်သောလေသံဖြင့်ဆက်၍....

'တကယ်လို့သာ နောက်ကနေပြီး မင်းသူဘို့ကိုအား မပေးဘူးဆိုရင် သူဒီလောက်စွန့်စားရဲမှာမဟုတ်ဘူး၊ ဟိုအကောင်ထေတာနဲ့သူလဲသေရမယ်ဆိုတာ သူသိတယ်'

လောလက်ကမငြင်း၊ စကားလည်းမတုံ့ပြန်၊ မူးယစ်မှုက်နှတ်ဆိတ်နေလျက်....

'မင်းတို့နှစ်ယောက် ဘယ်တုန်းကစသိကြလဲ'

'သူ ဒီကိုရောက်လာတဲ့နောက်တစ်နေ့'

လောလက်မဖြေ၊ ချမ်းသာကသာ ကြားဖြတ်ဝင်ဖြေလေသည်။

'လောလက်က မင်းကိုလာရှာတာလား'

'ကျုပ် သူ့ကိုသွားရှာတာ'

'သူ ဒီရောက်လာမယ်မှန်း မင်း ဘယ်လိုသိသလဲ'

ချမ်းသာကပြုံးလျက်....

'ချိုးဖြူကိုက်ကို ငါဦးစီးဆောင်ရွက်လုပ်ခဲ့တုန်းက မင်းကို ငါကျောက်ခဲရွာအထိလိုက်သွားပြီး မင်းအကြောင်းစုံစမ်းခဲ့တယ်ဆိုတာ မင်းမေ့နေပြီလား၊ အဲဒီတုန်းက မင်းနဲ့လောလက်အကြောင်းကို ငါအကုန်သိခဲ့ရတယ်၊ သူကယ်လို့လူစားဆိုကာ ငါအခေါ်ခေါ်ကြီးကတည်းကသိထားပြီးပြီ၊ ငါကသူနဲ့မဆက်သွယ်မိရုံတမယ်ပဲ'

'အခု ဘယ်လိုဆက်သွယ်မိတာလဲ'

'အမှန်တော့ မင်း မျက်ကန်းချန်းရှာကိုပစ်မထားသင့်ဘူး၊ သူတို့ကို မင်းအထင်မသေးသင့်ဘူး၊ လူတိုင်းမှာ သူ့နေရာနဲ့သူ တန်ဖိုးရှိကြတယ်ဆိုတာ မင်းသိသင့်တယ်လို့ ငါထင်တယ်'

ထိုအခါမှ လောလက်ကကြားဖြတ်ဝင်၍....

'မင်း မေစီကိုလဲလှတ်မထားသင့်ဘူးကျားနက်'

'မင်း သူနဲ့တွေ့တယ်ဟုတ်လား၊ သူမသေဘူးလား'

ကျားနက် အံ့သြတကြီးပြန်မေးသည်။

'သူ မသေဘူး၊ ကောင်းတင်းလဲ လူတစ်ယောက်ကို အကြောင်းမဲ့မသတ်ဘူး၊ အင်း....ကောင်းတင်းကို ခပ်ပေါ့ပေါ့လဲလို့ မင်းတွက်မိတာတော့မင်းအမှားပဲ'

ကျားနက်အံကြိတ်လျက် ဆက်မေးပြန်သည်။

'မင်းကို မေစီလာရှာတာလားလောလက်'

'ဟုတ်တယ်....သူ ငါ့ကို ဒီကအကြောင်းတွေ အတော်များများ ပြောပြသေးတယ်၊ နောက်ပြီး သူက ကောင်းတင်းကို ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်တဲ့အနေနဲ့ ငါ့ကို တာလင်မှာ အခတ်ကူညီခဲ့ရှာတယ်၊ တကယ်တော့ ငါက

ထောင်ဖောက်ပြီး ထွက်ပြေးလာတာမဟုတ်ဘူး၊ မေစီက ငါ့ကိုအာမခံပြီး အပြင်ထုတ်ပေးခဲ့တာ၊ အပြင်ရောက်တော့ ဒီကိုအမြန်လိုက်လာဖို့ ငါ့ကိုတိုက်တွန်းတော့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်းတင်းကို မင်းဘာလင် ပြန်လွှတ်မှာ မဟုတ်ဘူးဆိုတာ သူသိထားလို့ပဲ'

ကျားနက် တင်းကျပ်စွာ လက်သီးဆုပ်လိုက်မိသည်၊ သူ့မှားကွက်ကို သူသိပြီမဟုတ်လား။

လောလက်က နာကြည်းသံဖြင့်....

'ငါဒီရောက်တော့ ဒကောင်းတင်းသေနေပြီ၊ မင်းလက်ချက်နဲ့ သေတယ်ဆိုတာ ငါသိတယ်၊ သူက ကိုယ့်ကိုကိုယ် သတ်သေမယ့် လူစားမျိုး မဟုတ်ဘူး'

လောလက်က စကားကိုခေတ္တရပ်လျက် သက်ပြင်းချသည်၊ ပြီးမှ....

'မင်းဒီလောက်ထိ တိုးတက် ပြောင်းလဲသွားမယ်လို့ ငါ မထင်ခဲ့မိဘူး၊ မင်းရဲ့ပြောင်းလဲမှုက သိပ်ကိုမြန်နေတယ်၊ သိပ်ကိုလဲ ကြောက်စရာကောင်းနေတယ် ကျားနက်'

ထိုစဉ် ချမ်းသာက ကြားဖြတ်၍....

'အမှန်တော့ ဒီမြို့ကြီးဟာ အရောင်ဆိုးထားတဲ့ အိုးကြီးလို့ပါပဲ၊ ဘယ်လူမဆို ဒီအိုးကြီးထဲက ရောက်သွားလို့ရှိရင် သူ့ရဲ့မူလပင်ကိုယ် အကျင့်လေးတွေပျောက်ပြီး ပြောင်းလဲသွားကြတာချည်းပဲပဲ'

ကျားနက် အေးစက်စွာပြုံးသည်၊ ချမ်းသာက သက်ပြင်းတစ်ချက်ချပြီး စကားဆက်သည်၊

'ငါက လောက်ကျင်းရဲ့ လုပ်နည်းလုပ်ဟန်ကို ကြောက်လွန်းလို့ မင်းကိုစည်းရုံးပြီး မင်းဘက်ကလူပြီး သူ့ကိုဖြုတ်ချခဲ့တာအဲ့၊ အခုတော့ မင်းက လောက်ကျင်းထက်တောင် ကြောက်စရာကောင်းနေတယ်ကွ'

ခဲ့ကြာ....ဒါမကြောင့် ငါ့ကိုဖြုတ်ဖို့ လောလက်ကို ကူညီနေတာပေါ့ ဟုတ်လား'

'ခါကတော့ မင်းငါ့ကို အပြစ်မဆိုနိုင်ပါဘူး၊ ငါလဲသိတယ်လေ၊ မင်းတစ်နေ့နေ့ ငါ့ကိုရှင်းပစ်မယ်ဆိုတာ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းအကြောင်းကို ငါအကုန်လုံး သိထားတာကိုး'

ကျားနက် အံကြိတ်မိသည်၊ သူ့မှားကွက်ကိုလည်း တစ်ခုပြီးတစ်ခု မြင်သာသည်၊ ချမ်းသာက ဆက်ဆိုပြန်သည်။

'တကယ်တော့ မင်းလောက်ကျင်းကို နှိမ်သတ်ပစ်သင့်ဘယ်၊ အသက်ရှင်လျက် မထားသင့်ကူး၊ ဘာလို့လဲဆိုတော့ လောက်ကျင်းက သူ့တပည့်တွေအပေါ်မှာ ကောင်းခဲ့တာ အများကြီးရှိတယ်၊ တစ်နေ့ကျလို့ မင်းလောက်ကျင်းလောက် သူတို့အပေါ် မကောင်းမှန်းသိတာနဲ့ သူတို့က သူတို့ဆရာလောက်ကျင်းကို ပြန်တမ်းတမိမှာပဲ'

ဤအချက်ကလည်း ကျားနက်၏ မာန အမှားတစ်ကွက်ပင်။ သို့သော် ကျားနက်က အမှားကိုသိလျက်နှင့် ဆက်၍ကျူးလွန်ခဲ့ခြင်းပင် ဖြစ်၏။

'ငါယ်ပါကယ်၊ ခုချိန်ထိ လောက်ကျင်းကို မင်းဗသတ်တာဟာ ပွဲနိုးပွဲနှိုးကြောင့်ဆိုတာ'

ပွန်းပွန်းဟူသောအမည်ကို ကြားသည်နှင့် ကျားနက်ရော လောလက်ပါ စိတ်လှုပ်ရှားသွားကြသည်။

ချမ်းသာကမူ စကားဆက်ပြန်၏။

'ဘယ်လိုပဲဖြစ်ဖြစ်၊ လောက်ကျင်းက ပွန်းပွန်းရဲ့အဖေပဲ။ မင်းသာ လောက်ကျင်းကို သတ်ပစ်လိုက်မယ်ဆိုရင် ပွန်းပွန်းက မင်းကိုတစ်သက်လုံး မုန်းနေမှာပေါ့၊ မင်း ပွန်းပွန်းမုန်းသွားမှာကို သိပ်ကြောက်နေတယ် မဟုတ်လား'

ချမ်းသာစကားက ကျားနက်၏ရင်ဝယ်သို့ လှံဖြင့်ထိုးစိုက်လိုက်သည်ထက် အခံရခက်စေ၏။ 'ထို့ကြောင့် ကျားနက်က နားထင်ကြောများခုန်ထကာ မတ်တတ် ရုတ်တရက် ထအော်လေတော့၏။

'ဒီကောင်မက ဇိမ်မယ်ပဲကွ၊ ဒါပေမယ့် ငါကလဲဒီကောင်မမျိုးကိုမှ ကြိုက်တယ်ကွ၊ သူ့အတွက် ငါဘာမဆိုလုပ်ပေးနိုင်တယ်၊ လုပ်ပေးရဲတယ်၊ ငါက မင်းလိုလူစိတ်မရှိတဲ့ ခွေးမျိုးမဟုတ်ဘူးကွ'

ချမ်းသာကမူ အပြုံးမပျက်၊ ကျားနက် မခံမရပ်နိုင်အောင် ဖြစ်နေပုံကိုသာ အပြုံးမျက်နှာလေးဖြင့် ကြည့်နေပါ၏။

ထိုစဉ်တွင် ဒေါသကြောင့် မျက်နှာတစ်ခုလုံး ညိုမည်းလာသူက လောလက်။

'မင်း သူ့ကိုသဘောကျတယ်ဟုတ်လား ကျားနက်၊ မင်းက ငါ့ရဲ့သူငယ်ချင်း၊ ပြီးတော့ ပွန်းပွန်းက ငါ့ရဲ့ဇနီးလောင်း ဖြစ်မယ့်သူဆိုတာ သိလျက်နဲ့ မင်းလုပ်ရက်တယ် ဟုတ်လား'

'ဟုတ်တယ်၊ ငါသူ့ကို သိပ်သဘောကျတယ်၊ ဘာပဲဖြစ်နေနေ ငါသူ့ကိုသဘောကျတယ်၊ ဒီမှာလောလက်.....တကယ်လို့ မင်းသာသူ့ကိုသဘောကျရင် ဘာလိုသူ့ကို တစ်ခါတည်း ခေါ်မသွားတာလဲ၊ ဘာဖြစ်လို့ သူ့တစ်ယောက်တည်း ရွာမှာထားပစ်ခဲ့တာလဲကွ၊ ပြောစမ်း'

လောလက်လည်း ရုတ်တရက် အော်လေသည်။

'မင်းသူ့ကိုသဘောကျတယ်၊ သူကကော မင်းကိုသဘောကျလို့လား ပြောပါဦးကွ'

လောလက်စကားကြောင့် ကျားနက်တစ်ကိုယ်လုံး တုန်ခါသွားသည်။

အခန်း (၃၅)

ဒေါသကြောင့်သည်း ထိုင်ရာမှ ရွှတ်တရက်ထလိုက်သည်၊ ကျားနက်၏မျက်လုံးအစုံက မီးတောက်မီးလျှံများ လွှင့်ပျံ့နေသကဲ့သို့။

ထိုအခါ လောဃက်သည်လည်း ထိုင်ရာမှ ခြေညှီးညှဉ်းစွာ ထသည်၊ သူ့မျက်လုံးအစုံကလည်း ကျားနက်အား အလွတ်မပေးတမ်း စိုက်ကြည့်လျက်။

ယင်းကြောင့် ည့ခန်းတွင်းရှိ လျှို့ဝှက်ပေါက်များမှ ရွှတ်တရက်ထွက်လာသော လူနှစ်ယောက်ကို သူတို့ လုံးဝသတိမထားမိလိုက်ကြ။

ထိုသူနှစ်ဦးကား ချင်းစုံနှင့် ပွန်းပွန်း။
သူမတကိုယ်လုံးလည်း တုန်ယင်နေ၏။
ကျားနက် ခုနကပြောလိုက်သောစကားလုံးများကို သူမ တစ်လုံးမကျန် ကြားလိုက်ရသည် မဟုတ်လား။
'ငါသူ့ကိုသဘောကျတယ်၊ သူ့အတွက် ငါဘာမဆိုလုပ်ပေးနိုင်တယ်၊ လုပ်ပေးရဲတယ်၊ သူဘာပဲဖြစ်နေနေ ငါသူ့ကို သဘောကျတယ်'
ကျားနက်၏စကားလုံးများက သူမ၏ နှလုံးသားထိတိုင် တိုးဝင်ကာ ပဲ့တင်ထပ်နေပါ၏။
သို့သော် ကျားနက် ဤစကားလုံးလေးများကို အဘယ်ကြောင့် သူမရှေ့ ဝယ် မပြောခဲ့ပါသနည်း။
'မင်း သူ့ကိုသဘောကျတယ်၊ သူကကော မင့်ကိုသဘောကျလို့လား'
လောလက်၏တုံ့ပြန်အမေးကိုလည်း ပွန်းပွန်း ကောင်းစွာကြားလိုက်ပါ၏၊ ဤအသံများကလည်း သူမအသည်းပြင်တွင် မုန်တိုင်းထန်သကဲ့သို့ ရှိ၏။
သို့သော် သူမသိပါသည်၊ လောလက်၏ ဤမေးခွန်းကို ကျားနက် ဖြေနိုင်မည်မဟုတ်၊
သူမကိုယ်တိုင်ကလည်း ဤမေးခွန်းကို တိတိပပဖြေနိုင်စွမ်း မရှိ၊
ယခု ကျားနက်နှင့်လောလက် တစ်ယောက်ကိုတစ်ယောက် ဥဒါန်းမကျေသော မဟာမဟာ ရန်ယူကြီးများအလား အလစ်မပေးတမ်း စူးစိုက်ကြည့်နေကြပေပြီ၊

သူမ ထိုအဖြစ်ကိုမြင်သော် အသည်းကြေလုဘနန်း ရင်မှာခံစားလိုက်ရ၏၊
အမှန်စင်စစ် ဤသူနှစ်ယောက်ကား တစ်မြေတည်းမွေး တစ်ရေစာသောက် တစ်ယောက်ကိုတစ်ယောက် ညီရင်းအစ်ကိုမက ချစ်ခဲ့ကြရှာသော သူငယ်ချင်းများ။
ယခုမူ သူ့သွေးကိုယ့်သွေး၊ သူ့အသက် ကိုယ့်အသက် ချွေးယူတော့မည့်နှယ် မာန်စောင်ကာ ရှိနေကြပြီကော။
ပွန်းပွန်း သူတို့နှစ်ဦးရှေ့သို့ ပြေးသွားချင်လှပါ၏။
သို့သော် သူမခြေအစုံမှာ သံမဏိကြိုးပေါင်း များစွာဖြင့် တုပ်နှောင်ခံထားရသကဲ့သို့ လှုပ်ရှားနိုင်စွမ်း မရှိတော့ချေ တကား။
သူမရင်မှ အသံများလည်းလည်မျိုတွင်တစ်ဆို့လျက်အပြင်သို့ ထွက်မလာနိုင်ပါတော့။
သို့ဖြင့် သူမခမြာ သည်းကြေလူသောအဖြစ်ကို မြင်ရပါ၊
လျက် အံကြိတ်ကာသာ အသံမထွက်နိုင်ရှာသော ငိုခြင်းဖြင့် ငို....ငို....ငိုရရှာလေပေါ့ ကျေးတောသူ ပွန်းပွန်းရယ်....

* * *

ကျားနက် လောလက်ကို စိုက်ကြည့်နေသလို လောလက်ကလည်း ကျားနက်ကို စိုက်ကြည့်နေခဲ့၊

ကျားနက်၏ မျက်လုံးအစုံတွင်မီးတောက်မီးလျှံများပျံလွှင့်နေသလိုလောလက်၏မျက်လုံးအစုံကလည်း မနမင်းတစ်ထောင်ထွန်းတောက်နေသည့်နှယ်။

ယင်းအခိုက် လောလက်က ရှက်တရက် အိတ်ထဲမှ သေနတ်တစ်လက်တို ဆွဲထုတ်လိုက်သည်၊ ပြီး ဝင့်ကြွားဟန်ပါသော မလသံဖြင့်....

'ဒီမှာကြည့်စမ်း ကျားနက်၊ ဟောဒီသေနတ်မောင်းလေး တစ်ချက်နှိပ်လိုက်ရုံနဲ့ မင်းအသက်ကို လူ့လောက အပြင်တက် ရောက်သွားနိုင်တယ်ဆိုတာသိလား၊ ဒါပေမယ့် ငါမင်းကိုဒီနည်းနဲ့ အနိုင်မယူချင်ဘူး ကျားနက်'

ကျားနက်နှုတ်ခမ်းမှ ခနဲပြုံးတစ်ချက်ပွင့်ထွက်လာသည်၊

လောလက်က ဆက်၍....

'မင်းကို ဒီသေနတ်နဲ့ ဖြေရှင်းလိုက်ရင် ငါတို့ရဲ့ ပြဿနာလွယ်လွယ်နဲ့ ပြီးပြတ်သွားနိုင်တယ်၊ ဒါပေမယ့် ငါတို့ရဲ့ပြဿနာတွေကို ငါ လွယ်လွယ်နဲ့မဖြေရှင်းချင်ဘူး'

လောလက်က ပြောပြောဆိုဆိုလက်ထဲမှသေနတ်ကိုအောဝးသို့ လွှင့်ပစ်လိုက်သည်၊

ကျားနက် ခန္ဓာကိုယ်တစ်ချက်တွန့်သွားသည်။

သို့သော် လောလက်အား စိုက်ကြည့်မြဲအတိုင်း စိုက်ကြည့်နေပါ၏၊

လောလက်က ခနဲပြုံးဖြင့်....

'မင်း ငါ့ကိုနိုင်မယ်လို့ ထင်နေတယ်မဟုတ်လား၊ ဒါဖြင့် ဘာအခုမှ လူကိုချည်းစိုက်ကြည့်နေရတာလဲ၊ လာစမ်းလှည့်ပါတော့လား၊ ဆဟဲဟဲ....ဘာလဲ....မင်းတပည့်တွေလာကူမယ်လို့မျှား ထင်နေသလားကွ၊ ဟုတ်လား....မမျှော်လင့်နဲ့တော့ကိုယ့်လူ၊ မင်းကို ဘယ်သူမှလာကူမှာ မဟုတ်တော့ဘူးကွ'

လောလက် ကရားရေလွှတ် ပြောနေသည်။ တစ်နည်းကျားနက် စိတ်ဓေတ်ကျအောင် ရိသဲ့သဲ့ဖြင့်တမင်ဖိအားပေးနေခြင်းပင် ဖြစ်သည်၊

ထိုစဉ်ခိုက် ည့်ခန်းအပြင်ဘက်တွင် လူတကယ်တကယ်ပင် စုံဝေးကာ ပွဲကြည့်ပရိသတ်သဖွယ် ရှပ်ကြည့်နေကြသည်၊

ထိုလူစုကား ကျားနက်၏ လက်ကတုံးတောင်ဝှေး တပည့်များပင် ဖြစ်ပါ၏၊

လောလက်ကပင် ဆက်၍....

'ဟေ့....ကျားနက်၊ အခုအချိန်ကစပြီး မင်းကို ငါဖြုတ်ချလိုက်ပြီ၊ မင်းက ဦးဝောက်ကျင်းကို ဖြုတ်ချလိုက်သလိုပေါ့ကွာ၊ ဆဟဲ....မင်းဘက်က ဘယ်သူမှ ကူဖော်လောင်ဘက်မရှိတော့ဘူးကွ၊ မင်းအခုဘာနဲ့တူသလဲဆိုတော့အိမ်ခြေရာခြေမရှိတဲ့ အလေနတော ခွေးတစ်ကောင်လို ဖြစ်နေပြီကွ'

ကျားနက် ငူငြီးမဲ့ပျက်၊ လောလက် အဘယ်မှုပြောပြောသူ မတုန်လှုပ်။

လောလက် သိသည်၊ သူ ကျားနက်ကိုနိုင်မည်ဟု ကံသေကံမ မတွက်ဆရဲ၊ မထင်မှတ်ဝံ့၊

ထို့ကြောင့် သူက ကျားနက်ကိုစိတ်ဓာတ်မကျကျခအောင် ဆက်ကာဆက်ကာ စိတ်ဓာတ်စစ်ဆင်ရေးနည်းဗျူဟာကိုသုံး၍ တိုက်စစ်ဆင်နေရသည်။ဒါမှလည်း သူ့အတွက် အောင်ပွဲဆင်နှိုင်မည် မဟုတ်ပါလား။

ပွန်းပွန်း ယူကြုံးမရစ္စာ အသံမထွက်အောင် ကျိတ်၍ငိုနေရင်းမှ သူတို့နှစ်ဦး၏ ပေါက်ကွဲလာတော့မည့်အချိန် အခြေအနေကို ရင်ဘတ်ထိတ်ထိတ်ဖြင့် စောင့်ကြည့်နေမိရှာပါ၏။

ငယ်စဉ်ကပင် လက်ရေတစ်ပြင်စည်း သွားအတူ လာအတူ နေအတူသိုင်အတူ စားအတူကစားအတူ ချစ်ကျမ်းခဲ့ကြလေသော ဤသူနှစ်ဦးသည် ယခုမူ တစ်ယောက်အသက်ကို တစ်ယောက် အမှန်တကယ်ခြေယူတော့မည်ပါတကား။

ပွန်းပွန်း မကြည့်ရက် မမြင်ရက်သော်ငြား မြင်နေ ကြည့်နေရဆဲပါ။

ပွန်းပွန်း သိသည်။ လောလက် အမှန်တကယ် ပြောင်းလဲနေပြီကို သူမ သိလေပြီ။

ယခုအခြေအနေတွင် လောလက်သည်း တရားယူကြီးဒလေးမဟုတ်တော့၊ ကျားနက်လည်း ပေါတာလေး မဟုတ်တော့ဘဲ အို....ပြောင်းလဲကုန်ကြပါပကော။

လောလက် စိတ်ဓာတ်စစ်ဆင်ရေး နည်းဗျူဟာသုံး၍ တိုက်စစ်ဆင်လာသည့်ဘိုင် ကျားနက်ကမူမတုန်လှုပ်၊ ကျောက်ဆစ်ရုပ်နှယ် ခိုင်မြဲလျက်၊ ယခုအချိန်ထိ ပြိုလဲပျက်စီးသွားမည့် အရိပ်အခြေ လုံးဝမရှိသေး။

သို့သော် တဖြည်းဖြည်း ဘစစ တအိအိ တရိရိ အက်ကွဲပြိုလဲလာမည်ကိုတော့ ပွန်းပွန်းသိလိုက်ပါ၏။

ထိုစဉ် ချမ်းသာက ထိုင်ရာမှထလျက် နောက်သို့ဆုတ်ပေးလိုက်သည်၊ သူ့မျက်နှာတွင်လည်း ပြုံးရိပ်က လွှဲလျက်၊ အခြေအနေကို စီစဉ်ချနေဟန်တူသည်။

ချမ်းသာက ဤပွဲတွင် လောလက် ကန့်မုချ အောင်ပွဲဆင်မည်ဟု ပုံသေကားချပ် တွက်ထားလေသလား မပြောတတ်။

ယင်းမြင်ကွင်းကြောင့် ကျားနက် ဒေါသခြောင်းခြောင်း ထွက်လာသည်။ မခံချင်သောစိတ်တို့ တာကျိုးသည့်အလား တရဟော ပွင့်ထွက်လာပြီး ကျားနက် ပေါက်ကွဲပြီတည်း။

★

အခန်း(၃၆)

ကြည့်....

လျှပ်တစ်ပြက် မျက်တောင်တစ်ခတ်မျှ အချိန်အတွင်း ကျားနက်ကိုယ်က လှုံးခနဲ စားပွဲတစခုကို ကျော်လွှားတက်သွားပြီး လောလက်၏လည်မျိုသို့ ခြေဖြင့် ဆတ်ခနဲကန်ထည့်လိုက်သည်၊

ယခု ကျားနက်၏ဟန်က တကယ့်ကျားနက်အလား လျင်ထည်၊ မြန်သည်၊ ပေါ့ပါးရဲတင်းနေသည်၊

အမှန်စင်စစ် သိုင်းပြောင်းပြန် ပြောင်းပြန်သိုင်းကွက်ကား တိုးဝင်လာသော ခြေထောက်၏ကန်ချက်က ဟန်ကွက်သက်သက်သာဖြစ်ပြီး တကယ့်တိုက်က လက်ပင်ဖြစ်၏၊

သို့သော် လောလက်က ဤသို့မတွက်၊ သူသိသည်၊ ကျားနက်က ဤအကွက်မျိုးကိုသုံးပြီး သူ့ကိုယ့်ဥာဏ်လာရဲခဲ့ဖြင့်မဟုတ်။ အကြောင်းမူ သူက ဤသိုင်းပြောင်းပြန် ပြောင်းပြန်သိုင်းကွက် ပညာတွင် ကျားနက်ထက်ဂိုဏ် ကျမ်းကျင်ထားသည်မဟုတ်ပါလား။

ယင်းကြောင့် လောလက်က နောက်တစ်လှမ်းဆုတ်ပြီး ကျားနက်၏ ဘုံးဝင်လာသောခြေဖဝါးကို လက်ဝါးစောင်းခုတ်ချလိုက်၏။

ကျားနက်က အားကုန်တစ်ချက်အော်ပြီး သူ့ဘယ်ခြေမြေပေါ် အကျတွင် ညာခြေဖြင့် လောလက်၏ ဝမ်းဗိုက်ဆီသို့ အားကုန် ကန်လိုက်၏။

လောလက် နောက်သို့ အလျင်အမြန် ဆုတ်သိုက်ရသည်၊ ထိုအခိုက်တွင်ပင် ကျားနက်ရှေ့တိုးကာခုန်အုပ်လာပြန်သည်၊ ယင်းမှာ ကျားနက်က တိုက်ကွက်ကိုချက်ချင်း ပြောင်းလိုက်ခြင်း ဖြစ်သည်။

ကျားနက် သိသည်၊ သူ တတ်မြောက်ထားသော သိုင်းဓပြောင်းပြန် (ပြောင်းပြန်သိုင်းကွက်) အကွက်များ မည်မျှပင် ထူးဆန်းပြီး အံ့သြလောက်အောင် အစွမ်းထက်စေကာမူ ဓလောလက်ကို သူယှဉ်ပြိုင်နိုင်မည်မဟုတ်၊

ယင်းကြောင့် ကျားနက်က တိရစ္ဆာန်တစ်ကောင်ကလား ခွန်အားကိုသာ ပြောင်းလဲသုံး၍ လောလက်ကို ယှဉ်ပြိုင်လာရသည်၊ ယခု ကျားနက်ပြောင်းလဲသုံးလာသော ခွန်အား

မျိုးက မည်မျှပြင်းထန်ကြောင်း မည်သူမျှ ခန့်မှန်းနိုင်မည်မဟုတ်ပေ၊

ယင်းအခိုက် လောလက်က ရုတ်တရက် သူ့အမှားကိုတွေ့လာသည်၊ အမှန်မူ ကျားနက်၏ဒေါသကို သူ မနှိုးဆွသင့်၊ ရုတ်တရက် ထတောက်လာသော အနှီးဒေါသမျိုးသည် ကျားနက်၏ ကိုယ်ဘင်းမှ အင်အားများကို စုစည်းပေးသလို ခိုးကြောလာအောင် လှုံ့ဆော်ပေးသလို ဖြစ်နေပါ၏၊

ယင်းခွန်အားရှင်ကို မည်သူမျှ ရုတ်တရက် မနှိမ်နင်းနိုင်၊ ဟမာဆိုသော် မြေဆီလှုအောတ်မှ ရုတ်ခြည်း ဖောက်ထွက်လာသော ခရနံငွေ့မျင်း၏ တွန်းကန်အားမျိုး နှယ်ပါတည်း၊

သို့ဖြင့် လောလက် ရုတ်တရက် ရင်ထိတ်သွားသည်၊ ကြောက်ရွံ့တုန်လှုပ်လာသည်၊ စိတ်အာရာအယှင်းပျက်လာသည့်အမျှ တွက်ဆချက်များသည် မှားစေနိုင်သည်၊

ယခု လောလက်၏ တွက်ဆချက်များ မှားယွင်းသွားပြီ၊ ယင်းအခိုက် ကျားနက်က ညာလက်ဝါးစောင်းဖြင့် လောလက်၏သည်ကုပ်ကို ခုတ်ချလိုက်သည်၊ လောလက်က လှစ်ခနဲရှောင်ပြီး လက်လွှဖြင့် ကျားနက်၏ နံရိုးကြားသို့ တန်ပြန်ထိုးလိုက်သည်၊

သို့ရှိစဉ် ကျားနက်က သိုင်းပြောင်းပြန်၊ ပြောင်းပြန်သိုင်းကွက်အကွက်ကို အမှတ်မထင် ပြောင်းလဲသုံးပြီးဘိုက်ခိုက်လာပြန်သည်၊ သူ၏လက်ဝါးစောင်းခုတ်ချက်မှာ ဟန်ချက်သက်သာဖြစ်ပြီး သူ၏ ဓာကယ့်တိုက်ကွက်မှာ ညာခြေဖြစ်နေတော့၏၊

ထို့ကြောင့် ကျားနက်၏ညာခြေသည် လောလက်၏ဝမ်းဗိုက်ဆီသို့ တန်းတန်းမတ်မတ် တိုးဝင်သွားတော့သည်။

အမှန်စင်စစ် ဤအကွက်မျိုးတွင် လောလက်က ကျားနက်ထက် ပို၍ကျွမ်းကျင်လေသည်၊ သို့သော် လှုပ်ရှားနေသောစိတ်ကြောင့် အကွက်မှားပြီး ခံလိုက်ရပါ၏။

လောလက် တစ်ကိုယ်လုံး ကျဉ်ဓာက်သွားသည်၊ ဗိုက်ကို လက်ဖြင့်နှိပ်လျက် ခါးကိုပါ ကိုင်းထားလိုက်ရသည်။ ယင်းအခိုက် ကျားနက်၏ ညာလက်သီးတစ်လုံးက လောလက်၏ နှာခေါင်းရိုးမေါ် ပြင်းထန်စွာ ကျရောက်လာပြန်သည်။

လောလက် လွှင့်စဉ်ထွက်သွား ပါ၏။ ကျားနက်လည်း လောလက်ဆီပြေးသွားကာ ထပ်မံ၍ ခြေဖြင့် ကျုံးကန်ရန် ဟန်ဖြင့်လိုက်သည်။

ဤကန့်ချက်ကား လောလက်၏ ဝိညာဉ်ကို ခြိုယူတော့မည့် ပွဲသိမ်းကန်ချက်ပင်။

ထိုစဉ် ရုတ်တရက် အော်လိုက်သော အသံတစ်သံကိုကျားနက် ကြားလိုက်ရသည်။

'မ....မလုပ်နဲ့၊ မင်းသူ့ကိုမသတ်ရဘူး....မသတ်ရဘူး'

ကျားနက်သည် အသံကို ကောင်းစွာ မှတ်မိသည်၊ သည်အသံကား သူ့နှမမှတစ်ဆင့် နှလုံးသားသို့တိုင် ဝင်ရိုက်ခတ်သွားသည်၊ မှန်သည်၊ အသံရှင်ကပွန်းပွန်းပင် ဖြစ်သည်မဟုတ်ပါလား။

ကျားနက်ခန္ဓာကိုယ်တစ်ခုလုံး ရုတ်ခြည်း တောင့်တင်းသွားသည်၊ ကျားနက်သိသည်၊ ယခုအချိန်သည် သူ့အသက်

ကိုယ့်အသက် လူနေရသောအချိန်၊ သူပြုတ်ကိုယ်ပြုတ် အပြုတ်တိုက်ရတော့မည့် အသွေတ်အထိပ်ကာလ။

ယင်းကြောင့် ပွန်းပွန်း၏ ဟန့်တားချက်ကို သူငြင်းဆန်ချင်နေသည်၊ သို့သော် သူ့ရင်ထဲမှခံစားချက်ကို သူ့အတွင်းစိတ်က ဟန့်တားချုပ်ထားနိုင်ခြင်း မရှိခေ။

မှန်သည်။ ဤခံစားချက်မျိုးက မည်မျှပြင်းထန်သည်၊မည်မျှ နက်နဲသည်၊ မည်မျှခက်ကြာကိစ္စကောင်းသည်ဟူဘီမူ။

ဟော....တစ်ချက်မျှသာ ငေးငိုင်သွားသော ကျားနက်ကို လောလက်က ပြန်လည်တိုက်စစ်ဆင်ရန် အခွင့်အရေးရသွားပြီ မဟုတ်ပါလား။

လောလက်က မိမိအား အပြတ်ကျုံးကန်ရန် ရည်ရွယ်လာသော ကျားနက်၏ခြေထောက်ကို ရုတ်တရက် ဖမ်းကိုင်ကာ ဆွဲလိမ်လိုက်သည်။

ထိုအခါ ကျားနက်၏ခန္ဓာကိုယ် တစ်ခုလုံးသည် လေထဲသို့ လည်ထွက်သွားပြီး ဆန့်အိတ်ကြီး စာစ်အိတ်ပမာ ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားလေသည်။

ထိုစဉ် ပွန်းပွန်း သူတို့နှစ်ဦးဆီ ပြေးဝင်လာသည်၊ ပွန်းပွန်း လောလက်အတွက်စိုးရိမ်ပြီး ပြေးဝင်လာသည်။

သို့သော် ပွန်းပွန်း သူတို့အနားသို့ ရောက်သွားချိန်တွင် ကျားနက်က ကြမ်းပြင်ပေါ် လဲလျက်ရှိနေပြီ။

မှန်သည်။ ပွန်းပွန်းကြောင့် ကြမ်းပြင်မပေါ် ကျားနက်လဲနေရပါပြီ။

ကျားနက်၏အဖြစ်ကိုမြင်သော် ပွန်းပွန်း မျက်လုံးစုံ ပြာဝေသွားသည်။ ဦးနှောက်များ ချက်ချင်း ပြတ်တောက်သလို ခံစားလိုက်ရ၏။

ယခုအချိန်တွင် ပွန်းပွန်း၏ရင်ဝယ် ကျားနက်မှတပါး အခြားခံစားချက်တစ်စုံတစ်ရာ မရှိတော့ချေ၊ မရှိပါတော့ချေ၊

ယင်းအခိုက် လဲနေရာမှ ကျားနက် ကြိုးစား၍ ခုန်ထလေသည်၊ သို့သော် သူမထမီမှာပင် လောလက်၏လက်သီးတစ်လုံးဘ သူ့မျက်နှာပေါ်သို့ ပစ်ဝင်လာပါ၏။ ကျားနက်မျက်လုံးစုံ ရွှတ်တရက်ပြာဝေသွားသည်။ထို့ပြင် သူ့နှာရိုးများ ကျိုးကြေသွားသလို ကြားလိုက်ရသည်၊

သူ ချက်ချင်းသိလိုက်သည်။ သူသည် ဤအခြေအနေမျိုးတွင် လောလက်အား မည်သို့မျှ ဆက်တိုက်ခိုက်နိုင်တော့မည်မဟုတ်တော့။

သို့သော် ကျားနက်က မျက်လုံးစုံကိုအားယူဖွင့်၍ပွန်းပွန်းကို တစ်ချက်မျှ ကြည့်လိုက်သည်၊ ယခုမူ သူ့မျက်ဝန်းတွင် ဒေါသအရိပ်အယောင်များ စိုးစဉ်းမျှ မရှိသည့်ပြင် သူမအား ခွင့်လွှတ်သော အရိပ်အငွေ့များသာ ပြည့်လျှံလို့နေပါသည်။ တစ်ဆက်တည်းတွင်ပင် မည်သူမျှ မသိနိုင်စွမ်းသော ခံစားမှုအရိပ်အယောင်များလည်း သူ့မျက်ဝန်းတွင်ရွှတ်ခြည်းပြောင်းလဲ ဖြစ်ပေါ်လာပါ၏။

ယင်းခံစားမှုကို မည်သူမျှ သိမည်မဟုတ်သည့်တိုင် သူမကောင်းစွာသိပါ၏။ ကောင်းစွာ,ရိပ်စားမိလိုက်ပါ၏။

ယခု ကျားနက် ကြမ်းပြင်ပေါ် ပျော့ခွေ ကျရောက်သွားလေပြီ၊

သူသည် လောလက်အား ပြန်လည်တိုက်ခိုက်ရန်လေးငါး ကြိမ် တိုင်တိုင် ကြိုးစားခဲ့သေးသည်၊သို့သော် ငါးကြိမ်စလုံး ပင် လောလက်၏ဖိတိုက်ခိုက်ခြင်းကိုခံလိုက်ရ၏။

ယင်းကြောင့် ကျားနက် လုံးဝမလှုပ်ရှားနိုင်တော့၊

ထိုအခါ ချမ်းသာက သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်သည်၊ သူသိသည်။ ဤပဲ့ကား သိမ်းလေပြီ။ ပြီးမြောက်လေပြီ။ ဤပဲ့တွင်လည်း သူက အနိုင်သမားဖြစ်သည်။ သူ့အဖို့ အရှုံးဟူသည် တစ်သက်တာပတ်လုံး ရှိလိမ့်မည်မဟုတ်၊

အဘယ်ကြောင့်ဟူမူ သူက ဦးနှောက်ကိုသာအသုံးပြုသည့်လူ၊ လက်သီးနှင့်ခွန်အားကို အသုံးပြုသည့်လူစားမျိုးမဟုတ်။

လောလက် အသက်ပြင်းပြင်းတုစ်ချက်ရှိက်ရာ ပွန်းပွန်းအနားသို့ တိုးကပ်သွားသည်၊ပြီး သူမ၏ပခုံးကိုအသာအယာဖက်လျက်....

'ပွန်းပွန်းရယ်....မင်း အတော်ကိုဒုက္ခဆင်းရဲခံလိုက်ရတယ်နော်၊ အခု အဲ့ဒီဒုက္ခတွင်းက မင်း လွတ်မြောက်သွားပါပြီ ပွန်းပွန်း'

သူမ လောလက်၏စကားလုံးများကိုကြားပါသည်၊ တိုးတစ်ခါ ကျယ်တလည့် ပဲ့တင်ဟည်းလို့ နေပါသည်၊

သူမ လောလက်၏စကားကို ယုံပါသည်။ သိပ်ကို ယုံပါသည်။

သို့သော် သူမစိတ်အစဉ် လန်းရွှင်မသွားပါ။ မျက်ရည်မျှားသာ မျက်ဝန်းမှတစ်ဆင့် ဘလိမ့်ဘလိမ့် ကြွသက်သာ ပါသည်။

ယခု သူမ၏မျက်ရည်သည် ဝမ်းသာ၍ကျသော မျက်ရည်လော၊ ဆို့မဟုတ် ဝမ်းနည်းလွန်း၍ဒီးကျသော မျက်ရည်ပါလော....သူမ ဘိုးဘိုးတို့ ခဝဲခဲ့နိုင်စွမ်းမရှိဘဘူးပါ။

ပွန်းပွန်းရင်မှာ၊ ပွန်းပွန်းစိတ်အစဉ်မှာ ဒွိဟဖြစ်နေပါလို့ နေပါသည်။

ယခု သူမ၏ရန်သူသည် သူမ၏ခရွေ့မှောက်ဘုင်းပင်လဲ ကျလို့ နေပါသည်။

သို့သော် ကျားနက်သည် အမှန်တကယ်ပင် သူမ၏ရန်သူပါလော၊ သူမကကော ကျားနက်အပေါ်တွင်ရန်သူအမှတ်ဖြင့် တကယ်ပင် မုန်းတီးခဲ့ပါသလော။

ပွန်းပွန်းရင်မှာ၊ ပွန်းပွန်းအသည်းပြင်မှာ ခဝဲခဲ့မရသော ဒွိဟစိတ်တို့ လွန့်လူးယှက်သန်းနေပါ၏။

ထိုစဉ် ခွမ်းသာက ခွင်းစုံကိုအချက်ပေးလိုက်သည်။ ကြမ်းပြင်ပေါ်တွင် လဲနေရှာသော ကျားနက်ကို လက်ညှိုး ထိုး၍ ခွင်းစုံကို အချက်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ခွမ်းသာသိသည်။ ပွန်းပွန်း၏ခရွေ့မှောက်တွင် လောလက် တစ်ယောက် ကျားနက်ကို သတ်မည်မဟုတ်၊ သတ်ရက်မည် မထင်။

ယင်းကြောင့် ခွင်းစုံကို တာဝန်လွှဲပြောင်းပေးလိုက်ခြင်း ဖြစ်သည်။ခွမ်းသာက ရှေးမဆွကပင် ခွင်းစုံကိုအပြီးစည်းရုံး

သိမ်းသွင်းထားပြီးဖြစ်သည်။ ယင်းကို ကျားနက်မသိ။လုံးဝ မသိခဲ့။

ခွင်းစုံ။ ပါးနှင်သော ခွင်းစုံ။

ခွမ်းသာ ဘာဆိုလိုသည်ကို ကောင်းစွာသဘောပေါက်ပါသည်။ ထို့ကြောင့် ခားမြောင်ကိုင်ထားသော သူ့လက်ရုတ်သာရုက် မြောက်ဘက်သွားသည်။

သို့သော် ပွန်းပွန်း လောလက်ထံမှ ရုတ်တရက်ရွန်းထွက်လိုက်သည်ကို သူမမြင်လိုက်မိ။

မည်သူမျှလည်း ဤလိုလျှပ်တစ်ပြက်အချိန်တွင်း သူမ ရုတ်တရက် ပြေးထွက်လာပြီး ကျားနက်ကိုယ်ပေါ်သို့မှောက်အိပ်လိုက်လိမ့်မည်ဟု မထင်မှတ်လိုက်။

ယင်းအဖြစ်နှင့်ချိန်ကိုက်လျက် ခွင်းစုံ၏လက်မှ ခားမြောင်က လွှင့်တက်သွားပြီး ရိပ်ခနဲ ပွန်းပွန်း၏ နောက်ကျောသို့ စိုက်ဝင်သွားတော့သည်။

မှန်သည်။ ယင်းခားချက်ကပင် ကျေးတောသူ ပွန်းပွန်းအား လူ့လောကပြင်ပသို့ ပို့ဆောင်သွားမည့် ခားချက်ပင် ဖြစ်ပါ၏။

ပွန်းပွန်းနာကျင်လွန်း၍ အံကြိတ်ကာ ကျားနက်အား ဘင်းကျပ်စွာဖက်တွယ်ထားမိသည်။ ပွန်းပွန်းအသွင်သဏ္ဌာန်က သေသည့်တိုင် ကျားနက်အားလွှတ်မည့်ပုံမပေါ်။

သို့သော် ပွန်းပွန်း၏လက်များက တဖြည်းဖြည်းအေးစက်လာသည်။ ထိုစဉ် ပွန်းပွန်းကအားဘင်း၍ မျက်လုံးကိုဖွင့်ကာ ကျားနက်ကိုကြည့်ရှာသည်။

အမြင်ကဝေဝါးလှသည်။ မျက်ခွံများလည်း တဖြည်းဖြည်း လေးလံလာသည်။

ယင်းအခိုက် သူမနှုတ်ခမ်းစုံရွရွမျှပွင့်ဟလာပြီး....

'ငါ့....ငါ့ကြောင့် မင်းအခုလိုရှုံးသွားရတာ၊ ငါ....ငါ မင်းကိုသိပ်ချစ်....ချစ်'

သူမမောလာသည်။ နာကျင်သောဝေဒနာကလည်းပြင်းပြလာသည်။ သူမစကားကိုပင်ဆုံးအောင် ဆက်မပြောနိုင်ရှာ၊ အသာပင်ရပ်၍ အံကိုကြိတ်လျက်နေရရှာသည်။

သို့သော် သူမ၏စကားကိုဆုံးခန်းတိုင်အောင်နားထောင်ရန်ပင်မလိုတော့ပါ။ လူတိုင်းလူတိုင်းကပင် သူမ၏စကားကို ကောင်းစွာနားလည်ပါသည်။ သဘောပေါက်ပါသည်။

မှန်သည်။

'မင်း သူ့ကိုသဘောကျတယ်၊ သူကကော မင်းကို သဘောကျလို့လား'

လောလက် ကျားနက်အားမေးခဲ့သော ယင်းမေးခွန်းကို ပွန်းပွန်းယခုမင် အဖြေပေးလိုက်ပြီမဟုတ်ပါလား။

သူမသည်အသက်ကိုရင်း၍ ထိုမေးခွန်း၏အဖြေကို ကျားနက်ကိုယ်စား ပေးလိုက်သည့်ဟန်တူပါ၏။

ကျားနက်မူ အံကြိတ်၍သာနေရှာသည်။ မည်သည့်စကားတစ်ခွန်းတလေမျှပင် မပြောတော့။

ကျားနက် သူမကိုပွေ့ပြီးအားတင်း၍ လူးလွဲထလိုက်လေသည်။

ကျားနက် ဤနေရာတွင်ဆက်မနေလိုတော့ပါ၊

ချမ်းသာက ကျားနက်အားဟန့်တားရန်ပြုလာသည်၊ သို့သော်လည်း လောလက်က ရုတ်တရက် ကန့်ကွက်လာပါသည်။

'သူတို့သွားပါစေ'

လောလက်၏မျက်နှာတွင်လည်း ခံစားချက်များပြည့်လျှံလျက် ရှိမှိုင်းနေရှာသည်။ ယခု လောလက်၏ရင်မှာခံစားနေရသော ဝေဒနာတို့ကို မည်သူမျှ သိနိုင်ကြမည်မဟုတ်ချေ၊ သိနိုင်ကြမည်လည်း မဟုတ်ချေ၊

လောလက်၏ရင်ဝယ် နာကျင်နင့်မော နေပါသလော၊ သဝန်တိုစိတ်ဖြင့် မနာလိုနေသည်လော....သို့မဟုတ်.... သို့မဟုတ်....

ထိုစဉ် ချင်းစုံက ချမ်းသာကို အဓိပ္ပာယ်ပါပါ တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဘာဆက်လုပ်ရမည်နည်း ဟူသော သဘောပင် ဖြစ်ပါသည်၊

ချမ်းသာက ချက်ချင်းပင် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်၊

သူသိသည်။ ဦးနှောက်သမားချမ်းသာ ကောင်းစွာသိသည်၊

ယခုအချိန်တွင် ကျားနက်အားဟန့်တားရန်မလိုပါတော့၊ အတယ်ကြောင့်တူမူ ကျားနက်သည် ရုပ်ပိုင်းဆိုင်ရာပြိုလဲပျက်စီးခြင်းမရှိသော်ငြား စိတ်ပိုင်းဆိုင်ရာကမူ ပြိုလဲပျက်စီးသွားလေပြီ၊

တစ်နည်း....လူမသေသေးခင်လည်း စိတ်ကမူ သေလေပြီ မဟုတ်ပါလား။ ယင်းသို့ စိတ်သေနေပြီဖြစ်သော လူတစ်ယောက်ကို ဘာမျှ ကြောက်စရာမလိုခဘူးပေ။

ပွန်းပွန်းကိုခပ္ပံ့ပိုက်လျက် ဒယီးဒယိုင်ဖြင့် ထွက်ခွာသွားနေရှာသော ကျားနက်၏နောက်ကျောပြင်ကိုသာ တစိမ့်စိမ့် ကြည့်နေလိုက်ပါတော့၏။

* * *

အပြင်ဘက်တွင် နေခြည်က ရှန်းလက်စွာတောက်ပနေ၏။ လူ့လောကသည် ပူနွေးသောနေခြည်ဖြင့် အလှဆင်လျက် လွန်စွာ သာယာလှပနေပါ၏။

သို့သော် ကျားနက်ဟူသောလူသားတစ်ဦး၏ဘဝကမူ သို့အဖြစ်နှင့် ဆန့်ကျင်စွာအကျည်းတန်လျက်၊ အလွမ်လျက်၊ ပြီးဘော့ သူ့ဘဝသည် ဟင်းလင်းပြင်ပမာအဆုံးမဲ့လျက် ယိုင်လဲပျက်သုဉ်းလျက်ပါဘကား။

ကြည့်စမ်း....သူဆက်ခံခဲ့သော ဒုစရိုက်ဘုံ၏ အရှင်သခင် အမှတ်တစ်နေရာတွင် မည်သူဆက်ခံမည်ကိုလည်း သူမသိလို တော့....မသိချင်ပါတော့။ သူ့ရင်မှာ အလိုရမ်းမဲ့လျက် ဘာကိုမျှလည်း မစဉ်းစားချင်တော့။

သူ့စိတ်အလျဉ်က တစ်နေရာတည်းတွင်သာ ရစ်ဝဲလျက်။ သူ့အသိက တစ်ဦးတစ်ယောက်သော သူအပေါ်တွင်သာ ရှေ့ပြေးလျက်။

မှန်သည်၊ သူ့ရင်ထဲကပွန်းပွန်း၊ သူ့လက်ပေါ်က ပွန်းပွန်း၊ ပွန်းပွန်းသာလျှင်....

ထိုစဉ် ပွန်းပွန်းတစ်ချက်မျှ လူးလွန့်လာသည်၊ တိုးသက်စွာ ညည်းညူလာသည်၊

ဤညည်းညူသံက ကျားနက်နှင့်တကွသော ၂လူ့လောကတစ်ခုလုံးကို နှိုးဆော်အနေဖြင့် နှုတ်ခွန်းဆက်ပါလေသော ပွန်းပွန်း၏ ညည်းညူသံ၊

တစ်နည်း၊ ကျေးတောသူစစ်စစ်ဖြစ်သော သူမ၏ လူ့ဘဝအပေါ် နားလည်ခံယူပါသော တမ်းခြင်းတစ်ပုဒ်၏အဘိဓမ္မာများပင် ဖြစ်ပါ၏။

'ကျား... ကျားနက်ရယ်၊ ငါ့ခေါင်းကလေးကို ထောင်ထားပေးပါ၊ ငါသေသွားတဲ့အထိ ငါ့ခေါင်းကို ခုံ့ထောင်

ချစ်ဘူး၊ လူ့လောကကို ငါအရှုံးမေး မသွားချင်ဘူး၊ ငါ.... ငါ....'

ကျားနက် နားလည်ပါသည်။ သူမကို နားလည်ပါသည်။

သူမသည် မည်သူ့ကိုမျှ ခေါင်းငုံ့မခံခဲ့၊ အရှုံးမပေးခဲ့၊ ဘူးမထောက်ခဲ့၊ အားလုံးကို အနိုင်မခံ အရှုံးမပေး။

သူ့ကိုရော၊ လောလက်ကိုရော၊ လောကကြီးကိုရော။

ကျားနက် သူမ၏အသိုက်သူမ၏ဦးခေါင်းကို ထောင်မပြီး နေမင်း၏ ထွန်းလင်းခြင်းကို ဆောင်မပြီး မေ့ထားပေးလိုက်ပါ၏။

လောကကြီးသည် ရွှန်းတောက်သောနေခြည်အောက်တွင် လွန်စွာလှပနေ၏။ နေခြည်က လောကကို အလှဆင်လျက်ရှိပါ၏။

ကျားနက်သည်လည်း နေထွက်ချိန်ဆီသို့ စူးစူးကြည့်လျက် နေခြည်၏အားသို့နှယ် ခေါင်းမငုံ့သောမာန်၊ အနိုင်မခံသောမာန်၊ မျက်ရည်မကျသောမာန်ဖြင့် အားတင်းကာ မာန်ဝင့်ထားလင့်ကစား သူ၏မျက်ဝန်းထောင့်တွင်မူ ပူနွေးကြည်လဲ့သော မျက်ရည်မျှားသည် ပွန်းပွန်း၏ ဖြူလွှသော မျက်နှာပေါ်သို့ တစ်စက်ချင်း တစ်ပေါက်ချင်း ကြေခမျာသက်ဆင်းလျက် ရှိနေလေပြီကော။

(ဤတွင် ချစ်ငယ်ကျွမ်းများဖြစ်သော ပွန်းပွန်း၊ကျားနက်၊ လောလက်တို့၏ သုံးပွင့်ဆိုင် ရင်နှင့်မောစဖွယ် ဝေဒနာများကို မျှယူခံစားကြပါစို့။)

လူသားအားလုံးသို့ မေတ္တာရည်လျက်....

တက္ကသိုလ် နေလင်းအောင်။